
www.burmeseclassic.com

အောင်မြင်

# မြပုလဲခင်



## ကြယ်စင်ညှို၏ အိပ်မက်သံစဉ်

www.burmeseclassic.com

www.burmeseclassic.com




၈၉၅.၈၃
မြပုလဲခင်
ကြယ်စင်ညှာဖြဲ့အိပ်မက်သံစဉ်/မြပုလဲခင်။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၅။
၂၇၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) မြပုလဲခင်





www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁)

ညစာစားပွဲမှ ပြန်လာသောသူ့ကို ဒေါ်မိန်က တံခါးဖွင့်ပေးသဖြင့် တပေါင်း ဝင်လိုက်သည်။ ထိုစဉ် ဧည့်ခန်းမှ တယ်လီဖုန်းခေါ်သံက ထွက်ပေါ်လာသည်။

"ဪ. . မေမေ အိပ်ပြီလား"

"စောစောကတင် အိပ်သွားတာ"

"ဖေဖေ့ဆီကများလား"

"စောစောကပဲ ဆရာကြီးဆီက ဖုန်းလာပြီးသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းရှိရာသို့ ခပ်သွက်သွက် လျှောက်လှမ်းရင်း သူသိလိုသည်တို့ကိုလည်း အိမ်တံခါးပိတ်နေသော ဒေါ်စိန်ကို အဆက်မပြတ် မေးလိုက်သေးသည်။

"ဟဲလို"

"အန်တီနဲ့ တွေ့ချင်တယ်"

အေးစက်မာကျောသော အသံရှင်ကို သူချက်ချင်း မှတ်မိလိုက်သည်။ မတွေ့ရတာ အတော်ကြာနေပြီပဲ။ ဒီအသံ မကြားရတာလည်း လူမတွေ့ရခြင်းနှင့် ထပ်တူမျှပင်. . .။

"မေမေ အိပ်သွားပြီ"

"သား. . ဖုန်းချလိုက် မေမေ နိုးပြီ၊ မေမေ ပြောမယ်"

အပေါ်ထပ်မှ လိုင်းခွဲယူထားသော တယ်လီဖုန်းမှ မိခင်အသံ ထွက်လာသည်။ သူ ဖုန်းချလိုက်ပြီး ချက်ချင်းပင် ကောက်ကိုင်လိုက်သည်။ ဘာတွေပြောကြသနည်း သိချင်သည်။ ဖုန်းကိုခိုးနားထောင်သော အပြုအမူသည် လူမှုရေးစည်းကမ်းအရ အင်မတန် ရိုင်းစိုင်းသော အောက်တန်းကျသော အပြုအမူဟု သူသိထားသော်လည်း မတတ်နိုင်တော့။ လေးငါးခြောက်လအတွင်းတွင် သည်မိန်းမ ဘာတွေလုပ်နေသလဲ သိချင်သည်။

"အန်တီ သမီးဖုန်းကို မျှော်နေမိသေးတာ၊ ဒီနေ့ မလာတော့ဘူးထင်လို့ အိပ်ရာဝင်လိုက်တာ"

"ကျွန်မလဲ ဒီရက်ပိုင်း သိပ်မအားဘူး အန်တီ အလုပ်တွေကို တတ်နိုင်သမျှပြီးပြတ်အောင် လုပ်ပေးနေရလို့. . . အိမ်ရောက်ရင် ပင်ပန်းပြီး အိပ်ပျော်သွားတာနဲ့ အန်တီဆီ ဖုန်းမဆက်ဖြစ်တာ"





"ဘာဖြစ်လို့ ဒီလောက်အထိ အပင်ပန်းခံ အလုပ်လုပ်နေရတာလဲ၊ အေး. . ထားသွားတာတွေကို ဘာဏ်တိုးနဲ့တင် စားသောက်နေတာပဲကွယ်"

"အလုပ်ကအလုပ်ပဲ အန်တီရယ်၊ မိဘအမွေဆိုတာ အန်ဖိုးရှိစွာသုံးတတ်ရတယ်၊ ကဲပါ အန်တီရယ် ဖုန်းလိုင်းက သိပ်ကြည်တာ မဟုတ်ဘူး၊ လိုင်းကြည်တုန်း ကျွန်မပြောချင်တာလေး ပြောပါရစေဦး"

"အေး. . အေး. . ပြောပြော နေကောင်းတယ်နော်"

"ကောင်းပါတယ် အန်တီ၊ ဒါပေမယ့် မနက်ဖြန် ကျွန်မ ဆေးရုံတက်တော့မယ်"

"ဟင်"

"ဂျူးဒိတ် စေ့ပြီလေ၊ ဒါကြောင့်. . ဆရာဝန်က ဆေးရုံတက်ခိုင်းပြီ"

"ခွဲမွေးမှာလား"

"ကျွန်မသဘောအရဆိုရင် မခွဲချင်ဘူး အန်တီ"

"ဘာဖြစ်လို့လဲ၊ မနာမကျင်နဲ့ မွေးရတာပဲ အခုဆို ခွဲမွေးကြတဲ့ခေတ်ဖြစ်နေပြီ"

"ကျွန်မကိုယ်တိုင်ပဲ နာကျင်ခြင်းဆိုတဲ့ မိန်းမသားမိခင်တစ်ယောက်ရဲ့ အာဝေနိက ဝေဒနာနဲ့ မွေးဖွားပေးချင်တယ်၊ မွေးသာလို့ ခွဲမှဖြစ်မယ်ဆိုတော့မှ ခွဲလိုက်ရုံပေါ့"

"အန်တီ မနက်ဖြန် လာခဲ့မယ်"

"ကျေးဇူးတင်ပါတယ် အန်တီ၊ ကျွန်မလည်း အန်တီကို တွေ့ချင်ပါတယ်၊ ကျွန်မမိခင် ကိုယ်စားပေါ့လေ၊ ကျွန်မ သတ္တိ

www.burmeseclassic.com



မနည်းပါဘူး၊ ဒါပေမယ့် တကယ်တမ်းကျ မွေးဖွားတော့မယ်ဆို
တော့ ရှေးလူကြီးတွေထားခဲ့တဲ့ ယောကျ်ားဖောင်စီး မိန်းမမီး
နေဆိုတဲ့ စကားဟာ အလကားထားခဲ့တာ မဟုတ်ဘူးလို့ ထင်
လာပြီး စိုးရိမ်လာတယ်၊ ဒါကလဲ ကျွန်မအတွက် မဟုတ်ပါဘူး
ကျွန်မရင်သွေးအတွက်ပါ”

“အားမငယ်ပါနဲ့ သမီး၊ မနက် ဒရိုင်ဘာရောက်တာနဲ့
အန်တီ ထွက်လာခဲ့မယ်၊ မနက်ဖြန်ညနေတော့ ရောက်မှာပဲ”

“ခရီးပန်းပါ့မယ် နားနားနေနေလာခဲ့ပါ အန်တီ၊ ဒီမှာ
လဲ မဝေရှိတာပဲ ကျွန်မ အားမငယ်တတ်ပါဘူး အန်တီ”

“ကလေးအဖေကိုရော”

“ဝမ်းနည်းပါတယ် အန်တီ၊ ကျွန်မ ထပ်ဆင့်တောင်းပန်
ပါတယ်၊ ကလေးအဖေနဲ့ပတ်သက်ပြီး ကျွန်မကိုဘာမှ ထပ်မမေး
ပါနဲ့နော်၊ ဒါပဲနော် အန်တီ”

ဖုန်းချသံနှစ်ခု ရှေ့ဆင့်နောက်ဆင့် ပေါ်ထွက်လာ
သည်။ ထိုအခါကျမှ သူ ဖုန်းချလိုက်သည်။

ပင့်သက် မရှူရဲဘဲ ခိုးနားထောင်ခဲ့ရသမျှသည် အခု
ထွက်ပေါက်ရသွားကာ သက်ပြင်းချလိုက်မိသည်။

ကုတ်အင်္ကျီကိုချွတ် ပခုံး၌ထမ်းကာ အပေါ်ထပ်သို့
လေးကန်စွာ တက်ခဲ့လေသည်။

“သားယေ်”

လှေကားထစ်၏ ထိပ်မှနေ၍ရပ်ကာ မိခင်က ခေါ်လိုက်
သဖြင့် သူ တုန်လှုပ်သွားသည်။ တယ်လီဖုန်း ခိုးနားထောင်တာ
ကို မိခင်များ သိသွားသလားဟု မလုံမလဲ ဖြစ်မိသည်။





“မေမေ မနက်ဖြန် မြင်ဦးလွင်ကို လိုက်သွားမလို့”

“ဘာဖြစ်လို့လဲ”

မသိဟန်ဆောင်၍ မေးရသည့် အလုပ်က ပင်ပန်းလွန်း
လှသည်။

“မြဖူး မွေးတော့မယ်တဲ့”

“အဲဒါ မေမေနဲ့ ဘာဆိုင်လို့လဲ”

“ဆိုင်တာပေါ့ သားရယ်၊ သူ့အမေ အေးနဲ့ မေမေနဲ့က
အချစ်ဆုံးသူငယ်ချင်းတွေပဲ၊ အေး မရှိတော့တဲ့နောက် အေး
ကိုယ်စား မေမေက မြဖူးကို စောင့်ရှောက်ပေးသင့်တာပေါ့”

တပေါင်း ဘာမှထပ်မပြောတော့ဘဲ ငြိမ်သက်နေလိုက်
သည်။

“အဲဒါ မေမေ မိသေးကိုခေါ်ပြီး မောင်ထူးနဲ့သွားလိုက်
မယ်၊ တစ်ပတ်ကနေ ဆယ်ရက်နှစ်ပတ် ကြာချင်ကြာမယ်၊
အိမ်ကို သားစောင့်ရှောက်ထားလိုက် ဒေါ်စိန်နဲ့ခြံစောင့်မောင်လီနဲ့
တင် ပစ်မထားနဲ့”

“သား နားလည်ပါတယ်”

“သား နားလည်ရင်ပြီးတာပါပဲ၊ မေမေက သား နားမ
လည်မှာပဲ ကြောက်တယ်”

“ဒါပဲလားမေမေ၊ သား အိပ်တော့မယ်”

“အေး. . အေး. .”

မိခင်သည် သူ့အား တစ်စုံတစ်ရာကို မေးချင်နေသည်။
သူ့အားလှမ်းခေါ်၍ မေးလိမ့်ဦးမည်ဟု သူ ထင်ထားသော်လည်း
သူ့အိပ်ခန်းထဲ ဝင်ရောက်သွားသည့်တိုင်အောင် ခေါ်သံမထွက်



www.burmeseclassic.com

www.burmeseclassic.com



[illegible] သူ သက်ရှိုက်လိုက်မိသည်။

မြဖူးညိုဟူသော မိန်းမတစ်ယောက်သည် သူ့စိတ်အား အမြဲတစေ အနှောင့်အယှက်ပေးလျက် ရှိသည်။ သူ့စိတ်တင်မက သူ့ခန္ဓာကိုယ်ပါ အလုပ်ပေးလျက်ရှိနေပါလားဟု သူ သိလိုက်ရ၏။

မိန်းမတစ်ယောက်ရယ်ဟု အားငယ်စိတ် အနည်းငယ်ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

သို့သော် မာန်ကတော့ မကျ။

"အားမငယ်တတ်ပါဘူး" တဲ့၊ ဖြစ်နိုင်သည်. . ကလေးအဖေဟာ ဘယ်သူပါလို့ ထုတ်ဖော်မပြောဘဲ ရဲတင်းစွာဖြင့် ကလေးကို လူ့လောကသို့ ရောက်အောင်ဆွဲခေါ်ရဲသော မိန်းမတစ်ယောက်၏သတ္တိသည် ပေါ့သေးသေး မဟုတ်ချေ။

တပေါင်း ခေါင်းထဲသို့ရောက်ရှိနေသော အတွေးများကို နှင်ထုတ်ပစ်လိုက်သည်။

မြဖူးညိုသည် မိမိနှင့်လုံးဝ ပတ်သက်ခြင်းမရှိသော မိန်းမတစ်ယောက်ပေပဲ။

သူ့အကြောင်းတွေ တွေးတောခြင်းဖြင့် အကြောင်းမဲ့ သက်သက် အချိန်ကုန်ခံနေစရာ မလို။

တပေါင်း ညအိပ်အကျႌ လဲလှယ်ပြီး ခုတင်ပေါ်လှဲချလိုက်သည်။ အိပ်ပျော်ရန် ကြိုးစားလိုက်သည်။

သို့သော် ရုတ်တရက်တော့ အိပ်မပျော်နိုင်ချေ။ ရက်စက်သော ကြမ်းတမ်းသော စကားအသုံးအနှုန်းအရ ဆိုလျှင် မြဖူးညိုဟူသော မိန်းမသည် လင်ကောင်မပေါ်ဘဲ ကလေးမွေး





ရဲသည်တဲ့လား။

အံ့ဩဖွယ် စက်ဆုတ်ဖွယ် ကောင်းမနေဘူးလား။

သူ့ရှပ်ရည် သူ့ဂုဏ်သိက္ခာကို သူ့ကိုယ်ကျင့်တရားကို မစောင့်ထိန်းဘဲ ဘယ်အတိုင်းအတာအထိများ ထင်ရာစိုင်းမလဲဆိုတာကို တပေါင်း တွေးကြည့်နေမိသည်။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

ဒေါ်သဇင်သင်းက မွေးကင်းစကလေး နီတာရဲကလေ

ကို အသာငုံ့ကြည့်လိုက်သည်။ ရင်ထဲ၌ ချစ်ခင်စိတ် အလိုအ

လျှောက် ဖြစ်ပေါ်လာသည်။

အိမ်ထောင်သည် သားကြီး ဝါဆို၌ သားနှစ်ယော

ရှိသဖြင့် မြေးနှစ်ယောက်ရနေသော အဘွားကြီးတစ်ယောက်

မေတ္တာမျိုးဖြင့် မြဖူးညို၏ သမီးလေးအပေါ် ချစ်ခင်စိတ်ဖြစ်

ခြင်းပေလား။





ဒေါ်သဇင်သင်း ဝေခွဲ၍မတတ်။

မည်သို့ဆိုစေကာမူ မြဖူးညို၏ သမီးလေးကို မေတ္တာထားနိုင်သည်။ ကလေး၏ လက်ကောက်ဝတ်မှ အမှတ်အသားပြုထားသည်ကို သတိထားကာ ကြည့်လိုက်မိသည်။ "ဘောဘီတပေါင်း"တဲ့။

"ဟင်"

ဒေါ်သဇင်သင်း အာမေဋိတ်သံ ထွက်သွားသည်အထိ အံ့အားသင့်သွားသည်။ အနားမှာရှိနေသော ဝေဝေခိုင်က. . .

"ဝေလဲ အဲ့ဒါကိုပဲ အံ့အားသင့်နေတာပါ အန်တီ"

"သူ့ကို မေးမကြည့်ဘူးလား"

"ဘယ်နေပ့ါမလဲ အန်တီရယ် မေးပါသကော၊ ဒါပေမယ့် မြဖူးစိတ်အကြောင်းလဲ အန်တီရိပ်မိမှာပါ။ ဘယ်လိုမေးမေး အချိန်တန်ရင်သိရမှာပါဆိုတဲ့ အဖြေကလွဲလို့ သဲလွန်စတောင်မပေးဘူး၊ ဒါပေမယ့်. . ဒါဟာ သဲလွန်စများ ဖြစ်နိုင်မလားလို့ တော့ ထင်တာပဲ"

ဒေါ်သဇင်သင်း သက်ပြင်းချလိုက်သည်။ မြဖူးညို ကလေးဟာ မိမိသား တပေါင်း၏သွေး ဖြစ်နိုင်ပါ့မလား။

မြဖူးညိုနှင့် တပေါင်းသည် တစေ့စေ့ဈေးနှင့် မျက်ချေး မှာ ဖြစ်နေကြသူတွေ။

"ဘာပဲဖြစ်ဖြစ် မြဖူး ဂုဏ်သိက္ခာမကျရင် ပြီးတာပါပဲ"

ဒေါ်သဇင်သင်း ယေးချမ်းစွာပင် ပြောလိုက်သည်။ မိမိ သားနာမည်ကို အလွဲသုံးစားလုပ်သည်ဟူ၍ စိတ်ဆိုး၍မရ။ မြဖူးညိုမိခင် ဒေါ်မြမြအေး၏ နောက်ဆုံးထွက်သက်မတိုင်မီက



www.burmeseclassic.com

www.burmeseclassic.com



မှာကြားသွားသော နောက်ဆုံးစကားက သူ့နှလုံးသား၌ ပန္နက်ချမှတ်ပြီးသား ဖြစ်နေသည်။

"မြေးကို စောင့်ရှောက်" ဟူသော စကား။

မြေးကို စောင့်ရှောက်ရမည်။

မြဖူးညိုသမီးလည်း ဒေါ်မြမြအေး၏မြေး ဖြစ်သည်။ မြေးကို သူအသက်ရှင်နေသရွေ့ စောင့်ရှောက်ပေးရမည်ဖြစ်သည်။

ကလေးထားသော အခန်းထဲမှ ထွက်ခဲ့ပြီး မြဖူးညိုရှိရာ အခန်းသို့ လာခဲ့သည်။ မြဖူးညို အပြုံးမပျက် ဆီးကြိုသည်။

"နေကောင်းတယ်နော် သမီး"

"ကောင်းပါတယ် အန်တီ"

မြဖူးညိုသည် ဗိုက်ခွဲမမွေးဘဲ တစ်ရက်လုံးလုံး နာကျင်မှု ဝေဒနာခံစားပြီးမှ ကိုယ်တိုင်မွေးထုတ်ပေးခဲ့သည်ဟု ဝေဝေခိုင်က ပြောပြသဖြင့် ဒေါ်သဇင်သင်းသည် မြဖူးညိုကို လက်ဖျားခါပြီးရင် ခါနေခဲ့ရသည်။

တော်တော်ခေါင်းမာသော တစ်ဖွတ်ထိုးလည်းနိုင်သည့် မိန်းကလေးပင်. . .။

မြဖူးညိုနှင့် အနီးကပ်ဆုံး၌ ဒေါ်သဇင်သင်း ထိုင်လိုက်သည်။ ရှေးစကားဖြစ်သော တစ်သားမွေး တစ်သွေးလှဟူသော စကားကို ဒေါ်သဇင်သင်း လက်ခံလိုက်ပြီ။

အဘယ်ကြောင့်ဆိုသော်. . .

မြဖူးညို၏ အသားအရည်သည် ယခင်ကထက်ပင် ပို၍ ဝင်းနှစ်ကာ စိုပြည်လျက်ရှိသည်။





မျက်နှာကလေးမှာ ဖူးဖူးပြည့်ပြည့်ကလေးဖြစ်ပြီး မိခင်တစ်ယောက်၏ ကျက်သရေကိုပါ ဆောင်နေပြီဆိုတော့ အလှတို့သည် ချွင်းချက်မရှိ ပိုမိုပြည့်စုံနေပြီဟု ဆိုနိုင်သည်။

"အန်တီ ဘယ်တုန်းကရောက်တာလဲ"

"စောစောကပဲ၊ ရောက်ရောက်ချင်း ပစ္စည်းချပြီး တန်းလာတာ"

"ဒါဆို အန်တီပင်ပန်းနေပါပြီ ပြန်နားလိုက်ပါ၊ မိဝေနင်လဲ ပြန်တော့လေ အန်တီကို. . ."

"နေနေ. . အန်တီ မပြန်ပါဘူး၊ အန်တီ ညစောင့်ပေးမယ်"

ဒေါ်သဇင်သင်းက စေတနာအရင်းခံနှင့် ပြောလိုက်ခြင်းဖြစ်သည်။ ဒါကို မြဖူးညိုရော ဝေဝေခိုင်ကပါ လက်မခံ။

"ရပါတယ်၊ မေမေ ရှိရင်တောင် မေမေ့ကိုလည်း ကျွန်မ မစောင့်ခိုင်းပါဘူး သူနာပြုတွေရှိတာပဲ၊ မိညိုလည်း ရှိတယ်၊ ကျွန်မအတွက် ဘာမှမပူနဲ့ သန်ဘက်ခါဆို ဆင်းရတော့မှာ"

"ဟုတ်လား မြန်လှချည်လား"

ဒေါ်သဇင်သင်းက အံ့အားသင့်ရပြန်သည်။ သူ့ခွေးမကြီး မွေးစဉ်ကများဆိုလျှင် ဘယ်သူ့မှ မနေကြရ။ နွဲ့လိုက် ပျော့လိုက် ချွဲချွဲလိုက်တာလဲလွန်ရော သူတို့ပင်လျှင် ညည်းညူကာ စိတ်ပျက်ကြရသည့်အဖြစ်။

မြဖူးညိုကဲ့သို့သော ချွေးမမျိုးသာဆိုပါက၊ မြဖူးညိုကို လက်လွှတ်ရခြင်းအတွက် နှမြောစိတ်ကတော့ သူ့ရင်မှာ ရှိနေဆဲ. . .



www.burmeseclassic.com

www.burmeseclassic.com



"ခွဲမွေးတာ မဟုတ်တော့ ချုပ်ရိုးဖြေစရာ မလိုဘူးလေ အန်တီ၊ ဒါကြောင့်လဲ ပါတယ်၊ မိဖူးက ကျန်းမာရေးကောင်းကာ လဲပါတယ် "

ဝေဝေခိုင်က ဝင်ပြောသည်။ ဝေဝေခိုင်လို သူငယ်ချင်းကောင်းရထားခြင်းကလည်း မြဖူးညို အတိတ်ကံကောင်းခြင်း တစ်ရပ်ဖြစ်ပေမည်။

သား တပေါင်းနှင့်ပတ်သက်ပြီး မြဖူးညိုထံမှ တစ်စုံတစ်ရာများ ထုတ်ဖော်ပြောကြားလေမလား ထင်မှတ်ရသော်လည်း မြဖူးညိုထံမှ လုံးဝဟမလာချေ။

"သမီးလေးက ဖွံ့နေတာပဲ၊ ဘယ်နှစ်ပေါင် ရှိသလဲ"

"ခုနစ်ပေါင်နဲ့ ခြောက်အောင်စတောင် ရှိတယ် အန်တီ၊ ငိုလိုက်တာပဲ စူးစူးရှရှပဲ၊ ဆရာမတွေကတောင် ပုရစ်လေးဟဲ့ ပုရစ်လေးဆိုလို့ ဝေတော့ အိမ်နာမည် ပုရစ်လို့ ပေးလိုက်ပြီ"

ဒေါ်သဇင်သင်း ပြုံးလိုက်သည်။

"မိခင်ရော ကလေးပါ ကျန်းမာတယ်ဆိုတော့ ဝမ်းသာစရာပဲ၊ မြေးလေးက သောကြာသမီးလေးပေါ့နော်၊ တို့နဲ့ နေ့တူတယ်"

ဒေါ်သဇင်သင်းက အမှုမဲ့ပြောလိုက်ခြင်းဖြစ်သည်။ သို့သော် ရင်ထဲမှာလည်း တကယ့်ကို စေတနာပါသည်။ မိမိမွေးခဲ့သည့်ကလည်း သားနှစ်ယောက်။ သားကြီး ဝါဆို မိန်းမမွေးတာကလည်း သားနှစ်ယောက်။ ပြီးတော့ မွေးရတာ ပင်ပန်းသည်ဆိုကာ မယူကြတော့။ မိမိတို့ အလိုရှိနေသော မြေးမိန်းကလေးအတွက် မျှော်လင့်ချက်ကင်းမဲ့နေသလို ဖြစ်ရသည်။





ခုလို မြဖူးညိုက မိန်းကလေးမွေးသည်ဆိုတော့ မသိစိတ်က အလွန်အမင်း ဝမ်းသာကာ ကြိုဆိုနေမိသည်။ သိစိတ်ကတော့ မြဖူးညို ဘယ်သူနှင့်ရမှန်းမသိသော ကလေးအတွက် လှိုက်လှဲမှုတွေ သိပ်မပြချင်။

မြဖူးညို ဒေါ်သဇင်သင်းကို အကဲခတ်လိုက်သည်။ ဒေါ်သဇင်သင်းသည် ဝတ္တရားအရ လာတာလား. . ။

တကယ့် စေတနာအရင်းခံ ရှိသလား။ သံသယစိတ်ကို အဖြေရှာလို၍လား။ မြဖူးညို အကဲမခတ်တတ်သေးပေ။ စိန်ကဲကျောက်ကဲထက် လူကဲခတ်ရ ခက်သည်ဆိုသည်မှာ အလွန်မှန်သည်။

"မြဖူး ရန်ကုန်ပြန်လိုက်မှာလား"

"မလိုက်သေးပါဘူး အန်တီ"

"ဟင် ဘာဖြစ်လို့လဲ"

"ပြန်ချင်သေးတဲ့စိတ် မရှိသေးလို့ပါ၊ အချိန်တန်ရင်တော့ ကျွန်မ ပြန်လာမှာပါ"

"အိမ်ကို အကြာကြီး ပစ်ထားတော့မှာလား"

"ခြံစောင့် ဘကြီးထော် ရှိတာပဲ၊ ပြီးတော့ အန်တီတို့လည်း ရှိနေတာပဲ"

မြဖူးညိုသည် သူ့ဆုံးဖြတ်ချက်ကို ဘယ်သူ၏ တိုက်တွန်းချက်နှင့်မှ ပြင်မည့်မိန်းမစား မဟုတ်ချေ။

ဒါကိုသိထားသော ဒေါ်သဇင်သင်း အနေနှင့် ဘာမှဆပ်မပြောတာဘဲ ကောင်းမည်။

သို့သော် မေးလိုသောစကားကိုတော့ မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြေးလေးရဲ့လက်မှာ ဖခင်နာမည် အမှတ်အသားပေးတော့ တံပေါင်းလို့တွေ့တယ်သမီး. .၊ မြေးလေးရဲ့ဖခင်ဟာ တပေါင်းများလား "

ဒေါ်သဇင်သင်းက မြဖူးညို၏မျက်နှာကို စေ့စေ့ကြည့်ကာ အကဲခတ်ရင်း မေးလိုက်ခြင်းဖြစ်သည်။

မြဖူးညို မျက်နှာမပျက်၊ ပြုံးရယ်ကာ. . .

"အန်တီ ဘာတွေများ သံသယဝင်နေတာလဲ၊ ကျွန်မ ပြောပြီးပါပြီ၊ အချိန်တန်ရင် အန်တီတို့ အလျင်ဆုံးသိရမှာပါ။ ခု ဘာလလဲ အန်တီ"

"မတ်ချ်လေ"

"မဟုတ်ဘူးလေ မြန်မာ"

"တပေါင်း "

"ဒါပဲပေါ့ အန်တီ၊ တပေါင်းလမှာမွေးတဲ့ သမီးလေးကို သမီးတပေါင်းလို့ အမည်ပေးမှာဖြစ်လို့ ဖခင်အမည်ကို တပေါင်းလို့ ပေးလိုက်တာပါ"

ဒေါ်သဇင်သင်း သက်ပြင်းချလိုက်သကဲ့သို့ ဝေဝေခိုင်ကလည်း ပင့်သက်ရှိုက်ပိုက်လေသည်။

မြဖူးညိုနှင့်ယှဉ်လျှင် မိမိတို့ပဲ အရှုံးဖြစ်လိမ့်မည်။ မြဖူးညိုသည် ဝတ်လုံတော်ရသမီးလည်းဖြစ်၊ ကိုယ်တိုင်ကလည်း ဗဟိုတရားရုံးရှေ့နေအဖြစ် ဆောင်ရွက်နေသူတစ်ယောက်ဖြစ်ရာ စကားပရိယာယ်ကြွယ်သူလည်း ဖြစ်သည်။

"ဟုတ်တယ်. . အန်တီ၊ သားမွေးရင် သောကြာဆိုရင် သားတပေါင်းလို့ပေးမှာ၊ ကြာသပတေးဆိုရင် မင်းတပေါင်းမိန်းကလေးဆိုရင် မြတပေါင်းလို့ ပေးမလို့တဲ့လေ၊ ခု သောကြာသမီးလေးဆိုတော့ သမီးတပေါင်းတဲ့ စုံနေတာပဲ ရွေးထားတာ တပေါင်းနဲ့တွဲလျက်တွေချည်းပဲ"





ဒေါ်သဇင်သင်းသည် ဝေဝေခိုင်၏စကားကို နားထောင်ရင်း ရင်ထဲ၌ ခံရခက်လာသည်။ ပွင့်ပွင့်လင်းလင်း ပြောဆိုလိုက်ချင်သည်။

"ကလေးအဖေဟာ တပေါင်းမို့လို့ တပေါင်းကိုပဲ တမင်ရှည့်တာလား သမီး၊ ရှင်းရှင်းလင်းလင်း ပြောစမ်းပါ " ဟု. . .။

သူနာပြုဆရာမလေး ဝင်လာသဖြင့် ဆန္ဒကိုမျိုသိပ်လိုက်ရသည်။

အခြားစကားများကိုသာပြောပြီး ပြန်လာကြရသည်။

ကလေးဖခင်နှင့်ပတ်သက်၍ စကားမစဖြစ်ကြတော့။

ဝေဝေခိုင်အိမ်ရောက်တော့မှ ဝေဝေခိုင်နှင့် နှစ်ယောက်တည်းရှိစဉ်. . .

"ကလေးအဖေနှင့်ပတ်သက်ပြီး မဝေများ ဘာသိထားတာ ရှိသေးသလဲ၊ ရှိရင် ပြောပါကွယ်၊ အန်တီ အကူအညီပေးချင်လို့ပါ၊ ဒါမှ အေးလဲ တမလွန်ကနေ စိတ်ချမ်းသာရမှာပေါ့"

"ရှိမှတော့ အန်တီရယ် ဝေလဲ ဒီလိုမနေပါဘူး၊ အချိန်တန်ရင် သိလာလိမ့်မယ်၊ ကိုယ့်ကို ဒီမှာမနေစေချင်ရင်တော့ ထပ်မေး မိဝေ. . ဆိုတဲ့စကားနဲ့ပဲ ဝေလဲ ရင်ငုံနှုတ်ပိတ် နေခဲ့ရတာယ်၊ ကျွန်မ စိတ်ထင် အန်တီသား တပေါင်းများ ဖြစ်နေမလားမသိဘူးနော်"

"အင်း. . အန်တီစိတ်ထဲလဲ သံသယဖြစ်လာပြီ ဘာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် မြဖူးမပြောဘဲ သိအောင်တော့ အန်တီ စုံစမ်းတော့မယ်"

ဒေါ်သဇင်သင်းက သန္နိဋ္ဌာန်ချထားလိုက်သည်။

"ဝေလဲ ဝိုင်းကူပေးပါ့မယ်၊ ဝေထင်တာက မြဖူးလို အသိဉာဏ်ရှိပြီး ထက်မြက်တဲ့မိန်းမတစ်ယောက်ဟာ သူ့သမီးရဲ့ အနာဂတ်ကို ထိခိုက်အောင်လုပ်မှာ မဟုတ်ဘူးလို့လည်း ယုံကြည်တယ်၊ ကလေးသိတတ်လာတဲ့အချိန်အထိကိုများ ဝေတို့ စောင့်ရမလားပဲ"

"အင်းလေ ဘယ်လောက်စောင့်ရစောင့်ရ အန်တီတို့အနေနဲ့က ပွဲကြည့်ပရိသတ်လို ဖြစ်နေတာ. . ကာယကံရှင်တွေ ခရီးမလွန်သွားဖို့ဘဲ အရေးကြီးတာ"

"အန်တီ ကလေးက တပေါင်းနဲ့များ တူသလား မတူဘူးလား အန်တီ မမှတ်မိဘူးလား"

ဒေါ်သဇင်သင်း ရင်ထိတ်ခနဲ ဖြစ်သွားသည်။ ကလေးကိုတွေ့တာ သူ့ရင်ထဲတစ်မျိုး ခံစားလိုက်ရသည်။ တပေါင်းနှင့်တူသလား။

ကပေါင်းလည်း အသားဖြူလွန်းသဖြင့် နီတာရဲနေသည်။ မြဖူးလည်း ဖြူတာပဲ။

နှာတံပေါ်ပေါ်လေးကလည်း မြဖူးညိုရော တပေါင်းရော တူညီကြသည်။ ဒါတင်မက မျက်ခုံးနက်နက်ကြီးတွေက ခုကောင်အလား ရှိနေသည်ကလည်း တပေါင်းနှင့် မြဖူးညို နှစ်ဦးစလုံးမှာပင်။

"အင်း. . ပြောရခက်သား သူတို့နှစ်ယောက်စလုံးကိုက ရုပ်ချင်းဆင်နေတာဆိုတော့ ကလေးဟာ အမေတူလို့ ပြောရင်





ရတာပဲ၊ ဘာပဲဖြစ်ဖြစ် အန်တီအနေနဲ့က တပေါင်းရဲ့သွေး ဟုတ်ဟုတ် မဟုတ်ဟုတ် အေးရဲ့သွေး မြဖူးရဲ့သွေးဟာ အန်တီ ပဲပေါ့ကွယ် အန်တီစောင့်ရှောက်မှာပါ"

ဒေါ်သဇင်သင်းက နှိုင်းနှိုင်းဆဆလေး ပြောလိုက်သည်။ ဝေဝေခိုင်ကလည်း. . .

"ဝေ့အနေနဲ့တော့ စိတ်ထဲမှာထင်နေတာ တစ်ခုရှိတယ် အန်တီ လက်ခံနိုင်မလား မသိဘူး"

"ပြောပါ မဝေ ပွင့်ပွင့်လင်းလင်းပေါ့ကွယ်"

"သားဦးအနေနဲ့ တကယ်တမ်း မီးဖွားတော့မယ်ဆိုတော့ မြဖူးဟာ စိုးရိမ်မှု တုန်လှုပ်မှု ကြောင့်ကြမှုတွေ ဖြစ်လာတယ် အဓိကက ရင်သွေးအတွက်ပေါ့"

"အင်း. . ဟုတ်တယ်"

ဒေါ်သဇင်သင်းက မိန်းမချင်း မိခင်စိတ်သဘောကို ယ်ချင်းစာ သဘောပေါက်မိပြီး ဝေဝေခိုင်စကားကို ထောက်ခံလိုက်သည်။

"မြဖူးမှာ အမေဘက်က အဒေါ်လဲရှိတယ် အဖေဘက်က အဒေါ်သားချင်းလဲ ရှိတာပဲ၊ သူတို့ကိုမအပ်ဘဲ အန်တီ့ကိုမှ အပ်ရယ်၊ ကျွန်မကိုမှာတာ ရှိသေးတယ်"

"ဟင်. . ဘာလဲ ဘာမှာသလဲ"

"ဖွ. . မပြောကောင်း မဆိုကောင်း. . မွေးဖွားရင်း သူ အစ်စုံတစ်ခု ဖြစ်သွားလို့ ကလေးကျန်ခဲ့ရင် အန်တီကို ကလေး အပ်လိုက်ပါတဲ့။ ရန်ကုန်အိမ်သော့ကိုလဲ အန်တီ့လက်ထဲ ထည့်လိုက်ဖို့မှာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သဇင်သင်း ရင်၌ နင့်ခနဲခံစားလိုက်ရသည်။ သံသယပိုးအိမ်က ပိုမိုကြီးထွားလာသည်။ မြဖူးညိုသည် မိမိအပေါ် ဘာကြောင့် ဒီလောက်အား ထားယုံကြည်ရတာလဲ။

အမှန်တကယ်ပင် ဤကလေးသည် တပေါင်းနှင့်ရှသောကလေး ဖြစ်၍သာ မိမိအပေါ် ယုံကြည်စိတ်ချ အပ်နှံခြင်း ဖြစ်နိုင်သည်။

မြဖူးညိုရယ် မင်းသာခေါင်းညိတ်လိုက်စမ်းပါ တို့တွေဟာ သွေးကြောင်တတ်တဲ့လူစားတွေ မဟုတ်ပါဘူး။

"ကျေးဇူးတင်တယ် မဝေ၊ ဒီစကားဟာ အန်တီအတွက် သိပ်အဖိုးတန်တယ်၊ ဘာပဲဖြစ်ဖြစ်. . မြဖူးရင်သွေးရဲ့ဖခင်ဟာ ဘယ်သူလဲဆိုတာ မြဖူး မဖွင့်ပြောသေးသရွေ့ တပေါင်း မိန်းမ မယူစေရဘူးလို့ အန်တီ သန္နိဋ္ဌာန်ချလိုက်ပြီ"

"ကျေးဇူးတင်လိုက်တာ အန်တီရယ်၊ အန်တီနဲ့ကျွန်မပူးပေါင်းပြီး မြဖူးအတွက် အကောင်းဆုံး စီစဉ်ပေးလိမ့်မယ် ယုံကြည်ပါတယ်"

"အန်တီကလည်း အမှန်တရားအတိုင်း ဖြစ်မြောက်အောင် ဆောင်ရွက်ပေးချင်တဲ့ဆန္ဒ အမြဲရှိနေပါတယ်၊ အန်တီ တစ်ခုမေးပါရစေ"

"မေးပါ အန်တီ"

"သူငယ်ချင်း အချင်းချင်းဆိုတော့ မြဖူးအကြောင်း ပိုသိမယ်"

"ဟုတ်တယ် အန်တီ၊ လေးငါးတန်းကနေ ဉပဒေတွဲ့ရှပြီး ချိန်ဘာအတူတူဆင်း၊ တစ်ဆရာတည်း လက်ထွက်ပြီး လုပ်





ငန်းတာဝန်လဲ ခုထက်ထိ အတူထမ်းဆောင်နေတုန်း ဆိုတော့ မြဖူးအကြောင်း ကျွန်မအသိဆုံးပဲ၊ အန်တီမေးချင်တာ ကျွန်မသိတယ် မြဖူးမှာ ရည်စားရှိသလား၊ တွဲသွားတွဲလာ လူတွေအကြောင်း မဟုတ်လား"

ရှေ့နေမျှား ပီသပါပေသည်ဟု ဒေါ်သဇင်သင်းက ရင်တွင်း မှတ်ချက်ပေးကာ ခေါင်းညိတ်လိုက်သည်။

"အတွဲလဲ မရှိ၊ ချစ်သူလဲ မရှိ၊ ခေါင်းမာတဲ့ နေရာမှာ အချစ်ကိုတောင် သူ့နှလုံးသားထဲ တော်ရုံအဝင်မခံတဲ့ မိန်းမမျိုး အန်တီ၊ ဒါကြောင့် အခုလိုအဖြစ်မျိုး ဖြစ်သွားရတာကို ဝေအလွန်အံ့ဩခဲ့ရတာ အနေအထိုင်ကလည်း ကြန့်ရှိရှိနဲ့ တည်ငြိမ်တဲ့မိန်းမပါ၊ အန်တီလဲ အိမ်နီးချင်းပဲ တွေ့မြင်နေရမှာပါ"

"ဟုတ်ပါတယ် အန်တီ သိပ်သဘောကျခဲ့လို့ ရွေးချယ်ခဲ့တာပါကွယ်၊ ဒါပေမယ့်. . ."

"ကဲပါ အန်တီ ထမင်းပွဲပြင်ပြီးပြီတဲ့၊ လာ သွားစားကြရအောင် အချိန်တွေရှိပါသေးတယ်"

ဒေါ်သဇင်သင်း လေးတွဲစွာ ထလိုက်သည်။

မြဖူးညိုနှင့်ပတ်သက်၍ ဖြစ်ပေါ်နေခဲ့သော သံသယသည် ဘယ်တော့များမှ ပြီးဆုံးပျောက်ကွယ်သွားလိမ့်မည်နည်း။


အမှန်တရားအတိုင်း ဖြစ်စေချင်ပါသည်။ ဒါက ဒေါ်သဇင်သင်း၏ စေတနာမှန်သောဆန္ဒပင်။ ဘယ်သူ့ကိုမှ မနစ်နာစေချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃)

ဒေါ်သဇင်သင်း သား တပေါင်းကို ပြောသင့်မပြောသင့် ချင့်ချိန်လိုက်သည်။ တပေါင်းသည် လေးငါးခြောက်လအတွင်း သိသိသာသာ ပြောင်းလဲသွားခဲ့သည်။

အလုပ်၌ စိတ်ပါဝင်စားလာသည်။ အပေါင်းအသင်း သူငယ်ချင်းများနှင့်လည်း အချိန်သိပ်မဖြုန်းတော့။

"သား ပြန်လာတာ စောလှချည်လား"

"ဒီနေ့ ညစာစားပွဲ မရှိဘူး မေမေ၊ မေမေ ဘယ်အချိန်





တာ ပြန်ရောက်သလဲ"

"သား သွားပြီး ရှေ့ဆင့်နောက်ဆင့် ဆိုသလိုပဲ ရောက်လာတာ"

"ဟုတ်လား ဖေဖေဆီက ဖုန်းလာတယ်၊ မေမေကို ခေါ်ခဲ့ဖို့ပြောတယ်"

"ခေါ်ခဲ့ဖို့ဆိုတော့ သားက သွားမှာမို့လို့လား"

"ဟုတ်တယ် ကုမ္ပဏီက သားကို အတွေ့အကြုံရအောင် လွှတ်နေလို့ အဲဒါ သွားမယ်၊ ဖေဖေက မေမေပါ ခေါ်ခဲ့ဖို့ ပြောလို့ မေမေလိုက်ခဲ့ပါလား"

ဒေါ်သဇင်သင်း သက်ပြင်းချလိုက်သည်။ တပေါင်းသည် တကယ်ပဲ မြဖူးညိုနှင့်ပတ်သက်ခြင်း မရှိခဲ့ဘူးလား။ မြဖူးညိုနှင့်ပတ်သက်ပြီး မေးမြန်းလိမ့်မည်ဟု သူထင်ထားခဲ့သည်။

သို့သော် ဒီကိစ္စကို သူနှင့်မဆိုင်သလို ယောင်၍မျှပင် မဟခဲ့။ ဒေါ်သဇင်သင်း သက်ပြင်းချလိုက်သည်။

"ဘာလဲ မေမေက မလိုက်ချင်ပြန်ဘူးလား"

"မဟုတ်ပါဘူး သားနဲ့ဆို လိုက်မယ်၊ ဒါပေမယ့် မေမေ နောက်ဆံတင်းသလို ဖြစ်နေတယ်"

"ဘာတင်းစရာရှိလို့လဲ မေမေ၊ အိမ်သံယောဇဉ်လား"

"မဟုတ်ဘူး သား၊ မြဖူးညိုရဲ့ သားအမိကို"

တပေါင်းမျက်နှာပြင်၌ အံ့ဩသွားသော အရိပ်အယောင်လေး ယှက်သန်းသွားသည်။ မျက်လွှာပင့်ကာ . .

"သူ မွေးပြီလား ဘာလေးလဲ"

"မိန်းကလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

ဝတ်ကျေတန်းကျေ မေးလိုက်သည့် သဘောမျိုးသာ ရှိသည်။ မြဖူးညိုက မိမိမပြန်ခင် အတန်တန် ကတိအထပ်ထပ် နှင့် မှာလိုက်သောစကားကို ဒေါ်သဇင်သင်း သတိရလိုက်သဖြင့် ပြောချင်သော စကားများကို မျိုသိပ်လိုက်ရလေသည်။

"အန်တီကို ကျွန်မ တစ်ခုတောင်းပန်ချင်ပါတယ်၊ အဲဒါ ကတော့ ကျွန်မနဲ့ပတ်သက်ပြီး တပေါင်းမမေးဘဲ မပြောပါနဲ့၊ အန်တီရဲ့သိချင်တဲ့ကိစ္စတွေ ရှိကောင်းရှိလိမ့်မယ် အန်တီ ဘာသာစုံစမ်းပါ၊ တပေါင်း သိလိုစိတ်ဖြစ်လာရင် သူ့ဘာသာသူ ရှာဖွေပါစေ၊ အမှန်တရားကို သူ ရှာဖွေတတ်စေချင်ပါတယ်၊ ဘယ်သူရဲ့ ဖြားယောင်းမှု သွေးဆောင်မှုမှာ မရှိစေချင်ပါဘူး"

မြဖူးညိုစကားက သဲလွန်စတော့ပေးထားသည်။

တပေါင်းနဲ့မြဖူးညို ငြိစွန်းသွားခဲ့သလား။

ဘယ်အချိန် ငြိစွန်းသွားကြသလဲ။ သူတို့ကိုကြည့်ရတော့လဲ သူစိမ်းပြင်ပြင် တစ်ယောက်ကိုတစ်ယောက် အကောင်းမြင် ဝါဒနှင့် မကြည့်ကြသော လူနှစ်ယောက် ငြိစွန်းဖို့ အလားအလာ မမြင်ပါဘဲနှင့်. . .

ဒေါ်သဇင်သင်း သက်ပြင်းချလိုက်သည်။

"သူ ပြန်ရောက်ပြီလား"

"မေမေ ခေါ်တာပဲ၊ လိုက်မလာဘူး"

တပေါင်း၌ မေးစရာမေးခွန်း ကုန်သွားလေပြီ ဖြစ်၍ အပေါ်ထပ်သို့ တက်ခဲ့လိုက်သည်။

စိတ်ထဲ၌ မတင်မကျဖြစ်နေသည်။ မိခင်၏မျက်လုံး၌





သံသယအရိပ်အယောင်များ တွေ့ရသည်။ မြဖူးညိုနှင့် ပတ်သက်၍ သူ့ကိုမေးစရာတွေ ရှိနေသလားဟု တပေါင်း ထင်မြင်မိသည်။

မေးစေချင်သည်။ တပေါင်းကလည်း သိသလောက်ဖြေချင်ပါသည်။ သူ ကိုယ်တိုင်လည်း ရင်ထဲမှာ သံသယဆူးတစ်ချောင်း နစ်ဝင်နေခဲ့သည်။

ဗီရိုကို ဆွဲဖွင့်ပြီး ဗီရိုအံဆွဲကို ဖွင့်လိုက်သည်။

ငယ်စဉ်ကာလ ပေါက်ကရတန်ဆာများ ဆင်ခဲ့သော ဘူးကလေးထဲ၌ လက်ဝတ်ရတနာများကို ကြည့်လိုက်သည်။ နားကပ်များ၊ ဆွဲကြိုးများ၊ လက်ကောက်အပျော့စားများ၊ လက်စွပ်များ၊ ကြယ်သီးများ၊ ဘောင်းဘီ၌ တိုးလိုးတန်းလန်းတပ်သော ကြိုးများ စုံလင်လှသည်။ ထိုအထဲ၌ သူနှင့်စိမ်းကားနေသော ကြိုးမျှင်သေးသေးလေးကို သူ ယူကြည့်လိုက်သည်။

သီးခြားခွဲကာ ကတ္တီပါဘူးလေးထဲ ထည့်လိုက်သည်။ ကျန်ပစ္စည်းများကို ပြန်ရောင်းရန် ရည်ရွယ်ထားသည်။ သို့သော် ငွေကြေးမလိုအပ်သော သူ့အတွက် ဒါတွေကို အလေးမထားမိချေ။

အလုပ်ထဲသို့ခြေစုံပစ်ဝင်လာမှ နေ့စဉ်မှတ်တမ်းသည် အဖိုးတန်သော အလုပ်သမားကောင်းဖြစ်သည်ဟု သူ သဘောပေါက်လာသဖြင့် ဒိုင်ယာရီစာအုပ်ကို ဖွင့်လိုက်သည်။

ဆွဲကြိုးမျှင်သေးလေး၏ ပိုင်ရှင်သည် ဘယ်သူဖြစ်နိုင်သလဲ။ ထိုပိုင်ရှင်ကို မတွေ့သေး၍ အိမ်ထောင်ရေး မစဉ်းစားသေးတာဘဲ ကောင်းမည်။

သူ့အပေါ်၌ မာယာလက်နက်ပေါင်းစုံဖြင့် ချဉ်းကပ်လာ

www.burmeseclassic.com



သော မိန်းမများကို ဥပေက္ခာပြုနိုင်ခဲ့သည်မှာ သည်ဆွဲကြိုးလေးကြောင့် ဖြစ်နိုင်သည်။

ဤဆွဲကြိုး၏ပိုင်ရှင်သည် မြဖူးညိုသာ ဆိုပါက. . .

သူ ခေါင်းခါယမ်းလိုက်သည်။ မဖြစ်နိုင်။

သူ့အပေါ် လုံးဝအထင်သေးသော မိန်းမတစ်ယောက်၏ဆွဲကြိုးသည် သူ့ထံသို့ ရောက်စရာအကြောင်းမရှိ။

မြဖူးညိုသည်လည်း သူ့ဇာတ်လမ်းနှင့်သူ ရှိမှာပါ။ ရိုးရိုးယဉ်ယဉ် ဝတ်စားဆင်ယင်ပြီး ကြွေခြေတစ်ခွဲသားနှင့် နေတိုင်းလည်း ဂုဏ်သရေသိက္ခာအပြည့်နှင့် နေတိုင်းလည်း ရိုးသားသည်ဟု မဆိုနိုင်။

ဝါဝါမြင်တိုင်း ရွှေ မဟုတ်သကဲ့သို့. . .

တံလျှပ်လည်း ရေ မဟုတ်ပေ။

မြဖူးညိုက သာဓကပင်။

တပေါင်း ရေချိုးခန်း ဝင်လိုက်သည်။ ရေချိုးရင်း မြဖူးညိုထံသို့ အာရုံရောက်သွားမှုကို ပြန်လည်သိမ်းဆည်းလိုက်သည်။

မြဖူးညိုနှင့် သူ လုံးဝမပတ်သက်ချင်ပါ။

သို့သော် သူနှင့် ဆန့်ကျင်ဘက်ဖြစ်ရသည်က သူ၏မိဘနှစ်ပါးသည် မြဖူးညိုနှင့် အင်မတန်ပတ်သက်ချင်ကြသည်။

ထိုဆုံးဖြတ်ချက်က သူ့ကို ဘဝတစ်ခုလုံးအတွက် အမှားကြီး မှားသွားမှန်း ယခုတော့ သိသွားကြပြီ ထင်ပါသည်။

သို့တိုင်အောင် မြဖူးညိုနှင့် ကင်းကွာမနေနိုင်ကြခြင်းအတွက် သူ အလွန်အမင်း အံ့ဩရလေပြီ။

မိခင်သည် မြဖူးညို မီးဖွားရာသို့ နှစ်ပတ်လောက် သွား





စောင့်ရှောက်ပေးခဲ့သည်ကိုက အံ့အားသင့်စရာပင်။

"သား တပေါင်း ကြာနေပြီ မေမေ ထမင်းစား စောင့်နေတာ"


"ပြီးပြီ မေမေ"

အတွေးကမ္ဘာမှ ရုန်းထွက်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄)

ရွှေ့အပတ်ဆို ဖခင်ရှိရာ ဂျပန်နိုင်ငံသို့ လိုက်သွားရ
တော့မည်။ တိုးဗီဇာနှင့်ဆိုတော့ သုံးလနေခွင့်ရမည်။

မိခင်ကတော့ သုံးလနေမည်။ သူကတော့ အခြေအ
နေပေးလျှင် ပေးသလို ဟိုမှာအလုပ်လုပ်ရင်း ကျန်ရစ်ခဲ့နိုင်မည်။

တပေါင်းသည် လသာဆောင်မှာ ရပ်နေမိသည်။

လသာဆောင်၌ရှိသော ဒန်း၌ထိုင်ရင်း ဂီတာတီးခတ်





ရသော အရသာကို သူ ပြန်လည်ခံစားချင်လာသည်။

ထိုအရသာကို မခံစားခဲ့တာ ကြာနေပြီ။ မြဖူးညို မရှိက
တည်းက ဖြစ်လိမ့်မည် ထင်သည်။

မြဖူးညိုက သူ ဂီတာတီးပြီး ခေတ်ပေါ် တေးသီချင်းများ
ဟစ်ကြွေးမှုကို မကြိုက်လေလေ သူက အရွဲ့တိုက်ပြီး ညစဉ်
တီးမိအော်မိလေ ဖြစ်သည်။

အခု မြဖူးညို မရှိ။

ဂီတာကို သံစဉ်မဲ့ တီးခတ်နေမိသည်။

မြဖူးညိုသည် သူတို့ခြေရင်းအိမ်က အိမ်နီးချင်း။ သူက
ဗိုလ်တထောင် အမှတ်(၆)ကျောင်းသား။ မြဖူးညိုက လသာ(၂)
ကျောင်းသူ။ ကျောင်းချင်း မတူညီခဲ့။ သူငယ်ချင်းလည်း မဖြစ်ခဲ့။

မြဖူးညိုက ဆံပင်အရှည်ကြီးထားပြီး ငယ်စဉ်က ကျစ်ဆံ
မြီးနှစ်ချောင်း ကျစ်ထားတတ်ပြီး ကြီးလာတော့ တစ်ချောင်း
တည်း ကျစ်သည်။

ယခုခေတ် မိန်းကလေးများကဲ့သို့ ဆံပင်အဖျားဖြင့်သည့်
အနေဖြင့် ဖားလျားချထားခြင်းမျိုးကို သူ တွေ့ရခဲ့သည်။

တစ်ပတ်တစ်ခါ ခေါင်းလျှော်သည့် တနင်္ဂနွေနေ့မျိုး
တွင် ဆံပင်ဖားလျားချထားသည်ကို တစ်ခါတစ်ရံ တွေ့ရသည်။

ဥပဒေဘွဲ့ယူပြီး ချိန်ဘာဆွဲင်တော့ ဆံထုံးအကျအကျ၌
ဝင်းဆီတစ်ပွင့်ပန်ကာ လူကြီးပုံဖမ်းခဲ့သည်ကိုလည်း အမြင်
တပ်စွာ တွေ့မြင်ခဲ့ရလေသည်။

မေမေတို့က ထိုမိန်းကလေးကို ကြွေ့ရှိသည်။ မိခင်
ဆောင်း အိမ်ရှင်မကောင်း ဖြစ်နိုင်သည်ဟု သဘောကျကာ



www.burmeseclassic.com

www.burmeseclassic.com



ချွေးမအဖြစ် သဘောတူကြောင်း ဖွင့်ပြောလာသောအခါ သူက ဘုကျကျပင် ငြင်းဆန်ခဲ့သည်။

"မေမေတို့က အပေါ်ယံဝတ်စားဆင်ယင်မှုကို ကြည့်ပြီး ဆုံးဖြတ်ထားတာလား၊ ရှေ့လူကြီးတွေထားခဲ့တဲ့ ကုပ်ကမြင်း ဆိုတဲ့စကားကို မမေ့နဲ့ဦးနော်၊ အမေတို့ အထင်ကြီးနေတဲ့ အဲဒီ မိန်းမက ကုပ်ကမြင်း မဟုတ်ဘူးလို့ အမေ အာမခံရဲသလား"

ဟု ရင့်သီးစွာ ပြောခဲ့မိသည်။

ကြည့်လေ ယောကျာ်းလေး ရွယ်တူများလည်း သူ့အိမ်သို့ အဝင်အထွက် ရှိသည်။

ချိန်ဘာမာစတာလား ဘာလား မသိသော ခပ်ဖြောင့်ဖြောင့် အသက်သုံးဆယ်ကျော် ဝန်းကျင်ခန့်ရှိသော လူတစ်ယောက်နှင့်တော့ သူလုံးဝ ကြည့်မရ။ မြဖူးညို ခေါင်းခေါက်လိုက် နဖူးတောက်လိုက် လုပ်တာမျိုးကို သူ တွေ့ဖူးခဲ့သည်။

သူစိမ်းယောကျာ်းတစ်ဦးနှင့် ခြေပုတ်လက်ပုတ် နေရဲသော မိန်းမကို ခြောက်ပစ်ကင်းသဲလဲစင် မိန်းမမျိုးဟု ပြောနိုင်ပါ့မလား။

မြဖူးညိုကို သူ သဘောမကျခဲ့။

ထို့အတူ မြဖူးညိုကလည်း သူ၏ လွတ်လပ်ပေါ့ပါးစွာနေတတ်သော အကျင့်စရိုက်ကို. . .

လမ်းသရဲ

လူပေါ့လူသွမ်း

ဆန်ကုန်မြေလေး

ဂျစ်ပစီကောင်





အဖြစ် ကင်ပွန်းတပ်ကာ. . လုံးဝ ကြည့်မရခဲ့သည်ကို သူ့အသိ။

ဒါကို ငယ်စဉ်ကတည်းက ကတိကဝတ်ခံထားကြသလား မပြောတတ်။ သူ့မိခင် ဒေါ်သဇင်သင်းနှင့် မြဖူးညိုမိခင် ဒေါ်မြမြအေးက သူတို့နှစ်ဦး၏ဆန္ဒကို မယူတော့ဘဲ နှစ်ဖက်လူကြီးမိဘ သဘောတူစေ့စပ်ကြောင်းလမ်းခြင်းသတင်းကို သတင်းစာထဲ ထည့်လိုက်လေသည်။

စေ့စပ်ကြောင်းလမ်းခြင်းကို သူတို့ ယခုထက်တိုင် ဖျက်သိမ်းရသေး။ ဖျက်သိမ်းရန် ကိစ္စကို တပေါင်းဘက်ကသည်း မတောင်းဆိုသကဲ့သို့ မြဖူးညိုဘက်ကလည်း မတောင်းဆိုခဲ့. . .။ ဒါက ထူးခြားချက်ပင်. . .

သူတို့နှစ်ဦးကြား၌ ညှိနှိုင်းတိုင်ပင်မှုမရှိသော လျှို့ဝှက်ချက်တစ်ခု ရှိနေသည်။

"သား တပေါင်း"

သူ ဂီတာတီးနေရာမှ ရပ်တန့်လိုက်သည်။

"မြဖူးနဲ့ သား စေ့စပ်ကြောင်းလမ်းထားတဲ့ကိစ္စကို သားဘာလုပ်ချင်သလဲ"

"ဘာလုပ်စရာလိုသလဲ မေမေ၊ သူ့အောက်က ကလေးတစ်ယောက်တောင် ရနေမှာတော့. . ဒီအရွယ် အလိုအလျောက်ချတ်ပြယ်နေပြီပဲ"

"အေးကွယ် မနေ့က ပုလဲချပ်ဈေးမှာ မိတ်ဆွေတယောက်က သားတို့ဝဲလ်ဒင်း ဘယ်တော့လဲလို့ မေးတော့ မေမေ ဘာဖြေရမှန်း မသိလို့ ဖြည်းဖြည်းပေါ့လို့ပဲ ဖြေလိုက်တယ်



www.burmeseclassic.com

www.burmeseclassic.com



သားစိတ်ထဲမှာ ဘာဆန္ဒများ ရှိနေသလဲဆိုတာလဲ မေမေ မသိရတော့"

"အဲဒီလို ဖြေလိုက်တာ အကောင်းဆုံးပါပဲ မေမေ၊ မြဖူးညိုကို အရင်ကတောင် စိတ်မဝင်စားခဲ့တဲ့သားဟာ အခုလို ပန်ဖော်ကျ ကလေးတစ်ယောက်အမေဘဝမျိုးကို ပိုပြီးတော့တောင် စဉ်းစားတော့မှာ မဟုတ်ဘူး၊ ဒါပေမယ့် သားရင်ထဲမှာ သိချင်နေတဲ့ ဆန္ဒတစ်ခုရှိတယ်၊ အဲဒီဆန္ဒကြောင့် သားအိမ်ထောင် မပြုသေးတာလဲပါတယ်"

မိခင်က ပျာပျာသလဲပင်. . .

"ဘာဆန္ဒလဲ သား"

"မြဖူးညို ဒီကလေးကို ဘယ်သူနဲ့ရခဲ့တာလဲ ဆိုတာကိုပါ"

"ဘာဖြစ်လို့ သိချင်ရတာလဲ မြဖူးညိုကို သား စိတ်မဝင်စားဘူးဆို"

" သား သိချင်ရတဲ့ အကြောင်းအရင်းက သား မြဖူးညိုတို့အိမ်ကို ရောက်သွားဖူးတဲ့ အတွက်ကြောင့်ပါ"

"ဟင်. . ဘယ်တုန်းကလဲ"

"မေမေတို့ သားတို့ကို မတိုင်ပင်ဘဲ စေ့စပ်သတင်း သတင်းစာထဲပါလာတဲ့ နေ့ကပဲ"

"ဘာဖြစ်ကြသေးသလဲ၊ မင်း သူ့ကို ဘာလုပ်လိုက်သေးလဲ"

မိခင်၏ ထိတ်လန့်တကြားနှင့်ပြူးတူးပြဲတဲနိုင်သော အမေးကြောင့် သူကိုယ်တိုင်လည်း ဇာန်လှုပ်သွားရသည်။





ဒီကိစ္စနှင့်ပတ်သက်၍. . သူကိုယ်သူ မေးခွန်းပေါင်းမြောက်မြားစွာ မေးခဲ့ဖူးသည်။ သို့သော် အဖြေ ထွက်မလာချေ။

"တွေ့ဖို့သွားတာ ရန်တွေ့ဖို့ပဲ၊ သူ့ဘက်က လက်ခံလိုက်တယ် ထင်မိလို့ပါ။ နိုက်ကလပ်မှာလဲ သောက်တာများသွားတယ်၊ လူမှန်းသူမှန်း မသိအောင် မူးနေတယ် ထင်တယ်"

"မင်းဟာက ထင်တယ်ပဲလား သားရယ်"

"တွေ့တယ် ထင်တယ်၊ ရန်တွေဖြစ်ကြသလား ဘာလားတော့ မသိဘူး"

"နိုးလာတော့ သား ဘယ်မှာလဲ"

အားတက်သရော မေးလိုက်သော မေးခွန်းသည် တပေါင်း ဖြေလိုက်သောအဖြေကြောင့် ဒေါ်သဇင်သင်း အားပျက်သွားလေသည်။

"ဒီအိမ်မှာပဲ"

"ဟင်"

"ဒါပေမယ့် မနက်ရောက်တော့ ခြံစောင့်က ပြောတယ်၊ ညက ဦးထော်က သားကိုထမ်းပြီး လာပို့သွားတာတဲ့၊ ကားကို သူတို့ခြံရှေ့ လာယူဖို့ပြောလို့ သား သွားယူလိုက်သေးတယ်"

"ဟုတ်လား ဒီတော့ မြဖူးနဲ့တွေ့လား"

"မတွေ့ဘူး ရှိုးသွားတယ် ထင်တယ်"

"ဦးထော်နဲ့ရော မတွေ့ဘူးလား"

"တွေ့တယ် မေးကြည့်တော့ မသိဘူး ငါ့ကို မီညိုလာနှိုးပြီး မင်းကို ပို့ခိုင်းလို့ ပို့လိုက်တာတဲ့"

"မီညိုကိုရော မေးမကြည့်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"မိညိုကလဲ တရုတ်ကားပြီးကတည်းက သူ အိပ်သွားတာ မမလေး လာနှိုးပြီး ဘကြီးထော်ကို နှိုးခိုင်းမှ သားရောက်နေမှန်း သိတာတဲ့၊ သားက အိပ်ပျော်နေတယ်ဆိုလားပဲ၊ ဘာပဲဖြစ်ဖြစ် အဲဒီနေ့ကကိစ္စအတွက် သား အမှားကျူးလွန်ခဲ့ဘူးလားဆိုတာကို သားကိုယ်တိုင် မသိရပေမယ့် ကာယကံရှင် မိန်းကလေးကတော့ သိမှာပဲ၊ သားကို ဖွင့်ပြောနိုး သားစောင့်နေခဲ့တာ"

"ဘုရားရေ . . သားက ဖွင့်ဟ မမေးခဲ့ဘူးလား"

"မေးဖို့ကြိုးစားပေမယ့် တစ်လောကလုံး သူ့လုပ်စာစားနေတဲ့ ရုပ်မျိုးနဲ့ သားကို ရှောင်နေတော့ သား မမေးဖြစ်ခဲ့ဘူး၊ နောက်ပိုင်းလဲ သူမှ မရှိတော့ဘဲ"

"အင်း . . ခက်တယ် မြဖူးကလဲ မာနကြီးလွန်းတယ်"

"တကယ်လို့ သားမှားခဲ့ရင် သားတာဝန်ယူဖို့ ဝန်မလေးပါဘူး မေမေ၊ မေမေတို့လဲ မေးကြတာပဲ မဟုတ်လား"

"မေးပါတယ်၊ သူ့အမေလဲ ဒီစိတ်နဲ့ဆုံးသွားရှာတာပဲဖြစ်မှာ၊ ဘာပဲဖြစ်ဖြစ် မေမေကတော့ အေးမျက်နှာအရ မြဖူးအပေါ် သမီးလေးလို သံယောဇဉ်ရှိတာကြောင့် သူတို့သားအမိဘဝတစ်ခုလုံး လုံခြုံမှုအတွက် စောင့်ရှောက်ပေးရမှာပဲ"

ဒေါ်သဇင်သင်း လက်လျှော့လိုက်သည်။

ကာယကံရှင် မိန်းကလေးက ဘာမှဖွင့်မပြောလာသောကိစ္စကို ဖွင့်မေးရ ခက်လေသည်။ ဘာပဲဖြစ်ဖြစ် ဂျပန်သွားလျှင် သုံးလလောက် ကြာဦးမည်။ တပေါင်းက ဗီဇာနှင့်ဆိုတော့ အဆင်ပြေလျှင် အနည်းဆုံး တစ်နှစ် နှစ်နှစ် နေခဲ့မည်။ ဒါကြောင့် တပေါင်းကို ခြေငြိမ်လက်စနှင့် ငြိမ်သွားပြီး အလုပ်တန်ဖိုး ငွေ၏





တန်ဖိုးကို သိစေချင်၍ ဖြစ်သည်။

"သား ဒီလိုလုပ်ရင် ကောင်းမယ်ထင်တယ်"

ဒေါ်သဇင်သင်းက သူ၏ခေါင်းထဲ ဖျတ်ခနဲ ဝင်လာသော အတွေးအပိုင်းအစကြောင့် . . .

"ဘယ်လိုလဲ"

"သား မြဖူးဆီကို ဖုန်းဆက်လိုက်ပါ"

"ဟင်"

တပေါင်း တုန်လှုပ်သွားသည်။

မြဖူးညိုနှင့်သူသည် တစောင်းစေးနှင့် မျက်ချေးဖြစ်ခဲ့မက စကားကို လေးလုံးကွဲအောင်ပင် မပြောဖူးချေ။ ပြောလျှင်လည်း ဘုတောက်ကျသော ရန်စကားများကလွဲ၍ တခြားစကား မပြောဘူးချေ။

"ဆက်မှဖြစ်မယ် သား၊ ကလေးနာမည်နဲ့ ကလေးဖခင်နာမည်ကိုက ထူးခြားနေတယ်"

"ဘာဖြစ်လို့လဲ"

"သမီးလေးနာမည်က သမီးတပေါင်းဟုတ်လား"

"ဟင်"

တပေါင်းသည် ဂီတာကိုလွှတ်ချပြီး ဒန်းပေါ်ကနေ ရုတ်ချည်း ထလိုက်မိသည်အထိ အံ့အားသင့်သွားသည်။

"သူ့ ဆင်ခြေကတော့ . . အဖေနာမည်ပေးစရာမရှိလို့ တပေါင်းလမှာ မွေးလို့ တပေါင်းကိုယူပြီး ပေးလိုက်တာ ဆိုတဲ့ ဆင်ခြေမျိုး ပေးတယ်၊ ဘာပဲဖြစ်ဖြစ် သားမေးလိုက်ပါ၊ သမီးလေးဟာ ဘယ်သူနဲ့ရတာလဲလို့၊ တကယ်လို့ သားနဲ့ရတာဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



သား တာဝန်ယူမယ့်အကြောင်း ပြောလိုက်ပါ”

တပေါင်း ကြက်ကြီးလည်လိမ်ထားသလို ဖြစ်သွားသည်။

ဤမိန်းမနှင့် ရင်ဆိုင်စကားပြောရမည့်အစား ကျားမြီးသာ ပြေးဆွဲချင်သည်။ လက်ပေါက်ကပ်ပြီး အပေါက်အလမ်းမတည့်သောစကားတွေ ပြောဦးမည်။

ပြီးတော့ အလုံးကြီးကြီး စကားလုံးများနှင့် သူ့ကို ပစ်ခတ်ပြီးမည်။

“သွားလေ သား၊ ဖုန်းနံပါတ် မေမေ ခပ်ကြီးကြီးလေး ရေးထားတယ်”

တပေါင်း လေးလံသောခြေလှမ်းများဖြင့် အိမ်ခန်းထဲဝင်လိုက်သည်။ အပေါ်ထပ်ဧည့်ခန်း၌ရှိသော ဖုန်းစင်ရှိရာ လျှောက်လှမ်းလာရင်း စာမေးပွဲအောင်စာရင်း ကြည့်ရန်သွားသော ကျောင်းသားပမာ ရင်ခုန်လှုပ်ရှားမှုများက ဖြစ်ပေါ်လျက်ရှိသည်။

ပြင်ဦးလွင်ဖုန်းက ညဘက်တွင် ကြည်လင်စွာ ကြားရလေသည်။

“ဟဲလို”

“ဟဲလို မြဖူးညိုနဲ့ တွေ့ချင်လို့ပါ”

“ဘယ်သူပါလဲရှင် မြဖူးညို အိပ်နေပါပြီ၊ အရေးတကြီးကိစ္စရှိရင် ကျွန်မကိုပြောပါ၊ ကျွန်မက သူ့သူငယ်ချင်း ဝေဝေခိုင်ပါ”

တပေါင်း ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ဒီကိစ္စမျိုးက ကာယကံရှင်နှင့်ပြောမှ ဖြစ်နိုင်သည့်ကိစ္စမျိုးပင်. . .





“အရေးကြီးကိစ္စ မရှိပါဘူး၊ နောက်မှပြန်ဆက်ပါ့မယ်”

“ဘယ်သူ ဆက်တယ်လို့ ပြောလိုက်ရပါမလဲ”

မိမိဆက်တယ်လို့ ပြောလိုက်ပါက သိက္ခာများ ကျသွားမလား။ သူ့ဘက်က အရှုံးတွေပေးဖို့ စတင်လိုက်သလိုများ ဖြစ်နေမလား။

“ကိစ္စမရှိပါဘူး. . နောက်မှ ထပ်ဆက်ပါ့မယ် ကျေးဇူးတင်ပါတယ်”

တပေါင်း တယ်လီဖုန်းကို ချလိုက်လေသည်။ ရင်ထဲ၌ပေါ့ပါးနိုင်ဘဲ လေးလံလျက် ရှိသည်။

မြဖူးညိုရယ် ခေါင်းညိတ် ခေါင်းခါပဲ လုပ်လိုက်ပါ။ သူ့ဘဝသည် လွတ်လပ်ပေါ့ပါး သွားလိမ့်မည်ဖြစ်သည်။


ယခုတော့ သူ့ဘဝ၌ ခြောက်လှန့်တတ်သော အရိပ်တစ်ခု လိုက်နေသလိုပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

တပေါင်း လက်များပင် တုန်ချင်လာသည်။ သူသည် သတ္တိနည်းသော သူတစ်ယောက် မဟုတ်ပါဘဲလျက်နှင့် ဘာကြောင့် သတ္တိကြောင်နေရသလဲ။

မိန်းမတစ်ယောက်ကို တယ်လီဖုန်းနှင့် ရင်ဆိုင်ဖို့တောင် သူ တုန်လှုပ်နေပါလား။ မိန်းမအတွေ့အကြုံမရှိသော အရိုင်းသက်သက် မြီးကောင်ပေါက်အရွယ်လည်း မဟုတ်။

"ပြောပါ မြဖူးညို ပြောနေပါတယ်"





"မြဖူးညို ငါပါ တပေါင်းပါ"

"ဆို ဘာကိစ္စလဲ "

"ငါ သိချင်တာလေးရှိလို့ မေးချင်တယ်၊ နင် မှန်မှန်ဖြေ"

"ဘာ သိချင်တာလဲ ဥပဒေအကြောင်းလား"

"မဟုတ်ဘူး နင့်အကြောင်း"

"ငါ့အကြောင်းက နင်နဲ့ ဘာဆိုင်လို့လဲ"

ယယ်စဉ်ကလေးဘဝကတည်းက ဟိတ်ကောင်လေး နင် ငါနှင့် လည်းကောင်း၊ ဟိတ်ကောင်မလေး နင် ငါသုံးစွဲမှုသည် ယနေ့တိုင်အောင် မပျောက်ပျက်သေးချေ။

"ဆိုင်မယ် ထင်တယ်၊ နင့်သမီးက ငါနဲ့ရတဲ့ သမီးလား ဆိုတာ ငါသိချင်တယ်"

မြဖူးညိုဘက်မှ ရယ်သံထွက်လာသည်။ လှောင်ပြောင်သော ခနိုးခနဲ့ ရယ်သံဖြစ်သည်။

"ဟင်းဟင်းဟင်း. . နင်ဘာသိလို့ မေးတာလဲ"

"ငါ ဘာမှမသိလို့ သိချင်လို့ မေးတာပေါ့"

"ကောင်းပြီ နင့်ကို ငါ့အကြောင်း မပြောနိုင်ဘူး၊ ကိုယ့်တိုယ်ကိုယ်တောင် ဘာမှန်းမသိတဲ့ လူတစ်ယောက်က သူများအကြောင်းကိုသိတော့ ဘာလုပ်နိုင်မှာမို့လို့လဲ"

တပေါင်းရင်ထဲ ခံပြင်းသွားသည်။ မိမိအပေါ် သက်သက်ချိုးနှိမ်ချင်သော မြဖူးညို၏ သည်းညည်းကို အတော်လေး ခံရပေမည်။

"နင့်အကြောင်း ငါသိရင် ဖြစ်သင့်ဖြစ်ထိုက်တာ ဖြစ်စေရမှာပေါ့၊ ငါ တာဝန်မမဲ့တတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်းဟင်း အဲဒါကိုက နင့်ကိုယ်နင်သိဖို့ လိုအပ်နေသေးတယ်၊ ငါ့အကြောင်း နင်သိဖို့ကြိုးစားတာက နောက်ထား နင့်အကြောင်း နင်သိဖို့ကို အရင်ကြိုးစားလိုက်ပါဦး၊ ဒါမဲနော် တခြားဘာကိစ္စမှ မရှိဘူး မဟုတ်လား"

စကားလည်းဆုံး ဖုန်းလည်းအချ ဖြစ်သွားသည်။

တပေါင်း မည်သို့မျှ တားဆီးချိန်မရလိုက်။ ဖုန်းထပ်ခေါ်သော်လည်း မကိုင်တော့။ လိုင်း တမင်ဖြုတ်ချလိုက်သည် ထင်ပါသည်။ တော်တော်သွေးအေးသော မိန်းမတစ်ယောက်ပင်။

ကလေးတစ်ယောက်ကိုတောင် အေးအေးဆေးဆေး မွေးဖွားရဲသော သတ္တိကတော့ မသေးချေ။ ပတ်ဝန်းကျင်ကို သူမည်ကဲ့သို့ ရင်ဆိုင်သွားသည်ကို သိချင်လာမိသည်။ သို့သော် အချိန်မရှိတော့။ မကြာခင် သူ ဂျပန်နိုင်ငံသို့ သွားရတော့မည်။

အနည်းဆုံး တစ်နှစ်နှစ်နှစ် ကြာနိုင်မည်။ မသွားခင် ညစဉ် ဖုန်းဆက်ရန် စဉ်းစားလိုက်သည်။

မြဖူးညိုသည် သူနှင့် အနီးဆုံး၌ရှိသော မိန်းကလေးဖြစ်သည်။ သို့သော် သူ ကြည့်မရဆုံး မိန်းကလေးလည်း ဖြစ်သည်။

စိတ်မဝင်စားဘူးမဟုတ်။ စိတ်ဝင်စားခဲ့သည်။ သို့သော် စိတ်ဝင်စားမှုက အမြင်ကတ်သော ကြည့်မရသော အပြစ်ကိုသာ မြင်တတ်သော စိတ်ဝင်စားမှုမျိုးပင်။

သူကဲ့သို့ပင် မြဖူးညိုသည်လည်း သူ့အပေါ် ထိုကဲ့သို့သော သဘောထားမျိုးရှိမည်မှာ မလွဲပေ။

"သား. . စောစောက ဖုန်းဆက်သလားလို့"

မိခင်လည်း မြဖူးညိုကိစ္စနှင့် ရတက်မအေးနိုင်အောင်





ဖြစ်ရသည်။

"ဟုတ်တယ် မေမေ သား မြဖူးညိုဆီ ဖုန်းဆက်တာ"

"သူနဲ့တွေ့လား"

"တွေ့တယ်"

"ဟုတ်လား. . သူ ဘာပြောသလဲ"

မိခင်က အားတက်သရော မေးလိုက်ပေမယ့် သူဖြေရတာ အားမရှိပေ။ မြဖူးညို၏ ပြောသည့်စကားများကို မိခင်အား ပြောပြလိုက်တော့. . .

"အင်း. . သံသယဖြစ်စရာပဲ ဒီမိန်းကလေးရဲ့ စိတ်ဓာတ်ကတော့ တစ်မျိုးပဲ၊ အချစ်မပါတဲ့ အိမ်ထောင်ရေးကို မတည်ဆောက်ချင်တဲ့ သဘောများလား"

တပေါင်း နားမလည်နိုင်ပါ။

မိန်းမသဘောကို သူ နားလည်ထားသည်က တစ်မျိုး။ သူ ငွေကို ရေလိုသုံးဖြုန်းနိုင်သဖြင့် သူနှင့်အတူ နိုက်ကလပ်တက်နိုင်သော ရောင်စုံမိန်းမတွေ တစ်ပုံတစ်ပင် ရှိခဲ့သည်။ အလှည့်ကျ ရွေးချယ်ရသည်။ ပြီးလျှင် ထိုမိန်းမများသည် သူ့ထက် ရနိုင်သ ရွေ့ ချူယူကြသည်။

ထို့ကြောင့် မိန်းမများသည် ငွေမက်သည်။ ဘဝတစ်ခုကို ငွေကြေးဖြင့် လဲလှယ်ရန်ဝန်မလေးတတ်ဟု သူ အပေါ်ယံမှတ်ယူထားလိုက်သည်။

မြဖူးညိုကတော့ ထိုသို့မဟုတ်ပါလား။

အမှန်ဆို ခုလို၌ မြဖူးညိုက "ဟုတ်တယ် ဒီကိုယ်ဝန်ရှင်နေရတာ"ဟုသာ ပြောလိုက် သူတို့မိသားစုသည် ငြင်းပယ်မည့်

www.burmeseclassic.com



မိသားစုမဟုတ်။

ဒါကို မြဖူးညို နားလည်ပါလျက် ဘာကြောင့်. .

အခြား တစ်ယောက်နှင့်ရခဲ့၍ ရှောင်နေတာလား။

တပေါင်း ခေါင်းခြောက်ရလေပြီ။

စီးပွားရေးလုပ်ငန်းက စာရင်းဇယား တွက်ဆခြင်းဖြင့်လည်းကောင်း၊ ဉာဏ်နှင့်ဆင်ခြင်၍လည်းကောင်း လုပ်ဆောင်ရတာ လွယ်ကူသည်။

မိန်းမသဘော အကဲခတ်ရတာက မလွယ်ဘူး။

"အေးလေ သူ့ဘက်က မဟုတ်လို့လဲ ဘာမှမတောင်းဆိုတာလဲ ဖြစ်နိုင်ပါတယ်၊ ဒီကိစ္စ ခေါင်းထဲမထည့်နဲ့တော့ သားခရီးသွားဖို့ကိစ္စပဲ ပြင်ဆင်ပါ"

"ဟုတ်ကဲ့ မေမေ"

တပေါင်း လက်လျှော့လိုက်သည်။

မိမိတာဝန်ကျေပြီဟု ထင်သည်။

ကိုယ့်ကိုယ်ကိုယ်သိအောင် မည်ကဲ့သို့ ကြိုးစားရမှာလဲ။

ဘာမှမသိသောကိစ္စကို သိအောင်လုပ်နေတော့လည်း သပွတ်အူကဲ့သို့ ချာလည်နေသည်မှအပ ဘာမှထပ်သိလာလိမ့်မည် မဟုတ်ပေ။

မြဖူးညိုကတော့ အားလုံးကို စေ့စပ်သေချာစွာ သိနေနိုင်သော မိန်းမတစ်ယောက် ဖြစ်ပေလိမ့်မည်။

တပေါင်း အမှန်တကယ်ပင် လက်လျှော့လိုက်မိလေပြီ။

မြဖူးညို၌ ဘာအကြံအစည်များ ရှိနေသလဲမှ သူ မသိနိုင်တာ။ မြဖူးညိုဘက်မှ အကြံအစည်ကို သိခွင့်ရှိလျှင်သော်





လည်းကောင်း မြဖူးညိုဘက်က တောင်းဆိုမှုတွေရှိလာလျှင်သော်လည်းကောင်း သူ့ဘက်ကပေးရန် လိုက်လျောရန်တော့ အဆင်သင့် ရှိနေမည်။

ဒါကလဲ မြဖူးညို၏ရင်သွေးသည် မိမိ၏ရင်သွေးဖြစ်ခဲ့လျှင်သာ. . .




www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

"ဟိတ်. . ရှတ်. . ရှတ်. . ဟိတ်ကောင်လေး"

မြဖူးညိုက ခြံစည်းရိုးနား ကပ်ကြည့်လိုက်သည်။ ဟိုဘက်ခြံက ဂျစ်ပစီကောင်လေး ဂျင်းဘောင်းဘီ ထက်ပိုင်းပြတ်ဆန်ကြဲ၊ တီရှပ်က ကိုးရိုးကားရားကြီးပြီ၊ အရှပ်က အရိုးခေါင်း ကျက်သရေမရှိ။ ထိုကောင်လေးမျိုးကို အော့နှလုံးနာစွာဖြင့် ဆိုင်လိုက်ရသည်။

"ဘာလဲ ဘာကိစ္စလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှင့်အိမ်မှာ ငါ့အမေ ရောက်နေသလား"

"အေး ရောက်နေတယ်"

မြဖူးညိုက မလွဲသာသဖြင့် တုန့်ပြန်ပြောဆိုလိုက်ရသော်လည်း အမှန်တကယ်ဆို ဒီဂျစ်ပစီကောင်နဲ့ လုံးဝမပတ်သက်ချင်။

"ဒါဖြင့်ပြောပေးပါဟာ ဖေဖေက မီးခံသေတ္တာသော့ ဘယ်နားထားမိမှန်း မသိလို့တဲ့၊ အမေများ သိသလားလို့"

"ဟဲ့. . ဒါ အိမ်တွင်းလျှို့ဝှက်ကိစ္စပဲ၊ နင် ငါ့ကို မေးမယ့်အစား နင့်အမေကို နင်ကိုယ်တိုင် လာမေးပါလား"

"နင်ကလဲဟာ ဒါ ဘာဖြစ်တာမှတ်လို့ နင်မေးပေးလိုက်လဲ ရတာပဲ"

"မရဘူး လူ့စည်း ဘီလူးစည်းဆိုတာ ရှိတယ် နင့်ဘာသာ နင်လာမေး၊ ဟိုမှာ တွေ့သလား အဲဒီအပေါက်က လာခဲ့ ဧည့်ခန်းမှာ နင့်အမေရှိတယ်"

မြဖူးညိုက နှစ်အိမ်တစ်အိမ်ကူးနေကျ ခြံစည်းရိုး မလွယ်ပေါက်ကို ညွှန်ပြရင်း ပြောလိုက်သည်။

တပေါင်းက ပခုံးတွန့်ကာ. . .

"ဟ. . အဲဒါ ခွေးတိုးပေါက်ပဲ"

"ဘာ ခွေးတိုးပေါက်လဲ နင့်အမေရော ငါ့အမေရော အိမ်အလုပ်သမားတွေပါ ဒီအပေါက်ကပဲ လာနေကျ သွားနေကျပဲ၊ လေးဘက်သွားရတဲ့အပေါက်လဲ မဟုတ်"

"စကားများတယ်ကွာ၊ နင် မပြောပေးချင်နေ ငါ့ဘာသာငါပဲ ဖုန်းဆက်လိုက်တော့မယ်"

"အေး နင့်သဘောပဲ"





မြဖူးညိုက အရေးမလုပ်ဘဲ နှင်းဆီပန်းအိုးများကို ရေဆက်လောင်းနေလိုက်သည်။

ဒီဂျစ်ပစီကောင်စားကို မြဖူးညို အလျှော့ပေး၍မဖြစ်။ သူ့မိခင်ဒေါ်သဇင်သင်းကိုတော့ အားနာပါသည်။ ဒေါ်သဇင်သင်းကတော့ မြဖူးညိုကို သမီးလေးတစ်ယောက်ကဲ့သို့ ချစ်ရှာပါသည်။

သားတွေချည်း မွေးထားသော မိခင်တစ်ယောက်အနေနှင့် သမီးမိန်းကလေးကို ခင်တွယ်တတ်တာ သဘာဝပဲဖြစ်လိမ့်မည်။

တပေါင်းက ခြံစည်းရိုးနားမှ ကျောခိုင်းထွက်ခွာသွားပြီး အိမ်ထဲ ပြန်ဝင်သွားသည်။

သူကလည်း မာနလေး လက်တစ်ဆစ်နှင့်ပါလား။

ငယ်စဉ်ကတည်းကလဲ ရောရောနှောနှော မနေ။ ခုလို ဘွဲ့ရသွားတဲ့အချိန်အထိလည်း ဒီအတိုင်းပင်။ ခင်မင်ရင်းနှီးမှုက တိုးတက် မလာချေ။

သော့ကိစ္စကို တယ်လီဖုန်းနှင့်ပဲ ဖြေရှင်းလိုက်ကြသည်။

ပန်းပင်ရေလောင်းပြီး ဇီဇဝါပန်းများကိုခူးကာ အိမ်ထဲပြန်ဝင်ခဲ့သည်။

ဇီဇဝါပန်းရလျှင် နှစ်ဦးကို မျှပေးရသည်။ မြဖူးညိုမိခင်ရော ဒေါ်သဇင်သင်းပါ ဇီဇဝါနှင့် စံပယ်ပန်းကို အလွန်အမင်း နှစ်သက်ကြသည်။ ဒါကြောင့် ခုတိုင်း နှစ်ဦးကို ခွဲဝေပေးရသည်။

မြဖူးညိုကတော့ နှင်းဆီပန်းတစ်မျိုးတည်းကိုသာ နှစ်သက်သည်။

www.burmeseclassic.com



"ဟော. . သမီး၊ ပန်းတွေ များလှချည်လား"

"ဟုတ်တယ်အန်တီ. . ရေနိုင်သလို ခူးအားကလည်း နိုင်တော့ အရမ်းပွင့်တာပဲ၊ အန်တီ ပြန်မှယူသွားနော် ရေထောင် ထားလိုက်မယ်"

"အေးအေး သမီး၊ စောစောက သား လာသလား"

"မလာဘူး"

"ဟုတ်လား ဒါနဲ့များ၊ သူ လာတာ ခြံစည်းရိုးနားက ခွေးတစ်ကောင်ဟောင်တာနဲ့ မလာတော့တာပြောတယ် ခွေးလဲ မမွေးဘဲနဲ့ကွယ်"

မြဖူးညိုသဘောပေါက်လိုက်သည်။ သို့သော် အပြုံးမ ပျက်. . .

"လမ်းဘေးခွေး နေမှာပေါ့၊ အန်တီ့သားကလည်း လူ ဖြစ်ပြီး ခွေးကိုတောင် ကြောက်ရတယ်လို့ သူ့ရဲဘောကြောင်ပါ"

မြဖူးညို ပြောလိုက်သောစကားကို ဂျစ်ပစီ ကြားစေချင် သည်။

ဒေါ်သဇင်သင်းက ရယ်ကာ. . .

"သူ့ပုံစံက ကိုးရိုးကားယားနိုင်နေတော့ ခွေးတောင် မျက်စိနောက်မှာပေါ့"

လူကြီးတွေကတော့ သဘောရိုးပဲ ထင်ကြမယ်။ သူတို့ လူငယ်နှစ်ဦးကြား၌ ရှိနေသော အကြိတ်အခဲလေးတွေကတော့ အင်အားမသေးလှ။

"အန်တီ"

"ဘာလဲ သမီး"





"တပေါင်းက အန်တီ့သား အရင်းရော ဟုတ်ရဲ့လား"

မြဖူးညို တမင်သက်သက် ကလိလိုက်ခြင်း ဖြစ်သည်။ စကားများကို ဘယ်နည်းနှင့်မဆို ဒေါ်သဇင်သင်းက သူ့သား ထံ သယ်ဆောင်သွားလိမ့်မည်ကို တပ်အပ်သေချာစွာ သိပြီးသား ဖြစ်သည်။

"ဘာဖြစ်လို့လဲ သမီးရဲ့ သားအရင်းမှအရင်းပါကွယ်၊ ရာခက်ဆစ်တောင် ဗိုက်ခွဲမွေးထားရတာ မမွေးနိုင်လို့လေ"

"မသိပါဘူး ကြည့်လိုက်ရင် ဖူးပြနေတဲ့ ဂျင်းဘောင်းဘီ နဲ့ ဂျင်းဘောင်းဘီ ထက်ပိုင်းပြတ်ကို အမွေးဖွားဖွားနဲ့ ဘာမှန်း သိတဲ့ ကြိုးတွေကလည်း ရောင်စုံတိုးလိုးတန်းလန်းတွေနဲ့ဆို တော့ ဂျစ်ပစီပုံ ပေါက်နေလို့လေ၊ အန်တီတို့များ လမ်းပေါ်က လေးကိုများ ခေါ်မွေးစားသလား ထင်ရလို့"

မြဖူးညိုက လူကြီးမိဘတွေကိုတော့ မရည်ရွယ်ပါ။ တပေါင်းကိုသာ ထိစေချင်သည်။ သူပြောလိုက်သော တစ်တစ်ခွခွ စကားများကို တပေါင်းကြားသွားပါက ဒေါကန်ပြီး ဒေါ်ဆင် ခြင်ခြင် နေလာမည်ဆိုပါက ဒေါ်သဇင်သင်းတို့ကိုလည်း ကူညီ ရာ ရောက်လေမည်။

ဒေါ်သဇင်သင်းက ရယ်ကာ. . .

"သမီးနဲ့သားကတော့ ဘယ်တုန်းက ရေစက်လဲ မသိပါ ဘူး တကယ့်ကို တစောင်းစေးနဲ့ ဖက်ချေးပဲ သူကလဲ သမီးခုလို မာဆန်ဆန် ကြွေရရလေး နေတာကို အန်တီက ချီးကျူး လိုက်င်း ဘာပြောတယ် မှတ်လဲ"

"ပြောပါဦး အန်တီ"

www.burmeseclassic.com



မြဖူးညိုသည် မိမိအား တပေါင်း မည်ကဲ့သို့ ချီးချီးဖွဲ့ဖွဲ့ ပြောသည်ကို သိချင်မိသည်။ ဒါကလဲ လူ့သဘာဝကြောင့် ထင်ပါ သည်။

"ဘာပြောရမှာလဲကွယ့် လူ့တန်ဖိုးဆိုတာ အပေါ်ယံ အဝတ်အစားကိုကြည့်ပြီး တန်ဖိုးဖြတ်လို့ မရဘူးတဲ့လေ မနော လုပ်ရပ်က အရေးကြီးတယ် ရိုးရိုးလေးနေတတ်ပြီး ကုတ်ကမြင်း တွေလဲ ရှိတာပဲတဲ့"

ဒေါ်သဇင်သင်းက စကားလှအောင် အတတ်နိုင်ဆုံး ဆင်ခြင်ပြောဆိုလိုက်ခြင်းဖြင့် ဖြစ်လိမ့်မည်ကို မြဖူးညို သဘော ပေါက်ပါသည်။

တပေါင်းက မိမိအား ကုတ်ကမြင်းဟု စွပ်စွဲကောင်း စွပ်စွဲပေလိမ့်မည်။

"အန်တီတော့ သားတပေါင်းကို ပြုပြင်ပေးနိုင်မယ့် မိန်း ကလေးဆိုလို့ သမီးတစ်ယောက်တည်းပဲ မြင်မိတာ ဘယ့်နှယ် လဲအေး.. သင်းတို့ စီစဉ်လိုက်ရတော့မလား"

"အန်တီ ကျွန်မ တပေါင်းကို မယူနိုင်ဘူးနော်၊ အန်တီ ကိုတော့ ချစ်ပါတယ်၊ တပေါင်းကို ယူဖို့နေနေသာသာ ကြည့်ရ တာနဲ့တောင် အသက်တိုလိမ့်မယ် ထင်တယ်"

မြဖူးညိုမှာ မညာမတာပင် ငြင်းလိုက်သော်လည်း မိခင် နှင့် ဒေါ်သဇင်သင်းက ရယ်မောမပျက်ခဲ့။

"နောက်တော့လဲ မမြင်ရ မနေနိုင်အောင် ဖြစ်သွားပြ မှာပါ"

"ဘယ်တော့မှ ဖြစ်မှာမဟုတ်ဘူးဆိုတာ ကျွန်မ ပြော





ပါတယ် အန်တီ"

တပေါင်းလိုလူစားကို ခင်ပွန်းအဖြစ် ကိုးကွယ်ဖို့ဆိုတာ မဖြစ်နိုင်သော ကိစ္စပင်။

အိမ်ထောင်တစ်ခုကို လွယ်လွယ်နှင့်တည်ဆောက်ပြီး၊ လွယ်လွယ်နှင့်ပျက်စီးသွားရမည့်အဖြစ်မျိုး မြဖူးညို လက်မခံ နိုင်ပါ။

ဒေါ်သဇင်သင်းပြန်သွားတော့ မြဖူးညိုသည် မိခင်ကို သာ မဲ၍ ဂျီတိုက်စကား ဆိုလိုက်မိသည်။


"မေမေနော် အဲဒီ ဂျစ်ပစီကောင်နဲ့ သမီးဆန္ဒမပါဘဲ ဘာမစီစဉ်ရဘူး စီစဉ်ရင် မေမေတို့လူကြီးတွေပဲ မျက်နှာပျက်စ ရာ ဖြစ်သွားရလိမ့်မယ် သေချာတယ်" ဟု . . ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၇)

"အဲဒီတော့ အမေက ဘာပြန်ပြောလိုက်သလဲ"

"ဘာပြောလို့ရမှာလဲ ကိုယ့်သားကလဲ ကလေးပုံစံနဲ့ တော့ ငြိမ်ပြီး လူကြီးဗီဗီ ရယ်နေလိုက်တာပေါ့ကွယ်"

ဒေါ်သဇင်သင်းက တပေါင်းအား မြဖူးညိုနှင့်ပြော သမျှကို ဖောက်သယ်ချလိုက်သည်။

တပေါင်းက ရှုံးရှုံးရှဲ့ရှဲ့ ဖြစ်လာသည်။

သူ့အား ဂျစ်ပစီ၊ ကလေကချေကောင်ဟု မျိုးစုံသေ





အမည်များနှင့် ကင်ပွန်းတပ်ပေးသော မြဖူးညိုကိုလည်း သူက အပြစ်မရှိအပြစ်ရှာကာ ခန့်မှန်းချေဖြင့် "ကုတ်ကမြင်း" ဟု အ ညည်ပေးပစ်လိုက်သည်။

"မေမေတို့က ကိုယ့်သားကို ဒီလောက်မှိုချိုးမှျစ်ချိုး ပြော တာများ ခံလာရသလားလို့"

"မခံပါဘူးသားရယ် မေမေတို့က သားရှင်ဘက်ကပဲ ဘယ်ရမလဲ ချေးမတော်မယ်လို့ ပြောတော့ မျက်နှာကြီးရဲတွတ် ပြီး ရှက်သွားပုံကလေးက ချစ်စရာလေးကွယ်၊ မေမေတော့ မြဖူး ညိုနဲ့သားကို အမြန်ဆုံး လက်ထပ်ပေးချင်ပြီ"

"ဟာ မဖြစ်နိုင်တာ သား မိန်းမ မလိုချင်သေးဘူးနော်၊ လွတ်လွတ်လပ်လပ်ပဲ နေချင်သေးတယ် ယူရမယ်ဆိုရင်လဲ အဲဒီ ဘဝင်မြင့်နေတဲ့ မိန်းမမျိုးကိုတော့ ဒီတစ်သက် မယူနိုင်ဘူး"

"အမယ်လေးကွယ်. . သားက ယောကျာ်းလေးပဲ နာရ တယ်ရှိရသေး၊ သားကိုပဲ သူ ကြိုက်ပါရစေဦး၊ နည်းနည်းပါးပါး သူ့အကြိုက်လိုက်ပြီး ပြင်ဆင်ကြည့်လိုက်ပါဦး"

"မဖြစ်နိုင်ပါဘူး မေမေရာ၊ သူ မကြိုက်တာ ကြိုက်တာ တို့ သားက အရေးလုပ်နေတာမှ မဟုတ်တာ။ သားကြိုက်တာကို သားလုပ်မှာဘဲ၊ သူလိုမိန်းမမျိုးကိုလည်း သား မယူနိုင်ပါဘူး၊ ဆရာလုပ်ရအောင် သူက ဘယ်လောက်တတ်နေလို့လဲ "

"သူ ဘယ်လောက်တတ် မတတ်တယ်တော့ မေမေ မသိဘူး၊ ဒါပေမယ့် လောလောဆယ် သူက ချိန်ဘာဆင်းနေပြီ ကြာခင် ရှေ့နေဖြစ်တော့မယ်၊ သားက ဘွဲ့ရ အလုပ်လက်မဲ့၊ အဲဒီနှစ်ချက်ကတော့ ကွာခြားနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သားက အလုပ်မလုပ်ချင်သေးလို့ပါ၊ လုပ်ချင်တဲ့အချိန် ချက်ချင်း ထလုပ်လို့ရတယ်၊ တမင် လွတ်လွတ်လပ်လပ် ပေါ့ပေါ့ ပါးပါး နေပြီးတော့ကို လောကကြီးကို လေ့လာနေတာ"

တပေါင်း စကားများကို ဒေါ်သဇင်သင်းက သဘော ကျစွာ ရယ်မောလိုက်သည်။

"ဆင့်ဖင်"

ဟုလည်း သားကို ချစ်စနိုး နောက်လိုက်သေးသည်။ တပေါင်းက သားငယ်ပီပီ မိဘကို နွဲ့ဆိုးဆိုးတတ်သည်။ ဒေါ် သဇင်သင်းရင်ခွင်ကို ယခုထက်တိုင် ခေါင်းဝှေ့ပြီး ချွဲတတ်သေး သည်။ မိဘဆိုတော့လည်း သားသမီး ဘယ်အရွယ်ဖြစ်ဖြစ် ကလေးလို မြင်နေသေးသည်။

သားအပေါ် အပြစ်ကြီးကြီးရယ်ဟု မမြင်မိချေ။ သို့ သော် သူများတကာ၏ အပြောအဆို မခံချင်၊ သူတကာထက် သာစေချင်သည်ကတော့ မိဘတိုင်း၏ ဆန္ဒပင်။

"သားဖေဖေကတော့ မြဖူးနဲ့ သဘောတူသွားတယ်၊ စေ့စပ်တဲ့အချိန်တော့ လာနိုင်မှာမဟုတ်ဘူး၊ လက်ထပ်ချိန်ကို တော့ သူပြန်လာမယ့်အချိန်နဲ့ ကိုက်လုပ်ဖို့ မှာသွားတယ်"

"ဒါ မေမေတို့ဘက်က တစ်ဖက်သတ် သေချာနေတဲ့ သဘောပဲ၊ ဒါပဲနော် သားမသိဘဲ မေမေတို့ ဇွတ်မစီစဉ်နဲ့၊ စီစဉ် လိုက်ရင် မေမေတို့ နောင့်တရသွားလိမ့်မယ်"

"ဘာလဲ စကားကိုက မိဘကို ကန့်ကွက်လုပ်ချင်လို့ လား"

"မဟုတ်ဘူးလေ သူနဲ့သားနဲ့မှ မတည့်တာ၊ ဘယ်လို





ဆုပ် သာယာတဲ့ အိမ်ထောင်ရေး ဖြစ်မလဲ၊ မိဘသဘော မလွန် ဆန်ချင်လို့ ယူလိုက်ရပြီးထား မင်္ဂလာဦးညမှာပဲ ရန်ဖြစ်ပြီး ကွာ ရှင်းမယ်တွေဖြစ်ရင် မေမေတို့ မျက်နှာပျက်ပြီး နောင်တ တွေ ရလိမ့်မယ်လို့ ပြောတာပါ"

တပေါင်းက လျှော့ချလိုက်သည်။ မိခင်သည် မြဖူးညိုကို ချင်ခင်သည်ကို တပေါင်း သိပြီးသားပင်။ ဘယ်နည်းနှင့်မဆို မြဖူးညိုနှင့် လက်ထပ်ပေးရန် အနေးနှင့်အမြန် ဆိုသလို စီစဉ်ကြ လိမ့်မည်ကို တပေါင်းက ခန့်မှန်းပြီးသား ဖြစ်သည်။

"ကိုင်း . . မေမေ အေးနဲ့ အလှူသွားဖို့ ချိန်းထားတယ်၊ သွားလိုက်ဦးမယ်နော် သား၊ သားရော ဘယ်သွားမှာလဲ . ."

"ညမှပဲ ထွက်တော့မယ် မေမေ"

"ဇီးကွက်လေး"ဟု ပြောပြီး မိခင်ထွက်သွားသည်။

တပေါင်းအနေဖြင့် လိုတရဘဝမျိုး ရှိနေရခြင်းဖြစ်သည့် အတွက် တာဝန်မရှိ၊ တာဝန်ယူစရာ မလိုသဖြင့် လွတ်လပ်ပေါ့ ပါးစွာပင် နေ၍ရနေခြင်းဖြစ်သည်။

ဒါကို မြဖူးညိုက "ဆန်ကုန်မြေလေး" ဟုဆိုကာ ကြည့်မ ရခြင်းဖြစ်မည်။

သူကတော့ လုပ်ပေါ့၊ မိခင်ကမှ ဘဲ။ ဖခင်ထားခဲ့ သော အမွေအနှစ်ကလေးကို ခြိုးခြံပြီးနေရတော့ အလုပ်လုပ် ဆင့်သည်ပေါ့။ ဒါကို သူ မစပ်စုမိ ယောကျ်ားတွေ အလုပ်မှ ဟုတ်တာ။

တပေါင်း ပျင်းပျင်းရှိသည်နှင့် ခြံထဲဆင်းခဲ့သည်။ အရိပ် ကောင်းသော သစ်ပင်ကြီးအောက်ဒွိထိုင်ကာ ဂီတာထိုင်တီးရန်



www.burmeseclassic.com

www.burmeseclassic.com



ပြင်လိုက်သည်။

ပြင်လိုက်ပြီးကာမှ မျက်စိက တစ်ဖက်ခြံသို့ ရောက်သွားသေးသည်။

မျက်စိနှယ်နေ့ာ် အကျင့်သားက ရနေပြီ။ မိန်းမချော မိန်းမလှများရှိရာသို့ မျက်လုံးက ရောက်ရောက်သွားတတ်သေးသည်။

မြဖူးညို၏အလှကိုတော့ တပေါင်းမြင်ပါသည်။ သို့သော် စူပုပ်နေသော မျက်နှာထားကြောင့် သူ့အလှက မပေါ်လွင်။

ကားဖြူလေးတစ်စီး။ ဒါဆိုလာနေကျ အသက်(၃၀) ဝန်းကျင်လူကြီးပဲ ဖြစ်မှာ. . .

ထိုလူကြီးက ရုပ်သန့်ပြန့်ပြီး လူကြီးလူကောင်းစတိုင်လ် မျိုး. . သို့သော်. . .

တပေါင်း လှမ်း၍အကဲခတ်လိုက်သည်။ နှစ်အိမ့်တစ်အိမ် ချစ်ကြည်မှုကလည်း ခြံစည်းရိုး၌ ပုဏ္ဏရိတ်ပင်ဖြင့် ကာခြင်းလောက်သာရှိသည်။ ဒီကြားထဲ လူကူးပေါက်တွေ ဘာတွေက ရှိသေးသည်ဆိုတော့ မြင်ရသည်။

မြဖူးညိုက ထွက်ကြိုသည်။

ထိုလူကြီးခန့်ခန့်က မြဖူးညို ခေါင်းကလေးကို အသာအယာ ချစ်စနိုး ခေါက်လိုက်သည်။ မြဖူးညိုက ရယ်မောကာ ကျေနပ်နေသည်။ လူကြီးလက်မှ ကမ်းပေးသော ပိုးကြေးပန်းကြေးအထုပ်များကိုယူကာ အိမ်ထဲသို့ဝင်သွားသည်။

ဒါလား ဣန္ဒြေရှိတာ. . .

တပေါင်း မကျေမနပ်ဖြင့် ဂီတာ တီးလိုက်သည်။





ပေါက်ကရသီချင်းတွေ အော်ဆိုလိုက်သည်။


××× နင့်ကိုငါချစ်တယ် ××× ငါ့ကိုနင်ချစ်မလား ××× ဟို သိပ် သိပ် ချစ် ××× အု အန့် ×××



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၈)

"ကြားလား. . လေးလေး တော်သလင်းလ မရောက်သေးဘူး ခွေးက အူနေတာလေ"

မြဖူးညိုက ပျစ်ပျစ်နှစ်နှစ် ပြောလိုက်သည်။ ဒါကို ဦးညိုအောင်က သဘောကျစွာ ရယ်မောလိုက်သည်။

"ညည်းတို့နှစ်ယောက်ကလည်း ဘုနဲ့ဘောက်၊ မိဘတွေက နှစ်အိမ့်တစ်အိမ်ဆိုတော့ ညည်းတို့ချင်း ညှိနှိုင်းကြဖို့တော့ လိုလိမ့်မယ်နော်"





"ဘာကို ညှိနှိုင်းရမှာလဲ"

"ဟဲ. . လူကြီးတွေက ရွှေလမ်းငွေလမ်း ဖောက်ထားကြတဲ့ကိစ္စကို ညည်းတို့က ရှန်းထွက်လို့ရမှာလား"

"အိမ်ထောင်ရေးကိစ္စမှာတော့ အရေးအကြီးဆုံးဖြစ်တဲ့ အချစ်မပါဘဲပြဿနာက အကြီးဆုံးပဲ မြဖူးကတော့ မေမေတို့ ဘယ်လောက်ပဲ သဘောတူတူ သူ့ကိုမချစ်နိုင်တော့ ငြင်းပယ်ရမှာပဲ"

ဦးညိုအောင် ခေါင်းတညိတ်ညိတ်လုပ်ကာ တူမချောကို ကြည့်ပြီး သဘောကျနေသည်။

"ညည်းလဲ ငါ့လိုပါပဲ၊ ငါနဲ့ညည်းအန်တီလေးက ချစ်လို့ယူခဲ့ကြတာ မဟုတ်ဘူး၊ ငါတို့ကို အရွယ်လွန်မှာစိုးလို့ဆိုပြီး ပေးစားလိုက်ကြတာ၊ ခုတော့လဲ ဘယ်လောက်အဆင်ပြေသလဲ. . ညည်းအန်တီလေးကို တစ်ဦးတည်းသောသမီး လက်ကျောတင်မှာမဟုတ်ဘူး အိမ်ထောင်မှုနိုင်နင်းမှာ မဟုတ်ဘူးဆိုတဲ့ စွဲချက်တွေဟာ ခုတော့လဲ တခြားစီဖြစ်ကုန်တယ်၊ ငါ့မိန်းမသည်တော်ပါလား ဖြစ်နေပြီ၊ သားသမီးကိုလဲ ချစ်တတ်လိုက်တာ လွန်ရော၊ ဒါကြောင့် စိန်ကဲကျောက်ကဲထက် လူကဲခတ်ရခက်တယ်ဆိုတာ သိပ်မှန်တာပဲ ညည်းကောင်လေးက ဆိုးမယ့်ပုံ မရှိပါဘူး"

"လေးလေးကလဲ စကားများလိုက်တာ လွန်ရော၊ အဲဒီကောင်က ဘာလို့မဆိုးရမှာလဲ၊ ဆိုးလိုက်တာမှကမ်းကုန်တယ်၊ နှိုက်ကလပ်တက်တယ် ဆိုလိုတာညည်းက အသောက်အစားက ဖက်နေပြီ"

"ဒါက လောကကျော်သဘာဝပဲလေ နိုက်ကလပ်တက်စရာ



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံရှိလို့တက်တာပဲ၊ ဒါကို အပြစ်ကြီးတစ်ခုလို မြင်မနေနဲ့ ကိုယ့်လက်ထဲရောက်မှ ပြုပြင်လိုက်လို့ရတာပဲ”

မြဖူးညို ဦးညိုအောင်ကို မကြည်ချင်တော့။

“လေးလေး”

“ဘာလဲ”

“လေးလေးက မြဖူးညိုတို့အိမ်ကို လာလည်တာလား အကျိုးဆောင်ကိစ္စရှိလို့ လာတာလား”

“ဟ. . ကျုပ် မြိတ်ကနေ ညည်းတို့ဆီကို လာရတာ အလုပ်ကိစ္စရှိမှ တစ်လတစ်ခေါက်ရောက်ရတာ အလည်မလာလို့ ဘာလာလုပ်ရမှာလဲ”

“မသိပါဘူး ကျွန်မတို့ အိမ်ထောင်ရေးကို နားချပေးဖို့များ မေမေက အကျိုးတော်ဆောင်အဖြစ် ငှားလိုက်သလားလို့”

“ခွေးမ ငါ ခေါက်ထည့်လိုက်ရ”

ခေါက်ထည့်လိုက်ရဆိုရုံနှင့် လက်ကရောက်ပြီးသား ဖြစ်နေသည်။

ဦးညိုအောင်သည် ဖခင်၏ ညီအငယ်ဆုံးဖြစ်သည်။ မြိတ်မြို့၌ တရားသူကြီးတာဝန်ကို ထမ်းဆောင်နေသူတစ်ဦး ဖြစ်သည်။ မြဖူးညိုချိန်ဘာဆင်းဖို့လည်း ဦးညိုအောင်၏တာဝန် ဖြစ်ခဲ့လေသည်။

မြဖူးညို ယောက်ျားယူရန် ကိစ္စကိုလည်း မရီးလုပ်သူက “နင့်တူမ နားချပေးပါဦး” ဟု ဆိုလာပြန်သည်။

ရောက်တုန်းရောက်ခိုက် ဝင်လာလိုက်သည်။

“အိမ်ထောင်ရေးကံဆိုတာ မှန်းဆရ အင်မတန်ခက်ခဲ





တာ၊ မယူခင်က လိမ္မာလိုက်တဲ့ယောက်ျား၊ ယူပြီး ဆိုးမိုက်သွားတာတွေလဲ ရှိတာပဲ၊ အဲဒါနဲ့ ဆန့်ကျင်ဘက် မယူခင်က ဆိုးသွမ်းနေတဲ့သူ ယူလဲပြီးရော အတော်ဆုံး၊ တာဝန်အသိတတ်ဆုံး၊ မိသားစုကို အချစ်တတ်ဆုံးသောယောကျာ်းတွေလဲ ရှိတတ်တာပဲ၊ ကံကြမ္မာဆိုတာ ပြုခဲ့ဖူးတဲ့ အတိတ်ကံတရားပေါ်မှာလဲ မှီတာပဲ ဘယ်အရာမှ တရားသေတွက်လို့ မရဘူး”

မြဖူးညို စဉ်းစားပါသည်။

သို့သော် တပေါင်းသည် ပြောင်းလွဲလာနိုင်ပါ့မလား။

“မြဖူးကတော့ ယောက်ျားမရရင် နေပါစေ၊ ကိုယ့်ကိုယ်ကိုယ်တောင် မပြုပြင်တတ်တဲ့ယောက်ျား၊ အကောင်းအဆိုး အသုတ်အလတ်အမြတ်ကို မခွဲခြားတတ်တဲ့ ယောက်ျားမျိုးအတွက် အဖိုးတန်တဲ့အချိန်တွေ မပေးနိုင်တာ အမှန်ပဲလေးလေး”

“ညည်းတို့ကလဲ မာနကြီးတာ ခွကျတာပါတာပဲ၊ မိန်းမဆိုတာ စိတ်ရှည်တတ်ရတယ်၊ လင်ယောကျာ်းအပေါ် စိတ်ရှည်သည်းခံတတ်တာလဲ မြတ်သောအကျင့်သီလ တစ်မျိုးပဲ”

“အန်တီလေးက လေးလေးအပေါ် စိတ်ရှည်လို့လား”

“ရှည်မှရှည်ပဲ ယောက်ျားအပေါ် ရော သားသမီးအပေါ် ရော၊ ငါတောင် ငါ့မိန်းမကို သနားနေမိသေးတယ်”

မြဖူးညိုရယ်ကာ. . .

“ကြောက်ရတယ်ပေါ့. . ”

“ဘာဖြစ်လဲ မိခင်နေသူသောမိန်းမကို မယားရှိခိုး သွားတော့ူးတဲ့. . စကားရှည်နေလို့ မဖြစ်ဘူး၊ ညည်း. . . မမအေးစိတ်ဆင်းရဲအောင် မလုပ်နဲ့ အမေတစ်ခု သမီးတစ်ခုတည်းရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝမျိုးမှာ မိခင်ဆန္ဒကို ဦးစားပေးသင့်တယ်ထင်တယ်။ မိဘဆိုတာ သားသမီးကောင်းစားဖို့ပဲကြည့်တာ မိဘစေတနာကြောင့်ဖြစ်လာတာမျိုးဟာ အမှားဖြစ်ခဲပါတယ်”

မြဖူးညိုက. . .

“ကျွန်မ စဉ်းစားနေတာပါ”

“အေး. . အေး. . စဉ်းစားပါ ဒါမျိုးက စဉ်းစားရမယ့်ကိစ္စပဲ၊ မမအေးကိုလည်း ပြောပြပေါ့ ကိုယ်မကြိုက်တဲ့အချက်တွေ ဘာတွေဖွင့်ပြောရင် မမအေးသူငယ်ချင်းလဲ သူ့သားကိုသူ တိုးတိုးတိတ်တိတ် ပြုပြင်ပေးလိမ့်မပေါ့၊ ကိုင်း လေးလေးသွားမယ်”

“လေးလေး ဘယ်မှာတည်းသလဲ”

“ယောက္ခမအိမ်မှာပဲ”

“ပြန်မယ့်ရက်ကို ပြောနော် အန်တီလေးမှာတဲ့ အသီးအနှံတွေက လတ်လတ်ဆတ်ဆတ်မှကောင်းတာ ရက်ကပ်ပြီးလိုက်ဝယ်ပေးလိုက်မယ်”

“သိပ်အများကြီး မလုပ်နဲ့”

“အင်းပါ”

မြဖူးညိုသည် ဦးညိုအောင်ကို ကားအထိ ပို့ပေးလိုက်သည်။

တစ်ဖက်ခြံမှ တပေါင်းလည်း နေ့ခင်းနေမင်းကို အံတုကာ ပူပူလောင်လောင်အသံတွေ ဟစ်ကြွေးနေဆဲ ဖြစ်လေသည်။

ဦးညိုအောင်ကို လက်ပြပြီး ကားမြင်ကွင်းမှ ပျောက်





ကွယ်သွားသည်အထိ ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။


အေးဆေးစွာနေတတ်သော မိမိသည် တပေါင်းကဲ့သို့ ပူလောင်သောအပူမျိုးကို လက်တွဲဖို့ဆိုခြင်းမှာ မဖြစ်နိုင်သော ကိစ္စပင်. . .။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၉)

"လုပ်ပါဦး အေးငယ် သားကြီးဝါဆို ကားမှောက်လို့တဲ့ အဲဒါ ပုသိမ်ဆေးရုံကို ခေါ်သွားပြီတဲ့"

ဒေါ်သဇင်သင်းကိုယ်တိုင် ငိုကြီးချက်မနဲ့ ဖုန်းဆက်လာသောအခါ ဒေါ်မြမြအေး မနေနိုင်။

"သင်း လိုက်ချင်လို့လား"

"လိုက်ချင်တာပေါ့ အေးရယ်၊ အေးက ပုသိမ်သူ... တော့. ."





"အေးပါ ဘာမှစိတ်မပူပါနဲ့ အေးလိုက်ခဲ့မယ်၊ ဝါဆို ...ခြေအနေကရော"

"မသိသေးဘူး"

"စိတ်အေးအေးထား၊ အေး အခုပဲ အဝတ်အစားထည့် ...စောင့်နေမယ် သင်းပြီးရင်ထွက်လာခဲ့ တန်းသွားကြမယ်"

"ကျေးဇူးပါပဲ အေးရယ်"

သားကြီးဝါဆိုသည် ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းတစ်ခု ...ညာယာပါဝင်ပြီး ချောင်းသာနှင့် ငွေဆောင်၌ ဟိုတယ်တိုးချဲ့ ...ကို ကိုယ်တိုင်ဦးစီးဆောင်ရွက်နေသူ ဖြစ်သည်။

အသောက်အစားကတော့ နည်းနည်းပါးပါးရှိသည်။ ...ဘာကပဲ မူးယစ်သလား သူကိုယ်တိုင်ပဲ မူးယစ်ပြီးမောင်း ...း မသိ။ ကားအက်ခ်ဆီးဒင့်ဖြစ်ရာ ရန်ကုန်ရှိ မိန်းမအိမ်သို့ ...ကြောင်းကြားသည်။ မိန်းမက ယောက္ခမအိမ်သို့ အကြောင်း ...၍ ဒေါ်သဇင်သင်းက ပုသိမ်သူ ဒေါ်မြမြအေးကို လှမ်းအ...ကြောင်းကြားသည်။

ဒေါ်မြမြအေးသည် သူငယ်ချင်းကောင်း ...မိန်းချင်း ...ကောင်းတို့ ဝတ္တရားအရ မဆိုင်းမတွပင် လိုက်သွားဖို့ ပြင်ဆင် ...

"ဘာတဲ့လဲ မေမေ"

"ဝါဆို ကားမှောက်လို့ ပုသိမ်ဆေးရုံ တင်လိုက်ရတယ် ...အဲဒါ သင်းက လိုက်သွားမလို့ မေမေကို အဖော်ခေါ်တာ"

မြဖူးညို မနေသာ၊ မိခင်အား အဝတ်များ ဝိုင်းထည့်ပေး ...။ လိုအပ်သော ...ဆေးဝါးများကိုလည်း ထည့်ပေးရင်း. .



www.burmeseclassic.com

www.burmeseclassic.com



"ဆေးမှန်မှန်သောက်နော် မေမေ. .၊ အမျိုးတွေအိမ် လျှောက်လည်ပြီး ကျွေးသမျှတွေ အကုန်လျှောက်မစားနဲ့ဦး. . သွေးတိုးစာတွေ ကြည့်ရှောင်ဦး"

"အင်းပါ. . မေမေ သိပါတယ်"

ဒေါ်သဇင်သင်းကိုလည်း မှာရဦးမည်ဟု မြဖူးညို တေ ထားလိုက်သည်။ မေတ္တာတုံး တပေါင်းပါ လိုက်သွားမှာလာ လိုက်သွားလျှင်တော့ နားငြီးသက်သာမည်။

"ဘယ်သူတွေပါမှာလဲ မေမေ"

"မသိပါဘူးကွယ် သူ့ချွေးမက ကလေးငယ်တော့ ပါ မှာပါမယ်၊ သင်းကိုတော့ အေးအေးဆေးဆေး မမေးလိုက် ဘူး"

"ရန်ကုန်ဆေးရုံ ပြောင်းလို့ရရင်လဲ ပြောင်းလာခဲ့ လိုက်ပေါ့ မေမေ"

"အေးပါ အမျိုးဆရာဝန်တွေလဲ ရှိတာပဲ အခြေအ အရပေါ့ သမီးရယ်၊ လူနာအခြေအနေကောင်းရင်တော့ ကြ သင်းနဲ့အတူ ချောင်းသာရော ငွေဆောင်ပါ တစ်လှည့်ဆီ နားပစ်လိုက်ဦးမယ်"

မြဖူးညို မိခင်ကို သဘောကျစွာ ပြုံးကြည့်နေလိုက် သည်။ မိမိက လူငယ်ဖြစ်၍ သူငယ်ချင်းများနှင့် အပျော်ကော လျှင်ကောင်းသလို မကြာခဏ ခရီးထွက်တတ် အပန်းဖြေ သည်။ မိခင်ကတော့ ရိပ်သာသွား ဥပုသ်ရက်ရှည်များနှင့် အချိန်ကုန်လေ့ ရှိသည်။ ယခုလို မိခင်ထံက စကားဆန်းကြ တော့လည်း တစ်မျိုးကျေနပ်မိကာ. .





"ကောင်းသားပဲ၊ မေမေ အခြေအနေပေးရင် ပေးသလို အေးအေးဆေးဆေးသာနေပါ။ ခါတိုင်း မေမေ ရိပ်သာဝင်လည်း နေတာပဲ၊ ပင်လယ်စာတွေသာ သိပ်မစားနဲ့နော်"

"အေးပါ. . ဟော ကားသံကြားတယ် သင်းလာပြီထင် ယ်၊ မိညိုရေ ပစ္စည်းတွေ လာသယ်ပေ့"

မိခင်ဒေါ်မြမြအေးကို ကားပေါ်အထိ လိုက်ပို့ပေးရင်း တ်မည့်သူများကို အကဲခတ်လိုက်သည်။

ဒရိုင်ဘာမောင်ထူးနှင့် လက်တိုလက်တောင်း အဖော် သေးပဲ ပါသည်။

"မစိန်ကို ခေါ်ခဲ့ချင်ပေမယ့် အိမ်မှာကလဲ သားငယ်က သေးတော့ စားရေးသောက်ရေးက မစိန်ရှိမှဖြစ်မှာ မဟုတ် "

ဒေါ်သဇင်သင်းက ဘယ်သူမှ မမေးမြန်းရဘဲ ဖြေလိုက် သည်။

"အန်တီ မေမေက သွေးတိုးရှိတယ်နော်. . အငန်တွေ စာတွေစားရင် သတိပေးပါဦးနော်"

"အမယ်လေး သိတတ်လိုက်တဲ့သမီးလေး အိမ်က သား မောင်နဲ့များ ကွာပါ၊ ခုထက်ထိ အိပ်ရာက မထသေးဘူး အမေ ဘယ်သွားလို့ သွားမှန်းတောင် သိမှာမဟုတ်ဘူး၊ သမီးရေ. . မေမေ အစားမှားစေရပါဘူး"

ဒေါ်သဇင်သင်း၏ ရိုးကားနှင့် မိခင်ပါသွားလေ မြဖူးညို လက်လေးတပြုပြုနှင့် ကျန်ရစ်ခဲ့လေသည်။

ယောက် ပုသိမ်ကို ထွက်ခွာသွားခြင်းက မြဖူးညို



www.burmeseclassic.com

www.burmeseclassic.com




၏ ဘဝတစ်ခုလုံးကို လုံးဝပြောင်းလွဲသွားလိမ့်မည်မှန်းသာ
ပါလျှင် မြဖူးညို မိခင်ကိုမသွားဖို့ တစ်ကိုယ်ကောင်းဆန်စွာ
မြစ်မိလိမ့်မည် ဖြစ်ပါသည်။

ယခုတော့ ကံကြမ္မာကို ကြိုတင်မသိမြင်နိုင်သော
လောကကြီး၌ မြဖူးညိုသည် လက်ကလေးတပြပြနှင့်သာ
ရစ်ခဲ့လေ။







# အခန်း (၁၀)

"ဟဲ့. . ဟဲ့. . ဒါဘယ်လိုဖြစ်တာလဲ ရှင်က ကျပ်
တောင် ဒိုင်လှိုတယ်ပေါ့လေ၊ ကြည့်စမ်း ပြောတော့ မေတ္တာ
လက်စသပ်တော့ မေတ္တာအပြုံးအခဲလိုက်ကြီးပါလား"
ဝေဝေခိုင်က သတင်းစာကိုကြည့်ကာ အော်လေသည်။
ကာ ခပ်ကြောင်ကြောင် ဖြစ်သွားပြီး. . .
"ဘာလဲ. . ဘာပြောတာလဲ မိဝေ"
"ဘာပြောရမလဲ လက်ပူးလက်ကျပ်မိနေတာတောင်

www.burmeseclassic.com



မုန့်လာဥ လုပ်ချင်သေးတယ်၊ ဒီမှာကြည့်. . ပြောတော့ ဂျလေ
ဘီ ကလေကဝ ဂျစ်ပစီ မေတ္တာတုံးဆို ခုတော့ ကြည့်စမ်း မောင်
မောင်ဘုရားတော့မယ်ပေါ့"

ဝေဝေခိုင်က ပြောပြောဆိုဆို သတင်းစာကို ထိုးပေး
လိုက်သည်။ ဧစ့စပ်ကြောင်းလမ်းပြီးစီးခြင်းသတင်း။ နေရပ်တွေ
ကလဲမမှား ခြံချင်းကပ်လျက်ပေကိုး။

ဦးဘမိုး+ဒေါ်သဇင်သင်း၏ သားငယ်

တပေါင်း. . တဲ့

ဒါလဲ အမှန်အကန်ပင်။

(ဦးညိုမောင်)+ဒေါ်မြမြအေး၏

တစ်ဦးတည်းသော သမီး မြဖူးညို

. . တို့သည် နှစ်ဘက်မိဘများ၏ သဘောတူညီချ
ဖြင့် ဧစ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်းတဲ့။ ရက်စွဲက လွန်
သောသုံးရက်က ရက်စွဲ။

"ဘာတွေ ဘယ်လိုဖြစ်ကုန်တာလဲ"

မြဖူးညို မယုံကြည်နိုင်အောင် ဖြစ်သွားရသည်။

မနက်ကပဲ မိခင်နှစ်ယောက် အရေးပေါ် ခရီးထွက်သွ
ကြသည်။ ဒီကိစ္စပြောဖို့ သတိမရကြတာလား။ ဒီကိစ္စကို မိ
နှစ်ယောက် တိုင်ပင်ကာ စီစဉ်ခြင်းမှလွဲ၍ တခြားသူမဖြစ်နိုင်

တပေါင်းဖခင်က တလောကပဲ ဂျပန်ကို ပြန်သွား
သည်။ ဟိုမှာ အလုပ်လုပ်နေသည်။

"တပေါင်းရော သိလား"

"တပေါင်းမပြောနဲ့ ကျုပ်တောင် မသိပါဘူးဆို ရှင်





မယုံသင်္ကာသလို မျက်လုံးမျိုးနဲ့ ကြည့်မနေစမ်းနဲ့ကွာ"

ဝေဝေခိုင်နှင့်က ငယ်ပေါင်းလည်းဖြစ်သည်။ စိတ်တူ
ကိုယ်တူ ဝါသနာတူဖြစ်နေခြင်းကြောင့် တစ်ဦးနှင့်တစ်ဦးကြား
လျှို့ဝှက်ချက်မရှိ။ တိုင်ပင်ဖော် တိုင်ပင်ဖက် ရင်ဖွင့်ဖော် ရင်ဖွင့်
ဖက် ဖြစ်သည်။

"ရှင့်ကို ကျုပ်က လျှို့ထားမှာမလား"

"ဒါဖြင့် ရှင် တကယ်မသိဘူးပေါ့"

ဝေဝေခိုင်က မယုံကြည်နိုင်သေး။

"ရော်. . ကျားကိုက်ပါတယ်ဆို အပေါက်ကလေးနဲ့လား
လို့ မေးနေပြန်ပါပြီ၊ ကျုပ် တကယ်မသိပါဘူးဆို မိဝေရယ်"

"ဒီလိုဆို ဒီကိစ္စ ရှင်ဘယ်လိုလုပ်မလဲ"

"နေဦး ကျုပ်မေတ္တာတုံး သိမသိ အလျင်ဖုန်းဆက်မေး
လိုက်ဦးမယ်"

မြဖူးညို ဖုန်းကောက်ကိုင်ပြီး ဂဏန်းခလုတ်လုံးကို နှိပ်
လိုက်သည်။ ကံကောင်းလျှင်တော့ တပေါင်း အပြင်မထွက်သေး
ဘာနဲ့ ကြုံနိုင်သည်။ သို့သော် ကံဆိုးလေပြီ။ ဒေါ်စိန်နှင့်သာတိုး
သည်။

"ဟဲလို"

"ဒေါ်ဒေါ်စိန်လား ကျွန်မ မြဖူးညိုပါ"

"ဩော် သမီးလား ဘာကိစ္စရှိလို့လဲကွယ်"

"တပေါင်း ရှိသလား၊ သူနဲ့ တွေ့ချင်လို့ပါ"

"မရှိဘူး၊ စောစောကလေးတင် အပြင်ထွက်သွားတယ်
သူ့ဟန်းဖုန်းဆက်လိုက်ပါလားသမီး"



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘယ်တော့ ပြန်ရောက်မလဲ"

"ဘယ်ပြောနိုင်ပါ့မလဲ သမီးရယ်၊ သူ့အကြောင်းလည်း သိနေတာပဲ၊ စိတ်ရှုးပေါက်တဲ့အချိန် ပြန်လာမှာပဲ၊ ဒါမှမဟုတ် သံပတ်ကုန်သွားတဲ့အချိန်မျိုးပေါ့"

"ဟုတ်ကဲ့ . . ပြန်လာရင်သာ သမီးဆက်တဲ့အကြောင်း ပြောလိုက်ပါ၊ သမီး သူနဲ့ စကားပြောစရာရှိလို့ပါနော် ဒေါ်ဒေါ် စိန်"

"အေးအေး . . စိတ်ချသမီး၊ ဒေါ်ဒေါ်စိန် ဆက်ဆက် ပြောလိုက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်စိန် ဒါပါပဲနော်"

မြဖူးညို တယ်လီဖုန်းချလိုက်လေသည်။ သက်ပြင်းတစ်ချက်ကိုလည်း ချလိုက်မိသည်။

တပေါင်းကလည်း မိမိလိုပဲ မသိတာဘဲ ဖြစ်ဖို့များသည် ဟု မြဖူးညို ထင်သည်။

မိမိတို့နှစ်ယောက်သည် တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသကဲ့သို့ တစ်ယောက်နှင့်တစ်ယောက်မှ မေတ္တာမရှိကြတာ။ ဒီကိစ္စမျိုး တပေါင်းကလည်း လျှောလျှောလျူလျူ လက်ခံလိမ့်မည် မဟုတ်။

"ဘယ့်နှယ့်လဲ"

"ကျုပ် မေတ္တာတုံးဆန္ဒကိုပဲ သဲသဲကွဲကွဲ သိချင်တယ် မိဝေ"

"သိပြီးရင် ရှင် ဘာလုပ်မှာလဲ "

"ဘာလုပ်ရမှာလဲ မေတ္တာတုံးနဲ့တိုင်ပင်ပြီး နှစ်ဘက်မိဘ





တွေကို တောင်းပန်ပြီး ဖျက်သိမ်းခိုင်းရမှာပေါ့"

"အင်း . . မချစ်ဘူး မချစ်ဘူးနဲ့ နောက်တော့အရှုံးအမူး ဖြစ်သွားကြမှာ မြင်ယောင်ပါသေးတယ်"

"ဝေးပါသေး . . ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး၊ ကိုင်းကိုင်း လှိုင်တရားရုံးသွားရမယ် မဟုတ်လား၊ သွားမယ် . . မြန်မြန်လုပ် အမိ"

မြဖူးညိုက ဝေဝေခိုင်ကို ဆော်ဩကာ လှိုင်မြို့နယ်တရားရုံးမှ ရုံးချိန်းတစ်ခုသွားရန် ပြင်ဆင်လိုက်ကြသည်။ ဘားလမ်းရုံးခန်းမှ လှိုင်မြို့နယ်ကို ကူးရပေဦးမည်။

"ဆရာကရော"

"ဆရာ ဟိုမှာ စောင့်နေလိမ့်မယ်၊ ခုလောက်ဆို ဆရာတို့လည်း ရှင့်မင်္ဂလာသတင်း ဖတ်ပြီးလောက်ပြီ၊ ဘာပဲဖြစ်ဖြစ်ရှင်ကျွေးဖို့သာ ပြင်ထားလိုက်၊ ရှင့်အတွင်းရေးကို လူတကာလျှောက်ပြီး ထုတ်ဖော်ပြမနေနဲ့နော်၊ ရှင့်ကို ညိုမြလို့ ထင်နေမယ်"

"အေးပါ မိဝေရယ် ကျုပ် သိပါတယ်"

မြဖူးညို သက်ပြင်းချလိုက်မိပြန်သည်။ တပေါင်းနှင့်ပတ်သက်လာလျှင် မြဖူးညိုရင်ထဲ၌ အအေးများနှင့်သာ ပြည့်နှက်နေတတ်သည်။

ထိုကဲ့သို့သောလူမျိုးနှင့် ဘဝခရီးကို လက်တွဲလျှောက်လှမ်းဖို့ဆိုရာ ဘယ်နည်းနှင့်မှ ဖြစ်နိုင်လိမ့်မည် မထင်ပေ။

"မိဖူး"

"ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို ရှင့်ရဲ့ နှစ်ကိုယ့်တစ်စိတ်လို့ သဘောထားတယ်ဆိုရင် ကျုပ် မေးတာကို ရှင် ပွင့်ပွင့်လင်းလင်းနဲ့ မှန်မှန်ကန်ကန်ဖြေပါ"

မြဖူးညိုသည် ကားကို ဂရုတစိုက် မောင်းနှင်ရင်းမှ ဝေဝေခိုင် စကားကို သေချာစွာ နားစိုက်ထောင်ကာ. . .

"အင်းပါ ကျုပ် မညာတတ်ပါဘူး"

"ရှင့် မရှက်နဲ့နော် မိဖူး"

"ရှင့်ကို ကျုပ်က ရှက်ရမှာလား"

"ကောင်းပြီ. . ဒါဖြင့် ရှင့်ကို တပေါင်းက စေ့စပ်တာ မဖျက်ပေးနိုင်ဘူး၊ မိဘတွေ စီစဉ်တဲ့အတိုင်း လက်ခံမယ်လို့ ပြောလာရင်ရော"

မြဖူးညို ခေါင်းကို ခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး မိဝေ၊ သူ အဲ့ဒီလိုပြောမှာ မဟုတ်ဘူးဆိုတာ ကျုပ် အတတ်သိနေတယ်"

"ရှင်က သူ့စိတ်ကို နားလည်တယ်၊ အဲ. . အံ့သြစရာပဲ ဒါဆို ရှင် သူ့ကိုစိတ်ဝင်စားနေတယ်ပေါ့"

"ဝင်စားတယ်၊ ဒါပေမယ့် ချစ်ခြင်းကြောင့်ဝင်စားတဲ့ ဝင်စားမှုမျိုး မဟုတ်ဘူး၊ အမြင်ကပ်စွာ မုန်းတီးခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ စိတ်ဝင်စားမှုမျိုးပဲ"

"ဒါတော့ ကျုပ် လက်မခံနိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"လူတစ်ယောက်ကို သတ်ပစ်ချင်လောက်အောင် မုန်းတီးမှုမျိုးရှိမှ ပြစ်မှုတစ်ခု ကျူးလွန်ဖို့ရော ကြိုတင်ကြံစည်မှု အ





နေနဲ့ အဲ့သည်သူအပေါ် အလစ်ချောင်းတဲ့ စိတ်ဝင်စားမှုမျိုးကလွဲရင် ကျန်စိတ်ဝင်စားမှုမျိုးဟာ တစ်မျိုးတစ်စားတည်း ရှိတယ်"

"အင်း ဆိုပါဦး၊ ရှင်ကတော့လေ ဘိန်းစားအချင်းချင်း ပြောင်းတစ်လုံးတော့ ပို့ရှုချင်နေပြန်ပါပြီ"

မြဖူးညိုက ပြစ်မှုတွေ ဘာတွေနှင့် ထည့်သွင်းပြောလာသော ဝေဝေခိုင်စကားကို သဘောကျစွာဖြင့် ခနဲ့လိုက်သည်။

"အဲ့ဒါကတော့ ချစ်ခြင်းမေတ္တာအပေါ် သန္ဓေတည်တဲ့ စိတ်ဝင်စားခြင်းပဲ"

"ထပ်. . မဖြစ်နိုင်တာ"

"ဘာဖြစ်လို့ မဖြစ်နိုင်ရတာလဲ၊ ဖြစ်နိုင်တယ်ဆိုတာ အချိန်က စကားပြောလာလိမ့်မယ်၊ အဲ့ဒီအခါရောက်မှ ခြေဘ် မိဝေ ပြောတဲ့စကားတွေဟာ အမှန်အကန်ပါပဲလားဆိုတဲ့ သံဝေဂလက်ဘ် ရွတ်မနေနဲ့. . သိလား"

"ဘယ်တော့မှ မရွတ်ဖူးမှတ်"

"ရှင် တကယ်ပဲ တပေါင်းကို မချစ်ဘူးလား"

"အူလှိုက်သည်းလှိုက်ကို ကြည့်လို့မရအောင် မုန်းနေတာ"

"မုန်းရအောင် ရှင့်ကို ဘာစော်ကားလို့လဲ"

"စော်ကားတာပေါ့၊ ကျုပ်ကို ကုတ်ကမြင်းတဲ့လေ"

ဝေဝေခိုင် သဘောကျစွာ ရယ်လိုက်သည်။ ပြီးတော့ သူငယ်ချင်းကို ချစ်စနိုး [illegible]ယ်လိုက်သည်။

"ရှင် ကမြင်းတာ သူမြင်ထားလို့ ဖြစ်မှာပေါ့"

"မိန်းမရေ…



www.burmeseclassic.com

www.burmeseclassic.com



မြဖူးညိုက ဝေဝေခိုင်အား မျက်စောင်းမြှားပစ်လွှတ်ကာ မာန်လိုက်သည်။ ဝေဝေခိုင်က အရယ်အမော မပျက်ဘဲ. . .

"ဒါဖြင့် ရှင့်ကို ကုတ်ကမြင်းလို့ မပြောဘဲ တကယ့်ကို လှတဲ့ အလှနတ်မိမယ်လေးလို့ပြောရင်ရော ရှင် မုန်းဦးမှာလား"

"မုန်းမှာပဲ"

"ဘာဖြစ်လို့လဲ"


"ဒါက အမှန်တရား ပြောတာပဲဟာ၊ အပို တင်စားတာမှ မဟုတ်တာ"

"ခွေးမ"

သူငယ်ချင်းနှစ်ဦး ရယ်မောသံသည် ကားစက်သံ ညက် ညက်ကလေးကိုပင် ဖုံးလွှမ်းသွားသည်။







# အခန်း ( ၁၁ )

တပေါင်းသည် ရောင်စုံ ဆလိုက်မီးရောင်များ၏ နီတစ်လှည့် ဝါတစ်လှည့် ညိုတစ်လီ ပြာလဲ့တစ်မုံအောက်မှ စေ့စပ်...င်းလေးကို ကြည့်လိုက်ပြီး မပျော်ကြည်နိုင်အောင် ဖြစ်ရသည်။

"ဟော့ကောင် မင်း တားဆီးခံရမှာစိုးလို့ ဒိုင်လျှိုထားတာ ...း"

သူငယ်ချင်းများက မခံချင်အောင် စသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မရဘူးကွာ၊ ဒီည မင်းရှင်း စီစကီထပ်ယူကွာ၊ တပေါင်းရဲ့မင်္ဂလာအတွက် ထပ်ပြီး ဂုဏ်ပြုတဲ့အနေနဲ့ သောက်ကြရအောင်"

"ဟုတ်တယ်ဟေ့"

တပေါင်း ငြင်းခွင့်မရှိတော့။ သတင်းစာက လက်ဆုပ်လက်ကိုင် ပြနေသည်ပဲ။ တပေါင်းက သူငယ်ချင်းတွေ တိုက်သမျှကို တစ်ခွက်ပြီး တစ်ခွက်သောက်ရင်း မကျေမနပ်ဖြစ်နေသည်။

မိခင်နှစ်ယောက် စီစဉ်လိုက်တာလား။

မြဖူးညိုကရော မသိဘူးလား။

သို့တည်းမဟုတ် သိလျက်နှင့် ငြိမ်သက်နေတာလား။

အင်မတန် ဆရာလုပ်တတ်ပုံရသော၊ ဇီဇာကြောင်ပုံရသော၊ သူများတကာကို အပြစ်မြင်လွယ်တတ်သော၊ ရိုးရိုးကလေး ဝတ်စားဆင်ယင်တတ်သော်လည်း ကားကို ကိုယ်တိုင်မောင်းကာ အချိန်မတော် သွားလာရဲသော မိန်းမတစ်ယောက်ကို ဣန္ဒြေသိက္ခာအပြည့်နှင့် ကိုယ်ကျင့်တရားကောင်းမွန်ပါသည်ဟု တတ်အပ်သေချာစွာ ပြောလို့ရနိုင်ပါ့မလား။

အနှီမိန်းမမျိုးနှင့် ဘဝခရီးတစ်လျှောက် လက်တွဲဖို့ ဆိုသည့်ကိစ္စမျိုးသည် သာ၍မဖြစ်နိုင်။

ယောကျ်ားများသည် မိမိကသာ ဘယ်လောက်ပွေပွေ ရှုပ်ရှုပ် မိမိယူသော မိန်းမကိုတော့ ခြောက်ပစ်ကင်း သဲလဲစင်ဖြစ်ချင်ကြသည်မှာ ယောကျ်ားများ၏ အတ္တပင် ဖြစ်သည်။

တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်မိသဖြင့် မူးနေပြီ။

"ပြန်တော့မယ်ကွာ"





"ဖြစ်မလားကွ"

"ရပါတယ်ကွာ၊ မင်းတို့ နေခဲ့ကြရောကွာ"

ပါသမျှ ငွေများကိုထုတ်ကာ စားပွဲပေါ်၌ ပုံချပေးခဲ့လိုက်ည်။ ထို့နောင် ဒယီးဒယိုင်ဖြင့် နိုက်ကလပ်ထဲမှ ထွက်ခဲ့သည်။

သူငယ်ချင်းများက ကခုန်လျက် ကျန်ရစ်ခဲ့လေသည်။

သူ့ရင်ထဲက မြဖူးညိုအပေါ် အခဲမကြေနိုင်။ သူ့လို ဆန်န်မြေလေးကို မယူနိုင်ပါဘူးဆိုသော မိန်းမက အခုတော့လဲ စပ်သတင်း ပါလာပြီ။ ဒါကို အဲ့ဒီမိန်းမက ဘယ်လိုဖြေရှင်းတ်ပေးမှာလဲ။

တပေါင်း သိချင်လာသည်။

ရှေ့နေများသည် လင်းမြွေကို လိပ်ဖြစ်အောင် ပြောနိုင် ရှိသည်တဲ့။

မြဖူးညို၏ စွမ်းပကားကို တပေါင်းကြည့်ရဦးမည်။

ကားက မြဖူးညိုခြံဘက်သို့ ဦးတည်လိုက်သည်။

"တီ. . တီ. . တီ. . တီ"

ဒီလောက် ဟွန်းသံပေးလျက်နှင့် ခြံစောင့်က လာဖွင့်။

ဖွင့်မယ်ဖွင့်တော့ ရှေ့နေကြီး ဒေါ်မြဖူးညိုကိုယ်တိုင်ပါ


ဟတ်. . . ဟား. . . တွေ့ကြသေးတာပေါ့ ဒေါ်မြဖူးညို



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၂)

မြဖူးညိုအတွက် ပဲကျေနပ်စိတ်တွေက များနေသည်... ညနေကပဲ လေးလေးညိုအောင်က ရောက်လာပြီး. . .

"မမအေး စီစဉ်ထားခိုင်းထားတဲ့ စာချုပ်ကိစ္စ ငါ အဆို... ဆောင်ရွက်ပေးခဲ့ပြီ၊ ရက်ကောင်းရက်မြတ်ရွေးပြီး ညည်း... နှစ်ယောက် လက်မှတ်ထိုးရုံပဲ"

ဟုဆိုကာ လက်ထပ်စာချုပ်နှစ်စောင်ထည့်ထားသော... စာအိတ်ကြီးကိုပေးပြီး ပြန်သွားခဲ့လေသည်။





လေးလေးပြန်သွားပြီး မြဖူးညို ထုတ်ကြည့်လိုက်တော့ …ပုံတင်ပြီးသား လက်ထပ်စာချုပ်နှစ်စောင်. . .

သက်သေအဖြစ် တပေါင်းဘကြီး ဆရာဝန်ကြီးတစ်ဦး …နှင့် လေးလေးကပင် လက်မှတ်ထိုးပေးထားသည်။

သတို့သား တပေါင်းနှင့် သတို့သမီး မြဖူးညိုသာ လက် …တ်ထိုးရန် ကျန်တော့သည်။ မြဖူးညို မိခင်အပေါ် စိတ်မကွက် …း ကွက်မိလေသည်။ အတန်တန် ငြင်းဆန်နေသည့်ကြားက …ည်ရက်လေသည်။

" မမလေး စားချင်တဲ့အချိန်စားရအောင် ကျွန်မ အုပ် …ထားတယ်နော်၊ ကျွန်မ သွားအိပ်တော့မယ်"

မိညိုကို တုံ့ပြန်ပြောမနေတော့။

စိတ်ပျက်လက်ပျက်နှင့် စာချုပ်ကိုသာ ကြည့်နေမိသည်။

ဟိုဘက်ခြံက မေတ္တာတုံး ဂျလေဘီကလည်း ပြန်လာ …သေး။ ဘယ်နိုက်ကလပ်၌ အလေသွားလိုက်နေသည် မသိ။

စိတ်ပျက်ဖို့ ကောင်းလိုက်သည့်ဖြစ်ခြင်း။

သင်းလိုလူမျိုးကိုယူပြီး ညစဉ် သင်းပြန်အလာ စောင့် …ည့် အဖြစ်မျိုးကို မြဖူးညို တစ်သက်လုပ်လိမ့်မည် မဟုတ်။

အတွေးကမ္ဘာ၌ အဘယ်မျှကြာကြာ လွင့်မျောလိုက်ပါ …သည် မသိ။ ကားဟွန်းသံကြောင့် မြဖူးညို သတိဝင်လာသည်။

ဦးထော် အိပ်ပြီ ထင်တယ်၊ ညနေက နေသိပ်မကောင်း …ဆိုကာ ဆေးတောင်းသောက်ပြီး အိပ်ပျော်သွားသည် ထင် …ည်။

မြဖူးညို တံခါးကို ဖွင့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် မေတ္တာတုံး တွေ့ကြသေးတာပေါ့"

မြဖူးညို ကြုံးဝါးကာ တံခါးကိုဖွင့်ပေးလိုက်သည်။ သင်းက ကားပေါ်မှဆင်းခဲ့ကာ လူချည်း ဝင်လာသည်။ ကားသော့က တယမ်းယမ်း လူကလည်း သိုင်းကွက်နင်းလျက်. . .

"ဘယ်လိုလဲ အပြောတခြား အလုပ်တခြားနဲ့ ဒေါ်မြဖူးညို၊ ငါ့ကို လက်လွတ်ခံရမှာ သိပ်ကြောက်နေလို့လား ပြောစမ်းပါဦး"

"ဩော် နင်ကပဲ ငါ့ကိုပြောရတယ် ရှိသေးတယ်၊ နင်နဲ့ ငါ စာရင်းရှင်းချင်နေတာ ကြာပြီ၊ ထိုင်စမ်းပါဦး၊ နေဦး မထိုင်နဲ့ နင် မူးနေရင်ပြန်တော့ မနက်ရောက်မှ နင်နဲ့ငါ စာရင်းရှင်းမယ်"

တပေါင်းက သိုင်းကွက်နင်းလာပြီး ဆိုဖာနှင့်တိုက်ကာ ဆိုဖာပေါ် ပစ်လဲကျသွားသည်။

ခေါင်းထောင်ပြီး ရီဝေသော အကြည့်ဖြင့် မတ်မတ်ထိုင် နိုင်ရန် ကြိုးစားသည်။ ရွံရှာဖွယ် ကောင်းလေစွ။

တံခါးဖွင့်ပေးလိုက်မိခြင်းအပေါ် မြဖူးညို နောင်တ သွားမိသည်။

"ဘာမနက်လဲ အချိန်ဆွဲမနေနဲ့ ငါက တုံးဆိုတိုက် ကျ ဆိုကိုက်ပဲ၊ နင် ဒီကိစ္စကို သိလား"

သတင်းစာကို တဖျပ်ဖျပ်ရိုက်ပြီး. . မြဖူးညိုကို စေ့စေ့ ကြည့်ကာ မေးသည်။

မြဖူးညို အနာပေါ် တုတ်ကျသည့်အလား ဆတ်ဆတ် နာကျင်သွားသည်။

"သိလို့ နင်နဲ့ စာရင်းရှင်းချင်လို့ နင့်ကိုငါ ဖုန်းဆက်





ခေါ်ထားတာပဲ၊ ဒါကြောင့် နင်လာတာ မဟုတ်လား"

"အေး. . ဟုတ်လား၊ ငါမသိဘူး ငါ အိမ်မရောက်သေးဘူး၊ မေမေကို နင် ပတ်ချွဲနှပ်ချွဲလုပ်ပြီး ငါ့ကို အပိုင်ချည်ဖို့ ကြိုးစားတာ မဟုတ်လား၊ အေ့ ငါလိုပုဂ္ဂိုလ်မျိုး လက်လွတ်မှာ နင် ကြောက်လို့"

"ခွေးပါးစပ်က နတ်စကား ထွက်မနေနဲ့စမ်း၊ ဒီကိစ္စ ငါ လုံးဝမသိဘူး၊ ငါ့သဘောလဲ မပါဘူး၊ ငါ သိချင်တာ နင့် သဘော ပါ မပါဘဲ"

မြဖူးညို ဒေါသတို့ ဆူပွက်နေသည်။ ဤအမူးသမားကို ရိုက်နှက်ပစ်ချင်လောက်အောင် မုန်းတီးနေပြီ။ ဒီလိုမျိုးလူကို သင်ယောကျ်ားတော်ဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်။

"မြဖူး ဘယ်လဲ၊ ဘာလဲ နင် ငါ့ကို ကြောက်နေပြီလား၊ စိတ်ချ နင်လို မိန်းမမျိုးကို ငါ လက်ဖျားနဲ့ ထိတွေ့ရမှာတောင် ရွံတယ်၊ နင့်ကို ငါက မစင်လို ရွံရှာ. . အေ့"

"ဘာပြောတယ်. . တောက်. . နင့်လိုကောင်ကို ငါက ကြောက်ရမှာလား"

"အေး. . မကြောက်ရင် ပြီးတာပဲ၊ အေးအေးဆေးဆေး ထိုင်၊ မူးပေမယ့် ငါအားလုံးသိတယ်၊ ဒီကိစ္စ နင် မသိဘူးဆိုတာ သေချာလား"

"အေး. . သေချာတယ် နင်ရော"

"ငါလဲ မသိဘူး၊ ငါ့သဘော လုံးဝလုံးဝ မပါဘူးဆိုတာ သေချာတယ်၊ ပထဝီမြေထုကို တိုင်တည်ပြီး သက်သေထူရဲတယ်"

လျှာလေးအာလေး အမူးသမားကို ဘယ်ကဲ့သို့ နှင်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ရမလဲ။

ထိုစဉ် တပေါင်းက စားပွဲပေါ်၌ တင်ထားသော စာချ
နှစ်စောင်ကို တွေ့သွားသည်။

ယူကြည့်လိုက်သည်။

မြဖူးညို တားချိန်မရလိုက်။

စာချုပ်ကိုဖတ်ပြီး တပေါင်းက ရယ်လေသည်။

လှောင်ပြောင်ရယ်မောခြင်း ဖြစ်သည်။

မြဖူးညိုက. . .

"ဒါလဲ ငါနောက်မှ သိတာ"

"မယုံဘူး၊ မိုးကြိုးပစ်မှာစိုးလို့ ထန်းလက်နဲ့ကာဖို့ ကြ
စားတဲ့လူလို ဖြစ်နေပြီ ဝတ်လုံတော်ရမင်းရဲ့၊ မင်း ငါလိုလူ
လက်လွှတ်မှာစိုးပြီး မင်းတတ်တဲ့ပညာပေါင်းစုံနဲ့ လှည့်စား အ
ချည်ဖို့ ကြိုးစားနေတာပေါ့လေ၊ ရပါတယ်. . နင်လိုအချော
လှကို မိန်းမတော်ရတာ ငါ မနစ်နာပါဘူး၊ ငါက ယောကျ်ား
ဘာမှနစ်နာစရာ မရှိဘူး၊ ထိုးပေးတယ်. . ဒေ့. . သတို့သ
တပေါင်း. . ဟောဒီမှာကြည့် ဟတ်ဟားဟား"

မြဖူးညိုအတွက် မူးရူးနေသော ယောကျ်ားတစ်ယော
နှင့်ခုလို အနီးကပ်မနေဘူး မတွေ့ဘူးပါချေ။

ဖခင်ကလည်း မိမိသိတတ်သောအရွယ်တွင် ကွယ်လွ
သွားခဲ့သည်။ ရင်းနှီးဖူးသော ယောကျ်ားသားဆို၍ ဦးလေး
ညိုအောင်ပဲ ရှိသည်။ လုပ်ဖော်ကိုင်ဖက်များကတော့ အလု
ကိစ္စအတွက် မှန်တန်းပင်. .။

ခု တပေါင်း၏အပြုအမူတွေသည် သူ့အတွက် အ





အဆန်း ဖြစ်နေသည်မှာ သေချာသည်။

ကြက်သေသေကာ ငေးကြည့်နေသည်။ အမူးသမား
ဆိုတာ ဒီလိုမျိုးလား။

လက်မှတ်ကို စာချုပ်နှစ်စောင်လုံး ထိုးပေးပြီး စားပွဲပေါ်
၌ အသင့်ရှိသော စာအိတ်ကြီးထဲသို့ပင် အသေအချာ ထည့်ပေး
လိုက်သေးသည်။

"နင်ကတော့ မိန်းကလေးဆိုတော့ နည်းနည်းမှုချင်မှု
ပေါ့ဟာ၊ ပြောလိုက်တော့. . အန်တီတို့ မေမေတို့ ကြိုက်တဲ့နေ့
ခင်လာဆွမ်း ကျွေးလိုက်တော့လို့၊ သွားမယ် ငါ သိပ်ပျော်တာပဲ
နင်က ငါ့ကို ဒီဇလောက်အထိ လိုချင်နေမှန်း ငါ သိလိုက်ရလို့ပဲ"

"တပေါင်း နင်လျှောက်မပြောနဲ့၊ မဟုတ်ဘူး ဒါတွေ
အားလုံး ငါမသိဘူး"

အခြေအနေတွေက မြဖူးညိုအတွက် ထူးဆန်းနေ
သည်။ စိမ်းကားနေသည်။ ဒီလိုအခြေအနေမျိုး၌ ဘာကို အရင်
လုပ်သင့်မှန်း မြဖူးညို မသိလိုက်ခင်။ တပေါင်းက ပြန်ရန်ကြိုးစား
သည်။ ကြိုးစားရင်း အောက်ထပ်အိပ်ခန်းကို မှားဝင်သည်။ မြဖူး
ညိုက လိုက်ဆွဲရသည်။ မရ။

တပေါင်း တမင် အခန်းမှားတာလား။

လူမှန်းသူမှန်း မသိအောင် မူးနေ၍ မှားယွင်းခြင်းလား။

မြဖူးညို ဘာကိုမှ ဝေဖန်ပိုင်းခြားနိုင်ခြင်း၊ ခွဲခြားနိုင်ခြင်း
မရှိခင်၌ တပေါင်းနှင့် လုံးလားထွေးလားဖြစ်ကာ လဲပြိုကျသွား
သည်။

မြဖူးညို နောက်ဆုံးတစ်ချက် သတိရလိုက်သည်က မိမိ



www.burmeseclassic.com

www.burmeseclassic.com




အမှားဟု. . .။

တပေါင်းကို ညကြီးအချိန်မတော် တံခါးဖွင့်ပေးလိုက်ခြင်းက မိမိအမှားဆိုတာကို သိရှိလိုက်ရချိန်၌ နောက်ကျသွားလေသည်။

မိန်းမသားဘာဝသည် ပန်းကလေးပမာ ထိလွယ်ရှလွယ် ညှိုးလွယ်၊ နွမ်းလွယ်တတ်သည် ဆိုသည်မှာ အင်မတန် မှန်ပေသည်ဟု။







# အခန်း (၁၃)

တရှူးရှူးနှင့် ကြမ်းပြင်ထက်အိပ်ပျော်နေသော တပေါင်းကိုကြည့်ကာ မြဖူးညို ဘာလုပ်ရမှန်းမသိ။

ငုတ်တုတ်ထိုင်ကာ စဉ်းစားနေမိသည်။

တပေါင်းစကားတွေသည် သိစိတ်ဖြင့် ပြောဆိုခြင်းလား၊ အရက်၏ယစ်မူးမှုကြောင့် မသိစိတ်ဖြင့် ပြောဆိုခြင်းလား။ ဒါကို မြဖူးညို အသိချင်ဆုံးဖြစ်သည်။

မြဖူးညိုသည် တပေါင်း၏ ဖရိုဖရဲအနေအထားကို ပြုပြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး မိညိုအခန်းသွားကာ မိညိုကို နှိုးလိုက်သည်။

"မိညို. . မိညို. . ထစမ်း"

နှုတ်ဖြင့် နှိုးရုံနှင့်မရ၍ လက်ဖြင့်လှုပ်ယမ်းနှိုးရသည်။

"မိညို. . ဟဲ့. . မိညို တော်တော်အားကိုးရတဲ့ဟာတွေ"

"ရှင်. . မမလေး ဘာဖြစ်. . ဘာဖြစ်လို့လဲ"

"သွားစမ်း ဘကြီးထော်ကို သွားနှိုးခဲ့၊ တပေါင်းမူးပြီး အိမ်မှားဝင်လာလို့ ပြန်ပို့ပေးလိုက်လို့"

"မူးပြီး မှားဝင်"

"အေးလေ ငါခြံထဲဆင်းလမ်းလျှောက်နေတုန်း ရောက်လာတာထင်တယ် ငါမတွေ့လိုက်ဘူး"

မြဖူးညို မုသားစကားများဖြင့် လက်ာချောစေရန် တန်ဆာဆင်လိုက်ရသည်။

အိပ်မှုန်စုန်မွှား မိညို နားလည်သလား မလည်သလားကိုတော့ မြဖူးညို အရေးမစိုက်နေအား။ မိညို နောက်ဖေးကားဂိုဒေါင် အပေါ်ထပ်ခိုး၌အိပ်နေသည့် ဦးထော်ကို သွားနှိုးခေါ်လာနိုင်ခဲ့လေသည်။

ဦးထော်က စကားနည်းသူပီပီ ဘာမှအမေးအမြန်းမရှိဘဲ တပေါင်းကိုထမ်းကာ တစ်ဖက်ခြံသို့ မလွယ်ပေါက်မှတစ်ဆင့်လိုက်ပို့ပေးလေသည်။

"ကားသော့ကို ဒေါ်စိန် လိုက်ပို့ပေးလိုက်ဦး၊ မောင်းတတ်တဲ့လူရှိရင် လာယူမောင်းလို့၊ မရှိရင် ခြံစောင့်ကိုကြည့်ခိုင်းထားပြီး မနက်ရောက်မှ လာယူပါစေ၊ တို့ကတော့ အိပ်ပျက်ခံပြီး ကြည့်မပေးနဲ့"





မိညိုကို မှာလိုက်သေးသည်။

ကိစ္စအားလုံးပြီးစီးသွားတော့ မြဖူးညို အိပ်မရသေး။ တပေါင်း အိပ်သွားသောနေရာ၌ ပြောင်ပြောင်လက်လက် အရာလေးကို ကြည့်လိုက်မိသည်။ ဆွဲကြိုးလား မဟုတ်။ ဘောင်းဘီ၌ ကိုးရိုးကားရားချိတ်တတ်သော ပလက်တီနမ်ကြိုးတစ်ကုံး၊ ရှူးပါး ကြယ်သီးတစ်လုံး၊ မိမိ ဆွဲကြိုးပြတ်စလေးနှင့် လောကတ်လေး။ မြဖူးညို အသာကောက်ယူသိမ်းလိုက်သည်။ နောက် လက်ထုပ်စာချုပ်ထည့်ထားသော စာအိတ်ကိုယူကာ အပေါ်ထပ်သို့ တက်ခဲ့သည်။

မိမိအိပ်ခန်းထဲရောက်မှ လွတ်လပ်သွားသည့်ပမာ ခံစားလိုက်ရသည်။

စာချုပ်ကို ထုတ်ကြည့်လိုက်သည်။ တပေါင်း လက်မှတ်ထိုးထားသည်မှာ နေရာမှန်ကန်ပြီး ဖြောင့်တန်းလို့ပါလား။

မူးနေတာလား။ မူးချင်ဟန်ဆောင်တာလား။

မဖြစ်နိုင်၊ အရက်နံ့ကတော့ ရနေသည်။

သူလိုလိုလားလားနှင့် လက်မှတ်ကို ဘာကြောင့် လျှောလျှောလျူလျူ ထိုးလိုက်ရတာလဲ။

မြဖူးညို နေ့စဉ်မှတ်တမ်းလေးကို ဖွင့်လိုက်သည်။

သန်းခေါင်းကျော်နေပြီ။ ဘာရက်စွဲနှင့် ရေးရမည်နည်း။

သန်းခေါင်ထက် ညနက်စရာမှ မရှိတော့တာ။

တပေါင်းလက် မှတ်ထိုးသွားသော ရက်စွဲနှင့်သာ ဒိုင်ယာရီ၌ ပန်းတစ်ပွင့်၏ ကြွေမွသွားမှုဖြစ်စဉ်လေးကို ရေးလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်သေခံပစ္စည်းအဖြစ် ပလက်တီနမ်ကြိုးနှင့် ကြယ်သီးကို ဗူးတစ်ဗူးထဲ၌ သေချာစွာထည့်၍ သိမ်းဆည်းလိုက်လေသည်။

နောက် လက်ထပ်စာချုပ်၌ လက်မှတ်ထိုးသင့် မသင့်ကို စဉ်းစားလိုက်သည်။

မိန်းမသားဘဝကို လုံခြုံမှုအပေးနိုင်ဆုံးမှာ ဥပဒေဘောင်အတွင်းရှိ စာချုပ်စာတမ်းများပင်ဖြစ်သည်။

မြဖူးညို လက်ထပ်စာချုပ်၌ သတို့သမီး မြဖူးညိုနေရာ၌ လက်မှတ်ထိုးလိုက်သည်။ ရက်စွဲကိုလည်း တပေါင်းလက်မှတ်ပါ ရက်စွဲအတိုင်း တစ်ထပ်တည်းပင် တပ်လိုက်သည်။


နောက်နေ့ တပေါင်းနှင့် ရင်ဆိုင်တွေ့သည့်အခါ၌ ဘာပြောရမလဲ။ တပေါင်းကတော့ အခုလောက်ဆိုလျှင် အိပ်ပျော်နေပေလိမ့်မည်။ မိမိကတော့. . .

စာချုပ်အိတ်ကို စောစောကဗူးထည့်ထားသော အံဆွဲထဲသို့ထည့်ကာ အံဆွဲကို သော့ခတ်လိုက်သည်။ ဗိုင်ယာရီစာအုပ်ကိုတော့ စာကြည့်စားပွဲအံဆွဲ၌ပင် ထည့်လိုက်သည်။

အိပ်ပျော်ခြင်းကို မြဖူးညို အတော့်ကိုကြိုးစားယူရလိမ့်မည် ထင်ပါသည်။ ဆန်းသစ်သော ထင်မှတ်မထားသော တုန်လှုပ်ချောက်ချားဖွယ်ကောင်းသော အိပ်မက်တစ်ခုက မြဖူးညို၏ ခြောက်လှန့်သွားခဲ့လေပြီ။







# အခန်း (၁၄)

မိန်းမသားတစ်ယောက်၏ ဘဝတစ်ခုလုံးကို ပြောင်းလဲစေသော ပြစ်မှုတစ်ခုလုံးကို ကျူးလွန်ခဲ့သူတစ်ယောက်၏ ဥက္ကာတရားသည် ကြောက်လန့်ဖွယ်ကောင်းလေစွတကား။

တပေါင်း ကားလာယူသည်။

"နင့် အစ်မရော"

"အိပ်နေတုန်း"

"ညက ငါ ဘယ်အချိန်ရောက်လာသလဲ"

www.burmeseclassic.com



"ကျွန်မ မသိဘူး အစ်ကိုတပေါင်း၊ ကျွန်မကို မမလေး လာနှိုးမှ ကျွန်မသိတာ"

"ဪ"

တပေါင်း တွေဝေရသည်။

မိမိအကျီလက်ကြယ်သီး၌ ပါလာသော ဆွဲကြိုးမျှင်မျှင် ကလေးကို သူသတိရကာ အိတ်ကပ်ကို စမ်းလိုက်မိသည်။ ဤ ဆွဲကြိုးသည် မြဖူးညို့ ဆွဲကြိုး ဟုတ်မဟုတ်ကို မေးချင်သည်။ မြဖူးညိုက မနိုးသေးဘူးဆိုတော့ သူ ဘာမှမတတ်နိုင်။ နောက်မှ ပဲ မေးတော့မည်ဟု ဆုံးဖြတ်လိုက်ပြီး ကားကိုယူကာ အိမ်သို့ပြန် ခဲ့သည်။ အိမ်ရောက်တော့ ဒေါ်စိန်က. . .

"သားငယ် မင်းအကျီ ရင်ဘတ်ကြယ်သီးက ပြုတ်နေ ပါလား၊ ကြယ်သီးပြုတ်ကို တွေ့မိသေးလား၊ မင်းအကျီတွေက အဖိုးတန်တွေ၊ ကြယ်သီးကလည်း အစားဝယ်ဖြည့်လို့ ရချင်မှ ရမှာ"

"ဒေါ်ဒေါ်စိန်ကလည်းဗျာ၊ မရရင် ဒီအတိုင်း ထားလိုက် ပေါ့"

"ဒီတိုင်းထားလို့ ဘယ်အင်္ကျီစုံမှာလဲ၊ ကိစ္စမရှိဘူး. . ဗိုက် နားက ကြယ်သီးကို ယူတပ်လိုက်မယ်၊ အကျီကို ဘောင်းဘီထဲ ထည့်ဝတ်လိုက်"

"အကျီတွေ အများကြီးရှိတာပဲ၊ ဒီအတိုင်းပဲထားပြီး. . သိမ်းထားလိုက်ပါ"

"မကောင်းပါဘူး ဒေါ်စိန် ပြောသလို လုပ်လိုက်မယ်"

"သဘောဗျာ. . သဘော"





တပေါင်း အလိုလိုစိတ်တိုနေသည်။ တပေါင်းခေါင်းထဲ ၌ ညက အဖြစ်အပျက်တို့ကို မမှတ်မိနိုင်ခြင်းကို အတော်အား မလိုအားမရ ဖြစ်နေမိသည်။ အရက်သေစာသည်. . လူ့စိတ်ကို ဖျောက်ပျက်သွားအောင် စိုးမိုးချယ်လှယ်နိုင်စွမ်း ရှိသလား။

ခါတိုင်း အာစွတ်ရုံသာ သောက်ခဲ့သည်။ ညက မြဖူးညို့ အပေါ် မကျေနပ်စိတ်တွေများပြီး တော်တော်သောက်ဖြစ်ခဲ့ သည် ထင်ပါသည်။

"ဪ. . ဒေါ်ဒေါ်စိန်"

"ဘာလဲ သားငယ်"

"ညက. . ကျွန်တော့်ကို ဦးထော်က ဘယ်လိုပြောပြီး သာပို့တာလဲ"

ဒေါ်စိန်က သူ့ကို ဖျတ်ခနဲကြည့်ပြီး. . .

"သားကို ထမ်းလာတာ မူးပြီး အိမ်ထဲမှာဝင်ပြီး အိပ် ပျော်နေလို့ မြဖူးက ပို့ခိုင်းလိုက်တယ်လို့ပဲ ပြောတယ်၊ နောက် တနေ့ မိညိုလိုက်လာပြီး ကားသော့ပေးတယ်၊ ညက [illegible]စောင့် တို့ ကားမှာပဲ သွားအိပ်ခိုင်းလိုက်ရတယ်လေ၊ [illegible] မောင်း တတ်တဲ့သူဆိုလို့ မင်းပဲ ရှိတာကိုး"

"ဒါပဲလား တခြား ဘာတွေပြော[illegible]သေးလဲ"

"မြဖူးလား"

"အင်း"

"မြဖူးက နေ့လယ်[illegible]သားဆီကို ဖုန်းဆက်သေးတယ်၊ သားနဲ့စကားပြောချင်[illegible]တဲ့၊ ပြန်ရောက်ရင် သူ့ကိုလာတွေ့ဖို့ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သြော်"

စေ့စပ်ကြောင်းလမ်းခြင်းသတင်း၊ သတင်းစာထဲပါလာခြင်းကိစ္စကို မြဖူးညိုကလည်း အစာမကြေဖြစ်သည် ထင်ပါသည်။

အင်းလေ. . မြဖူးညို နိုးလာလောက်သောအချိန်မှ သူသွားတွေ့တော့မည်။

သူ အိတ်ကပ်ထဲမှ ရွှေဆွဲကြိုးမျှင်မျှင်ကလေးကို ထုတ်ယူကြည့်လိုက်သည်။ ကြိုးကလေးက ချစ်စရာကလေးဖြစ်သည်။

"သားငယ် ညက အစ်မဆီက ဖုန်းလာတယ်၊ ဝါဆို. . အခြေအနေကောင်းတယ်တဲ့၊ သွေးအထွက်လွန်တာတစ်ခုပဲတဲ့ စိုးရိမ်စရာ မရှိဘူးတဲ့"

"ဟုတ်လား. . မေမေ ဘယ်တော့ ပြန်လာမယ်ပြောသလဲ"

"အေးအေးဆေးဆေး ချောင်းသာဖြစ်ဖြစ် ငွေဆောင်ဖြစ်ဖြစ် သွားအနားယူလိုက်ဦးမယ် 'ပြောတာပဲ"

"စေ့စပ်သတင်းကိစ္စ မမေးဘူးလား"

"မမေးဘူး"

"ကောင်းကွာ"

တပေါင်းသည် မိခင်ကို နားမလည်နိုင်အောင်ဖြစ်ရသည်။ စေ့စပ်ကြောင်းလမ်းခြင်းကိစ္စကို မိမိနှင့်မြဖူးညိုကိုလည်း အသိမပေး။ ပြီးတော့လည်း မသိသလို နေကြသည်။ သူတို့လုပ်ထားတာ မဟုတ်သည့်အတိုင်းပင်. . . ။

တပေါင်း ခြံထဲဆင်းခဲ့ပြီး ဒန်း၌ထိုင်ကာ မြဖူးညိုတို့ ခြံ





ဘက်သို့ လှမ်းကြည့်နေလိုက်သည်။ မြဖူးညိုအရိပ်အယောင်ကို လှမ်းတွေ့လိုက်ပါက မြဖူးညိုခြံဘက်သို့ ကူးသွားပြီး မြဖူးညိုကို ညကအဖြစ်အပျက် သွားမေးလိုက်ချင်သည်။

မိမိသည် တာဝန်မဲ့သောလူတစ်ယောက် မဖြစ်စေရ။

ညက မိမိသည် လူစိတ်ပျောက်ပြီး ဘာတွေများ မှားယွင်းပြီး ကျူးလွန်မှုများရှိခဲ့သလဲ။ ဒါကို တပေါင်းအသိချင်ဆုံးဖြစ်သည်။

ဟော. . မြဖူးညို ထွက်လာပြီ။ သူ ထိုင်ရာမှ ရုတ်ခြည်းထကာ ခြံစည်းရိုးနားသို့ လျှောက်သွားလိုက်သည်။

သို့သော် မြဖူးညိုသည် အသင့်ထုတ်ပြီးဖြစ်နေသောကားပေါ်တက်ကာ မောင်းထွက်သွားလေပြီ။

သူ ခြံစည်းရိုးနားရောက်သွားချိန်၌ မြဖူးညိုကားသည် ခြံပြင်သို့ရောက်သွားပြီး ဦးထော်က ခြံတံခါးပိတ်ပေးလိုက်သည်ကိုသာ တွေ့မြင်လိုက်ရလေသည်။

မြဖူးညိုသည်လည်း ဘာမှမဖြစ်သလိုပါပဲလား။ ပုံမှန်အတိုင်း သွားလာလှုပ်ရှားနေပါလား။ ညက ဘာမှမဖြစ်ခဲ့ဘူးထင်ပါသည်။


တပေါင်း သက်ပြင်းချကာ အိမ်ဘက်သို့ လေးလံသောခြေလှမ်းများကို အနိုင်နိုင်သယ်ကာ လျှောက်လှမ်းလာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၅ )

မြဖူးညို ကားမောင်းရင်း မစဉ်းစားချင်ပါ။ သို့သော်
စဉ်းစားရပြီ။ တပေါင်းသည် မနက်က ကား လာယူရင်း မိမိအာ
မေးသည်ဟု မိညိုက ပြောသဖြင့် မြဖူးညိုရင်ထဲ လှုပ်လှုပ်ရှားရှား
ဖြစ်သွားခဲ့သည်။ တပေါင်း ဘာတွေသိထားသလဲ။

မိမိ ရေမချိုးခင် ကားထုတ်တော့လည်း တပေါင်း လာ
ရောက်မတွေ့ဆုံပါလား။

ရုံးချိန်းသွားကာနီးမှ ခြံစည်းရိုးဘက်သို့ လျှောက်လာ





သည်ကို တွေ့မြင်လိုက်ရသည်။ သို့သော် စောင့်နေရလောက်
အောင် မိမိမပျော့ညံ့သေး။

ပုံမှန်အတိုင်းပင် ကားမောင်းထွက်ခဲ့သည်။

တပေါင်းထံမှ မည်ကဲ့သို့သောစကားကို ကြားရမလဲဟု
သိချင်မိသည်ကတော့ အမှန်ပင်။

မိမိ၏ဘဝသည် တပေါင်း၏ အဆုံးအဖြတ်မှာ မူတည်
နေသလား။ မိမိဘဝကို တပေါင်း၏လက်ထဲ ဝကွက်အပ်လိုက်
တော့မည်လား။ မဖြစ်။

ဒီလိုအဖြစ်မျိုးကိုတော့ မြဖူးညို လုံးဝအဖြစ်မခံနိုင်။

မြဖူးညို၏ဘဝကို မြဖူးညို လုံးဝအထင်မကြီးသော လူ
တစ်ယောက်၏လက်ထဲသို့ အရောက်မခံနိုင်ပါ။

မြဖူးညို ဘာလုပ်သင့်သနည်း ။

တပေါင်း ဆက်သွယ်လာမှုကိုပဲ စောင့်ဆိုင်းနေရုံမှအပ
မြဖူးညို ဘာမှမတတ်နိုင်ချေ။

မိခင်နှစ်ဦးကလည်း အုံ့ဩဖွယ်ကောင်းလှသည့် စေ့စပ်
ထားခြင်းကို သူတို့မလုပ်ထားသည့်အတိုင်း အေးအေးသက်သာ
ဖြင့် ရှိနေကြသည်။

ချောင်းသာမှာဖြစ်ဖြစ် ငွေဆောင်မှာဖြစ်ဖြစ် အနားယူ
လိုက်ကြဦးမည်တဲ့။ နေပါစေလေ။

မိခင် စိတ်ချမ်းသာနေလျှင် ပြီးတာပါပဲ။

မြဖူးညို ဝေဝေခိုင်ထံသို့ ဝင်ခေါ်လိုက်သည်။

ဝေဝေခိုင်က ကားပေါ်တက်ကာနီးတော့ မြဖူးညိုက
ငြိမ်မောင်းနေတယ်ဖယ်ပေးကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"အတော်ပဲ ရှင်ပဲ မောင်းပေတော့ မိဝေ၊ ငါ ခေါင်းထဲ ညီးစီစီဖြစ်နေလို့"

"ဘာလဲ ပြဿနာရှင်းပြီးပြီလား"

"မရှင်းရသေးပါဘူး၊ ညက ဘယ်အချိန်ပြန်ရောက်မှန်း မသိဘူး၊ ညမင်းသားကို စောင့်မနေနိုင်ပါဘူး"

မြဖူးညို မှုသားသုံးလိုက်သည်။ ဤကိစ္စမျိုးက လူသိခံ၍ ကောင်းသောကိစ္စမှ မဟုတ်ပေဘဲ။

"ခု မနက်ပိုင်းရော"

"ညမင်းသားဆိုတော့ နေ့အိပ်မှာပေါ့။ ခု ဘယ်နိုးဦး မလဲ"

"သူ့ဘက်က ဆက်သွယ်မှုမပေးလာဘူးဆိုတော့ သူက ကျေနပ်လို့ဖြစ်မှာပေါ့လေ"

"မဖြစ်နိုင်ဘူးထင်တယ်။ သူကလည်း ငါ့ကိုကြည့်ရတာ မှ မဟုတ်တာ"

"ဒါဖြင့် အမေတွေပြန်အလာကို စောင့်နေလို့ပဲ ဖြစ်မှာ ပေါ့"

ဝေဝေခိုင်စကားက မြဖူးညို၏ မွန်းကျပ်နေသောစိတ် ကို ထွက်ပေါက်ရသွားစေသည်။

"အင်း. . ဒါလည်း ဖြစ်နိုင်တာပဲ၊ သူ့အစ်ကိုဝါဆိုတာ အတွက် မိခင်ကသွားနေတုန်း သူလည်း ထပ်ဒုက္ခမပေးချင်သေး လို့ ဖြစ်မှာပေါ့"

"အေးလေ သူ့ရုပ်က ရှင့်ကို ကြိုက်မယ့်ရုပ်မျိုး မရှိဘူး ဆိုတော့ ဒါပဲ ဖြစ်နိုင်တယ်"





"အင်း. . တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသလိုပဲပေါ့"

မြဖူးညို ဟန်ဆောင်နေရသည်။ ညက အိပ်မက်ဆိုးအ ကြောင်း ဘယ်သူ့ကိုမှ အသိပေး၍မဖြစ်သေးပေ။

"လိုင်စင်လည်းရပြီ၊ ကျုပ်တော့ ပြင်ဦးလွင်ပဲပြန်ပြီး လှုပ် ရှားမယ် ရှင်လိုက်လည်ပါဦးလား"

မြဖူးညို တိကျသောအဖြေတစ်ခုကို ပေးလိုက်ချင်ပါ သည်။ သို့သော် မပေးရဲသေး။

"ရှင် ဘယ်တော့သွားမှာလဲ"

"ရွှေ့အပတ်ထဲလေ၊ ဟိုမှာက ကျုပ်တို့ဘိုးဘွားပိုင်အိမ် ကြီးရှိတယ်၊ ခြံစောင့်နဲ့ပဲ ထားထားရတာ။ ကျုပ်အဲ့ဒီမှာပဲ အခြေ ချချင်တယ်၊ ရှင်ပါ ကျုပ်နဲ့အတူလိုက်နေနိုင်ရင် သိပ်ကောင်းတာ ပဲ"

"အင်း ကျုပ်လည်း ပြင်ဦးလွင်ကို သဘောကျတာပါပဲ၊ ဒါပေမယ့် ကျုပ်မှာက အမေရှိသေးတယ်လေ၊ ဘာပဲဖြစ်ဖြစ် ရှင်သွားတဲ့အချိန် မေမေပြန်လာရင် ကျုပ်ပါလိုက်ဦးမယ်၊ ခဏ ဘဖြုတ်ပေါ့. . ."

မြဖူးညို စိတ်ပန်းလူပန်း ဖြစ်ခဲ့ရသည့်အတွက် အနားယူ ရန် ထွက်ပေါက်တစ်ခု ရသွားခဲ့လေသည်။


ဒီကြားထဲ၌ ဆုံးဖြတ်ချက်တစ်ခုခုတော့ ရရှိလာမှာပါ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၆)

ရုံးချိန်းတစ်ခု ပြီးစီးသွားသည်နှင့် မြဖူးညို အိမ်ကိုပြန်လာခဲ့သည်။ အချိန်က နှစ်ချက်သာ ရှိသေးသည်။

မြဖူးညို မျက်လုံးက ခေါင်းရင်းခြံကြီးဆီသို့ ရောက်သွားသည်။ ဒေါ်သဇင်သင်း မရှိသဖြင့် တိတ်ဆိတ်ငြိမ်သက်နေသော အိမ်ကြီးကို တွေ့လိုက်ရသည်။

မိညိုက တံခါးလာဖွင့်ပေးသည်။ ယိုစဉ် တယ်လီဖုန်းခေါ်သံ မြည်လာသည်။





"သွားကိုင်လိုက်စမ်းပါ မိညိုရာ"

မြဖူးညိုက ပင်ပန်းနွမ်းနယ်စွာပြောလိုက်ပြီး ဖိုင်တွဲများကို ကားထဲမှလှမ်းယူပြီးမှ အိမ်ထဲဝင်ခဲ့သည်။

"မမလေး အစ်ကိုတပေါင်းဆီက ဖုန်းလာတယ်၊ မမလေးနဲ့ တွေ့ချင်လို့တဲ့"

မြဖူးညိုရင်ထဲ လှုပ်ရှားသွားသည်။ ခြေလှမ်း ခပ်သွက်သွက်လှမ်းလိုက်ပြီး တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟဲလို မြဖူးညိုပြောနေပါတယ်"

"ငါပါ နင့်ဆီလာမလို့ အားသလား"

တပေါင်းအသံ။

အားသလားတဲ့လား။

အားအား . . မအားအား၊ အရေးကြီးသောစကားတွေ ပြောရမည့်ကိစ္စကို အားသလား မေးနေရသေးသလား။

မြဖူးညို စိတ်ကို အနည်းငယ်လျှော့လိုက်သည်။

"အားပါတယ်"

"ဒါဖြင့် ငါ အခုပဲ လာခဲ့မယ်"

"အင်း ဒါပဲလား"

"ဒါပဲ"

တယ်လီဖုန်း စကားပြောခွက်ကို ချလိုက်သည်။ ရေခဲသေတ္တာကိုဖွင့်ကာ ရေခဲရေတစ်ခွက်ကို ယူသောက်လိုက်သည်။

တပေါင်း ရောက်လာသည်။

"လာ ထိုင်ပါ"

မတည့်သော်လည်း ခုချိန်၌ ဘုဘောက်ကျနေ၍ မရ

www.burmeseclassic.com



တော့။ အရေးအကြီးဆုံးအချိန် ဖြစ်နေသည်။

"မနေ့ညက ငါရောက်လာတယ်ဆို"

မြဖူးညို စိတ်ပျက်သွားသည်။ သူရောက်လာခြင်းကို တောင် သူကိုယ်တိုင်မသိနိုင်သော လူတစ်ယောက်ကိုဆက်ပြီး လက်ခံစကား ပြောချင်သောစိတ်ပင် မရှိတော့။

"အင်း"

"ငါ ဘာတွေပြောခဲ့သလဲ ဘာတွေလုပ်ခဲ့သလဲဆိုတာ သိချင်တယ် မြဖူး"

"ဟင် "

မြဖူး၏ မျှော်လင့်ချက်တို့သည် သဲထဲရေသွန်ချလိုက် သည့်ပမာ ဖြစ်သွားသည်။

မနေ့ညက အဖြစ်အပျက်မှန်သမျှကို တပေါင်းသည် မသိစိတ်ဖြင့် ကျူးလွန်သွားခြင်းဖြစ်နေပါလား။

မြဖူးညို ဘာပြောသင့်သလဲ။ ဘာမှမပြောသင့်ဘူးလား ထင်သည်။

"ပြောလေ"

"ငါ ဘာပြောရမှာလဲ"

"နင် သိသလောက်ပေါ့"

"ငါ သိသလောက်ကို နင်မသိဘူးဆိုတာပဲ ငါအံ့ဩတယ် ဒါပေမယ့် ငါသိတဲ့ကိစ္စတွေကို ငါမပြောနိုင်ဘူး ဆိုရင်ရော"

တပေါင်းက မြဖူးညိုကို မကျေမချမ်းကြည့်လိုက်သည်။

"နင် ခွမတိုက်နဲ့ မြဖူး၊ နင့်ကို ငါက အကောင်းစေတနာ နဲ့မေးနေတာ ငါ နင့်အပေါ် ဘာတွေပြောခဲ့သလဲ စော်ကားခဲ့သ





လဲဆိုတာ ငါသိချင်တယ်"

"နင် သိချင်တိုင်း ငါက ပြောရမှာလား"

"ပြောရမှာပေါ့ မြဖူး၊ သြော် . . ဒီကြိုးလေးဟာ နင့်ဆွဲ ကြိုးလား"

တပေါင်းက အင်္ကျီအိတ်ကပ်ထဲမှ ဆွဲကြိုးမျှင်မျှင်လေး ကို ထုတ်ပြလိုက်သည်။

မြဖူးညို၏ရင်ဘတ်၌လည်း ဆွဲကြိုးမျှင် တစ်ကုံး ရှိနေ ဆဲဖြစ်သည်။

မြဖူးညို ရင်ထဲ၌ မခံမရပ်နိုင်အောင် နာကျင်နေသည်။

တပေါင်း ဘာမှမသိပါလား။ ခံပြင်းသော စိတ်တို့က မြဖူးညို၏ နှလုံးသားကို ငါးဖယ်တေ တေသကဲ့သို့ ထုနှက်လျက် ရှိချေပြီ။

"ငါ ဘာမှမပြောချင်ဘူး၊ နင်လာခဲ့တယ်၊ ငါ့ကို ကာယ ကံရမြောက်စော်ကားသွားတယ် အဲ့ဒီဆွဲကြိုးက သက်သေပဲဆို ပြောရင်ရော . . နင် ဘာလုပ်မှာလဲ"

တပေါင်းက မဆိုင်းမတွပင် . . .

"ဟ . . ငါ နင့်ကို ချက်ချင်း လက်ထပ်ယူလိုက်မှာပေါ့။ ငါ ယောကျာ်းပါ၊ ယောကျာ်းဆိုတာ သူကျူးလွန်တဲ့အပြစ်ကို သူတာဝန် ယူရဲရတယ်၊ ငါနင့်ကိုတာဝန်ယူရမှာပေါ့ နင်ပြော သလိုများ ငါက . . ."

"ဟိုး . . ဟိုး . . ငါက စကားအဖြစ်ပြောတာ တပေါင်း နင့်ကို နင်မသိတဲ့ကိစ္စကို ငါဘာမှ ပြောစရာမလိုဘူးလို့ ငါယူဆ တယ်၊ ဒါကြောင့် နင့်ဒီကိစ္စအတွက် ဘာမှ ဘယ်သူကိုမှ ထပ်



www.burmeseclassic.com

www.burmeseclassic.com



မမေးနဲ့တော့ ဒါ အကောင်းဆုံးပဲ"

မြဖူးညို ပြတ်သားစွာ ပြောလိုက်သည်။

မြဖူးညို၏ဘဝကို တာဝန်ယူသော စကားရပ်တစ်ခုတည်းနှင့် လဲလှယ်ယူရမှာလား။

သိစိတ်ဖြင့်မဟုတ်ဘဲ မသိစိတ်ဖြင့်ကျူးလွန်သွားသော လူတစ်ယောက်ထံမှ တာဝန်ယူခြင်းကိုပဲ ကျေနပ်လိုက်ရတော့မှာလား။

"ဒါဖြင့် ဒီကြီးက ငါ့ဆီ ဘယ်လိုလုပ် ရောက်နေရတာလဲ"

"အရာရာကို နင့်ဘာသာနင်ပဲ သိအောင်ကြိုးစားပါ။ တပေါင်း ငါ့ကို ဘာမှလာမမေးနဲ့၊ ငါက သိနေတဲ့တိုင်အောင် ပြောမှာမဟုတ်ဘူး"

"ဘယ်လိုလဲ မြဖူးရ၊ ငါက တကယ်မသိလို့မေးတာပဲ"

"လောကကြီးမှာ မသိဘူးဆိုတဲ့ စကားတစ်ခွန်းနဲ့ နင်ဟာ အပြစ်မဲ့လူသားတစ်ယောက် ဖြစ်သွားပြီတဲ့လား၊ တော်ပြီ တပေါင်း ရှင်ပြန်ရင် ကောင်းမယ်"

မြဖူးညို ဆုံးဖြတ်ချက်က မာနလွှမ်းနေတာလား၊

မာနနတ်ဆိုးက မြဖူးညိုကို ချုပ်ကိုင်ထားလေသည်။

အချစ်ဟူသော အရာကို အလှဆုံး၊ အနူးညံ့ဆုံး၊ အသိမ်မွေ့ဆုံး၊ အညင်သာဆုံး၊ အဖိုးတန်ဆုံး ပိုးသားလေးတစ်ကောင်လို တန်းဖိုးထား မြတ်နိုးခဲ့သော မြဖူးညိုအတွက် ခက်ထန်ကြမ်းတမ်းသော အိမ်မက်ဆိုး ဖြစ်ရပ်နှင့် မလဲလှယ်နိုင်. . .

"မြဖူးညို"





"နင် ပြန်တော့"

"နင် တလွဲဆံပင်မကောင်းနဲ့နော် ဒီကိစ္စဟာ ပေါ့သေးသေးကိစ္စ မဟုတ်ဘူး၊ ဒီကိစ္စမျိုးဆိုတာ မာနထားလို့ မရဘူး၊ ငါ မသိတဲ့ကိစ္စကို သိနေတဲ့နင်က ရှင်းပြသင့်တယ်"

"မရှင်းပြဘူး၊ ဘယ်တော့မှ မရှင်းပြနိုင်ဘူး၊ နင့်ဘာသာနင် သိအောင်ကြိုးစား၊ ငါက ငါ့ဘဝကို တန်ဖိုးအထားဆုံးပဲ၊ တန်ဖိုးထားလို့ပဲ ငါရဲ့ဘဝကို တန်ဖိုးအရှိဆုံးအရာကို ပေးနိုင်စွမ်းရှိတဲ့ ယောကျာ်းမျိုးကိုပဲ လက်ထပ်ချင်တယ်၊ နင့်ကို လက်ထပ်နိုင်ဘူး နင်ပြန်တော့. . ."

တပေါင်း စိတ်ဆိုးသွားပြီထင့်။

မျက်နှာကြီး နီရဲလာသည်။ လက်ထဲမှဆွဲကြိုးကို အိတ်ကပ်ထဲထည့်လိုက်သည်။ နောက် ထိုင်ရာမှ ဝုန်းခနဲထကာ. . .

"ဒါဖြင့် ငါ့တာဝန်ကုန်ပြီ၊ နောက်မှ နင်အပြစ်မတင်နဲ့တော့ ဒါပဲ"

တပေါင်းသည် မရင့်ကျက်သေးတာကတော့ အမှန်ပင်။ မြဖူးညို၏ ခါးသီးရင့်သီး၊ ခက်ထန်သောစကားများကို မနည်းသည်းခံခဲ့ရသည်။ ကြာရှည် သည်းမခံနိုင်တော့။

မြဖူးညိုသည် အရူးတစ်ယောက်လိုပဲလား။ အဓိပ္ပာယ်မရှိတာတွေ ပြောနေသည်။

ညက ဘာမှမဖြစ်ခဲ့လို့ ဒီလောက်အထိ ပြောဆိုကာ မိအား တမင်တိုက်ခိုက်လိုက်ခြင်းဖြစ်မည်။

ရှိပါစေတော့။

မိမိ တာဝန်ကျေပြီဟု တပေါင်းတွေးကာ အေးဆေးစွာ



www.burmeseclassic.com

www.burmeseclassic.com



ပင် ပြန်သွားလိုက်သည်။

သူ့ရင်ထဲလည်း ပေါ့ပါးသွားသည်။

မြဖူးညိုသည် တပေါင်း၏ နောက်ကျောကို ကြည့်ကာ ကြက်သေသေပြီး ကျန်ရစ်ခဲ့လေသည်။

မိမိမမှားဘူးဟု ထင်ပါသည်။

မိမိဘဝကို မသိစိတ်ဖြင့် ကျူးလွန်သွားပြီး တာဝန်ယူရသော ယောကျာ်းတစ်ယောက်၏ဘဝနှင့် မပူးပေါင်းနိုင်။

မိမိလိုလားသည်က ချစ်ခြင်းမေတ္တာနှင့် ပူးပေါင်းမည့် ဘဝနှစ်ခု။

ယခုတော့. . .







www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၇)

"သား. . . အခုတလော ငြိမ်ချက်သား ကောင်းလှချည်လား"

"ဟုတ်တယ် မေမေ သံပတ်ကုန်သွားပြီလေ"

တပေါင်းက ရယ်ကြဲကြဲလုပ်ကာ ဖြေလိုက်သည်။

"စေ့စပ်ထားပြီး မကြာခင် လက်ထပ်ပေးမယ်လို့ ရည်စူးထားတာသား မေမေတို့ဆို စိတ်ဆိုးသွားသေးသလား"

မိခင်နှစ်ယောက်သည် ပုသိမ်၌ တစ်ပတ်ကြာ လူနာလဲ





စောင့် အပန်းလည်းဖြေပြီးမှ ပြန်လာကြသည်။

ဟိုဘက်ခြံမှ မြဖူးညိုကတော့ မိခင်ပြန်လာပြီးနောက် ရက်ပြင်ဦးလွင်သို့ သူငယ်ချင်း ဝေဝေခိုင်နှင့်အတူ လိုက်သွားလေသည်။

တပေါင်း၏ မတင်မကျဖြစ်နေခဲ့သော သံသယစိတ်တို့သည် အေးဆေးငြိမ်သက်သွားလေသည်။ မြဖူးညို၏ ခက်ထန်မှုက တပေါင်း၏မာနကို ထိပါးစေသည်။

မိမိလုပ်ဆောင်သင့်သည်ကို လုပ်ဆောင်ပေးပြီးပြီ။ မြဖူးညိုက လက်မခံတော့လည်း ဘာမှမတတ်နိုင်။ အတင်းအကျပ် လိုက်မေးလျှင် သူ့ကိုကြိုက်လို့ လိုချင်လို့ဟု မြဖူးညိုပို၍ ဘဝင်မြင့်သွားနိုင်သည်။ အလှအားကိုးနှင့် တော်တော်မာနကြီးသည့် မိန်းမငယ်. . .

"မဆိုးတော့ပါဘူး၊ အစကတော့ သား အတန်တန်တားထားလျက်နဲ့ လုပ်ရက်လေခြင်းဆိုပြီး စိတ်ဆိုးမိတာပေါ့"

"အင်း. . မြဖူးဟာ မိန်းမကောင်းပီသတဲ့ မိန်းကလေးပါ၊ အိမ်ထောင်မှုလည်း နိုင်နင်းတယ်၊ ထက်ထက်မြက်မြက်လဲရှိတယ်၊ အခုခေတ်ကြီးမှာ အေးအေးနုံနုံအအနေလို့ မဟန်ဘူးသားရဲ့၊ မြဖူးက ထက်မြက်တယ် လှတယ် ဒါကို မေမေသဘောအကျဆုံးပဲ"

"မေမေ သဘောကျပေမယ့် သားကမှ သဘောမကျသာ သက်သက်မဲ့ ဘဝင်လေဟတ်မြင့်နေတဲ့ မိန်းမပါ"

"ဘာပဲဖြစ်ဖြစ် လက်ထပ်ဖို့ကိစ္စကိုတော့ မြဖူးပြန်လာခင် မေးမြန်းပြီး မေမေတို့ ဆောင်ရွက်ကြဖို့ ဆုံးဖြတ်ပြီးပြီ၊ သား



www.burmeseclassic.com

www.burmeseclassic.com



က ယောက်ျားလေးပဲ မြဖူး ခေါင်းညိတ်ရင်တော့ သား မငြင်းရဘူးနော်”

တပေါင်းက မြဖူးညို စိတ်ဓာတ်ကို သိပြီးဖြစ်သဖြင့် ရဲရဲတင်းတင်းပင် အာမခံလိုက်နိုင်သည်။

“စိတ်ချပါ မေမေ၊ သူကတောင် လက်ခံနိုင်ရင် သားက မိုက်မိုက်မဲမဲလုပ်ပြီး ငြင်းမနေတော့ပါဘူး၊ မေမေတို့ စိတ်တိုင်းကျသာ စီစဉ်. . .”

မိခင်ဒေါ်သဇင်သင်းသည် အထူးမင်္ဂလာစုံတွဲ ထီပေါက်သွားသည့်အလား ဝမ်းသာအားရဖြစ်သွားကာ. . .

“တကယ်လား သား”

“တကယ်ပေါ့”

“ဒါဆို မေမေ အေးကို သွားပြောရဦးမယ်၊ အေးခမျာ မအေတစ်ခု သမီးတစ်ခုဆိုတော့ သူ့သမီးအတွက် နည်းနည်းလေးမှ စိတ်ချတာမဟုတ်ဘူး အမြဲစိတ်ပူနေရှာတာ”

ပြောပြောဆိုဆို တစ်ဖက်ခြံသို့ ကူးသွားသော မိခင်ကို ကြည့်၍ တပေါင်းအံ့သြမိသည်။ မိခင်သည် မြဖူးညိုတို့သားအမိ အပေါ်၌ တော်တော်လေးကို သံယောဇဉ်ကြီးရှာသည်ပဲ။

တပေါင်းသည် ဗီရိုအံဆွဲကိုဖွင့်ကာ ဆွဲကြိုးမျှင်လေး ထည့်ထားသော ဗူးကိုထုတ်ကြည့်လိုက်သည်။

ဒီကြိုးလေးဟာ မြဖူးညို၏ကြိုးလားဟု စဉ်းစားမိသည်က အကြိမ်ကြိမ်။

သို့သော် မြဖူးညိုသည် ကြိုးသေးသေးမျှင်မျှင်လေးများကို ကြိုက်တတ်ပြီး ကြိုးဒီဇိုင်းစုံနှင့် လော်ကတ်သီးမျိုးစုံဆွဲတင်





သည်ကိုတော့ မိခင်ထံမှတစ်ဆင့် သိထားပြီးဖြစ်သည်။ ဒေါ်မြမြအေး သိမည်မထင်။ မြဖူးညိုက ဘာလုပ်လုပ် သူ့ခြေသူ့လက်ပဲ ဖြစ်သည်။

တပေါင်း အခုတလော နိုက်ကလပ်မတက်ဖြစ်တော့။ တစ်ခါတစ်ရံ သူငယ်ချင်းများနှင့် မစ္စတာဂစ်တာ၌ ကော်ဖီသွားသောက်ခြင်းလောက်နှင့် ညနေဘက် အင်းလျားဘောင်ပေါ်၌ လမ်းလျှောက်ခြင်းလောက်သာ ရှိတော့သည်။

မြဖူးညိုနှင့်ပတ်သက်၍ ရင်ထဲ၌ မရှင်းလင်းချေ။

သူ့ စိတ်၌ ဤမိန်းမ စိုးမိုးခြင်းကိုလည်း လက်မခံချင်အောင် ဖြစ်ရသည်။ အလုပ်တစ်ခုခုကို လုပ်မှဖြစ်တော့မည်။

အစ်ကိုဖြစ်သူ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ကုမ္ပဏီ၌ ဝင်လုပ်လျှင် ကောင်းမည်လား။

တပေါင်း စိတ်ကူးရသည်နှင့် အစ်ကိုဖြစ်သူဝါဆို၏ အိမ်သို့ထွက်ခဲ့လိုက်လေသည်။

ထိုနေ့မှစ၍ အမှန်တကယ်လည်း တပေါင်းအလုပ်ရ၍ လုပ်ဖြစ်လေတော့သည်။


အလုပ်လုပ်ရင်း အလုပ်ကို စိတ်ဝင်စားနေသောကြောင့် မြဖူးညိုကိစ္စသည် မေ့မှိန်လျော့ပါးသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၈)

အိပ်ယာကိုစောစောထပြီး ခြံထဲတစ်ပတ် လမ်းလျှော
လိုက်ရုံနှင့် သွေးပူလေ့ကျင့်ခန်း လုပ်ပြီးသားဖြစ်သည်။

ဝေဝေခိုင်က စက်ဘီးတစ်စီးနှင့် ဈေးဝယ်ထွက်သည်
အဖော် အဖြစ်လိုက်ပါလာသော အမျိုးသမီးက အိမ်၏ဝေယ
ဝေစ္စ အားလုံးကို နိုင်နင်းအောင် ဆောင်ရွက်ပေးနိုင်သည်။ လူ
ကြည့်စရာမလိုပါ။

ခြံစောင့်က ခြံလုံခြုံရေးတင်မက ဥယျာဉ်မှူးတာဝန်





ယူထားသဖြင့် ဝေဝေခိုင့်ခြံကြီးမှာ လှပလျက်ရှိလေသည်။

ဒီနေ့ အိပ်ယာထ ခေါင်းမကြည်လင်ချေ။ မိုက်ခနဲဖြစ်ပြီး
အန်မိသည်။ အစာမဟုတ် လေနှင့်အရည်သာ အန်သည်။

မြဖူးညို ခုံတန်းလျားလေး၌ အသာထိုင်လိုက်သည်။
ငြိမ်သက်ပြီး စဉ်းစားလိုက်မိရာ. . .

ခေတ်ပညာတတ်မိန်းကလေးပီပီ ချက်ချင်းပင် အခြေ
နေအရပ်ရပ်ကို ရိပ်စားမိလိုက်သည်။

ဘုရားရေ မိမိသည် မကြာခင် လူသားတစ်ဦးကို ဖန်တီး
လုပ်တော့မည့် မိခင်လောင်းတစ်ယောက်အဖြစ်ကို ရောက်
နေပါတကောလား။

မြဖူးညို တုန်လှုပ်သွားသည်။

အမှန်တကယ်ဆို မိခင်ဘဝအဖြစ်သို့ ရောက်ရှိလာခြင်း
သည် မြတ်သောမိန်းမသားဘဝသို့ ရောက်ရှိလာခြင်းအဖြစ်
နှပ်ဂုဏ်ယူသင့်သည်။

သို့သော်. . .

မြဖူးညို မရွှင်လန်းနိုင်။ သူ ဘာဆက်လုပ်ရမည် သလဲ။

တပေါင်းကို ရှင်နဲ့ရတဲ့ကိုယ်ဝန်ပါလို့ ပြောလိုက်လျှင်
။ တပေါင်းက တအံ့တသြနှင့်ကြည့်ပြီး။

"ဟုတ်လား ငါမေးတုန်းက ဘာမှမပြောဘဲနဲ့ ခုမှ
သိလို့ဖြစ်တာလဲ" ဟု မေးခွန်းများ ပြန်ထုတ်လိုက်လျှင် သော်
လည်းကောင်း. . .

သံသယမျက်လုံးနှင့်ကြည့်ကာ

"ဟင်. . နင် ငါ့ကို နွားအောက်မေ့နေသလား၊ တ



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းကို ဒါမျိုး လာကြောလို့မရဘူး"

ဟူ၍လည်းကောင်း...

"အေးလေ ငါက နင့်အိမ်ကို မူးမူးနဲ့ ရောက်လာခဲ့

တဲ့ အပြစ်က ရှိနေတော့ ငါ့တာဝန်ဆိုလဲ ငါ တာဝန်ယူရမှာ

ဟာ..."

ဆိုသလိုမျိုးသာ ပြောခဲ့ပါလျှင်...

မြဖူးညို ဒေါသကြောင့် လဲသေသွားနိုင်သည်။

မြဖူးညိုအတွက် အရေးမကြီး။

လူ့လောကကြီး၌ မြဖူးညိုအတွက် နေရာရှိနေသည်

ပြင်ဦးလွင်မြို့နယ်တစ်ဝိုက်တင်မက မန္တလေး၊ လာရှိုး အ

မြဖူးညို၌ အမှုလက်ခံရှိပြီး ရုံးချိန်းများ လိုက်နေနိုင်ပြီ။

နာမည်လည်း ရနေပြီ။ အချိန်တိုတိုအတွင်း နေရာတ

ခုကို ရယူဖို့ဆိုတာ လွယ်ကူသောကိစ္စမှ မဟုတ်ပေဘဲ။

အရေးကြီးတာက မြဖူးညို၏ ဝမ်းဗိုက်အတွင်း သ

တည်လာပြီဖြစ်သော ရင်သွေး။ သူ့ကလေးအတွက် ကြည်

မည်။

သူ့ကလေးအဖွက် ဖခင်ရှိသလား။

ရှိသည်။ သက်သေ အခိုင်အမာနှင့် ရှိနေပြီ။ သူ့က

အပေါ်က ရက်စက်ရာ မကျပါဘူး။

ဖခင်၏ ချစ်ခြင်းမေတ္တာကိုရော...

ဒါအခုချိန်မှာ မလိုအပ်သေး။ ဖေဖေ မေမေဟု

တတ် သိတတ်စအရွယ်ရောက်မှ ဖခင်၏ချစ်ခြင်းမေတ္တာ

အပ်လာမည်။





အဲဒီအချိန်က အများကြီး လိုသေးသည်။ ဒီအတွက်

ခေါင်းစားချင်သေး။

"မိဖူး ဘယ်နှယ်ထိုင်နေတာလဲ လမ်းမလျှောက်ဘဲနဲ့

နေ့ လာရှိုးသွားရမယ် မဟုတ်လား"

"မိဝေ"

ဝေဝေခိုင်ကို အခုမှမြင်ဖူးသလို ငေးမောကြည့်လိုက်

သည်။ ပြီးမှ လေးတွဲစွာ ခေါ်လိုက်သည်။

ဝေဝေခိုင်အတွက် မြဖူးညို၏အမူအရာသည် အလွန်

ဆန်းနေသည်။ အမြဲတမ်း တက်တက်ကြွကြွနှင့် လန်းဆန်း

တော်သော မြဖူးညိုတစ်ယောက် အခုမှ ဘာစိတ်ကူးပေါက်

တွေဝေငေးမော ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေရတာလဲ။

"ဘာလဲ မိဖူး ရှင် နေမကောင်းဘူးလား"

"ဟုတ်တယ်၊ ကျုပ် မေမေကို သတိရလို့ ရန်ကုန် ခဏ

ချင်တယ်"

မိခင်ဘဝရောက်တော့မည်ဟု သိလိုက်ရကတည်းက

င်တိုလည်း သတိရလာမိလေပြီ။

မိခင်အပေါ် စိတ်ကောက်ပြီး တမင် ဝေဝေခိုင်နှင့် လိုက်

ခဲ့ပြီး ဝေဝေခိုင်နှင့်အတူ အလုပ်တွဲလုပ်ခဲ့သည်။ နှစ်လကျော်

လအတွင်း မိခင်ဆီ သူ ဖုန်းမဆက်။ မိခင်က ဆက်မှသာ

ကြောင်းသာကြောင်း လောက်ပဲပြောပြီး မာကြောင်းသာ

ကြောင်းပဲမေးသည်။

မိခင်ကလည်း သူ့စိတ်ကြီးမှန်းသိ၍ လက်လျှော့ထား

သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ . . စနေ တနင်္ဂနွေ ပိတ်ရက်ခွပြီးမှ သွား
ရော"

"ကျုပ် ခဏပြန်မှဖြစ်မယ် မိဝေ၊ ပိတ်ရက်အထိ ကျ
မစောင့်ချင်ဘူး၊ ဒီနေ့ပဲ မန္တလေးဆင်းမယ် ည express နဲ့ သွ
မယ်၊ ဘွတ်ကင် လှမ်းလုပ်လိုက်ကွာ"

"အေးကွာ တားမရရင်လဲသွားပေါ့၊ ဒါပေမယ့် မ
စေနဲ့နော်"

"အခြေအနေအရပေါ့၊ မိဝေ ကျုပ်အမှုတွဲတွေ ရှ
လွှဲခဲ့မယ်၊ ကျုပ် ဖုန်းဆက်ပါ့မယ်၊ ကိုင်း . . ရှင်လဲ လားရှိုးသွ
လုပ် ကျုပ်လဲ မန္တလေးဆင်းဖို့ လုပ်တော့မယ်"

"အင်း . . ရှင်ကတော့ ဖြစ်လိုက်ရင် အသည်းအ
ကြီးပဲ၊ ရှင့်ကိုတော့ ကျုပ်ဘာမှ မပြောချင်တော့ဘူး"

"အင်း . . နောက်ကို ဒီထက်ဆိုးရွားတဲ့ အသည်းအ
သတင်းကို ရှင်ကြားရဦးမှာ"

"ဖွ နိမိတ်မရှိ နမာမရှိ ပါးစပ်ပုတ်ကြီးက အကော
ပြောစမ်းကွာ"

မြဖူးညိုက ဟန်ဆောင်ရယ်မောကာ . . .

"အကောင်း ပြည်ကြီးပြန်သွားပြီ ပြောလို့ မရတော့

ဝေဝေခိုင် မြဖူးညိုကို နားမလည်နိုင်အောင် ဖြစ
သည်။ ညကအထိ ရယ်မောရွှတ်နောက်ပြီး သီချင်းတအော
ရှိနေခဲ့သော မြဖူးညိုသည် ယနေ့မနက်ရောက်မှ ဖြုန်းဒိုင်
ပြောင်းလဲသွားသည်။

ညက သူ့မိခင်ကိုများ အိပ်မက်မက်၍ သတိရသွာ





များလား။

မမေးတော့ပါဘူး။


မေးတိုင်းလည်း ဖြေချင်မှဖြေသည့် မိန်းမမျိုး။ မြဖူးညို
သည် ခေါင်းမာပြီး ဇွတ်တရွတ်နိုင်သောမိန်းမ ဖြစ်သည်ကို
ဝေဝေခိုင် သိထားသောကြောင့်လည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၉)

"မြဖူးညို နင်မှန်မှန်ပြောစမ်း၊ နင်. . နင်မဖုံးနိုင်မဖိနိုင် ဖြစ်နေပြီ မဟုတ်လား"

မြဖူးညို၏ရုပ်သွင်ပြင်လက္ခဏာနှင့် အစားအသောက် ပျက်နေမှုကို ဒေါ်မြမြအေးက ရိပ်မိလိုက်သည်။

ဆီးသွားစစ်သည်တဲ့။

မြဖူးညိုမိခင်ကို ထိတ်လန့်တကြား ကြည့်လိုက်သည်။

"နင် ညာဖို့မကြိုးစားနဲ့၊ နင့်မျက်လုံးတွေ ငါသိတယ်





မြဖူး"

ဒေါ်မြမြအေး ဒေါသစိတ်၊ ယူကြုံးမရစိတ်တို့က ပြည့်သို့ တက်လာသည်။

မြဖူးညို ခေါင်းညိတ်ကာ. .

"ဟုတ်တယ် မေမေ ကျွန်မမှာ ကိုယ်ဝန် ရှိနေပြီ"

"ဘုရား. . ဘုရား မိုက်လိုက်တဲ့သမီး"

ဒေါ်မြမြအေး လက်နှစ်ဖက်နှင့် ရင်ဘတ်ကို ဖိကာ. . ဘုရားတလိုက်သည်။

မျက်လုံးအစုံပြူးပြီး သမီးလုပ်သူကိုကြည့်သည်။

နှုတ်ခမ်းလှုပ်ပြီး အသံထွက်မလာဘဲ ပုံလျက်သားလဲကျသွားလေတော့သည်။

"မေမေ"

ဒီတစ်ခါ မျက်လုံးပြူးပြီး ထိတ်လန့်သွားသည့် သူမှာ မြဖူးညိုဖြစ်သည်။

စိုးရိမ်ပူပန်မှုက ငယ်ထိပ်မြွေပေါက်လေပြီ။ မိခင်ကို ပွေ့ထားပြီး. . .

"မိညို. . မိညို အန်တီသင်းကို ပြေးခေါ်၊ ဘကြီးတော်ရော. . ခေါ်စမ်း ဆရာဝန်ခေါ်"

အသံကုန်အစ်အော်ပြီး မိခင်အသက်ရှူမရပ်စေရန် ရှူပေး၊ ယပ်ခတ်လုပ်ရင်း မျက်ရည်များက ပိုးပိုးပေါက်ပေါက် လာသည်။

ဒေါ်မြမြအေး မျက်လုံးဖြူလန်လာပြီး နှုတ်မှ. . .

"ဘယ်သူ ဘယ်သူနဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု တွင်တွင်မေးလေသည်။

မြဖူးညို အေးစက်နေသော မိခင်လက်ကို ဆုပ်ကိုင်လိုက်ပြီး ဖြေသင့် မဖြေသင့် စဉ်းစားလိုက်သည်။ ဖုတ်လိုက်ဖုတ်လိုက် ဖြစ်နေသည်။ ဘုရား ဘုရား ဒါ သွေးတိုးတာလား။ စကားသံကလည်း မပီပြင်၊ မနည်းနားထောင်သည်။

ဘယ်သူနဲ့လဲ မေးနေသည်ကိုတော့ မြဖူးညို ကောင်းစွာသဘောပေါက်လေသည်။ မိခင်၏ နောက်ဆုံးအချိန်ဆိုပါက. .

"တပေါင်း. . တပေါင်းနဲ့ပါ"

မြဖူးညို လွှတ်ခနဲ ကမန်းကတန်း ဖြေလိုက်သည်။

မိခင် အသံတိတ်သွားသည်။ မျက်လုံး မှိတ်သွားသည်။

"မေမေ. . မေမေ"

မြဖူးညို မိခင်ကို သေမှာစိုးသဖြင့် လှုပ်ယမ်းကာ ခေါ်နေမိသည်။

"ဘကြီးထော် ဆရာဝန်ခေါ်ပါဦး မလာသေးဘူးလား"

တကယ်တမ်း သေရေးရှင်ရေး ရင်ဆိုင်လာရသောအခါ သွေးအေးမှုကို ကွယ်ပျောက်သွားသည်။ နှလုံးနေရာကို ဖိနှိပ်ပေးလိုက်သည်။ အသက်ရှူရပ်နေပြီလား။

"အေး. . အေး. . အေး. . ကိုယ်လာပြီ"

ဒေါ်သဇင်သင်း အူလျားဖားလျား ရောက်လာသည်။

ဒေါ်သဇင်သင်း အသံကြောင့်လား မသိ။ ဒေါ်မြမြအေး ပါးစပ် လှုပ်လာသည်။

"အေး ကိုယ်ရောက်လာပြီး ပြောပါ"

ဒေါ်သဇင်သင်းက ဒေါ်မြမြအေး၏ပါးစပ်အနား





ကပ်၍ နားထောင်သည်။

ပြောသည်၊ ဘာပြောသလဲ ဆိုတာကို ပထမစကားလုံးများကို မသဲကွဲလိုက်သော်လည်း နောက်စကားကိုတော့ သဲသဲကွဲကွဲ ကြားလိုက်ရသည်။

"မြေး. . ကို. . စောင့်. . ရှောက်"

ဒေါ်မြမြအေး ခေါင်းကလေး စောင်းကျသွားသည်။

"အေး. . အေး. . အမယ်လေး ကိုယ်ကျိုးနည်းပါပြီကော အေးရယ်"

ဒေါ်သဇင်သင်းက လှုပ်ယမ်းခေါ်ရင်း အော်ငိုလေသည်။ မြဖူးညို မယုံကြည်နိုင်သေး။


ဦးထော်နှင့် ဆရာဝန် ရောက်လာသည်။ ဒေါ်သဇင်သင်း ဖယ်ပေးလိုက်သည်။ မျက်ရည်ဝိုင်းနေသော မျက်လုံးအစုံများဖြင့် အားကိုးတကြီး ဆရာဝန်ကို ကြည့်သည်။

ဆရာဝန်က မျက်စိကိုဖြဲကြည့်သည်။ နားကြပ်နှင့် စမ်းသည်။ ထပ်ခါတလဲလဲ စမ်းပြီးမှ ခေါင်းခါယမ်းလိုက်သည်။

မြဖူးညို တစ်ကိုယ်လုံး ချာချာလည်သွားသည်။ တွယ်ရာမဲ့ပမာ လှမ်း၍ဆုပ်ကိုင်လိုက်သည်။ သို့သော် ဘာကိုမှ လှမ်းဆွဲ၍ မရနိုင်ဘဲ လေဟာနယ်ထဲသို့ ရောက်ရှိသွားလေတော့သည်။



www.burmeseclassic.com



# အခန်း (၂၀)

တပေါင်း ငွေသောင်ယံမှ ပြန်ရောက်လာသည်။ ဒေါ်မြမြအေး၏ နာရေးသတင်းကို တွေ့လိုက်ရသဖြင့် တမင်ပြန်လာခြင်းဖြစ်သည်။ သိသိချင်း လာသော်လည်း အသုဘ မမီလိုက်။

သတင်းမေးသက်သက်အနေဖြင့် မိခင်ဒေါ်သဇင်သင်းနှင့်အတူ လိုက်သွားသည်။ မြဖူးညိုအတော့်ကို ချောင်ကျသွားသည်။ အင်းလေ. . အမေတစ်ခု သမီးတစ်ခုအနေနှင့် သောကအပူမီးက လောင်မြိုက်တက်လာပေလိမ့်မည်။





တပေါင်းမြဖူးညိုကို ဂရုဏာသက်စွာ ငေးကြည့်မိသည်။ မြဖူးညို အကြည့်က စိမ်းနေသည်။

"နေမကောင်းဘူးလား မြဖူး"

"ကောင်းပါတယ်"

မေးခေါ် ထူးခေါ်မှအပ အပိုမပြောမိကြ။ တအောင့်နေတော့ တပေါင်း ပြန်လာသည်။

"မေမေ"

"ဘာလဲသား"

ညရောက်တော့ သားအမိနှစ်ယောက် အေးဆေးစွာ စကားပြောဖြစ်ကြသည်။

"အန်တီအေးက ဘာဖြစ်လို့ ဆုံးသွားတာလဲ"

"သွေးတိုးနဲ့နှလုံးရောဂါကြောင့်ဆုံးတာ စိတ်ထိခိုက်စရာ တစ်ခုခုနဲ့ ကြုံတွေ့လိုက်ရလို့ ထင်တယ်"

"မေမေ မသိဘူးလား"

"မြဖူးကတော့. . အမေ့ကို သတ်တာ သမီးပါလို့တော့ ပြောပြောပြီး ငိုနေတာပဲ"

တပေါင်း စိတ်ထဲက တစ်မျိုးဖြစ်လာသည်။ စိတ်ဝင်စားလာသည်။ မြဖူးညိုက ဒေါ်မြမြအေး မကြိုက်တာ ဘာလုပ်သလဲ။

စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းဖို့ တောင်းဆိုလို့များလား။ ဖြစ်နိုင်သည်။

"ဒါ အဖြစ်နိုင်ဆုံးပဲ"

"ရက်လည်ပြီးမှပဲ မေမေ မြဖူးကို အေးအေးဆေးဆေး ကြိတ်မေးတော့မယ်၊ ခုတော့ အမျိုးတွေရှိနေသေးတော့ မေမေ

www.burmeseclassic.com



မမေးချင်သေးဘူး၊ မေးလဲ မမေးရက်ဘူး၊ မေးရင် . . ငိုချင်ရက်လက်တို့ဖြစ်သွားမှာလဲ စိုးရိမ်သေးတယ်”

“သူက ပြင်ဦးလွင်က ဘယ်တုန်းကရောက်တာလဲ”

“သူ့အမေ မသေခင်တစ်ရက်ကမှ ရောက်တာ၊ ဟိုမှာပဲ အဆင်မပြေတယ်ဆိုလားပဲ၊ ဘာမှ တိတိကျကျ မပြောရသေးခင် ဖြုန်းစားကြီး သွားတာပါပဲ၊ အင်း . . လူဆိုတာ ဆန့်သောလက် မကွေးမီ ကွေးသောလက် မဆန့်ခင် သေသွားနိုင်တာပဲ၊ မေမေလဲ အေး ရက်လည်နေ့ပြီးရင် မိုးကုတ်မှာ တရားစခန်းသွားဝင်လိုက်ဦးမယ်၊ သေခြင်းတရားဆိုတာ လူတိုင်းမှာ ကပ်ပါနေတတ်တာမျိုးပဲ၊ သားလည်း ပင်ပန်းလာတယ် . . နားလိုက်ဦး၊ မေမေလည်း ဘုရားရှိခိုးပြီးတာနဲ့ အိပ်တော့မယ်၊ ဖေဖေ့ဆီက ဖုန်းလာလည်း သားပဲ ကြည့်ပြောလိုက်တော့နော်”

မိခင်သည် သူ၏ အချစ်ဆုံးသူငယ်ချင်း ဒေါ်မြမြအား ရုတ်တရက် တိမ်းပါးသွားရခြင်းအတွက် ပူဆွေးသောကရောက်နေရှာသည်။ မိခင်ကို အနီးကပ်စောင့်ရှောက်ပေးသင့်သည်ဟု တပေါင်း နားလည်လိုက်လေပြီ။


တပေါင်း လူ့လောကကြီးကို လေးနက်သော မျက်လုံးဖြင့် စတင်ကြည့်ရှုတတ်လာလေပြီ။

ဒါကို မြဖူးညို သိရှိမည် ဆိုပါက သူ့အား . .

“ဆန်ကုန်မြေလေး” ဟု တင်စားတော့မည် မဟုတ်ပါချေ။







# အခန်း (၂၁)

လူရှင်းသွားလေပြီ။ အမျိုးတွေလည်း သိမ်းဆည်းပေးပြီး ပြန်သူများကလည်း ပြန်သွားကြလေပြီ။

မြဖူးညိုနှင့် နှစ်ယောက်တည်းရှိသောအချိန်ကို ဒေါ်သဇင်သင်း စောင့်နေခဲ့သည်။

ညနေပိုင်းမှ ဆန္ဒပြည့်ဝသွားသည်။

မြဖူးညိုသည် ခရီးဆောင်သေတ္တာတစ်လုံး၌ အဝတ်အစားများ ထည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီး အန်တီ ဝင်ခဲ့မယ်နော်"

"ဝင်ပါ အန်တီ"

မြဖူးညို၏ စာကြည့်စားပွဲရှိ ကုလားထိုင်၌ ဝင်ထိုင်လိုက်သည်။

"ပစ္စည်းတွေ သိမ်းလို့ပါလား ဘယ်သွားမလို့လဲ သမီး"

"ပြင်ဦးလွင်ကိုပဲ ပြန်သွားမလို့ပါ"

"အလုပ်က ဒီမှာပဲလုပ်ရတာ ပိုမကောင်းဘူးလား၊ အကျိုးဆောင်လုပ်ငန်းကြီးတွေ ဒီလောက်အလုပ်ဖြစ်နေတဲ့နေရာမှာ မနေဘဲနဲ့ကွယ်"

"အလုပ်က အဓိက မဟုတ်ပါဘူး အန်တီ"

မြဖူးညိုသည် ဒေါ်သဇင်သင်းနှင့် ရင်ဆိုင်ရန် စကားလုံးများကို ကြိုတင်ပြင်ဆင်ပြီးဖြစ်သည်။

ထို့ကြောင့် သွေးအေးစွာပင် နိဒါန်းပျိုးနိုင်ခဲ့သည်။

"ဒါဖြင့် ဘာက အဓိကဖြစ်နေလို့လဲ"

"ကျွန်မဘဝက အရေးကြီးနေလို့ပါ"

"မြဖူးဘဝ ဘာဖြစ်လို့လဲ၊ အန်တီကို ပွင့်ပွင့်လင်းလင်းသာပြောပါ ငွေရေးကြေးရေး အခက်အခဲရှိလို့လား"

"မရှိပါဘူး အလုပ်မလုပ်ဘဲ ဘဏ်တိုးနဲ့ စားရင်တောင် လုံလောက်ပါတယ်"

"ဒါဖြင့် ကျန်းမာရေး၊ လူမှုရေး ဘာတွေ အခက်အခဲရှိသလဲ"

ဒေါ်သဇင်သင်းကလည်း မြဖူးညိုထံမှ ဒေါ်မြမြအေးနှလုံးထိခိုက်ပြီး. . ရုတ်တရက် သေဆုံးသွားရလောက်အောင်





ပြဿနာတစ်ခု သယ်ဆောင်လာ၍ ခုလို တိမ်းပါးသွားရခြင်းဖြစ်ကြောင်းကို ရိပ်မိပြီးသားဖြစ်သည်။ ထို့ကြောင့် မြဖူးညိုထံမှ အဖြေကို မရမက ကပ်မေးလိုက်ခြင်း ဖြစ်သည်။

"လူမှုရေးပါ"

"အန်တီကို ရှင်းရှင်းလင်းလင်း ပြောပါ"

"ကျွန်မဘဝသစ်တစ်ခုကို မိခင်တစ်ယောက်အနေနဲ့ သွား တည်ဆောက်မှာပါ"

"ဟင်. . ဘာ. . ဘာရယ်"

ဒေါ်သဇင်သင်း နဝေတိမ်တောင် ဖြစ်သွားသည်။

မြဖူးညိုက အေးစက်စွာပင် တစ်ချက်ကြည့်လိုက်ပြီး

"အန်တီ နားမရှင်းဘူးဖြစ်သွားမယ် ထင်တယ်၊ ကန်တော့ပါ အန်တီ၊ ကျွန်မ အပွင့်လင်းဆုံးပဲပြောရရင် စကားကသည်းနည်းတော့ ရိုင်းလိမ့်မယ် ခွင့်လွှတ်ပါ အန်တီ"

ဒေါ်သဇင်သင်းသည် အသက်ပင် မရှူဝံ့အောင် ဖြစ်သွားသည်။ မင်တက်သွားပြီး မြဖူးညိုကို မျက်တောင်ပင် မခတ်ဘဲ ကြောင်ကြည့်နေသည်။

မြဖူးညိုက နှုတ်ခမ်းကို တွန့်ရုံ ပြုံးလိုက်ပြီး. . .

"တစ်ခါတစ်ရံ အမှန်ဆုံး အပွင့်လင်းဆုံးစကားဟာ အရိုင်းဆုံးစကား ဖြစ်နေတတ်ပါတယ်၊ ကန်တော့နော် အန်တီ ကျွန်မ အဖေမဖော်နိုင်တဲ့ ကလေးကို သွားမွေးမလို့ပါ အန်တီ"

"အို. . ဘုရား. . ဘုရား"

ဒေါ်သဇင်သင်းသည် အလန့်တကြား ဘုရား တလိုက်ပြီး ထရပ်ပြီးသား ဖြစ်သွားသည်။ လှပ နူးညံ့သိမ်မွေ့ပြီး ပညာ



www.burmeseclassic.com

www.burmeseclassic.com



တတ်သော မိန်းကလေးတစ်ဦးထံမှ ယခုလို ရင့်ရင့်သီးသီးစကား တစ်ခွန်းကို ကြားလိုက်ရသော မိမိနားကိုမိမိ မယုံကြည်အောင် ဖြစ်သွားသည်။

တစ်ဆက်တည်း ဒေါ်မြမြအေး သေခါနီးမှာသွားသော စကားကို သတိရလိုက်သည်။

"မြေးကို စောင့်ရှောက်ပါတဲ့"

ဖြစ်ရလေ အေးရယ်၊ ဒါကြောင့် အေးသည် လူ့လောက ကြီးမှ လက်မြှောက် အရှုံးပေး ထွက်ခွာသွားခြင်းဖြစ်သည်။

"တကယ်ပဲ ကလေးဖခင်ကို မသိဘူးလား"

"ကျွန်မက သိပါတယ်၊ ဒါပေမယ့် သူက မသိဘူးတဲ့"

"တာဝန် မယူချင်လို့ မသိလိုတာများလား၊ ဒါဖြင့် ဘယ်သူလဲ အန်တီကိုပြောစမ်း၊ ခုချက်ချင်း အန်တီ သူ့မိဘတွေဆီ သွားတွေ့ပြီး ပြောပစ်လိုက်မယ်၊ သူတို့ တာဝန်မယူနိုင်ရင် အန်တီ တာဝန်ယူမယ်"

မြဖူးညို မျက်ရည်များ ရစ်ဝဲလာသည်။ ဒေါ်သဇင်သင်း ၏ စေတနာကို ခံစားလိုက်ရသဖြင့် ကျေနပ်သွားသော်လည်း စိတ်ပျော့၍မဖြစ်။ မိမိအပွင့်က မိခင်ရော ရင်သွေးဘဝအတွက် ပါ လုံခြုံမှု အပြည့်အဝ ရှိနေသည်ပဲ။

လေပြည်လေညင်း မလာခင်တော့ မုန်တိုင်းကတော့ ခက်ထန်ပေလိမ့်ဦးမည်။

"သူ့ကိုပြောရင် သူကတာဝန်ယူမှာပါ၊ ဒါပေမယ့် ကျွန်မ က တာဝန်နဲ့တည်ဆောက်ရတဲ့ အိမ်ထောင်ရေးကိုမှ မလိုချင် တာ၊ သူ့ကို ဖွင့်မပြောတော့ဘူးလို့ ဆုံးဖြတ်ထားတယ်"





"ဟာ. . ဒီလိုဘယ်ဟုတ်မလဲ မိန်းမသားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာဟာ အရေးအကြီးဆုံးပဲ သမီး"

မြဖူးညိုသည် မိုက်မိုက်မဲမဲပင် ငြင်းဆန်လိုက်သည်။

"ခုကိစ္စဟာ ကျွန်မ ဖောက်ပြားလော်လီလို့ ဖြစ်လာတဲ့ ကိစ္စ မဟုတ်တဲ့အတွက် ကျွန်မရဲ့ဂုဏ်သိက္ခာဟာ ပဲ့မသွားဘူးလို့ ထင်ပါတယ်၊ ကျွန်မအတွက် နည်းနည်းလေးမှ မစိုးရိမ်ပါနဲ့ အန်တီ၊ အချိန်တန်ရင် ကလေးအဖေဘယ်သူလဲဆိုတာ အန်တီတို့ အရင်ဆုံး သိရမှာပါ"

ဒေါ်သဇင်သင်း ခေါင်းမီးတောက်နေပြီ။

မိုက်လိုက်တဲ့ မိန်းကလေး။

စိတ်ဓာတ်ကလည်း တစ်ဘက်စွန်း ရောက်နေသည်။

မြဖူးညို စိတ်ထဲ၌ မကျေမနပ်ဖြစ်နေသည်။ ဒီကိစ္စ၌ သူသားများ ဖြစ်နေမလားဆိုတဲ့ သံသယကို နည်းနည်းလေးမှ ဖြစ်ပုံမရသော ဒေါ်သဇင်သင်းကို အံ့အားသင့်ရသည်။

"ဒီလိုလဲ မဟုတ်ဘူးလေ သမီး၊ ကာယကံရှင်က တာဝန် ယူမယ်လို့ ပြောရင်တော့လဲ မချစ်သော်လည်း နောင့်ကာနမ်း ဆိုသလို ရင်သွေးအတွက် ငဲ့ညှာပြီး သူ့ကို လက်ထပ်သင့်တယ် လို့ အန်တီတော့ တိုက်တွန်းချင်တယ်"

မြဖူးညို ခေါင်းကို လေးတွဲ့စွာ ခါယမ်းလိုက်ပြီးမှ. . .

"အိမ်ထောင်တစ်ခုကို တည်ဆောက်တဲ့ နေရာမှာ မဖြစ် နေကိစ္စကြောင့် တရားဝင် လက်ထပ်လိုက်ရတာမျိုးဟာ မိန်းမ သားတွေရဲ့ လုံခြုံမှုသက်သက်တစ်ခုပါပဲ၊ ကျွန်မမှာ ကျွန်မရဲ့ ရင်သွေးအတွက် ခိုင်မာလုံခြုံမှုက ရှိနေပြီးသားပါ၊ ဒါပေမယ့် ဒါ



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ရမှာလဲ အန်တီ၊ တာဝန်ဝတ္တရားတစ်ခုကို ဂုဏ်သိက္ခာ အတွက် အနှစ်သာရမရှိဘဲ လုပ်လိုက်ရတာနဲ့ပဲ တူတယ်၊ ကျွန်မ လိုချင်တာ အဲဒီလိုအိမ်ထောင်မျိုး မဟုတ်ဘူး၊ မေတ္တာ စေတနာ တွေ ကြင်နာမှုတွေနဲ့ ပေါင်းစည်းလိုက်ရတဲ့ အိမ်ထောင်ရေး

"ခေါင်းမာလိုက်တဲ့ မြဖူးရယ်၊ မိန်းမသားတစ်ဦးအတွက် မိခင်ဘဝဟာ ဘယ်လောက်ပင်ပန်းဆင်းရဲခက်ခဲမှုတွေ ရှိတယ် ဆိုတာကို သမီးနားလည်မှာ မဟုတ်ဘူး၊ ခင်ပွန်းရဲ့ ဖေးမမှုဟာ လိုအပ်တယ်ကွယ့်"

"ခင်ပွန်းရဲ့ ဖေးမမှု၊ အဟင်း . . ငါ့တာဝန်ဆိုတဲ့အသိနဲ့ ပြည့်ပြည့်ဝဝ တာဝန်ယူပေးလိုက်တာဟာ သူ့ရဲ့ ဂုဏ်သိက္ခာအ တွက်ပဲ ဖြစ်မှာပါ၊ အဲဒီလိုလူမျိုးဆီက ဖေးမမှုရနိုင်ပါ့မလား ကျွန်မ တာဝန်ကြောင့်မဟုတ်ဘဲ ရင်ထဲက အလိုအလျောက် ပေါက်ဖွားလာတဲ့ စေတနာ မေတ္တာ အကြင်နာတွေနဲ့ ပေးဆပ် မှုကိုပဲ တစ်စိတ်တစ်ဒေသလေး ဖြစ်ပါစေ တန်ဖိုးထား လိုချင် ပါတယ်"

မြဖူးညိုက တွေးတွေးဆဆလေးလုပ်ပြီး သူ့ခံယူချက်ကို ရင်ဖွင့်လိုက်သည်။

"ကျွန်မအပေါ် စေတနာထားပြောပေးတဲ့အတွက် . . ကျေးဇူးတင်ပါတယ် အန်တီ၊ ကျွန်မ ပြင်ဦးလွင်မှာ အလုပ်လည်း ရှိနေတယ် ဟိုမှာနေရတာကလည်း ပျော်တယ်၊ အဲဒီမှာပဲ ကျွန်မ မီးဖွားမယ်"

"အန်တီကို လိပ်စာပေးခဲ့ဦး ဆက်သွယ်ဖို့ ဖုန်းနံပါတ် ရောပေးပါ၊ အန်တီအနေနဲ့က အေးသမီးဟာ အန်တီသမီးပဲ





သမီးကို အန်တီ စောင့်ရှောက်ချင်တယ်"

"စိတ်ချပါ အန်တီ၊ ကျွန်မ မွေးကာနီးရောက်ရင် အန်တီ ကို ဆက်သွယ်မှာပါ၊ ဒီကြားထဲ လိုအပ်ရင်လဲ ဆက်သွယ်မှာပါ၊ လိပ်စာရော ဖုန်းနံပါတ်ရော မမှတ်မိလို့ပါ၊ သွားပဲသွားတတ် တယ်"

မြဖူးညို မုသားသုံးလိုက်သည်။

ဖြစ်နိုင်လျှင် လုံးဝ အဆက်အသွယ်ဖြတ်တောက်လိုက် ချင်သည်။

"သမီး လက်ခံမယ်ဆိုရင် . . အန်တီက ဘယ်မှတောင် သွားစေချင်ဘူး၊ အန်တီ မျက်စိရှေ့မှာပဲ"

"အဲဒီလောက်အထိတော့ ကျွန်မ ပတ်ဝန်းကျင်ကို မျက် နှာပြောင်တိုက်ပြီး ရင်ဆိုင်ရဲမှာမဟုတ်ဘူး အန်တီ၊ ကျွန်မ စီမံ ကိန်းတွေ ချပြီးပါပြီ၊ ကျွန်မအတွက်တော့ ဘာမှမပူပါနဲ့"

"ကိုင်း . . တားမရလဲ သမီးသဘောပဲ၊ ဒါပေမယ့် အ ရေးရယ် အကြောင်းရယ် ရှိရင်တော့ အေးကိုယ်စား အန်တီကို အကြောင်းကြားဖို့ မမေ့နဲ့နော်၊ ဩော် . . အေး . . အေး . . ဒါ ကြောင့် လောကကြီးက အစောကြီး စွန့်ခွာသွားမဲ့တာကိုး"

မြဖူးညို ရင်ထဲ ဆို့နင့်သွားသည်၊ မြဖူးညိုသို့ ယူကြုံးမရ စိတ်ကရှိနေဆဲ ဖြစ်သည်။

မိမိလုပ်ရပ်သည် လောလောဆယ်တော့ မှားကောင်း မှားလိမ့်မည်။ သို့သော် အနာဂတ်အတွက် တော့ မှားမည်မထင် ပါ။

မြဖူးညို ဘာမှမပြောချင်တော့ပါ။ ဒေါ်သဇင်သင်းသည်



www.burmeseclassic.com

www.burmeseclassic.com



မြဖူးညိုကို ဘယ်လောက်ပဲ ချစ်သည်ပြောပြော သူ့သားဘဝနှင့် လဲလှယ်နိုင်ပါ့မလားဟု မေးလိုက်ချင်သည်။

သို့သော် မမေးတော့။

တကယ်၍ . . ထိုမေးခွန်းကို ဒေါ်သဇင်သင်းက ခေါင်းညိတ်ကာ လက်ခံလိုက်မည့်ဆိုပါက တစ်မျိုးတစ်ဖုံ ပြောင်းလသွားနိုင်သည်။ မိမိပျော့ညံ့သွားနိုင်သည်။


မိမိဆုံးဖြတ်ချက်ကို ဘယ်နည်းနဲ့မှ အပြင်မခံတော့။

အားလုံး ပိပိရိရိနှင့် ပြီးပြည့်စုံနေပြီပဲ။

ဒေါ်သဇင်သင်း ပြန်သွားသည်ကို ရီဝေသောမျက်လုံးအစုံဖြင့် ငေးကြည့်ပြီး ကျန်ရစ်ခဲ့လေသည်။







## အခန်း (၂၂)

ဒီကိစ္စက လူများများသိသင့်သော ကိစ္စမဟုတ်သဖြင့် တပေါင်းကိုပင် ပြောပြဖို့ သင့်မသင့် ဒေါ်သဇင်သင်း ချင့်ချိန်နေနေသေးသည်။ တပေါင်းကိုတော့ ပြောပြသင့်သည် ထင်သည်။

သို့သော် . . .

နဂိုကမှ တပေါင်းက မြဖူးညိုအား အထင်မကြီး၊ ကုတ်ကမြင်းဟု စွပ်စွဲနေသေး၊ ခုကိစ္စကြားလျှင် ပိုပြောပြီး အထင်သေးသွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ သား စင်ကာပူကို တစ်ပတ်လောက် လေ့လာ ရေးထွက်ဖို့ ကိုကို စီစဉ်ထားတယ်"

"အေး. . သွားပေါ့သားရဲ့၊ ဒါမှ ဗဟုသုတရမှာ အမြင်လည်း ကျယ်တာပေါ့"

သားဖြစ်သူ အလုပ်၌ စိတ်ဝင်စားလာခြင်းကိုပဲ ကျေနပ်နေရသည်။ မြဖူးညိုကိစ္စ မပြောတော့ပါဘူးဟု ဆုံးဖြတ်လိုက်သည်။

"ဒါထက် ဟိုဘက်ခြံကအိမ်ကြီး ပိတ်လို့ပါလား"

"ဟုတ်တယ် မြဖူးက ပြင်ဦးလွင်မှာပဲ အလုပ်ရှိလို့ မနေ့ကပဲ ပြန်သွားတယ်၊ မိညိုကိုလည်း ခေါ်သွားတယ်လေ၊ ဦးဘော တစ်ယောက်ပဲ ခြံစောင့်ကျန်ခဲ့တာ"

"ဩော်. . ဘာဖြစ်လို့များ ရန်ကုန်မှာ မလုပ်ဘဲ နယ်မှာ သွားလုပ်ရတာလဲ မသိဘူး၊ သူ့အတွေးအခေါ်က ခပ်ဆန်းဆန်းပဲ"

"အေးလေကွယ် မင်းတို့ခေတ်လူငယ်တွေရဲ့ စိတ်ဓာတ်ကိုလည်း မေမေ လိုက်မမီတော့ပါဘူး၊ ဒါထက် စေ့စပ်ထားတဲ့ကိစ္စကို ဘယ်လိုလုပ်မလဲ"

တပေါင်းကို အကဲစမ်းလိုက်သည်။

"ဘာလုပ်စရာလိုလို့လဲ မေမေ စေ့စပ်တာလည်း မေမေတို့နှစ်ယောက်ပဲ သတင်းစာထဲ ဖတ်မိတဲ့လူလောက်ပဲ သိတာ မဖိတ်ရကောင်းလားလို့တောင် အပြစ်တင်နေကြသေးတာ၊ တစ်ခါ ဖျက်သိမ်းကြောင်းထည့်လိုက်ရင် ဖြေရှင်းရတဲ့အလုပ် ပိုလာမယ်၊ ဒါထက် မြဖူးညိုက ဖျက်ခိုင်းလို့လား"





"ဟင့်အင်း အဲ့ဒီကိစ္စတောင် ဘာမှမပြောဖြစ်ပါဘူး၊ ခုမှသာ သားနဲ့စကားစပ်မိလို့ပြောတာ၊ ဘာလဲ သားက မဖျက်ချင်ဘူးလား"

ဒေါ်သဇင်သင်းသည် တပေါင်းအတွက် စိတ်မကောင်းဖြစ်သွားသည်။

အချစ်ဆုံးသားဖြစ်၍ အလိုလိုက်ခဲ့သည်။ တပေါင်းသည် ငွေကို ရေလိုသုံးပြီး အပေါင်းအသင်းများနှင့် သောက်သောက်စားစား လူမင်းသားလုပ်ကာ အချိန်တွေကို အလဟဿ ဖြုန်းတီးခဲ့သည်။ ထို့ကြောင့် တပေါင်းဘဝကို ကြိုးကိုင်နိုင်မည်ထင်သော မြဖူးညိုလို မိန်းကလေးလက်သို့ ဝကွက် အပ်ချင်သည်။

ခုတော့ လောကကြီးက ပြောင်းပြန်ဖြစ်သွားသည်။

တပေါင်း ပြောင်းလဲလာပြီး အရက် လုံးဝမသောက်တော့။ အလုပ်ကို စိတ်ဝင်စားစွာ လုပ်ကိုင်လာလေပြီ။ လူတော်တစ်ယောက် ဖြစ်လာပြီ။

မြဖူးညိုကတော့. . .

ဒေါ်သဇင်သင်း သက်ပြင်း ချလိုက်သည်။

"သားက မဖျက်ချင်တာ မဟုတ်ပါဘူး၊ ဖျက်ဖို့မလိုဘူးထင်လို့ပါ၊ နာရေးကလည်း မကြာ[illegible]ဘူး မဟုတ်လား၊ ပြီးတော့ တစ်ကောင်ကြွက်သူ့ကို သူ့မခင်ကိုယ်စားတောင် မေမေက ပိုပြီးစောင့်ရှောက်ပေး[illegible]တယ် ထင်လို့ပါ. . .၊ ဖျက်သိမ်းကြောင်းထည့်လိုက်ရင် မေးလာမယ့် ပါးစပ်ပေါက်တွေကို မေမေ တော်တော်ဖြေရှင်းရလိမ့်မယ် ထင်တယ်"

www.burmeseclassic.com



"အေးပါ . . မေမေလဲ အဲ့ဒီကိုပဲ တွေးမိပါတယ်၊ ဘာမှ ဆက်မလုပ်ဘဲ ပိုနေမြဲ ကျားနေမြဲပဲ ကောင်းပါတယ်လေ"

ဒေါ်သဇင်သင်း ပြောမိမှာစိုးသဖြင့် တပေါင်း အနီးမှ ထွက်လာပြီး ပန်းခြံထဲ ဆင်းခဲ့လေသည်။


ဒေါ်မြမြအေး သေဆုံးသွားသဖြင့် အနေရအခက်ဆုံးမှာ ဒေါ်သဇင်သင်းသာ ဖြစ်လေသည်။ ရိပ်သာဝင်ဖို့အရေးသားဖြစ်သူက ခရီးထွက်မယ် ဆိုသဖြင့် အသာနောက်ဆုတ်လိုက်ရလေသည်။

ဂျပန်မှခင်ပွန်းဖြစ်သူ ဖုန်းဆက်လျှင် . . အိမ်မှာတစ်ယောက်မဟုတ် တစ်ယောက်တော့ ရှိနေသင့်သည်။

တိတ်ဆိတ် ငြိမ်သက်နေသော မြဖူးညိုတို့ခြံကို ကြည့်ပြီး ဒေါ်သဇင်သင်း သက်ပြင်းအခါခါ ချမိလေသည်။







# အခန်း ( ၂၃ )

ဝေဝေခိုင် မြဖူးညိုကို တအံ့တဩကြည့်နေမိသည်။ မိမိတို့ မှီခိုပြီးနေထိုင်သူဖြစ်သည့်အတွက် အကြိုးအကျယ်လည်း အဖြစ်တင် မပြောဆိုရဲချေ။

"ရှင် . . အခု သတင်းလှမ်းပေးဖို့က သူ့အမေဆုံးကာနီး ဆက်ထပ်ပေးသွားတယ်၊ အမျိုးသားကလည်း ရှိုးဂျော့နဲ့ နိုင်ငံခြားအလုပ် သွားတယ်လို့သာ ပြောထားပေးပါ"

"ပြောထားလိုက်ပါတယ်၊ ဒါပေမယ့် . . ယောက်ျားတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်ပြီး တာဝန်မယူရဲရအောင် အဲ့ဒီလိုလူမျိုးကို နင်က ခွင့်လွှတ်နေမှာလား”

ဝေဝေခိုင်က အကျိုးအကြောင်း မသိ။ မြဖူးညိုကလည်း ဘယ်သူ့ကိုမှ မပြောချင်။

“တာဝန်မယူရဲတာမဟုတ် ယူရဲတယ်၊ ကျုပ်က အဲ့ဒီ တာဝန်ယူတယ်ဆိုတဲ့ စကားကို မကြိုက်တာ၊ အိမ်ထောင်တစ်ခု ဖန်တီးတဲ့နေရာမှာ တာဝန်ကအရေးကြီးသလား ချစ်ခြင်းမေတ္တာ က အရေးကြီးသလား၊ ကဲ. . ရှင်ဖြေ”

ဝေဝေခိုင် မပြောတတ်တော့။ ဝေဝေခိုင်သည် အခုအ ရွယ်အထိ ချစ်သူရည်းစားမရှိသေးသော မိန်းကလေးဖြစ်သည်။

“တာဝန်ယူတယ်ဆိုကတည်းက ဒီလူဟာ မဆိုးပါဘူး ရှင်ပြောတဲ့ ချစ်ခြင်းမေတ္တာတွေ ဘာတွေတော့ ကျုပ်နားမလည် ဘူး၊ ဒါပေမယ့် ကျုပ်နားလည်တာက ရှင့်ကလေး အနာဂတ်အ တွက် ရှင်ကြည့်သင့်တယ်”

“ဘယ်နေမလဲ မိဝေရယ်၊ ကျုပ်အလျင်ဆုံးကြည့်တာ ကျုပ် ရင်သွေးလေးအတွက် ကြည့်ပြီးပါပြီ၊ သူ့အဖေအရင်း ရှိ ပါတယ်၊ သူ့အဖေကို မေးလာတဲ့အချိန်မှာ သူ့အဖေကိုပဲ ကျုပ် ပြမှာပါ”

“နောက်လည်း ပြရမယ့်အတူတူ အခုကတည်းက အ သိအမှတ်ပြုလိုက်ရင်ရော”

“ရှင် နားမလည်ပါဘူး သူ့ရဲ့ကျူးလွန်မှုဟာ သိစိတ်နဲ့ မဟုတ်ဘူး၊ မသိစိတ်နဲ့၊ ဒါကို ကျုပ်က လက်မခံချင်တာ၊ ဒီရင် သွေးဟာ ချစ်ခြင်းမေတ္တာနဲ့ သန္ဓေတည်လာတာ မဟုတ်ဘူးလေ





ကျုပ်က အဲဒီလူကို ရှင့်ကိုယ်ဝန်ပါလို့ပြောရင် ဟုတ်လားဆိုပြီး တာဝန်ယူမယ်၊ သံသယရှိမရှိကို ကျုပ် လိုက်ခံစားကြည့်မနေ နိုင်ဘူး၊ ဘယ်လိုပြောမလဲကွာ ကျုပ်လိုချင်တဲ့ ချစ်ခြင်းမေတ္တာနဲ့ အိမ်ထောင်ရေးတစ်ခု ဖြစ်လာမှာမဟုတ်ဘူး”

ဝေဝေခိုင် သက်ပြင်းချလိုက်မိသည်။

“ရှင် ကျုပ်ကို ဘယ်သူလဲဆိုတာ ပြောပြနိုင်မလား”

“ဘယ်ဖြစ်မလဲ”

မြဖူးညိုက ရယ်ကျဲကျဲလေး လုပ်လိုက်သည်။

“ဘာဖြစ်လို့လဲ”

“ရှင်သိသွားရင် ရှင် အဲ့ဒီလူကို ဖွင့်ပြောမှာပေါ့၊ အဲဒီ အခါ အဲဒီလူ တာဝန်သိကြီးက သူ့တာဝန်ပဲ သူထမ်းဆောင် ပါရစေဆိုပြီး. . ကျုပ်နား နွားပိန်တွယ် တွယ်ကပ်နေရင် ကျုပ် စိတ်ရှုပ်သွားမှာ ကျိန်းသေတယ်”

“ကျုပ် ကတိပေးပါတယ်”

“မယုံဘူး သူငယ်ချင်းကောင်းစားရေးအတွက်ဆိုပြီး. . ရှင် ဘယ်နည်းနဲ့မဆို ဖွင့်ပြောမှာပဲ”

“ရှင်ဟာလေ ရှင့်အယူအဆတွေ တစ်ဘက်စွန်းရောက် နေပြီ”

မြဖူးညို စိတ်မဆိုးသည့်အပြင် ရယ်မောလိုက်သည်။

“ထင်ချင်သလို ထင်ပေါ့. . ရင်သွေးအတွက်နဲ့ ငါ့ဘဝ တစ်ခုလုံးကို စတေးခံ မလဲလှယ်နိုင်ဘူး၊ ရင်သွေးအတွက် ငါ အကောင်းဆုံး ဆောင်ရွက်ထားပြီးပါပြီ”

“တိုင်း. . ပြောမရလဲ ရှင့်သဘောပဲ၊ ရှင် ကြိုက်သလို



www.burmeseclassic.com

www.burmeseclassic.com



သာနေ. . လွတ်လွတ်လပ်လပ်သာနေတော့၊ ပတ်ဝန်းကျင်က လည်း စိမ်းနေသေးတော့ သိပ်စပ်စုကြမှာလည်း မဟုတ်ပါဘူး လေ၊ ဒါပေမယ့် ရှင် မပြောလည်း ကျုပ် ရိပ်မိတာတစ်ယောက် တော့ရှိတယ်"

မြဖူးညို ဆတ်ခနဲ တွန့်သွားသည်။

"ဘယ်သူလဲ"

"တပေါင်းလေ"

"ဘာဖြစ်လို့ ထင်ရတာလဲ"

"ရှင်မှ သူ့ကိုအထင်မကြီးဘဲ အမြင်ကပ်နေတာ ဆို တော့၊ သူ့ကို ရှင် လက်မခံချင်တာ အဆန်းမဟုတ်ပါဘူး"

မြဖူးညိုရင်ထဲ ဝေဝေခိုင်ကို သြချလိုက်သည်။ ဝေဝေ ခိုင်ကို အမှန်အတိုင်းပြော၍ မဖြစ်သေး။ ဝေဝေခိုင်သည် တ ပေါင်းကို သွားရောက်မတွေ့ဆုံဘူးဟု ပြော၍မရ။ ထို့ကြောင့် ဟန်ကိုယ့်ဖို့လုပ်ကာ. . .

"ကြဲကြဲဖန်ဖန် ဂျလေဘီက လမ်းပေါ်နဲ့ နိုက်ကလပ်မှာ အချိန်ဖြုန်းနေတဲ့လူ၊ ကျုပ်နဲ့ပြဒါးတစ်လမ်း သံတစ်လမ်းဟာ ဘယ်နေရာမှာ သွားရောက်တွေ့ဆုံနိုင်မလဲ၊ ဉာဏ်ကြီးရှင်ရယ် ဟုတ်မှလည်း ဖြီးပါ၊ တော်ပြီကွာ ကျုပ် နားတော့မယ်၊ ကျုပ်က တစ်ယောက်တည်း မဟုတ်တော့ဘူး၊ နှစ်ယောက်စာ ပိုနားရဦး စောစောအိပ်မယ် ဂွတ်နိုက်"

ဝေဝေခိုင်ထံမှ မေးခွန်းများ ထပ်ဖြစ်မှာစိုးသဖြင့် မြဖူး ညို တမင်ရှောင်လွှဲလိုက်ခြင်း ဖြစ်သည်။ ဝေဝေခိုင်ကို အထင် သေး၍လည်းမရ၊ အမှုစစ်သည့်နေရာတွင်လည်း စေ့စေ့စပ်စပ်





နှင့် သဲလွန်စမကျန်အောင် ရှာဖွေနိုင်သူ ဖြစ်သည်။

ခု မိမိကို တရားခံစစ် စစ်လိုက်လျှင် ပေါ်သွားနိုင်သည်။

ခုပဲကြည့်. . .

ဒေါ်သဇင်သင်းလို မိမိနှင့်အနီးကပ်ဆုံးရှိနေသော သူ တစ်ယောက်က လုံးဝမရိပ်မိသောလူကို ဝေဝေခိုင်က ဒက်ခနဲ ရိပ်မိလေသည်။


မြဖူးညို သတိထားရှောင်ရှားရန် ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၂၄ )

အလုပ်အကိုင်၌ပျော်မွေ့လာသောကြောင့် တပေါင်းသည် ယခင်က အချိန်တွေကို အပျော်အပါးနှင့် အလဟဿဖြုန်းတီးခဲ့မိခြင်းကို နှမြောမိနေသည်။

အလုပ်၌ ကျွမ်းကျင်ကာ ပျော်မွေ့လာလေပြီ။ တကာတမ်း အလုပ်လုပ်သည်ဆိုတော့ အချိန်သည် အံ့အားသင့်စရာကောင်းလောက်အောင် ကုန်လွယ်လေသည်။

"သား. . အားသလား"





စာရင်းစာအုပ်ကို ပိတ်လိုက်ပြီး. . .

"အားပါတယ် မေမေ ဘာဖြစ်လို့ မေးတာလဲ"

"ဪ. . မြဖူးတို့အိမ်ကိုလှမ်းကြည့်ရင်း မေမေ အေးနဲ့မြဖူးကို သတိရမိလို့ပါ၊ ဒီနေ့ဆို အေးဆုံးတာ ခြောက်လပြည့်ပြီလေ၊ မနက်ကပဲ အေးအတွက် ရည်စူးပြီး ဆွမ်းချိုင့် ဘုန်းကြီးကျောင်း သွားပို့ပေးလိုက်သေးတယ်"

ဒေါ်မြမြအေး သေဆုံးသွားခြင်းအတွက် အထိခိုက်ဆုံးမှာ ဒေါ်သဇင်သင်း ဖြစ်လေသည်။ ဘုရားသွားကျောင်းတက် ဈေးဝယ်ထွက်လည်းအတူ၊ သာရေးနာရေးသွားလည်းအတူ ဖြစ်သောကြောင့် ဒေါ်သဇင်သင်းအတွက်တော့ သေသောသူ ကြာသျှင်မေ့ဟူသော စကားမှာ မမှန်နိုင်သေးပေ။

"မြဖူးတစ်ယောက်လည်း ဘယ်ဆီရောက်နေမှန်း မသိဘူး၊ မေမေ့ကို ဆက်သွယ်မယ်ဆိုပြီး လုံးဝ မဆက်သွယ်ဘူး"

"သူက ပြင်ဦးလွင်ကိုပဲ ပြန်သွားတာ မဟုတ်ဘူးလား"

"ပြောသွားတာပဲလေ၊ ဟုတ်ချင်မှဟုတ်မှာ တစ်နေရာမှာများ ဇာတ်မြှုပ်နေသလား မသိတာ"

တပေါင်း မိခင်စကားကို နားမလည်နိုင်။

"မိန်းမဆိုတာ အသက်နဲ့လူလုပ်တာ မဟုတ်ဘူးလေ၊ အရှက်နဲ့လူလုပ်တာ သားရဲ့၊ ဒါကြောင့် သူ့အရှက်နဲ့ ဂုဏ်သိက္ခာအတွက် သူတစ်နေရာရာမှာ ရှောင်လွှဲနေမှာပေါ့"

တပေါင်း မျက်လုံးပြူးသွားသည်။

"အရှက်နဲ့ ဂုဏ်သိက္ခာ. . သူ ဘာဖြစ်နေလို့လဲ"

"သူ့မှာ ဘယ်သူနဲ့ရမှန်းမသိတဲ့ ကိုယ်ဝန်ရှိနေတယ်



www.burmeseclassic.com

www.burmeseclassic.com



သား"

ဒေါ်သဇင်သင်းက စိတ်ထဲ၌ သိုဝှက်မထားချင်တော့သ ဖြင့် ပြောလိုက်မိသည်။

တပေါင်း ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ အသားလတ် လတ်နှင့် ခန့်ချောလူကြီးကို ပြေးမြင်မိသည်။

မြဖူးညိုကို ခေါင်းပုတ်ထိပ်ပုတ်လုပ်သည့် လူကြီး၊ သူ တော်ကောင်း အရေခြုံထားသည့် ကြောင်သူတော်ကြွက်သူခိုး ကြီး စနက်လား။

"သူနဲ့ဖြစ်တဲ့လူက တာဝန်မယူဘူးတဲ့လား"

ဒေါ်သဇင်သင်းသည် မြဖူးညိုပြောသွားသော စကား များကို မမှတ်မိတော့သဖြင့် သူ နားလည်သလို. . .

"ပြောရင်တော့ တာဝန်ယူမှာပါ၊ ဒါပေမယ့် မဖြစ်ဘူး ဆိုလားပဲ"

"ဩော်. . ဒါဆို သေချာပါတယ်၊ ဒီအသက်အရွယ်ဆို တာ အိမ်ထောင်ရှိမှာပဲ၊ အိမ်ထောင်ရှိတဲ့လူနဲ့ဆိုတော့ ဘယ် အတိအလင်း ဖြစ်လာမလဲ"

ဒေါ်သဇင်သင်း ဘုံကြသောမျက်လုံးဖြင့် သားဖြစ်သူ အားကြည့်ကာ. . .

"ဟင်. . သားက မြဖူးနဲ့ ဖြစ်တဲ့လူကို သိလို့လား"

"အသေအချာတော့ ဘယ်ဟုတ်မလဲ၊ အသက်သုံးဆယ် ကျော်လောက်ရှိတဲ့ လူကြီးတစ်ယောက်နဲ့ တစ်တွဲတွဲ တွေ့မိလို့"

မြဖူးညိုအတွက် တပေါင်း စိတ်ထဲ ထိရှသွားသည်. . ရုတ်တရက် တစ်စုံတစ်ခုကို သတိရလိုက်သည်က ပိုင်ရှင်ရှာမ





သား ဆွဲကြိုးကလေး. . .

"မြဖူး အဲဒီကိစ္စဖြစ်တာ ကြာပြီလား မေမေ"

"သူ့အမေဆုံးတာ သူ့မှာ ကိုယ်ဝန်ရှိမှန်း သိသွားပြီး. . တစ်ခ်အတက်ခ်ဖြစ်သွားတာလေ သား"

"ဩော်"

"အေးက ဆုံးကာနီး မေမေကို မှာသွားတယ်၊ ရှေ့စ ားတွေတော့ မေမေမကြားလိုက်ဘူး၊ ဒါပေမယ့် မေမေကြား ာ. . မြေးကို စောင့်ရှောက်ဆိုတဲ့ လေးလုံးပဲ ကြားလိုက်တာ၊ ကြောင့် မေမေ မြဖူးဆက်သွယ်မလားဆိုပြီး ဖုန်းစောင့်နေတာ၊ မေ အပြင်ထွက်နေတုန်း ဖုန်းလာရင် သား ကောင်းကောင်း မှန်ပြောပြီး သူ့လိပ်စာနဲ့ ဖုန်းနံပါတ်ကို မေးထားလိုက်နော်"

"ဟုတ်ကဲ့ မေမေ စိတ်ချပါ"

"ကိုင်း. . . ဒါဖြင့် မေမေ သွားအိပ်တော့မယ် "

သွားအိပ်မည်ဆိုကာမှ ဖုန်းကမြည်လာသဖြင့် တပေါင်း ခင်အား ကြည့်လိုက်သည်။ ဒေါ်သဇင်သင်းက ဖုန်း[illegible]လျှင် ရှိလျှင် သူပဲ အမြဲကိုင်တတ်သူ ဖြစ်သည်။

"သားအဖေဆီကများလား မသိဘူး၊ မေမေ ကိုင်လိုက် မယ်"

တပေါင်း ပြုံးကာ စာရင်းစာအုပ်ကို ပြန်ဖွင့်လိုက်လေ သည်။ ဒေါ်သဇင်သင်းက ဖုန်းကောက်ကိုင်လိုက်သည်။

"ဟဲလို"

". . . . ."

"ဘယ်သူ"

www.burmeseclassic.com



". . . . . . ."

"မြဖူး. . . အောင်မလေး သမီးရယ် အသက်ရှည်ဦး တော့မယ်၊ အန်တီလေ. . ဒီနေ့ အေး ခြောက်လပြည့်ဖြစ်လို့ ဆွမ်းလည်းသွားကပ်တယ် သမီးကိုလဲ အထူးသတိရနေတာ"

တပေါင်းသည် လောကကြီး၏ဆန်းကြယ်မှု၌ စိတ်၏ ဆန်းကြယ်မှုကို သတိပြုမိကာ အံ့သြမိသည်။

မိမိ မိခင် သတိရနေသလို မြဖူးညိုကလည်း မိခင်ကို သတိရကာ ဖုန်းဆက်သည်အထိ ဖြစ်ရလေသည်။

ဒေါ်သဇင်သင်းမှာ မျက်ရည်ကလေး တလည်လည်နှင့်

"ရှစ်လတောင် ရှိတော့မှာလား အန်တီ လာခဲ့ချင်တယ်"

". . . . . ."

"ဒါဖြင့် ဖုန်းနံပါတ်နဲ့ လိပ်စာတော့ ပေးထားကွယ်"

". . . . ."

ဒေါ်သဇင်သင်း ရေးမှတ်လိုက်သည်ကို တပေါင်း တွေ့ လိုက်ရသည်။

"ကျန်းမာရဲ့လား"

". . . . . ."

"လမ်းလျှောက်ပေး သမီး"

". . . . . ."

" အပူအစပ်တွေ သိပ်မစားနဲ့၊ လေပွစာလည်း မစားနဲ့ နော်၊ ဘယ်သူ. . ဝေဝေခိုင်နဲ့ပဲလား"

". . . . . ."

"အိုကွီရော ပြရဲ့လားကွယ်"





". . . . . . ."

"အင်း. . အင်း. . မကြာခဏဆက်ပါ၊ အန်တီလဲဆက် မယ်၊ အရေးအကြောင်းရှိရင် အန်တီကို အကြောင်းကြားခိုင်းဖို့ မမေ့နဲ့၊ သမီးသူငယ်ချင်း ဝေဝေခိုင်. . အင်း မဝေလို့ပဲ ခေါ်မယ် သူ့ကိုမှာထားနော် သမီး"

". . . . . . ."

"အေး. . အေး"

ဒေါ်သဇင်သင်းမျက်နှာ၌ ကျေနပ်ရွှင်လန်းသွားသော အရိပ်အယောင်ကို တွေ့လိုက်ရသည်။

"တော်သေးတယ် သားရေ. . ဆက်သွယ်လာလို့၊ နင့်မို့ ညီ မမေ အေးအပေါ် တာဝန်မကျေသလို ဖြစ်နေမှာ၊ ဩော် မြဖူး. . မြဖူး. . တော်တော်လေး ခေါင်းမာတဲ့ မိန်းကလေးပဲ"

ဒေါ်သဇင်သင်းက ပြောပြောဆိုဆိုပင် သူ့အိပ်ခန်းဆီသို့ လျှောက်သွားလေသည်။ တပေါင်းရင်ထဲ၌ လေးလံသွားသည်။ မြဖူးညို ကိုယ်ဝန်ရှိနေကြောင်းနှင့် ထွက်သွားကြောင်းကို မိခင်က သူ့အား စောစီးစွာရှင်းပြခဲ့လျှင် မြဖူးညိုကို တွေ့ဆုံမေးမြန်းမိပြီး ဖြစ်သော သေချာသည်။

အံဆွဲကိုဖွင့်ကာ သတင်းစာတစ်စောင်ကို ယူလိုက်သည်။ မြဖူးညိုနှင့်သူ စေ့စပ်ထားသော သတင်းလေးပါသည့် သတင်းစာ။

သူ ပြန်ဖတ်ကာ သက်ပြင်းချလိုက်မိလေသည်။

တိုင်းသိပြည်သိ ကြေညာထားသည်က သူနှင့်မြဖူးညို။

တိုင်းသိပြည်သိ မဖျက်သိမ်းရသေး။



www.burmeseclassic.com

www.burmeseclassic.com




သို့သော် မြဖူးညိုက အခြားသူတစ်ယောက်နှင့် ငြိစွန်း၍ ကလေးတစ်ယောက်တောင် မွေးဖွားတော့မှာပါလား။

တပေါင်း သက်ပြင်းချကာ သတင်းစာကို ပြန်သိမ်းဆည်းလိုက်လေသည်။







# အခန်း (၂၅)

မနက်ဖြန် ဆေးရုံတက်ရတော့မည်။

"ရက်စေ့နေပြီ၊ မမွေးနိုင်ရင် ကလေးရေမွှန်းတာတို့ ...ဘာတို့ ဖြစ်နိုင်တယ်၊ ခွဲမွေးရလိမ့်မယ်၊ မနက်ဖြန် ဆေးရုံတက် ...ဘာ့"

အိုဂျီက ပွင့်လင်းစွာပင် ပြောဆိုပြီး မြဖူးကို ဆေးရုံတက် ...င်းလိုက်သည်။

မြဖူးညိုရင်ထဲ၌ ပထမဦးဆုံးအကြိမ်အဖြစ် အားငယ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကို စတင်ဖြစ်မိလေသည်။ မျက်ရည်ခိုင်လွန်းသော မြဖူးညို မျက်ရည်ဝဲလာသည်။

ဝေဝေခိုင်က. . .

"ဘာမှအားမငယ်နဲ့သူငယ်ချင်း ကျုပ်ရှိတယ်၊ ရှင်နဲ့ ဂုဏ်သိက္ခာတစ်ခုလုံးနဲ့ လဲလှယ်ထားရတဲ့ ရှင့် ရင်သွေးကို ဘယ်နည်းနဲ့မှ အဆုံးအရှုံး မခံနိုင်ပါဘူး"

မြဖူးညိုက ခေါင်းကိုခါယမ်းလိုက်သည်။

"ကျုပ် ရင်သွေးဟာ ကျုပ်ဘဝပါ၊ ခုချိန်မှာ ကျုပ်ဘာတို့မှ မလိုချင်ဘူး၊ ကျုပ်ရင်သွေးလေး လျှောလျှောလျူလျူ မွေးဖွားဖို့ပဲ လိုတယ်"

မြဖူးညို မာန်တင်းလိုက်သည်။

မာန်တင်းသည့်ကြားက မိမိတစ်ခုခု ဖြစ်သွားခဲ့လျှင်ကောဟူသော အတွေးဝင်လာသည်။ ရင်သွေးလေးကို လောကကြီးအလယ်တွင် တစ်ယောက်တည်း ထားခဲ့ရမှာလား။

မဖြစ်။ မြဖူးညို ရင်သွေးအတွက် တစ်ခုခုစီစဉ်ထားသင့်သည်။

ညရောက်တော့ အိပ်ခန်းတံခါးကို အသာပိတ်ကာ စာတစ်စောင် ရေးလိုက်သည်။ ပြီးတော့မှ မိမိပိုက်ဆံများနှင့် အရေးကြီးသော အိမ်ဂရန်စာရွက်စာတမ်းများထားသော လက်ဆွဲအိတ်ကြီးထဲ ထည့်လိုက်လေသည်။ မိမိ မီးဖွားရင်း ဖိတ်စဉ်သွားလျှင် ရင်သွေး၏နောင်ရေးက အရေးကြီးသည်။ ရင်သွေး နောင်ရေးအတွက် အားလုံးစီစဉ်ထားရသည်။

ကိစ္စအားလုံးပြီးသွားမှ အခန်းပြင်သို့ ထွက်ခဲ့သည်။





ဝေဝေခိုင်ကိုတော့ မှာ၍မဖြစ်။ ငါတစ်စုံတစ်ခုဖြစ်သွားရင် ဗီရိုထဲက အိတ်နက်ကြီးထဲမှာ အရေးကြီးတဲ့စာရွက်စာတမ်းနဲ့ စာထားခဲ့တယ်လို့ ကြိုတင်မှာမိပါက မိမိဆေးရုံတက်နေတုန်း ဖွင့်ကြည့်ပေလိမ့်မည်။ မဖြစ်။

အချိန်မတန်သေးပါခင် ဘယ်သူမှအသိခံ၍ မဖြစ်ပါ။

အကယ်၍ မိမိတိမ်းပါးသွားလျှင်လည်း ဝေဝေခိုင်က ဒီအတိုင်းတော့ နေမည်မဟုတ်။ မိမိ၏ပစ္စည်းများကို သိမ်းဆည်းလျှင် တွေ့သွားမှာပါ။

တယ်လီဖုန်းစင်ဆီ လျှောက်သွားလိုက်သည်။ ဒေါ်သဇင်သင်းကို မိမိအနားဌ် ရှိနေစေချင်သည်။ အကယ်၍များ မိမိတိမ်းပါးသွားခဲ့လျှင် မိမိရင်သွေးသည် သူ့ဘွားအေနှင့် အဖေရင်းနှင့်နေတာသာ အကောင်းဆုံးဖြစ်ပေလိမ့်မည်။ ဒေါ်သဇင်သင်းကို လာခဲ့ဖို့ခေါ်လိုက်တာ အပိုမဖြစ်။

တယ်လီဖုန်းခလုတ်များနှိပ်ပြီး နှစ်ကြိမ်လောက် ခေါ်သံထွက်ပေါ်ပြီး ယောကျ်ားသံထွက်ပေါ်လာသည်။ တပေါင်း၏ အသံပါလား။

ရင်ထဲလှုပ်ခတ်သွားသည်။ သူများ လိုက်ပါလာမလား။

ဘာဆိုင်လို့လဲ ဘာမှမဆိုင်အောင် မိမိဘဲ ဖန်တီးထားခဲ့သည်ပဲ။

"ဟဲလို"

"အန်တီနဲ့တွေ့ချင်လို့ပါ"

"မေမေ အိပ်သွားပြီ"

သို့သော် ဖုန်းလိုင်းခွဲမှ ဒေါ်သဇင်သင်းအသံ ထွက်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ဒေါ်သဇင်သင်းအား လာဖို့မှာမိသည်။ မိမိရေးခဲ့သောစာကို ဝေဝေခိုင်သော်လည်းကောင်း၊ ဒေါ်သဇင်သင်းသော်လည်းကောင်း တွေ့သွားခဲ့ပါလျှင် မိမိသေဆုံးသွားသည့်တိုင်အောင် ရင်သွေးအတွက် စိတ်ချရပြီ။ ဖုန်းဆက်အပြီးမှ မြဖူးညို သက်ပြင်းချလိုက်မိသည်။ မွန်းကျပ်နေသော စိတ်သည် အနည်းငယ်တော့ သက်သာရာရသွားသည်။

မိခင်သည် မိမိရင်သွေးအတွက် အသက်ပေးဝံ့သော သတ္တိရှိကြသည်ဆိုခြင်းကို မြဖူးညိုကိုယ်တွေ့ဖြင့် နားလည်ခံစားလိုက်ရပြီ။ မိမိစိတ်ဖြင့် ကွယ်လွန်သွားသော မိခင်ကို သတိရမိကာ မျက်ရည်များက အတားအဆီးမဲ့ ကျလာခဲ့လေသည်။







www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၆)

"ဘာပဲပြောပြော ကိုယ့်အိမ်ကိုယ့်ရာ ကိုယ့်မြေကိုယ့်ဒေသ အကောင်းဆုံးပဲ၊ ခေတ်မီပစ္စည်းတွေ လျှပ်စစ်အသုံးအဆောင်တွေ ဓာတ်ငွေ့တွေနဲ့နေရတာ မွန်းကြပ်နေသလိုပဲ"

သားအမိနှစ်ယောက် ဂျပန်ကိုလိုက်သွားပြီး အဆင်ပြေသဖြင့် နှစ်နှစ်နေထိုင်ခဲ့လေသည်။

ပြန်ရောက်လာတော့ ဒေါ်သဇင်သင်းက မိမိအိမ်အတွင်း ခြေချလိုက်သည်နှင့် အသက်ကို ဝဝလင်လင်ရှူလိုက်ပြီး





ပြောလိုက်သည်။

"မေမေက ဖေဖေပါ အပြီးလိုက်လာလို့ ပျော်နေတာလဲပါပါတယ်"

"ဒါပေါ့.. ဒါပေါ့ မင်းအမေက လူကြားကောင်းအောင်ပြောနေတာပါ၊ တကယ်တော့ သားပြောတာ အစိကပဲ"

သားကြီးဝါဆိုနှင့်ချွေးမကလည်း မြေးနှစ်ယောက်နှင့်အတူ လာကြိုသည်ဖြစ်ရာ အိမ်မှာစည်ကားနေသည်။ သို့သော်ချွေးမက ဖင်ပူအောင် မထိုင်နိုင်။

"အင်း အဖေတို့နဲ့အတူ ညစာစားပြီး ပြန်မလို့ပါပဲ၊ ဒါပေမယ့် အဖေ့မြေးတွေ ကျူရှင်သွားစရာရှိသေးလို့ ပြန်တော့မှာ အဖေ"

"ဟော့ ကျူရှင် ငါ့မြေးတွေက အခုမှ မူလတန်းပဲ ရှိသေးတယ် မဟုတ်လား၊ ကျူရှင်ယူရသလားကွယ့်"

"ယူရတယ် အဖေ မူကြိုကတည်းက ယူတာ၊ မယူရင်ခေတ်မမီသလို ဖြစ်နေပြီ၊ သူတို့ကိုယ်တိုင်က ယူချင်တာ"

"ဟော"

တပေါင်းတို့ သားအမိက ဖခင်ကိုကြည့်ပြီး ရယ်မောလေသည်။

"ဖေဖေ နောက် ထူးဆန်းတာတွေ တွေ့ရဦးမှာ"

"ဟုတ်ပါ့ အဖေကြီးရယ်၊ ပညာရေးစနစ်က ပြောင်းလဲတိုးတက်နေပေမယ့် ကျူရှင်စနစ်ကြီးကတော့ ထုနဲ့ထည်နဲ့ ရှိနေဆဲပဲ"

"အေး.. အေး နောက်မှပဲ ဖေဖေ မျက်စိဖွင့်နားစွင့်



www.burmeseclassic.com

www.burmeseclassic.com



နေတော့မယ်”

“ရော့ မြေးတွေအတွက် လက်ဆောင်က လေယာဉ်နဲ့ဆိုတော့ ဒီလောက်ပဲ ပါသေးတယ်၊ သင်္ဘောနဲ့ပို့ထားတဲ့ ပစ္စည်းတွေရောက်ရင်တော့ တနင့်တပိုးကြီး လာသယ်ပေတော့”

“ဟုတ်ကဲ့ သွားပြီ. . ဘိုးဘိုး ဘွားဘွား လေးလေး”

သားကြီးဝါဆိုနှင့်မိသားစု ပြန်သွားလေသည်။

ဒေါ်စိန်နှင့်ခြံစောင့်မာလီတို့ကတော့ အိမ်နှင့်ခြံကိုစောင့်ရှောက်ပြီး နေထိုင်ခဲ့လေသည်။

မိသေးကိုတော့ ရွာပြန်လွှတ်ထားပြီး သူတို့ပြန်လာခါနီးမှ ပြန်ခေါ်လိုက်လေသည်။

ထို့အတူ မောင်ထူးကိုလည်း ဝါဆိုကုမ္ပဏီ၌ ယာဉ်မောင်းအဖြစ် ပြောင်းထားပေးပြီး သူတို့ပြန်လာမှ အိမ်၌ ပြန်မောင်းစေသည်။

တပေါင်းအပေါ်ထပ်ရောက်သည်နှင့် လသာဆောင်ဘက်ထွက်ခဲ့သည်။ သူ့မျက်ဝန်းက ချက်ချင်းပင် မြဖူးညိုတို့ အိမ်ဘက်ဆီသို့ ရောက်သွားသည်။

“ဟင်”

မီးရောင်စုံနှင့်အတူ လူသံသူသံထွက်၍ စည်စည်ကားကား ရှိနေသည်။ တပေါင်းရင်၌ လှုပ်ခပ်သွားသည်။

မြဖူးညို ပြန်ရောက်နေပြီလား။ ဒါမှမဟုတ် အိမ်ကိုများ ရောင်းပစ်လိုက်သလား။ တပေါင်းသိချင်စိတ်တို့ ဖြစ်ပေါ်လာသည်။

တပေါင်း အိမ်ထဲပြန်ဝင်ရန်ပြင်လိုက်စဉ် မိခင်က





ရောက်လာပြီး

“မြဖူး ရောက်နေပြီထင်တယ် သား”

“သားလဲ အဲဒါသိချင်လို့ ဒေါ်စိန်ကို သွားမေးမလို့”

“မစိန် အပေါ်မှာ ရှိတယ်. . မစိန်. . မစိန်”

“ရှင် မမကြီး”

ဒေါ်စိန်က အသံနှင့်အတူ ရောက်ရှိလာသည်။

“မြဖူး ရောက်နေပြီလား”

“ဟုတ်တယ် မမကြီး တစ်ပတ်လောက်ရှိပြီ၊ သမီးလေးက ချစ်စရာလေး မမကြီးရယ်၊ ဝကစ်ပြီး ဖြူဆွတ်နေတာပဲ မျက်လုံးကလဲ လှလိုက်တာ၊ စကားကလဲ မပီကလာ ပီကလာနဲ့ တတ်မှတတ်ပဲ၊ ကျွန်မကိုတောင် ဘွားလေး ဘွားလေးနဲ့ ညာစားနေမှ”

“အို. . ဟုတ်လား”

ဒေါ်သဇင်သင်း ရင်ထဲ၌ ပီတိအိုင်လေး ဖြစ်ထွန်းသွားသည်။ အေး. . . မြေးလေး သူ့မြေးလေးပဲပေါ့။ ပြင်ဦးလွင်ကို သွားလည်ပြီး ကလေးကို ကြည့်ဦးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဝယ်လာသော အရုပ်နှင့်ကစားစရာတို့ကို သွားပေးရင်း ကြည့်ရန်စိတ်ကူးလိုက်သည်။

တပေါင်းကတော့ ငြိမ်သက်နေသည်။

တပေါင်းကတော့ ကြိုးသေးမျှင်မျှင်ကလေးများကို ပုံစံတူလျှင် ဝယ်စုထားသည်။ ယော်ကက်လည်း ရောင်စုံသိမ်းမိသည်။ သူ့ထံ၌ ပိုင်ရှင်မဲ့ဖြစ်နေသော ဆွဲကြိုးပိုင်ရှင်ကိုတွေ့လျှင် အစားပေးရန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးကလဲ ချုပ်သွားပြီ မနက်ဖြန်မှပဲ သွားတော့မယ် ထမင်းပွဲပြင်ထားတော့ မစိန် သား ရေချိုးတော့လေ"

"ဟုတ်ကဲ့ မေမေ"

တပေါင်းသည် ယခင်ကနှင့် လုံးဝမတူ။ လူကြီးဆန်ကာ တည်ငြိမ်သွားလေပြီ။ အလုပ်ကို စိတ်ဝင်စားစွာလုပ်ပြီး စီးပွားရေး အကြောင်းကိုသာ မျက်ခြည်မပြတ်ကြည့်ပြီး တိုးတက်ရာ တိုးတက်ကြောင်းကို ရှာဖွေလုပ်ကိုင်နေတတ်ပြီ။

တပေါင်း ဒီမှာ ဘဏ်လုပ်ငန်းတစ်ခု တည်ထောင်မည်ဟု ရည်ရွယ်ထားသည်။ နောက် ကုန်တိုက်တစ်ခုလည်း လုပ်မည်တဲ့။ နောက် အစ်ကိုဝါဆိုလုပ်ငန်းခွင်၌လည်း ရှယ်ယာ ဝင်ထားသည်။

ထမင်းစားသောက်ရင်း ဖခင်ဦးဘမိုးက စတင်၍. . .

"သားအသက်လဲ. . အင်း နှစ်ဆယ့်ခုနစ်နှစ် ဆိုတော့ အိမ်ထောင်ပြုသင့်ပြီ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘော့စ်ဖြစ်တဲ့သူ ဆိုတော့ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်နေမှာ၊ မသင့်တော်တဲ့သူနဲ့ တွေ့ရင် ဒုက္ခရောက်မယ်"

"သား အိမ်ထောင်ရေးကို စိတ်မဝင်စားသေးပါဘူး"

"စိတ်မဝင်စားလို့ မရတော့ဘူး သား. . စိတ်ဝင်စားရမယ်"

"သားရင်ထဲမှာ သံသယတစ်ခုရှိနေသေးလို့ပါ၊ အဲဒီ သံသယပျောက်ကွယ်သွားရင်ဖြစ်ဖြစ် ရှင်းလင်းသွားရင်ဖြစ်ဖြစ် သား စဉ်းစားပါ့မယ်"

"သံသယ. . ဘာ သံသယလဲကွ"





ဦးဘမိုးက မြဖူးညိုအကြောင်း ဘာမှမသိလိုက်။ ဒေါ်မြမြအေး ကွယ်လွန်သွားတာလောက်ပဲ သိသည်။ နောက် မြဖူးညို အိမ်ထောင်ကျသွားသည်။ ဒါပဲ သူသိထားသည်။

"သားဆီမှာ ရှိနေတဲ့ ရွှေဆွဲကြိုးမျှင်မျှင်လေးရဲ့ ပိုင်ရှင်ကို သား ရှာမတွေ့သေးဘူး"

ဦးဘမိုးက သဘောကျစွာဖြင့်. . .

"မင်းကလဲ စင်ဒရဲလားပုံပြင်ထဲကလို ဖိနပ်တစ်ဖက်ပိုင်ရှင်ကို ရှာနေတာကျနေတာပဲ မင်းဟာ ကြိုးက ပြတ်ပါလာတာလား"

"ဟုတ်ကဲ့ ပြတ်နေတယ်"

"အင်း ဒါဆိုရင်တော့ ဆက်စပ်လို့ ရနိုင်တယ်"

ဒေါ်သဇင်သင်းက သားအဖနှစ်ယောက်ကြား ဝင်မပြောတော့ဘဲ ငြိမ်သက်နေသည်။ အမှန်တော့ သူစဉ်းစားနေခြင်းဖြစ်သည်။

မြဖူးညိုသည် ဆွဲကြိုးသေးသေးမျှင်မျှင်လေးများကို ဆွဲတတ်သော ဝါသနာရှိသည်။ လော့ကတ်မျိုးစုံနှင့်လည်း ဆွဲတတ်သည်။

မြဖူးညိုသာ ဖြစ်ခဲ့လျှင်တော့ ဒေါ်သဇင်သင်း သွေးခုန်နှုန်းမြန်ဆန်လာသည်။

မြဖူးညိုများ အိမ်ထောင်ကွဲပြုလိုက်ပြီလားဟုလည်း စိတ်လန့်တကြား တွေးမိလိုက်သည်။

"သင်း စားမကောင်းဘူးလား"

"မဟုတ်ဘူး ကို၊ ကျွန်မ မြဖူးဆီ သွားချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာက ညကြီးကွယ် လင်းလင်းထင်းထင်းမှပဲ သွားပါ၊ သူ့ယောကျ်ားက ကြိုက်မှန်းမသိ မကြိုက်မှန်းမသိ"

ဦးဘမိုးကတော့ မြဖူးညိုကို အိမ်ထောင်နဲ့ပဲထင်နေသည်။ တပေါင်းက မနေသာဘဲ. . .

"ဟုတ်သားပဲ မေမေ မနက်ရောက်မှပဲ သွားပါ၊ သားလဲ လိုက်ခဲ့မယ်"

တပေါင်း လိုက်ချင်စိတ်ရှိလာခြင်းကိုပင် ထူးခြားချက်တစ်ခုဟု ဒေါ်သဇင်သင်း သိလိုက်သည်။


မြဖူးညိုကို တပေါင်းလားဟု တစ်ခွန်းမမေးမိခဲ့ခြင်းသည် မိမိအမှားတစ်ခု ဖြစ်ခဲ့လေသည်။

ဒေါ်သဇင်သင်း သက်ပြင်းတစ်ခု ချလိုက်သည်။

"အင်းလေ မနက်ရောက်မှပဲ သွားကြတာပေါ့"







# အခန်း (၂၇)

မြဖူးညိုက ပုရစ်ကလေးကို ကိုယ်လက် သန့်စင်ပေးပြီး သနပ်ခါးလိမ်း ပေါင်ဒါဖို့ပေးလိုက်သည်။

"သမီး"

"ရှင်. . ရှင့်. ."

"မေမေပြောတာ မှတ်မိလား"

"မေမေ ဘာပြောတာလဲ"

"မေမေပြထားတဲ့ ဓာတ်ပုံထဲက ဖေဖေကို တွေ့ရင်. ."



www.burmeseclassic.com

www.burmeseclassic.com



သမီး ဘယ်လိုခေါ်မလဲ"

"ပေပေလို့ ထော်မယ်"

"အေး. . ဟုတ်ပြီ မကြာခင် သမီး ဖေဖေနဲ့ဘွားဘွား လာလိမ့်မယ် သိလား သူတို့ကို ဖေဖေလို့ခေါ်မယ် ဘွားဘွားကို ဘွားဘွားလို့ခေါ်မယ် သိလား"

ပုရစ်ကလေးက ခေါင်းကို တဆတ်ဆတ်ညိတ်သည်။ သူ စိတ်မရှည်ချင်တော့ ကစားချင်ပြီ ညစ်ကျယ်ကျယ်ဖြစ်လာပြီ။

"ဖယ် သွားရော့မယ်"

"နေပါဦး သမီးရယ် လှလှလေးတွေ ပျက်သွားမှာပေါ့ မဆော့နဲ့ဦးနော်"

"ဆော့တော့. . ဆော့ဆော့. ."

ကလေးဆိုတော့ တားမရ။ နာနီက. . .

"ဆရာမရယ် ဆော့ပါစေ ကျွန်မ မညစ်ပတ်အောင် ကြည့်ထိမ်းထားပေးပါ့မယ်"

မြဖူးညို ပုရစ်ကို လွှတ်လိုက်လေသည်။

ပုရစ်က ကလေးပီပီ အဆော့မက်လေသည်။

ပုရစ်ကလေးကိုထိန်းရန် မွေးကတည်းက တာဝန်ယူထားသော နာနီကလည်း အပျိုကြီး ဖြစ်သည် တွယ်တာစရာ ဆွေမျိုးသားချင်းကလည်း သိပ်မရှိသဖြင့် မြဖူးညိုနှင့်အတူ လိုက်ပါလာသည်။

ပုရစ်လို အော်တတ်သောကြောင့် ပုရစ်လေးဟု ခေါ်ကြရင်း ချစ်စနိုးအမည်က တွင်နေလေပြီ။

"ပုရစ်လေး ဘာလုပ်မလဲ"





"ရိပ်ပြာ. . ဆော့. . ဆော့. ."

လိပ်ပြာဖမ်းသော ကစားစရာလေး ပေးလိုက်သည်။

နံနက်ခင်းနေရောင်အောက်၌ ပန်းပွင့်ရောင်စုံတို့၌ ဝတ်ရည် သောက်သုံးရန် ရောက်လာသော ပိတုန်း လိပ်ပြာတို့က ရှုပ်ယှက်ခတ်ပဲနေကြသည်။

မြက်ခင်းစိမ်းစိမ်းလေး၌ ဝကစ်ကစ်နှင့်ချစ်စရာကောင်းသောကလေးက လိပ်ပြာဖမ်းစကားစရာလေးကို ကိုင်ကာ လိပ်ပြာနောက် လိုက်နေသည်။

"ဟယ် ကလေးလေးက ချစ်စရာကလေးတော် မြဖူး သမီးလေးလား"

မလွယ်ပေါက်ကို တံခါး သေသေချာချာလုပ်ထားသဖြင့် တံခါးကို သော့ဖွင့်ပြီး အရင်ဝင်ရောက်လာသော ဒေါ်သဇင်သင်း နှုတ်ဖျားမှ တအံ့တဩ ထွက်သွားပြီး ချစ်ခင်ကြည်နူးစိတ်ဖြင့် ကလေးထံသို့ လျှောက်သွားလိုက်သည်။

နာနီက ပုရစ်လေးအား ခပ်တိုးတိုးပြောသည်။

"ဘွားဘွားနဲ့ ဖေဖေလာပြီ၊ ခေါ်လိုက်နော် ဒီတီ မီးမီးကို လိပ်ပြာလေးတွေ ဝိုင်းဖမ်းပေးမယ် "

တပေါင်းက နောက်မှ လက်ဆွဲအိတ်ထုပ်ကြီးနှင့် လိုက်လာသည်။

"ဘွားဘွား"

"ဟယ် မြေးလေးက ချစ်စရာလေးကွယ်"

ဒေါ်သဇင်သင်းက ပွေ့ချီကာ မွှေးကြူလိုက်သည်။

"အင်း. . ဆော့. . ဆော့"

www.burmeseclassic.com



အဆော့မက်သောအရွယ်ဖြစ်သဖြင့် ရှန်းကန်ကာ ဆင်
သည်။ ဒေါ်သဇင်သင်းက ကလေးအလိုက်သိကာ အောက်သို့
ချပေးလိုက်သည်။

ကလေးက ချက်ချင်းပင် ပြေးလွှားကာ လိပ်ပြာလေး
များနောက် လိုက်လေသည်။ ခိုးခိုးခစ်ခစ်ရယ်ပုံလေးက ပါးစုံ့ကြ
များတက်ပြီး မျက်ဝန်းလေးကို ပိတ်လုပိတ်ခင်ဖြစ်သွားသည်
က ချစ်စရာကောင်းနေသည်။

တပေါင်း ငေးကြည့်ရုံမှအပ ကလေးနား မသွားမိ။ ၎
တွေနှင့်လည်း တရင်းတနှီး မနေခဲ့တော့ ကလေးဆိုသော သ
ဝါလေးကို ဘယ်လိုချဉ်းကပ် ကိုင်တွယ်ရမှန်း သူမသိ။

"မြဖူး ရှိသလား"

"ရှိပါတယ် အန်တီ အိမ်ထဲမှာပါ"

"အေးအေး ဒါဖြင့် အန်တီတို့အိမ်ထဲပဲ လိုက်သွားလို
မယ်၊ ဩော်. . ကစားစရာအရုပ်တွေ ပါတယ်၊ မီးမီး အိမ်
လိုက်ခဲ့ပါလား"

အိမ်ထဲမဝင်ချင်သော ကလေးသဘာဝကြောင့် က
စရာကို အရေးမလုပ် ပန်းနှင့်လိပ်ပြာကိုသာ အရေးလုပ်
ဒေါ်သဇင်သင်း စကားကို မကြားဟန်ဆောင်နေလေသည်။

ဒေါ်သဇင်သင်းပြုံးကာ ခေါင်းကလေးကို ယမ်းလိုက်

"မလွယ်ဘူး အမေတူသမီးလေး ထင်တယ်"

တပေါင်းက ကလေးထံမှအကြည့်ကိုရုပ်သိမ်းပြီး မိ
နဲ့အတူ အိမ်ထဲသို့ လိုက်ခဲ့လေသည်။ မြဖူးညိုက ဧည့်ခန်းတ
သတင်းစာဖတ်နေရာမှ ထပြီး. . .





"ဟော အန်တီက အရင်ဦးတာကိုး ကျွန်မက ဦးထော်
ပြောလို့ ညက အန်တီတို့ရောက်မှန်းသိလို့ ဒီမနက် လာတွေ့မလို့
ပဲ"

"အေးလေကွယ်. . . ခဏဆိုပြီး သွားလိုက်တာ နှစ်နှစ်
တောင် ကြာသွားတယ် မိုးရွာတုန်း ရေခံရတာပေါ့ကွယ်"

"အန်ကယ်ကော"

"အပြီးကိုပြန်လိုက်လာပြီ၊ အသက်ကြီးပြီလေ နားတော့
ပေါ့၊ သူများနိုင်ငံမှာ အကြာကြီး ဘာသွားဒုက္ခခံမလဲ"

"ထိုင်ပါ အန်တီ တစ်ခုခု စားပါဦးလား"

" မလုပ်နဲ့ မလုပ်နဲ့ စားခဲ့ပြီ၊ သမီးနဲ့မြေးကို တွေ့ချင်လို့
လာတာ မြေးလေးက ခေါ်မရဘူး၊ ဟဲ့. . သား ထိုင်လေ မိုးတိုး
မတ်တပ်နဲ့"

တပေါင်းက မာနရှိသည်။ သူ့အား မြဖူးညိုက ထိုင်ပါ
ဟု တစ်ခွန်းမခေါ်သဖြင့် ထိုင်ရန် သူဝန်လေးသွားသည်။

ထို့ကြောင့် လက်ဆောင်ထုပ်ကို မိခင်လက်ထဲ ထိုးပေး
ပြီး. . .

"သား သွားစရာရှိသေးလို့ ပြန်တော့မယ် မေမေ"

"ဟဲ့"

မြဖူးညိုကို နှုတ်မဆက်ဘဲ ချာကနဲ လှည့်ထွက်သွား
လေသည်။

မြဖူးညိုစိတ်ထဲ ကြိတ်၍ပြုံးမိသည်။

ထားဦးပေါ့ မာန။

မကြာခင် အဲဒီမာနတွေ လွှင့်ပါးပျောက်ကွယ်တော့မှာ



www.burmeseclassic.com

www.burmeseclassic.com



ပါ။

မြဖူးညို့က စင်ပေါ်ကလူဖြစ်နေပြီပဲ မြဖူးညို့ဘက်မှ အသာစီးက ရနေနိုင်သော အလေးသာစေသည့် အင်အားဏ ရှိနေပြီ။ ထိုအင်အားသည်. . .

သမီးလေး

သမီး ပုရစ်ခေါ် သမီးတပေါင်း ဖြစ်သည်။

မြဖူးညို့ စိတ်ထဲမှာ အလိုလို\သိနေသည်။ ချစ်စရာ ကောင်းအောင် အသားဖြူဖြူ အသားကကျစ်ကာ တစ်တ ကလေးနှင့်ချစ်စရာကောင်းသော သမီးလေးကို မြင်သူတိုင်းဏ ချစ်ကြသည်။ ယခုလည်း တပေါင်းသည် သူ့အိမ်သို့ တန်းတန် မတ်မတ်မပြန်ဘဲ သမီးလေးကိုငေး၍သော်လည်းကောင်း ခေါ် သော်လည်းကောင်း ကြိုးစားပေလိမ့်မည်။

သို့သော်. . . သမီးလေးက ဆော့ကစားနေရလျှင် အ ကြောက်အလန့်မရှိ သူ့အား သူကိုးကာ လွတ်လပ်စွာ ကစာ တတ်သည်။

ဒါကိုကပဲ ချစ်စရာ အလွန်ကောင်းနေသည်။ အမှန်ဏ ကယ်လည်း တပေါင်းသည် သမီးလေးကို ငေးကာ. . .

"ရွှတ်. . ရွှတ်"

ဟု လှမ်းခေါ်သေးသည်။

ကလေးကမကြား နာနီက ကြားသည်။

"ပုရစ်လေး ဖေဖေ ခေါ်နေတယ်. . ထူးလိုက်"

ဟု ခပ်တိုးတိုးလေး ကြိတ်မှာလိုက်သည်။ ဒါကလည် မြဖူးညို့ သင်ထားသည့်စကား နာနီအနေနဲ့ ကလေးနှင့် ဒ





မိသားစု ဘယ်လိုဆက်စပ်နေသလဲဆိုတာ ဘာမှမသိ။ အလုပ်ရှင် မြဖူးညို့ ခိုင်းထားသည့်အတိုင်း သစ္စာရှိရှိ လုပ်ဆောင်ပေးရုံပဲ ရှိသည်။

ပုရစ်လေးက မရ။

"ရိပ်ပြာရေးတွေ ရိပ်ပြာရေးတွေ"

ဒါပဲသူသိသည်။ တစ်ကောင်မှလည်း မမိသေး။

တပေါင်းက ကလေးလေးကို ခေါ်မရသဖြင့် သူ့အိမ် ဘက်သို့ ထွက်သွားသည်။


သို့သော် သူ့မျက်ဝန်းထဲ၌ ကလေး၏ အပြစ်ကင်းစင် လွန်းသော ချစ်စရာ အသည်းယားစရာကောင်းသော ပုံရိပ်လေး များ ကပ်ငြိပါလာလေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၂၈ )

"အဖေကြီးရယ် မျက်လုံးကလေးတော့ သားမျက်လုံး အတိုင်းပဲ၊ အသားအရောင်ကတော့ နှစ်ယောက်စလုံးက မြ တော့ ကျွန်မလည်း မမှန်းတတ်ဘူး"

"ပွင့်ပွင့်လင်းလင်းပဲ ဖွင့်မေးလိုက်ပါလား"

"အင်း. . မေးတော့ မေးမယ်၊ ဒါပေမယ့် ကာယကံရှင် ကိုယ်တိုင်က ဘာမှမမှတ်မိတော့ ခက်တယ်၊ သားငယ်ကိုပဲ ရိုက် ချင်တော့တာပဲ "





"သားက မူးနေတယ်ဆိုတော့ ဖြစ်နိုင်ချေရှိတယ်၊ က လေးကို ငါ တွေ့ချင်လိုက်တာ"

"မပူနဲ့ အဖေကြီး တွေ့ရမှာ၊ သူက အပြင်ထွက်ရင် ကလေးနဲ့ နာနီကို ဒီမှာထားထားမယ်တဲ့ ဒါမှမဟုတ် ကျွန်မကို လာကြည့်ပေးပါလို့ ပြောတယ်"

"ဟုတ်လား အမေကြီး သွားမကြည့်နဲ့ ဒီကိုပဲ ခေါ်ထား၊ ဒါမှ တို့လည်း ဝိုင်းကြည့်ပေးလို့ ရတာပေါ့"

လင်မယားနှစ်ယောက် အတိုင်အဖောက် ညီနေသည် ကို တပေါင်းက ကြားလိုက်သည်။

တပေါင်း ကိုယ်တိုင်လည်း ပုရစ်နှင့်ရင်းနှီးချင်သည်။

ကလေးငယ်များနှင့် လက်ပွန်းတတီးမနေ တူများကို ပင် ချစ်ရကောင်းမှန်းမသိသော သူ့အတွက် ပုရစ်ကလေးက ထူးခြားစွာ ဆွဲဆောင်နေသည်။

ပုရစ်လေးနှင့်ကျမှ ဘာဖြစ်၍ ရင်းနှီးချင်ရတာလဲ။

တပေါင်း ကိုယ့်ကိုယ်ကို နားမလည်နိုင်အောင် ဖြစ်မိ သည်။

လသာဆောင်ပေါ်မှနေ၍ ပုရစ်ကလေးကို စောင့်ကြည့် နေရသည်မှာ ကြည်နူးစရာကောင်းလှသည်။

ပုရစ်ကလေးသည် ဖွဲကောင်းသည်။ လိပ်ပြာလေးတွေ ကို ရှာဖွေပြီး ခိုးခိုးခစ်ခစ်ရယ်ကာ လိပ်ပြာလေးတွေနောက် လိုက်ရသည်ကိုက သူ့ကလေးအတွက် ပျော်မြူးစရာ။ ညောင်း သွားတော့ မြက်ခင်းပေါ် ခြေဆင်းထိုင်ချပြီး ပန်းတွေကို ချေမွ ရတာကို ပျော်မြူးနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပုရစ်ကလေးနှင့်အတူ လိပ်ပြာကလေးတွေ ဖမ်းပေးချင်လိုက်တာ။

အိမ်ကိုလာမည့်အချိန်ကို စောင့်နေရသည်ကိုကပင် စက္ကန့်တန်ရွေ့လျားမှုက ကြန့်ကြာလွန်းလှသည်ဟု ထင်မိလေသည်။ ဒီနေ့ သမီးလေးပုရစ်ကို မတွေ့ရသေး။

မကြာလိုက် မြဖူးညိုက သမီးလေးလက်ကိုဆွဲပြီး လာသည်။

သမီးလေးပုရစ်က မိခင်လက်ကိုဖြုတ်ပြီး ကိုယ့်ဘာသာကိုယ်သွားမည်ဟု ငြင်းဆန်လိုက်သည် ထင်သည်။

မြဖူးညိုက သမီးဖြစ်သူကို အနည်းငယ် မာန်မဲကာ. . လက်ကိုဆွဲသည်။

ပုရစ်ကလေးက မခံ၊ အမေလက်ကို ပုတ်ထုတ်ကာ ဖယ်ပြီး သူ့ဘာသာသူ ဘောက်ဆတ်ဘောက်ဆတ်နှင့် လျှောက်လာသည်။

မြဖူးညို အလျှော့ပေးလိုက်ရသည်။

ပုရစ်ကလေးနားကပ်ပြီး မလဲစေရန် လိုက်ပါလာသည်။ မိညိုက နောက်မှခြင်း တောင်းတစ်လုံးနှင့် အိတ်တစ်လုံးကိုကိုင်ကာ လိုက်လာသည်။

နာနီ ဘယ်ရောက်သွားပါလိမ့်။

တပေါင်း ဆင်းကြိုလိုက်သည်။

"ဟယ် ပုရစ်လေးတို့ သားအမိပါလား"

ဒေါ်စိန်အသံက ခြံထဲမှ လောင်စီစွာထွက်ပေါ်လာသည်။





တစ်အိမ်လုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည်။

"အဖေကြီး ပုရစ်လေး လာပြီတဲ့"

"အေး. . ကြားတယ်"

နှစ်ယောက်သား အပြေးအလွှားဆင်းလာကြသည်။

မြဖူးညိုရှေ့မှ သမီးလေးပုရစ်က. . .

"ဘွားရေး"

ဒေါ်စိန်ကို နှုတ်ခွန်းဆက်သလိုက်သည်။

"ရှင်. . ရှင့်. ."

"မီးမီး. . နေ. . နေ. ."

"အံမယ်လေး နေပါရှင် နေပါ"

ဒေါ်စိန်က ချီဟန်ပြင်သည်။ ပုရစ်ကလေးက လက်မခံဘဲ. . .

"ဟင့်အင်း. . . ပေပေ. . ချီ"

ဒေါ်စိန်နောက်မှ တပေါင်းထံ လက်ကမ်းပေးလိုက်ရင်း ပြောလိုက်သည်။ တပေါင်း အံ့သြသွားသည်။

မြဖူးညို ကျေနပ်သွားသည်။

ကြည့်စမ်း သမီးလေးက မှတ်ဉာဏ်ကောင်းလိုက်တာ အမေခိုင်းထားသည့်အတိုင်း လုပ်ဆောင်ပေသည်။

တပေါင်းရင်ထဲ အမည်မဖော်နိုင်သော ဝေဒနာတစ်ခုကို ခံစားလိုက်ရသည်။

"ပေပေ. . မီးမီး. . နေ. . နေ. ."

မိမိကို ဖေဖေဟု ခေါ်နေတာလား။

"ဒေါ်စိန် ရွာမှာ အပြင်သွားစရာရှိလို့ သမီးကိုထားခဲ့



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ဟော. . အန်တီ. . အန်ကယ်"

မြဖူးညိုက အိမ်ထဲကထွက်လာသော ဦးဘမိုးနှင့် ဒေါ်သဇင်သင်းကိုပါ တွေ့လိုက်ရသဖြင့် တစ်ဆက်တည်း နှုတ်ဆက်ကာ မှာကြားလိုက်သည်။

"နာနီက သူ့ဇာတိကိုပဲ လွမ်းနေတော့ ကျွန်မလဲ ဆွဲမထားတော့ဘဲ ညကပဲ ပြန်ပို့ခိုင်းလိုက်ရတယ်"

"ကိစ္စမရှိဘူး အန်ကယ်တို့ ရှိတာပဲ၊ မိစိန်က ကလေးကိစ္စ တတ်ကျွမ်းတယ်"

ဦးဘမိုးက လိုလိုလားလားပင်. . .

"ပိုးပိုးလား"

ပုရစ်ကလေးက ဦးဘမိုးကို လက်ညှိုးထိုးကာမေးသည်။

ဦးဘမိုးက ကျေနပ်စွာဖြင့်. . .

"ဟုတ်ပါ့ဗျာ. . ဘိုးဘိုးပါဗျာ၊ လာ မြေးလေး ဘိုးဘိုးဆီလာ"

ဦးဘမိုးလက်နောက်သို့ ပုရစ်လေးပါသွားပြန်သည်။

"ပိုးပိုး"

ဦးဘမိုး ရင်ဘတ်ကို လက်ညှိုးနှင့်ထိုးကာ ခေါ်လိုက်သည်။

"ဗျာဗျာ့"

"ပွားပွား"

ဒေါ်သဇင်သင်းကို လက်ညှိုးထိုးကာ ခေါ်လိုက်ပြန်သည်။

"ရှင်ရှင့်"





ဒေါ်သဇင်သင်းက ပီတိဖြာသောအသံဖြင့် ထူးလိုက်သည်။ ပုရစ်ကလေးက တပေါင်းဘက် လှည့်ကာ လက်ညှိုးထိုး၍. . .

"ပေပေ"

တပေါင်းထူးရမှာ ရှက်သလို ဖြစ်နေသည်။

ပုရစ်ကလေး မကျေနပ်နိုင်။

"ပေပေ. . ထူးထူး. . "

တပေါင်းမျက်နှာ နီရဲသွားသည်။

"ထူးလိုက်လေသား"

ဒေါ်သဇင်သင်းက တိုက်တွန်းသည်။

မြဖူးညိုက ပြုံးနေသည်။ လှောင်ပြုံးလား ခနဲ့ပြုံးလား အောင်နိုင်သောအပြုံးလား ဆိုခြင်းကို တပေါင်း ဝေခွဲမတတ်အောင် ဖြစ်မိသည်။

"လာ. . သမီး. . လာ"

တပေါင်းက ရှက်ကိုးရှက်ကမ်းဖြင့် ပုရစ်ကလေးကိုသာ ဆက်ကမ်းလိုက်သည်။ ဘယ်ရလိမ့်မလဲ။

ပုရစ်ကလေးက နှယ်နှယ်ရရမဟုတ် တပေါင်း လက်ကို တွန်းကာ. . .

"ပေပေ. ထူးဘူး. . ထော်ဘူး"

နှုတ်ခမ်းကလည်း ချွန်ထွက်သေးသည်။

"မလွယ်ပါလား"

တပေါင်း အိမ်ထဲဝင်ခဲ့သည်။

မြဖူးညိုက ဗိုဗိုလက်မှ ပစ္စည်းများကို ဒေါ်စိန်လက်သို့

www.burmeseclassic.com



အပ်လိုက်သည်။

"ပုရစ်ရဲ့အထုပ်အထည်တွေ ဒေါ်ဒေါ်စိန်၊ မိညိုအား တော့ လာကူပေး. . ."

"ဟာ. . ရတယ် မိညို အိမ်ပဲစောင့်ပါစေ၊ ဒေါ်စိန် နိုင် တယ် အလုပ်မရှိလို့ ပျင်းတောင်ပျင်းနေတာ"

ဒေါ်စိန်က ပြင်းဆန်သလို ဒေါ်သဇင်သင်းကလည်း

"လုပ်စရာရှိတာ အေးအေးဆေးဆေးသာလုပ် သမီး နောက်ဆံမတင်းနဲ့ မြေးတာဝန် နေ့တိုင်းယူနိုင်တယ်"

"ဒါဖြင့် ကျွန်မကို သွားခွင့်ပြုပါဦးနော် မီးလေး မေမေ လုပ်လုပ်သွားလုပ်မယ် တာ့တာ့ လုပ်ပါဦး"

"တာ့တာ့ မေမေ၊ တာ့တာ့. . မုန့်. . မုန့်ဝယ်ခဲ့ "

ပုရစ်လေးသည် မိခင်က ပြင်ဦးလွင်မှာကတည်းက သူ့ အားထားခဲ့နေကြဖြစ်သဖြင့် ရိုးနေပုံရသည်။ မိခင်ထွက်သွားခြင်း ကို ဂျိုတွန်မနေဘဲ ဦးဘမိုးပေါ်မှနေ၍ လက်ပြပြီးနောက် ခြံထဲမှ ဒန်းကိုလက်ညှိုး ထိုးပြပြီး. . .

"ဒါန်း. . ဒါန်း"

ဦးဘမိုးနှင့် ဒါန်းအတူစီးလေတော့သည်။ ဦးဘမိုးမှာ ရယ်မောလျက် ကျေနပ်နေလေပြီ။ ဒေါ်သဇင်သင်းက သားဖြစ် သူအား မသိမသာ အကဲခတ်နေသည်။ ကလေးအတွေ့အကြုံမရှိ သဖြင့် ရှက်တတ်တာလား။

"သား မြဖူးနဲ့ အနေစိမ်းလို့ မဖြစ်ဘူးနော်၊ မြဖူးကိုမေးပါ ဒီကလေးဟာ သားကလေးဖြစ်ဖို့ ကိုးဆယ့်ကိုးရာခိုင်နှုန်း ဖြစ်နိုင် ချေရှိတယ်၊ မျက်လုံးက မေမေတို့ဘက် မျက်လုံးမျိုး တွေ့လား"





တပေါင်း သက်ပြင်းချလိုက်သည်။

ကလေးကို တရင်းတနှီးနေဖို့က လွယ်ကူပေမယ့် က ...းအမေနှင့် ရင်းရင်းနှီးနှီး နေဖို့ဆိုတာကတော့ မဖြစ်နိုင်ချေ။ ...လေးအမေသည် တစ်လောကလုံးမှာရှိသော လူသားများနှင့် ...ှင်ပျော်မြူးစွာ ဆက်ဆံနိုင်ပေမယ့် သူ့ကိုတော့ဖြင့် အက်ကွဲ ...က်မတတ် တင်းမာနေသော မျက်နှာမျိုးနှင့်သာ ဆက်ဆံပေ ...မည်။ သို့သော် လောလောဆယ်တော့ သမီး လေးပုရစ်နှင့် ... ဆက်ဆံရေးကြား၌ သူ့ကိုယ်သူ သုံးရမည့်နာမ်စားကို သူနှုတ် ... မရဲသေး။


ဖေဖေတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၂၉ )

ဦးဘမိုးနှင့် ဒေါ်ယဇင်သင်းတို့အတွက်က အရေးကြီး
သောအလုပ်တစ်ခုကို ရနေလေပြီ။

ပုရစ်လေးထိန်းရသော အလုပ်။

ထိုအလုပ်ကို သူတို့လင်မယား တက်ညီလက်ညီ စိတ်
ဝင်စားစွာကို လုပ်ကိုင်ကြလေသည်။ နေ့လယ်နေ့ခင်း ပုရစ်လေ
အိပ်ချိန်တွင်သာ တစ်ယောက်တစ်လဲ ခဏဟာဖြုတ်မှိန်းနေရုံ
လွဲပြီး ပုရစ်လေးကို မျက်စိအောက်က အပျောက်မခံကြ





ပုရစ်ကလေးကလည်း လက်သာသူများကြောင့် အစွမ်း
နှံ ပညာပြကာ လိုချင်တာမရလျှင် ညစ်ကျယ်ကျယ် လုပ်တတ်
သည်။ ဝါဆိုဇနီးက ထိုသတင်းကြားတော့ မနာလိုဖြစ်သည်
ပါသည်။ မကြာခဏ ဆိုသလို ရောက်လာတတ်သည်။ သို့
သော် သမီးမိန်းကလေးလိုချင်နေသော ဝါဆိုကိုယ်တိုင်ပင် ပုရစ်
လေးကို ချစ်လာသလို ဝါဆိုသားများကလည်း ညီမလေး ညီမ
လေးနှင့် ချစ်ခင်ကာ အလိုလိုက်ကြလေသည်။

ဝါဆိုဇနီးကိုယ်တိုင်ကပင် မိန်းကလေးလိုချင်သူပီပီ
ရစ်ကို မချစ်ဘဲ မနေနိုင်တော့ချေ။ ပုရစ်လေးသည် တပေါင်း
၌ တစ်အိမ်သားလုံးအပေါ်၌ ဗိုလ်ကျ၍နေလေတော့သည်။

"သား တပေါင်း"

"ဗျာ. . ဖေဖေ"

"မြဖူးနဲ့ တွေ့ပြီးပြီလား"

"မတွေ့ရသေးဘူး"

"မင်းနှယ်ကွာ မြဖူးတို့သားအမိရောက်တာပဲ ဘယ်နှလ
နေပြီလဲ၊ ခုထက်ထိကို တိုးတက်မလာသေးဘူး၊ ဒီနေ့ စနေ
နေ့ အိမ်မှာရှိတယ်၊ သွား ကလေးကို သွားခေါ်ရင်း မင်း မြဖူး
နဲ့ တွေ့လိုက်"

တပေါင်း ပုရစ်လေးနှင့် စကားပြောသည့်အခါတိုင်း သူ့
ကိုယ်သူ ဖေဖေဟုသုံးကာ ပြောတတ်နေလေပြီ။

ပုရစ်ကလေးကလည်း သူ့အား ခင်တွယ်နေလေပြီ။
တပေါင်းမဆိုင်းမတွပင် ကစ်ကောက်ခြသို့ ကူးခဲ့လေသည်။ မိညို
က မြိုက်စည်းလှည်းနေရာမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတပေါင်းပါလား"

"အေး. . . နင့် မမလေးရှိလား"

"ရှိပါတယ်၊ ပုရစ်လေးကို ကော်ဖီတိုက်နေတယ်၊ လာလေ အစ်ကိုတပေါင်း"

တပေါင်း အိမ်ထဲဝင်ခဲ့သည်။ ဧည့်ခန်းနှင့်ထမင်းစားခန်းကို ခန်းစီးဖြင့်သာ ကာရံထားသည်ဖြစ်ရာ မြဖူးညိုတို့သားအမိကို သူ လှမ်းတွေ့လိုက်ရသည်။

အိမ့်ဆွဲလွဲလေး ပုရစ်က

"ပေပေ့. . မီးမီး. . ရိုက်. . ရိုက်"

ဟု နှုတ်ခွန်းဆက်သလေသည်။ မြဖူးညိုက

"မလိုက်ရဘူး. . မေမေအလုပ်အားရက်မှာ မေမေနဲ့ပဲနေရမယ်"

"ဟင့်အင်း. . ပေပေတို့ဆီ သွားမယ်"

ပုရစ်လေး ညစ်ကျယ်ကျယ် စတင်လုပ်လေပြီ။ မြဖူးညိုက ကလေးရယ်လို့ အလျှော့မပေးဘူး သူကပို၍ ညစ်ကျယ်လေသည်။

"မသွားရဘူး၊ မေမေနဲ့ပဲ နေရမယ်"

"မေမေနဲ့ မနေဘူး၊ ပေပေနဲ့ ရိုက်"

"မရဘူးကွာ နေရမယ်၊ သမီးက ဘယ်သူ့သမီးလဲ"

ပုရစ်လေးက မဖြေ ကော်ဖီခွက်ကို လက်က တွန်းထုတ်လိုက်သဖြင့် မှောက်သွားသည်။

"ကြည့်စမ်း ပုရစ်၊ နင် တော်တော်ဆိုးနေပါလား မေမေ ရိုက်မှာနော် စားဆိုစား"





"စားဘူး ပေပေဆီသွား"

"ကြည့်စမ်း လူမိုက်အားကိုးတယ်ပေါ့"

တပေါင်းသည်းခံနိုင်သော အတိုင်းအတာတစ်ခုကုန်သွားပြီ။

"ဒီမှာ မြဖူးညို ကလေးကို အရွယ်နဲ့မလိုက်တဲ့ အပြောအဆိုနဲ့ မဆုံးမပါနဲ့"

တပေါင်းက ထမင်းစားပွဲနားရောက်အောင်သွားပြီး. . ပြောလိုက်သည်။ တပေါင်းအသံ၌ ဒေါသသံ ပါနေသည်။ မြဖူးညိုက တပေါင်းကို အေးဆေးစွာ ကြည့်ပြီး. .

"ကျွန်မသမီးကို ကျွန်မဆုံးမတာ ရှင်နဲ့ဘာဆိုင်လို့ ဝင်ပြောရတာလဲ"

မြဖူးညို သူ့ပေါ် အသုံးအနှုန်းတွေပြောင်းနေပြီ. . နင် မဟုတ်တော့။

"ငါနဲ့ဆိုင်သလား မဆိုင်လားဆိုတာ မင်း အသိဆုံးမှာပါ မြဖူးညို"

သမီးလေးပုရစ်က မိခင်ဘေးမှပြေးထွက်လာပြီး. . တပေါင်း ခြေထောက်ကို ပြေးဖက်သည်။

"မေမေနဲ့ထော်ဘူး ပေပေနဲ့ ခေါ်မယ်နော်"

"မြေးလေး မလာလို့ လိုက်လာတာ၊ သားက ရောက်နေပါလား"

ဒေါ်သဇင်သင်းက ဧည့်ခန်းဝရောက်လာပြီး လှမ်းပြောလိုက်သည်။ မြဖူးညို တင်းထားသောသံပတ်ကို ပြန်လျှော့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြေးလေး ဘွားဘွားဆီ လာပါဦး"

"ပွားပွား . . မေနဲ့ထော်ဘူး"

မြဖူးညို ဟန်လုပ်ကာ ပြုံးလိုက်ပြီး . . .

"သမီးကို မနက်စာကျွေးပြီး လာပို့ပေးမလို့ပါပဲ အန်

ဂျီကျနေတာနဲ့"

"ဟုတ်လား . . . မြေးလေး ဂျီမကျနဲ့တော့ ဘိုးဘိုး

မျှော်နေပြီ၊ ကိုကိုတို့လဲ လာကြမယ် မြဖူးရေ ခေါ်သွားပြီ၊ ဘ

လာပို့စရာမလိုဘူး မြေးလေးအတွက် လိုအပ်မယ်ထင်တာ

အားလုံး တို့အိမ်မှာလဲ တစ်အိမ်ထောင်စာ ဝယ်ထားပြီးသာ

ဒေါ်သဇင်သင်းက တပေါင်းထံမှ ပုရစ်လေးကို

ပြောပြောဆိုဆို ထွက်သွားလေသည်။

"ရှင်ကော ပြန်လေ"

"ငါလာတာ ပြန်ဖို့လာတာ မဟုတ်ဘူး မင်းကို တွေ့

လာတာ"

"ကျွန်မက မတွေ့ချင်ဘူး ဆိုရင်ကော"

"ငါက တွေ့ချင်တယ် "

တပေါင်းက တစ်ဇွတ်ထိုးပင် ပြောလိုက်သည်။

"ကျွန်မက မတွေ့နိုင်ဘူး ရှင်ပြန်တော့"

"မပြန်ဘူးကွာ ငါမေးစရာရှိတာတွေမေးပြီးမှ ငါ

မယ်"

တပေါင်း ပြောပြောဆိုဆို ဧည့်ခန်းသို့ ထွက်ခဲ့သ

ထိုစဉ် တပေါင်း တွေ့နေကြလူကြီးက စူပါရှဖ်ကားဖြူလေး

ရောက်လာသည်။





"လေးလေး ကျွန်မ ရောက်နေမှန်း ဘယ်လိုလုပ်သိတာ

လဲ"

"ဒီလိုပဲပေါ့ နင့်အန်တီလေးက အမြဲသတင်းပို့တာပဲ၊

ဘာ ဘယ်မှာလဲ ငါ့မြေးလေးကော ငါ တောင်ငူ ပြောင်းရပြီ"

မြဖူးညိုက တပေါင်းကို ကြည့်လိုက်သည်။ တပေါင်း

စိတ်ရှုပ်သွားသည် ဆိုသော်လည်း သံသယဆူးတစ်ချောင်းတော့

ရှင်းသွားလေပြီ။ မြဖူးညို ဦးလေးများလား . . .။

"မိညိုရေ သမီးလေးကို ခဏသွားခေါ်ပါဦး၊ အန်တီ

သင်းတို့အိမ်မှာ ရောက်နေလို့ လေးလေး"

"နေ . . နေ . . မခေါ်နဲ့ ငါလေယာဉ်ကွင်းက ဆင်းဆင်း

ချင်းလာတာ၊ ရော့ မြေးလေးအတွက် ယိုးဒယားအင်္ကျီလေးတွေ

ပေါ့ပေါ့ပါးပါး ဝတ်ရအောင်၊ မနက်ဖြန်မှ အန်တီလေးနဲ့လာခဲ့

မယ်၊ သူလဲ ကလေးတွေ ပညာရေးနဲ့ဆိုတော့ ဒီမှာပဲနေတော့

တယ် ငါ့နောက်လိုက်မနေတော့ဘူး"

မြဖူးညိုက တပေါင်းနှင့်မိတ်ဆက်ပေးရန် စိတ်ကူးချေ။

သို့သော် ဦးညိုအောင်က . . .

"သူက တပေါင်းလား၊ မြေးလေးရဲ့ . . ."

မြဖူးညို မျက်နှာညိုမှောင်သွားသည်။

တိုက်တိုက်ဆိုင်ဆိုင် ကျားနှုတ်မှောက်ရက်လဲသလို ဖြစ်

နေပြီ။ မတတ်သာသည့် ခေါင်းသာ ညိတ်လိုက်ရသည်။

တပေါင်း သွေးလည်ပတ်မှုနှုန်း မြန်ဆန်သွားသည်။

"ခုမှတွေ့ရတယ် ဝမ်းသာတယ် ငါ့တူကို လေးလေးက

နာမည်ကသာ ရင်းနှီးနေခဲ့တာ ကြာပေမယ့် လူချင်းတော့ ခုမှ

www.burmeseclassic.com



တွေ့ရတာ"

တပေါင်းကို လက်ကမ်းပေးသဖြင့် တပေါင်း လက်
နှုတ်ဆက်လိုက်ရပေမယ့် အူကြောင်ကြောင် ဖြစ်နေသည်။ ဦ
လူကြီးကို သူ တွေ့ဖူးနေပေမယ့် ဘယ်သူဘယ်ဝါမှန်းမသိခဲ့သ
မြဖူးညိုနှင့်ပင် အထင်အမြင်မှားနေသည်။ လူကြီးကတော့ သူ
ဖော်ဖော်ရွေရွေနှင့်ပါလား။

"လေးလေးက ဖေဖေ့ညီ ဦးညိုအောင်လေ ခု
တောင်ငူခရိုင် တရားသူကြီးပဲ"

မြဖူးညို မလွဲသာသဖြင့် လက်ယမ်းလက်ဆ ပြောလို
ရသည်။

"ဟုတ်ကဲ့ လေးလေး ဝမ်းသာပါတယ်"

"ကိုင်း . . သွားမယ် မနက်ဖြန်"

"လေးလေး မလာနဲ့၊ ကျွန်မလည်း အန်တီလေး
ကလေးတွေပါ တွေ့ရအောင် မနက်ဖြန် သမီးကိုခေါ်ပြီး လာ
မယ်"

"အေး . . အေး . . ဒါဖြင့် ပြန်မယ်၊ ပြန်မယ် ငါတူ"


"ဟုတ်ကဲ့ပါ လေးလေး"

တပေါင်း ရင်ထဲ သံသယကင်းစင်သွားလေပြီ။

သူ အထင်မှားအမြင်မှားဖြစ်ခဲ့သော လူကြီးမှာ မြဖူး
၏ ဦးလေးအရင်းခေါက်ခေါက် ဖြစ်နေခြင်းကြောင့်ပင် ရင်
ပေါ့သွားလေပြီ။







# အခန်း (၁၀)

မြဖူးညိုသည် ဦးညိုအောင်ပြန်သွားသည်ကို ငေးကြည့်ပြီး နောက်သို့လှည့်လိုက်သည်နှင့် တပေါင်းနှင့် ရင်ဆိုင်လိုက်ရသည်။

တပေါင်းအကြည့်က နူးညံ့သော စိုက်ကြည့်မှုမျိုး . . မြဖူးညို တုန်လှုပ်သွားသည်။ သို့သော် ဟန်ကိုယ်ဖို့ဟူသော စကားအတိုင်း ဟန်ပါဟန်မပျက်။

"ရှင်က မပြန်သေးဘဲ ဘာရပ်လုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ စကားပြောမလို့ စောင့်နေတာလဲ"

တပေါင်းက ပြောပြောဆိုဆို ဆိုဖာဆက်တီ၌ သွားရောက်ထိုင်လိုက်သည်။ ပြီးတော့ ထမင်းစားစားပွဲ၌ ပုရစ်လေးဖွသွားသမျှကို သိမ်းဆည်းနေသော မိညိုအား လှမ်းပြောလိုက်သည်။

"မိညိုရေ ငါ့အိမ်သွားပြီး ဖေဖေ့ကို ပြောလိုက်ပါ ဒီနေ့ ကိုးနာရီချိန်းထားတဲ့ကိစ္စကို ဖေဖေပဲ သွားတွေ့ပေးပါလို့"

"ရှင်. . ဟုတ်ကဲ့ အစ်ကို"

"နေစမ်း မိညို၊ နင့်ကိုငါ ခိုင်းလို့လား၊ နင် သွားစရာမလိုဘူး"

ဟု မြဖူးညိုက မိညိုက လှမ်းဟန့်တားလိုက်သည်။

"ရှင်"

မိညိုက မျက်လုံးကလေး ကလယ်ကလယ် ဖြစ်သွားသည်။ တပေါင်းက. . .

"ကောင်းပြီလေ ငါပြောမယ့်စကားတွေ မိညိုကြားစေချင်တယ်ဆိုရင် ထားလိုက်ပါ၊ အလုပ်ကိစ္စကတော့ ရပါတယ် ဖုန်းခဏပြောမယ်နော်"

"မပြောရဘူး. . ရှင် ပြန်"

တပေါင်းက အရေးမလုပ်။ အေးစက် မာကျောစွာဖြင့် ဖုန်းထုတ်ကာ ဖခင်ဆီကို လှမ်းဆက်လေသည်။

မြဖူးညို အပြင်ထွက်ကာ ကားကို ဂိုဒေါင်မှထုတ်၍ တပေါင်းရောက်လာပြီး ကားတံခါးကိုဆွဲဖွင့်ကာ ရှေ့ခန်း၌ဝင်ထိုင်လိုက်သည်။ မြဖူးညို ဒေါသထွက်ကာ. . .





"ရှင် ဒါ ဘာလုပ်တာလဲ"

"မင်း ငါ့ကို ဒီလိုအချိုးမျိုး ချိုးလို့မရဘူး မြဖူး၊ ငါ သည်းခံနိုင်တဲ့ အတိုင်းအတာ ကုန်ဆုံးသွားပြီ"

"ဘုရားရေ ပြောင်းပြန် သူကပဲ ပြောရတယ်လို့ ရှိသေးတယ်"

မြဖူးညို ကားကိုစက်သတ်လိုက်ပြီး ကားပေါ်မှပြန်ဆင်းလိုက်သည်။ တပေါင်းကို ရှောင်ရှားနေပြခြင်းသည် ကြောက်ရွံ့ရာကြနေမည်။

နေပါစေတော့ ရင်ဆိုင်လိုက်တော့မည်။

ခြံထဲ၌ ကုလားထိုင်၌ ထိုင်လိုက်သည်။

တပေါင်းက မထိုင်ဘဲ မြဖူးညိုနားရပ်ကာကြည့်ပြီး မေးခွန်းထုတ်လိုက်သည်။

"ပုရစ်လေးဟာ ငါ့ရဲ့သမီးလေးမဟုတ်လား၊ မှန်မှန်ဖြေစမ်းပါ"

"ရှင် ယူဆချင်သလို ယူဆနိုင်တယ်"

"ဒီလို မဟုတ်သေးဘူး မြဖူး၊ လူဆိုတာ ထီးထီးရပ်တည်နေကြတာ မဟုတ်သေးဘူး၊ ပတ်ဝန်းကျင်ဆိုတာ ရှိသေးတယ်၊ ခုဆို အိမ်လာတဲ့ဧည့်သည်တွေက ပုရစ်လေးနဲ့ပတ်သက်ပြီး မေးလာကြပြီ ငါတို့ ဘယ်လောက်အဖြေရခက်သလဲဆိုတာ မင်းပိုသိမှာပါ"

"ကျွန်မကတော့ အခက်အခဲဟူသမျှကိုကောင်းကောင်း ရင်ဆိုင်နိုင်ခဲ့တာပဲ၊ ရှင်က အခုမှ ရင်ဆိုင်ရတာပါ"

"ဒီလိုဖြစ်အောင် မင်းပဲလုပ်ခဲ့တာ မဟုတ်လား မြဖူး

www.burmeseclassic.com



မင်းဘယ်လို ရည်ရွယ်ချက်တွေနဲ့ ဒီလိုမျိုး လုပ်နေရတာလဲ"

"ကျွန်မ ရည်ရွယ်ချက်ကို ရှင် သိစရာမလိုဘူး၊ သမီးလေးကို ရှင့်ကလေးလို့ လက်ခံနိုင်သလား"

"အမှန်တရားကိုပဲ ငါသိချင်တာ မြဖူး"

"အမှန်တရားကိုသိတော့ ရှင်က ဘာလုပ်ပေးမှာလဲ"

မြဖူးညို ဖြစ်ချင်တာ ဒါမျိုးမဟုတ်၊ လိုလားသော စကားမကြားရသေး။

"ငါ့ကလေးဆိုရင် ငါတာဝန်ယူပြီး အများသိအောင် ကြေညာမှာပေါ့၊ ငါ့သမီးတာဝန် ငါယူမယ်"

တပေါင်းဆန္ဒက သမီးအပေါ်မှာပဲ ရှိနေတယ်လား။

မြဖူးညို ခနိုးခနဲ့ ရယ်မောလိုက်တော့ တပေါင်း ကြောင်သွားသည်။

"ဟင်း. . ဟင်း. . ဟင်း"

နောက်မှ တပေါင်းက. .

"နင်. . ဘာဖြစ်စေချင်သလဲ ငါ ဘယ်လိုမျိုး တာဝန်ယူစေချင်တာလဲ"

တပေါင်းက မျက်နှာရဲရဲနှင့် သူ့အား မကြည့်ဘဲပြောလိုက်သည်။

တပေါင်း ရည်းစားမထားခဲ့ဘူးလား၊ မိန်းကလေးတွေလည်း တစ်ခါတစ်ရံ သူတို့အုပ်စုလိုက်ထဲမှာ တွေ့နေရတတ်သည်ပဲ။ မြဖူးညို တပေါင်းကိုကြည့်ကာ တွေးမိလိုက်သည်။ သို့သော် ဟင်ဆိုလျှင် လှည့်မကြည့်ချင်သော သဘာဝအတိုင်း. . .

"အမှန်တရားကို ရှင်ကိုယ်တိုင်တောင် မသိသေးဘဲနဲ့





ဘာဝန်ယူရဲတယ်ဆိုတဲ့ ရှင့်စိတ်ကို ကျွန်မက ဘာလုပ်ရမှာလဲ၊ ကျွန်မလိုချင်တာ ဒါမျိုး မဟုတ်ဘူး"

"ဒါဖြင့် မင်းဘာမျိုး လိုချင်သလဲ၊ ဘာဖြစ်ချင်သလဲဆိုတာ ပြောပါ၊ ငါ့မှာ ငါကိုယ်တိုင်ရှိနေခဲ့တဲ့ သံသယစိတ်နဲ့ပဲ နင်ဖြစ်စေချင်တာတွေဖြစ်အောင် ငါဖန်တီးပေးမယ်၊ နင့်ဆန္ဒကိုပဲ ပြောပါ"

"ငါ့ဆန္ဒကို ငါဘယ်တော့မှ ထုတ်ဖော်ပြောမှာ မဟုတ်ဘူး၊ ကိုယ်ရဲ့ဆန္ဒ ကိုယ့်ကိုယ်တောင် ဘာဖြစ်လို့ဖြစ်ခဲ့မှန်းမသိတဲ့ ရှင်ကပဲ ကိုယ်ဘာဖြစ်ခဲ့သလဲဆိုတာ ကိုယ့်ဘာသာကို သိအောင် ကြိုးစားပါဦး"

"ငါသိတဲ့အတိုင်းအတာက ကုန်သွားပြီလေ၊ ငါလာခဲ့တယ် မူးနေတယ်၊ အဲ လာတုန်းကတော့ နင့်ကို စော့စပ်ထားတဲ့ ကိစ္စမေးဖို့ပဲ၊ ဒီရောက်ပြီး ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ငါမသိဘူး၊ ဒါပေမယ့် ငါ့အကျီမှာ ကပ်ငြိပါလာတဲ့ ဆွဲကြိုးလေးက နင့်ပစ္စည်းလားလို့ ငါမေးခဲ့တယ်လေ၊ နင် ဘာလို့မဖြေတာလဲ"

"သက်မဲ့ပစ္စည်းကို သက်သေလုပ်ပြီး တာဝန်ယူချင်လို့ မေးတာလား "

"ခု ပိုတာဝန်ယူချင်တယ်၊ သမီးလေး. . ဒါ ကိုယ့်သမီးလေး ဖြစ်နိုင်တယ်လို့ မေမေတို့ကိုယ်တိုင် ဝန်ခံတယ်"

"ဟုတ်လား တာဝန်ယူချင်ရင် ပိုလွယ် ပိုကောင်းတာပေါ့၊ ကျွန်မကလဲ ခုမှအသက်ကနှစ်ဆယ့်ခြောက်ပဲရှိသေးတာပဲ၊ အိမ်ထောင်ပြုချင် ပြုလာမှာပဲ"

"တော်ပြီ မြဖူး မင်းရဲ့ပေါ့ရွှတ်ရွှတ် စကားတွေကို ငါ



www.burmeseclassic.com

www.burmeseclassic.com



နားထောင်ဖို့လာတာ မဟုတ်ဘူး၊ သမီးလေးဟာ ငါ့သမီးလေး လား. . ဒါပဲ သိချင်တယ်”

“သိချင်ရင် ရှင့်ဘာသာရှင်ကြိုးစားရှာဖွေပေါ့၊ ကျွန်မ က ဘယ်တော့မှ ခေါင်းညိတ်ခေါင်းခါတောင် လုပ်ပြမယ့်မိန်းမ မဟုတ်ဘူးဆိုတာ မြဲမြဲမှတ်ထားပါ”

မြဖူးညို အိမ်ဘက်သို့ ချာခနဲလှည့်ထွက်ခဲ့သည်။

တပေါင်းကလည်း မတားတော့။ သူ့အိမ်ဘက်သို့ မကျေ မနပ်စိတ်ဖြင့် ဒေါဖောင်းပြီး ပြန်သွားလေသည်။

မြဖူးညို ကြိတ်ပြုံးပြုံးကာ ကျေနပ်မိသည်။ မိမိအပင် ပန်းခံရကြိုး နပ်လေပြီ။

တော်သေးသည် တပေါင်းသည် အိမ်ထောင်မပြုလို့ အ ကယ်၍များ ဂျပန်မှာ မြန်မာတွေအချင်းချင်း တွေ့ဆုံကာ အိမ် ထောင်ပြုခဲ့လျှင်တော့. . .


သမီးလေးအတွက်တော့ ပြည့်ပြည့်ဝဝ စိတ်ချမ်းသာမှု ကို ပေးနိုင်တော့မှာ မဟုတ်ပေမယ့် ဖခင်ကို ပိုင်ဆိုင်မှုတွေက အသင့်ရှိနေပြီးသားပင်။

“နေနှင့်ဦးပေါ့ တပေါင်းရယ် ကျွန်မ ခါးစီးပြီး ခံခဲ့ရတဲ့ ဒုက္ခတွေကို ရှင် တစ်ပြန် ခံစားကြည့်လိုက်ပါဦး”

မြဖူးညို စိတ်ထဲမှ ကြုံးဝါးလိုက်သည်။







# အခန်း ( ၁၁ )

“သမီးလေး”

“ရှင်. . ရှင့်”

“ဖေဖေကို ချစ်လား”

“ဖေဖေ့ကို ချစ်ရယ်”

“ဘယ်လောက် ချစ်သလဲ”

“ညားကြီး ချစ်”

“အာဝါး ပေးပါဦး”



www.burmeseclassic.com

www.burmeseclassic.com



"အာဝါး"

သမီးလေး၏ နှုတ်ခမ်းနုနုကလေးနှင့် သူ၏ပါးကို လာထိကပ်မှုက သူ့နှလုံးသားထိအောင် ချစ်မြတ်နိုးစိတ်တွေ စိမ့်ဝင်စေသည်။

"လာ . . ဖေဖေ လိပ်ပြာလေးတွေ ဖမ်းပေးမယ်နော်"

တပေါင်းက လိပ်ပြာကလေးများကို ဖမ်းပေးသဖြင့် သမီးလေးပုရစ်က အင်မတန်ကျေနပ်ကာ ဖေဖေမှ ဖေဖေ ဖြစ်နေလေသည်။

"သမီး လိပ်ပြာလေးတွေ အရမ်းမကိုင်နဲ့နော် သေသွားမယ်၊ လွှတ်လိုက် ဖေဖေ ထပ်ဖမ်းပေးမယ်"

"ဟုတ်ကဲ့ ဖေဖေ၊ ရိပ်ပြာရေး တွားရေ့"

"လိမ္မာလိုက်တဲ့ သမီးလေး"

ပန်းပျိုးခင်းများသို့သွားကာ လိပ်ပြာကြိုက်သော အပင်များကို ဝယ်ယူ၊ ဥယျာဉ်မှူးတွေကိုပါခေါ်လာပြီး စိုက်ခိုင်းရသည်။ မြက်ခင်းနုနုလေးကိုလည်း သေချာစွာ စိုက်ပျိုးကာ သမီးအတွက် အန္တရာယ်မရှိစေရန် အုတ်ခဲကျိုးအစမရှိစေရန် မာလီကို ရှင်းခိုင်းထားသည်။

"ကိုင်း လိပ်ပြာဖမ်းတာတော်ပြီ၊ သမီးလေးကို ဖေဖေ စက်ဘီးစီး သင်ပေးမယ်"

"ဘီး . . ဘီး . . စီး"

သုံးဘီးတပ်စက်ဘီးကို သမီးလေးစီးတတ်စေရန် သင်ပေးရသည်။ သမီးလေးသည် ဉာဏ်ကောင်းသည် ချက်ချင်းတတ်လွယ်လေသည်။





"ဟယ် . . မြေးလေး ပုရစ်လေးရယ် စက်ဘီးကြီးတောင် စီးတတ်နေပါလား"

ဒေါ်သဇင်သင်းက ကဲကဲလှုပ်လေသည်။

ဦးဘမိုးကပါ . . .

"သား . . မြေးလေးကို ကစားကွင်းလေးဘာလေး ခေါ်သွားပြီး တိုက်ကားလေဘာလေး စီးပေးလိုက်ပါဦးလား"

တပေါင်း ပြုံးမိသည်။ သူငယ်ချင်းအပေါင်းအသင်းများနှင့်တုန်းက ဘယ်နေရာ ဘာအသစ်ဖွင့်သလဲ မရောက်ဘူးသော နေရာမရှိစေရ၊ မသွားဘူးသော နေရာမရှိစေရ။ ခု သမီးလေး ပုရစ်နှင့်သွားဖို့ဆိုတာက . . .။

"မေမေတို့ပါ လိုက်ခဲ့မှဖြစ်မှာ၊ သားတစ်ယောက်တည်း ပုရစ်လေးကို နိုင်မှာမဟုတ်ဘူး ထင်တယ်"

"ပေပေ မီးမီး ဆိုးဘူးနော်"

သူ့ကို မနိုင်ဘူးပြောသဖြင့် ပုရစ်လေးက မကျေမနပ် ပြောလိုက်သည်။ တပေါင်း မချင့်မရဲဖြစ်ကာ ပုရစ်လေး ပါးကို နမ်းတို့လိုက်ပြီး . . .

"ဖေဖေကလဲ သမီးလေးကိုဆိုးတယ်လို့ မပြောပါဘူး သမီးက တတ်လွန်းလို့ ဖေဖေ လိုက်မမီဘူးပြောတာပါ"

ပုရစ်လေးကို ဖြေရှင်းချက် ပေးရသည်။ ပုရစ်လေး၏ ချိုအငြင်ကို တပေါင်း မခံနိုင်။

ကလေးငယ်တစ်ဦးသည် သူ၏ ဘဝတစ်ခုလုံးကို လွှမ်းမိုးနိုင်ယူသွားနိုင်စွမ်းရှိလိမ့်မည်ဟု တပေါင်း တစ်ခါမှ မတွေးခဲ့ဖူးသော ကိစ္စတစ်ခုပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဘိုးဘိုး ဘွားဘွားတို့နဲ့ ကစားတော့ ဖေဖေ ကိစ္စ ရှိသေးလို့ အပြင်သွားလိုက်ဦးမယ်"

"မုန့် . မုန့် . ဝယ်တဲ့"

"အေး . အေး . အများကြီး ဝယ်ခဲ့မယ်"

တပေါင်း ပုရစ်လေးအပေါင်းမှ မခွာချင်ခွာချင်နှင့် ခွဲခွာခဲ့ရလေသည်။ အလုပ်ချိန်နှင့်ညအိပ်ချိန်မှအပ ပုရစ်လေးနား၌ သူအမြဲရှိနေသည်။

ညနေစောင်းလျှင်တော့ ပုရစ်လေးသည် ဘယ်လိုနည်းတွေနှင့် သူ့အာရုံကို မေ့အောင်လုပ်ထားထား မရတော့ . .

"မေမေ့ဆီ တွားတယ်၊ မေမေဆီ တွားမယ်"

ဟုဆိုကာ သူ့အိမ်ကို ပို့ခိုင်းလေ့ရှိသည်။

မကြားချင်ဟန်ဆောင်၍ မပို့ပေးဘဲ နေကြသောအခါ သူ့ဟာသူ ဘောက်ဆတ်ဘောက်ဆတ်လုပ်ကာ ညစ်ကျယ်ကျယ် ပုံစံနှင့် အကြောက်အလန့်မရှိ ထွက်သွားတတ်သဖြင့် ဒေါ်သဇင်သင်းတို့ လင်မယား မနေသာဘဲ နောက်မှ ပျာပျာသလဲ လိုက်ရလေသည်။

ညနေဆို တစ်ဖိုဒ်သားလုံးရင်ထဲ ဟာကျန်ရစ်ခဲ့တတ်ကြပြီး တစ်နေ့လုံး စည်စည်ကားကားဖြစ်နေသော အိမ်ကြီးသည်လည်း တိတ်ဆိတ်၍သွားတတ်လေသည်။ တပေါင်း ထွက်သွားလျှင် . .

"ပေပေ တာ့တာ"

ဟု လက်ပြကျန်ရစ်ခဲ့လေသည်။ ဒေါ်သဇင်သင်းသည် ပုရစ်လေးကိုကြည့်ပြီး . .





"ကျွန်မတို့သွေးပဲ ဖြစ်လိမ့်မယ်လို့ ရှင် မထင်ဘူးလား"

"တပေါင်း ဝယ်ရပ်အတိုင်းပဲ၊ ငါ့စိတ်ထဲမှာ ဝါဆို သားတွေထက်တောင် ဒီကလေးကိုပိုချစ်နေတယ်၊ ဘာပဲဖြစ်ဖြစ် အမေကြီး မြဖူးကို တွေ့ပါ။ ဘယ်သူ့ကလေးဖြစ်ဖြစ် အရေးမကြီးဘူး၊ တို့ဘက်က ပုရစ်လေးအပေါ်ကော မြဖူးအပေါ်ကော သံယောဇဉ်ရှိတဲ့အတွက် မြဖူးနဲ့တပေါင်းကို လက်ထပ်ပေးချင်တဲ့အကြောင်း သွားပြောကြည့်ပါလား"

ဒေါ်သဇင်သင်းက ခင်ပွန်းဖြစ်သူအား တအံ့တသြ ကြည့်လိုက်သည်။

"ကိုယ့်သားရဲ့ကလေး မဟုတ်ဘူးလို့ ဝန်ခံရင်ကော ကိုဘယ်ကြည်ဖြူနိုင်သလား၊ ဒီအချက်ကို စဉ်းစားရမယ်နော်"

"ငါ အဆုံးစွန်အထိ စဉ်းစားထားပြီးပါပြီ၊ မြေးလေးအမည် မြေးလေးရုပ်ရည် မြဖူးက ကလေးကို တပေါင်းကို အဖေ ခေါ်ခိုင်းကတည်းကိုက တပေါင်းသွေးပဲ ဖြစ်ရမယ်၊ မဟုတ်တဲ့ တိုင်အောင် ကြည်ဖြူနိုင်တယ်ကွာ၊ သူတို့လူငယ်နှစ်ယောက်ကြားမှာ တစ်ခုခုတော့ ယူဆချက်လွဲမှားနေတာပဲ ဖြစ်နိုင်တယ်"

"ကျွန်မကတော့ မြဖူး လက်ခံမယ်ဆိုရင် အတိုင်းထက်အလွန်ပေါ့ရှင်၊ ကိုင်း . ဒါဖြင့် ညနေ မြဖူးပြန်လာချိန် ကျွန်မ အဲဘက်ခြံ ကူးလိုက်မယ်၊ ရှင်နဲ့ မြေးလေးဖြစ်ရဲ့လား"

"ဖြစ်ပါတယ်ကွာ"

"ပိုးပိုး"

"ဗျာဗျ"

"မီးမီ ဘီးဘီး စီးရှော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လာပါဗျာ ဘိုးဘိုးနဲ့ ဘောလုံးကန်မယ်"

"မီးမီ တန်. . ပိုးပိုး ဖမ်း"

"ကောင်းပြီဗျာ"

အသက်ငါးဆယ်ကျော် အဘိုးအဘွားများ၏ဘဝကို အသက်ရှည်အောင် ရယ်အောင်နုပျိုနေအောင် ဖန်တီးပေးနိုင်စွမ်းရှိသည်မှာ မြေးငယ်များသာ ဖြစ်လေသည်။ အဘိုးအဘွားများသည် မြေးများနှင့်အပြိုင် နုပျိုလန်းဆန်းသွားကြလေသည်။

ဒေါ်သဇင်သင်း တွေးလိုက်မိသည်က မြဖူးညိုပြောသော. . .

"အချိန်တန်ရင် သိမှာပေါ့"

ဟူသော စကားအရဆိုလျှင် ခု အချိန်တန်လာပြီ ထင်ပါသည်။ ဒါကြောင့်လည်း မြဖူးညိုက ကလေးသိတတ်စ စကားတတ်စအရွယ်၌ ကလေးအား သွေးသားအရင်းအချာများနှင့် ပေးတွေ့ကာ ရင်းနှီးစေခြင်း ဖြစ်နိုင်သည်။


"သြော် မြဖူးရယ် သိရခက်တဲ့ မိန်းကလေး၊ ခေါင်းလေး လိုက်တာလည်း လွန်ပါရောကွယ်"

ဟု စိတ်တွင်း ရေရွက်ပြီး သက်ပြင်းချလိုက်လေသည်။









## အခန်း (၁၂)

"တပေါင်းက သမီးအပေါ် အထင်မှားနေခဲ့တဲ့ လူတစ်ယောက်ကို ဟိုနေ့ကမှ သမီးရဲ့ဦးလေးမန်းသူ သိလိုက်ရတာတဲ့သေ"

မြဖူးညို ရင်ထဲ. . .

"သြော် ဒါကြောင့် မျက် ငါ့ကို ကုတ်ကမြင်းလို့ ပြောသာကိုး"

ဟု ပြောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



တပေါင်း အတော့်ကိုပြောင်းလွဲ လာသည်။ ယခင်က သူပေးထားသော အမည်သစ်များနှင့် လုံးဝမဆိုင်သည့်အလား ရှိလေသည်။

"မြဖူးကို အန်တီက သမီးလေးတစ်ယောက်လိုပဲ သံယောဇဉ်ရှိတာဆိုတော့ အန်တီစိတ်ထဲမှာ ခုလိုကြီးသွားနေရတာကိုပဲ ရင်ထဲဘဝင်မကျနိုင်ဘူး"

မြဖူးညို ဒေါ်သဇင်သင်း၏ ဆိုလိုချက်ကို ချက်ချင်းပင် သဘောပေါက်လိုက်သည်။ လွန်ခဲ့သော သုံးနှစ်ကျော်ခန့်က မြဖူးညိုကိုယ်ဝန်ရှိမှန်း သိတဲ့အချိန်ကတည်းက ဒီစကားမျိုးပြော မည်ဆိုပါက မြဖူးညို ဝမ်းသားဝမ်းနည်းမျက်ရည်များပင် ကျမည်မှာ အမှန်ပင်။ အခုတော့ မြဖူးညိုနှလုံးသားသည် ထုသားပေသား ရပြီးဖြစ်သွားသဖြင့် မာကျောနေလေပြီ။

"အန်တီ ဘာကိုဆိုလိုတာလဲ"

"သမီးအန်ကယ်က သမီးတို့သားအမိကိုကြည်ဖြူတယ် တပေါင်းနဲ့လက်ထပ်ပေးပြီး မျက်စိရှေ့မှာပဲ ထားချင်နေပြီ"

မြဖူးညို ပြုံးလိုက်သည်။

"အခုလဲ အန်တီတို့မျက်စိရှေ့မှာပဲ ကျွန်မ နေနေတာပဲ"

"မတူဘူးလေ သမီး"

"မဖြစ်ဘူး ထင်ပါတယ် အန်တီ၊ အကယ်၍ ကျွန်မ တပေါင်း လက်ထပ်လို့ နောက်ထပ် ကလေးရပြီဆိုပါတော့ အဲဒီမှ ငါတို့သွေးအစစ်ဆိုပြီး ပုရစ်လေးအပေါ် ဥပေက္ခာပြုလိုက်





ပုရစ်လေးရဲ့စိတ်မှာ အနာတရဖြစ်သွားမှာ ကျွန်မ စိုးရိမ်တယ်"

ဒေါ်သဇင်သင်းကလည်း ပါးနပ်စွာပင် မြဖူးညို၏စကားကို ခြေရာကောက်၍. . .

"ပုရစ်လေးကို တပေါင်းသွေးမဟုတ်ဘူးလို့ သမီးက အတတ်ပြောလိုက်တာလား၊ ဒါဖြင့် ကြုံတုန်းမေးရဦးမယ် ဘယ်သူ့သွေးလဲ"

မြဖူးညို ခေါင်းယမ်းကာ အတန်ငယ်ပြုံးလိုက်ပြီးမှ

"အန်တီ ကျွန်မကို ချောင်ပိတ်ပြီး မေးတာကို ကျွန်မ မဖြေချင်ဘူး၊ ဒါပေမယ့် အချိန်က စကားပြောပါလိမ့်မယ်၊ ကျွန်မ က လက်ထပ်ခြင်းကို အချစ်နဲ့ပဲ တည်ဆောက်ချင်တာဖြစ်တဲ့အတွက် အန်တီတို့ဆန္ဒကို ကျွန်မလက်မခံနိုင်တာ ဝမ်းနည်းပါတယ်"

"အံမယ်လေး သမီးရယ်၊ မိခင်ဆိုတာ သားသမီးအတွက်ကို ဦးစားပေးကြည့်ရမှာပါ၊ အချစ်ဆိုတာ သံယောဇဉ်နဲ့ ခင်တီးလို့ရပါတယ် သမီးရယ်"

"သမီးအတွက် စဉ်းစားပြီး ခိုင်မာမှုတွေ ကျွန်မမှာ ရှိပြီးသားပါ အန်တီ၊ ကျွန်မ စဉ်းစားပါဦးမယ် သမီးကို တစ်နေ့လုံး ကြည့်ရှုစောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် အန်တီ၊ မနက်ဖြန်တော့ သမီးကို မလွှတ်တော့ဘူးနော် အန်တီသိပါတယ် မိဝေ ရောက်နေလို့ သူနဲ့အတူ သမီးကို ကစားကွင်းတွေ လိုက်ပို့ပေးဖို့ ချိန်းထားတယ်"

"အန်တီတို့လည်း ပို့ပေးမလို့"

ဒေါ်သဇင်သင်း ရင်ထဲ မနက်ဖြန်ကိစ္စအတွက် ဟာခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။

“နောက်မှ အန်တီတို့ ပို့ပေးလေ”

“မဝေကို အန်တီ ထမင်းလိုက်ကျွေးချင်သေးတယ် မနက်ဖြန်ညစာ ရှမ်းကန်မှာကျွေးမယ်၊ သမီးတို့သွားအမိရယ် မဝေရယ်ပေါ့”

“မိဝေက အင်ဂျေချ်လာလုပ်တာအန်တီ မိဘတွေ သ ဘောတူတဲ့လူနဲ့ပဲ၊ သူ့အားမှာ မဟုတ်ဘူး၊ ပုရစ်လေးနဲ့တွေ့ချင် လွန်းလို့ မနက်ဖြန်ပြန်အချိန်ယူလိုက်တာ”

“ဘာပဲဖြစ်ဖြစ် မေးကြည့်ပေးပါဦး”

“မိဝေ မနက်ဖြန်လာတော့ အန်တီကိုယ်တိုင်မေးပါ”

“အေး. . အေး. . ကောင်းသားပဲ၊ ကိုင်း အန်တီပြန် မယ် သမီး၊ အန်တီပြောတဲ့ကိစ္စကို စဉ်းစားထားပါ၊ အန်တီတို့လင် မယားကတော့ ပုရစ်လေးကို အန်တီတို့သွေး ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ကြည်ဖြူနိုင်တယ် တပေါင်းလည်း အဲဒီလို ဖြစ်လိမ့်မယ် တပေါင်းကို လွှတ်လိုက်ဦးမယ်”

“မလွှတ်ပါနဲ့ အန်တီ”

“ဘာဖြစ်လို့လဲ မြဖူး”

“သူက အန်တီတို့လွှတ်မှ လာရမယ့်သူ မဟုတ်ဘူးလေ သူ့မှာ ကိုယ်ပိုင်ဆုံးဖြတ်ချက် ကိုယ်ပိုင်ဆန္ဒဆိုတာ ရှိသင့်တာပေ”

မြဖူးညိုက အမှတ်မထင်ဘဲ ရင်ထဲကဆန္ဒကို ထုတ်ဖေ လိုက်မိသည်။

ဒေါ်သဇင်သင်းက မြဖူးညိုဆန္ဒကို ရိပ်မိသွားလေပြ မြွေမြွေချင်း ခြေမြင်သင့်ပါလျက် အခုမှမြင်တွေ့ကာ သဘော





ပေါက်မိသည်။

“အေး. . အေး. . အန်တီ သွားမယ်နော်”

ဟု ပြောပြောဆိုဆို ပြန်လာလိုက်သည်။

စိတ်ထဲ၌ ကိုယ့်ကိုယ်ကို အပြစ်တင်မိသည်။


“ငါ့နှယ် အရန်ကော အရိပ်ပြမှပဲ အကောင်မြင်တော့ တယ်” ဟု. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၃)

"သား"

ညစာစားပွဲ ရှိသဖြင့် အိမ်အပြန် နောက်ကျနေသော တပေါင်းသည် တံခါးလာဖွင့်ပေးသူမှာ ဒေါ်စိန် မဟုတ်ဘဲ မိခင်ကို မြင်တွေ့လိုက်ရသောအခါ အံ့အားသင့်သွားသည်။

"ဟင် မေမေ မအိပ်သေးဘူးလား"

"မအိပ်သေးဘူး သားကို တမင်စောင့်နေတာ၊ မေမေ သားနဲ့အေးအေးဆေးဆေး စကားပြောချင်လို့"





"ဖေဖေကော"

"တစ်နေ့လုံး မြေးနဲ့ဆော့ပြီး မောမောနဲ့ အစောကြီးကို အိပ်နေပြီလေ"

ပုရစ်လေးသည် ညပါ အိမ်မှာရှိပါက ပို၍ကောင်းမည်ဟု တမ်းတမိလေသည်။

"ကိုင်း. . သား အကျီတွေဘာတွေ လဲလိုက်ဦး မေမေ အပေါ်ထပ်ဧည့်ခန်းမှာ စောင့်နေမယ်"

"ဟုတ်ကဲ့ မေမေ"

တပေါင်းက မိခင်ထံမှ ပြောလာမည့်စကားများသည် မြဖူးညိုနှင့်ပတ်သက်လိမ့်မည်ဆိုတာကို ကြိုတင်ရိပ်မိလိုက်သည်။ မြဖူးညိုသည် အကျိုးဆောင်လုပ်ငန်းတစ်ခုတွင် ရှယ်ယာဝင်ပြီး လုပ်ကိုင်နေသည်။ တစ်ဘက်မှလည်း သူ၏ချိန်ဘာမာစတာ ဆရာဖြစ်ခဲ့သူနှင့် အတူတွဲကာ အမှုတွဲများ လက်ခံကာ ရှေ့နေလိုက်နေသည်။

တပေါင်း မလုပ်စေချင်ပါ။ ပုရစ်လေးနှင့်ပဲ အနီးပြည့် နေစေချင်သည်။ ပုရစ်လေးသည် နေ့ခင်းဖြစ်ပါစေ အိပ်ခါနီးလျှင် မိခင်ကို တမ်းတကာ ဂျီကျတတ်သည်။ အားလုံးက တစ်လှည့်စီချော့မှ ညစ်ကျယ်ကျယ်လုပ်ပြီး ဖျော်ရည်စက်လက်နှင့် အိပ်ပျော်သွားတတ်သည်။

ကျန်အချိန်များတွင်တော့ အားလုံးကောင်းသည်။ ကစားနေရ လုပ်ချင်တာလုပ်နေခွင့်ရလျှင်ပင် ပျော်ပျော်မြူးနေတတ်သည်။

"ဘာပြောမလို့လဲ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



မိခင်ဘေးနားဝင်ထိုင်ပြီး တပေါင်းက မေးလိုက်သည်။

"အခြားမဟုတ်ဘူး မြဖူးနဲ့သားအကြောင်းကို မေမေ မေးချင်လို့"

"သားကိုယ်တိုင်မှူးနေလို့ ဘာမှမသိပါဘူးဆိုတဲ့အကြောင်း မေမေက ထပ်မေးနေပြန်ပါပြီ"

"အဲဒီအကြောင်း မဟုတ်ဘူးသား သား မြဖူးအပေါ် ဘယ်လိုသဘောထားသလဲ၊ အရင်ကလိုပဲ အမြင်ကပ်သေးသလား"

"မကပ်တော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"သူဟာ သတ္တိရှိရှိနဲ့ သမီးလေးကို မွေးရဲတာကိုက ချီးကျူးစရာပဲ၊ ဒါပေမယ့် သူ့စိတ်က တစ်မျိုးပဲ"

"သူ့စိတ်ကို မေမေသိပြီ၊ ခု သားစိတ်ကို မေမေသိချင်တာ"

တပေါင်းသည် အချစ်နှင့်ပတ်သက်လာလျှင် ဗလာနတ္ထိဖြစ်သည်။

"မေမေ ဘာသိချင်တာလဲ"

"သား မြဖူးကို ချစ်သလား မချစ်ဘူးလား"

တပေါင်းမျက်နှာ ရဲခနဲဖြစ်သွားသည်။ သားအမိချင်း ဖြေရခက်လား။

"ဖြေလေ သား"

"သား နည်းနည်းတော့ ကြည့်မရတာ အမှန်ပဲ"

"ဘာဖြစ်လို့"





"မိန်းမ မဆန်ဘူးလို့ ထင်တယ်"

"ဘုရားရေ သားသမီးကို ချစ်တတ်တာ မိခင် မဆန်ဘူးလား"

"လူပုံပန်းသဏ္ဍာန်ကြည့်ရင်တော့ မိန်းမဆန်တယ်၊ ဣန္ဒြေသိက္ခာအပြည့်ရှိတယ်၊ သားသမီးအပေါ် လည်း ချစ်တတ်တယ်လို့ ထင်ရပေမယ့် သူဟာ အတ္တဆန်တယ် မေမေ၊ သူ့စိတ်ထဲက မှန်မယ်ထင်တဲ့ကိစ္စကို ရဲရဲတင်းတင်းလုပ်တယ်၊ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး၊ မငဲ့ကွက်ဘူး၊ အထူးသဖြင့် သမီးလေးကို ကိုယ်ဝန်ရှိချိန်မှာ သမီးလေးရဲ့ဖခင်နဲ့ တွေ့ဆုံသင့်တယ် ဆွေးနွေးသင့်တယ်၊ သူ အဲဒီလိုလုပ်ခဲ့သလား၊ သူ မာနကြီးစွာနဲ့ သူထင်ရာ သူလုပ်တယ်၊ သူ့စိတ်ဟာ မိခင်မဆန်ဘူး၊ မိခင်မဆန်တဲ့ မိန်းမတွေဟာ တစ်ကိုယ်ကောင်း ဆန်တတ်တယ်လို့ သား ထင်တယ်"

"ဒါကတော့ သူ့ခံယူချက်နဲ့သူကိုး"

"ဒါပေမယ့် သူဟာ သမီးလေးကို ထည့်မတွက်ဘူး၊ မကြည့်ဘူးလို့တော့ သားမပြောနဲ့၊ သမီးလေး ကျန်းမာသန်စွမ်းပြီး ဖွံ့ဖြိုးနေတာကိုကြည့်စမ်း၊ ဒါ သူ့ရဲ့ ဂရုစိုက်မှုတွေပေါ့ သာမန် မိန်းမတစ်ယောက်ဟာ သူ့လိုနေရာမှာသာဆိုရင် မေမေ ထင်တယ် ကလေးကို လူ့လောကထဲရောက်ခွင့်ပေးမှာ မဟုတ်ဘူး၊ အဲ. . . ထားပါတော့လေ မေမေပြောချင်တဲ့စကားတွေ ဘယ်ရောက်သွားပါလိမ့်၊ မေမေနဲ့ဖေဖေဆန္ဒကတော့ ပုရစ်ကလေးဟာ သားရဲ့သမီး ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ မြေးတစ်ယောက်အနေနဲ့ လက်ခံချင်ပြီ၊ ဒါကြောင့် သားနဲ့မြဖူးကို



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပေးချင်တဲ့ဆန္ဒ မေမေတို့မှာ ရှိတယ်"

တပေါင်းက တွေဝေကာ စဉ်းစားလိုက်သည်။

"မြဖူးညိုက လက်ခံမှာလား"

"သူကတော့ လွယ်လွယ်နဲ့လက်ခံမှာ မဟုတ်ဘူး"

"ဒါဖြင့် သား ဘယ်လိုလုပ်ရမလဲ"

"သား ကြိုးစားရမယ်"

"ဘယ်လို ကြိုးစားရမှာလဲ"

"သား မြဖူးညိုကို လူပျိုလှည့်ရမယ်၊ သူ့ကို သားကိုယ်တိုင်ကလည်း ချစ်နိုင်အောင် ကြိုးစားရမယ်"

တပေါင်း ပြုံးမိသည်။

သူလည်းလေ လောကီသားပေမို့ လှပချောမောသော မြဖူးညိုကို မနှစ်သက်ဘဲ မနေနိုင်၊ နှစ်သက်သဘောကျမိသည်။ သို့သော် မာနကြီးပြီး ခက်ထန်သောသူ ဖြစ်ခြင်းကြောင့် အမြင်ကပ်ခဲ့သည်။ ဘုနဲ့ဘောက်ဖြစ်ခဲ့သည်။ သို့သော် သူ့နှလုံးအိမ်၌ မြဖူးညိုရှိနေသည်ကို သူကိုယ်တိုင် တစိမ့်စိမ့်တွေးပြီး သိနေပြီ။

မြဖူးညိုအကြောင်းကလွဲပြီး သူ့စိတ်ထဲ၌ ဘယ်မိန်းမအကြောင်းမှရှိမနေသလို နေရာလည်း မပေးခဲ့ချေ။

"ဖြစ်မလား သား"

တပေါင်း ခေါင်းညိတ်သည်။

"မြဖူးညိုက ဦးနှောက်နဲ့လည်း ဆုံးဖြတ်တတ်သလို နှလုံးသားကိုလည်း အင်မတန်ဦးစားပေးတတ်တယ် သား၊ သူ့ရဲ့ဆန္ဒက အိမ်ထောင်တစ်ခုကို ချစ်ခြင်းနဲ့ပဲ တည်ဆောက်ချင်တယ်တဲ့လေ၊ သား သူ့ကို လက်ထပ်ဖို့ကြိုးစားတဲ့အခါ ပုရစ်လေးကို မေ့ထားလိုက်တော့ အချစ်ကိုရဖို့ အချစ်ကိုပဲ ပေးရမယ်"





"သား နားလည်ပြီ မေမေ"

"အေး ဒါဖြင့် သားအလုပ်တွေကိုပဲ ပြုံးပြပြီး ဇောကပ်မနေနဲ့၊ သားအချိန်တွေကို မြဖူးညိုအတွက် အချိန်ပေးလိုက်ပါ"

တပေါင်း မိခင်ကို ရှက်ပြုံးဖြင့်ကြည့်ပြီး ခေါင်းညိတ်လိုက်လေသည်။

"ငါ့သားဟာ တကယ့်ကို မလည်ရှုပ်ဘဲ၊ ကဲကဲ မေမေ အိပ်တော့မယ် သားလည်းအိပ်တော့"

ဒေါ်သဇင်သင်းလည်း ပြောစရာရှိ ပြောလိုက်ရသဖြင့် ရင်ထဲပေါ့ပါးသွားပြီး သားဖြစ်သူခေါင်းကိုတစ်ချက်ပုတ်ပြီး ထွက်သွားလေသည်။

တပေါင်းတစ်ယောက်တည်း ဧည့်ခန်းမှာ ကျန်ရစ်ခဲ့သည်။ လသာဆောင်တံခါးကို အသာတွန်းကာ အပြင်သို့ထွက်လိုက်သည်။

မြဖူးညိုတို့အိမ်ကို လှမ်းမြင်ရသော ဤလသာဆောင်သည် သူ အမြဲရောက်နေကြနေရာ ဖြစ်သည်။

မြဖူးညိုတို့အိမ်ဘက်၌ မီးရောင်ရှိနေသေး၏ မြဖူးညိုမအိပ်ဘဲ အိမ်သို့အလုပ်များ သယ်လာကာ လုပ်နေသည်ထင်ပါသည်။ မြဖူးညို အလုပ်မလုပ် စေချင်ပါ။

မြဖူးညိုနှင့်သာ လက်ထပ်ပြီးသွားလျှင် အလုပ်မလုပ်ပါနဲ့တော့ သမီးကိုပဲ ဂရုစိုက်ပါလို့ သူပြောလျှင် လက်ခံပါ့မလား။

တပေါင်း ပြုံးမိသည်။

မုန့်ဆီကြော်ကာဖြင့် ဘယ်ဆီနေမှန်းမသိ၊ နှုတ်ခမ်းနာနှင့်



www.burmeseclassic.com

www.burmeseclassic.com




တည့်ပါ့မလားဆိုသလို ဖြစ်နေပါလား။

ဖိုးလမင်းကြီးက သူ့အားလှောင်ပြုံးကြီးနှင့် မိန့်မိန့်ကြီး ကြည့်ကာ ပြည့်ပြည့်ဝဝ သရော်လျက်ရှိနေပါလား ။







## အခန်း (၃၄)

နှစ်ရက်လောက် ပုရစ်လေးကိုမတွေ့ရတာကိုဘဲ တခေါင်းတို့ တစ်အိမ်သားလုံး မနေတတ်ကြ။

“ကလေးကိုများ ညစာစားပွဲခေါ်သွားရတယ်လို့ ဘာပဲဖြစ်ဖြစ် ဒီညတော့ သွားစောင့်တွေ့ဦးမယ်”

“နေပါ အမေကြီးရယ် မနက်ဖြန်ရောက်တော့မှ စောစောသွားတွေ့တာပေါ့”

“မနေ့ကလဲ သွားကွင်းတဲ့၊ ပြီးတော့ ညရောက်မှပြန်



www.burmeseclassic.com

www.burmeseclassic.com



လာတယ်၊ ဒီနေ့လဲ အစောကြီးကတည်းက ထွက်သွားတာ မိညို ပြောတော့ ညစာစားပွဲပြီးမှ ပြန်လာမယ်လို့ ပြောသွားတယ်တဲ့ ကလေးက တစ်နေကုန်အနားရပ့်မလား"

"အင်း ကလေးဆိုတာက စားချိန်အိပ်ချိန်ကို ဂရုတစိုက် လုပ်ထားပေးရတယ် သူလည်း ပညာတတ်ပဲလေ နားလည်မှာ ပါ"

သူတို့တစ်အိမ်သားလုံး မြဖူးညိုအိမ်ဘက်ကို ချောင်း ကြည့်နေကြသည်။

ညဆယ်နာရီလောက်မှ ပြန်လာသည်။ ဝေဝေခိုင်လိုက် ပို့ပေးသည်။ မြဖူးညိုက သမီးကိုချီပြီး ဝင်သွားသည်ကို တွေ့ လိုက်ရသည်။

"တွေ့လား ကလေးကအိပ်နေပြီ၊ မြဖူးကိုကလဲ အကြော မာပါတယ်၊ သူလုပ်ချင်ရာ ဇွတ်လုပ်ဖို့ပဲတတ်တယ်"

"ကိုင်း အမေကြီး ပြန်ရောက်လာပြီ မဟုတ်လား၊ စိတ် လျှော့ . . အိပ်တော့ တို့ပိုင်ဆိုင်ခွင့်ရှိတဲ့ မြေး မဟုတ်ဘူးလေ"

"ဘာဖြစ်လို့ မပိုင်ဆိုင်ရမှာလဲ ပိုင်ပိုင်နိုင်နိုင်ပိုင်ဆိုင် ရမှာပေါ့"

ဒေါ်သဇင်သင်းက တပေါင်းထံမှ ကာတိကို ရထားပြီး ဖြစ်သဖြင့် ပိုနိုင်စွာ ပြောလိုက်သည်။

တပေါင်းက မိဘများ၏ စကားထဲ ဝင်မပါဘဲ ငြိမ်သက် နေသည်။ တပေါင်းကိုယ်တိုင်လည်း ပုရစ်လေးကို လွမ်းနေ သည်။

မနက် မိုးလင်းတာနဲ့ ပုရစ်လေးတို့ သားအမိ နိုးနိုး မနိုး





နိုး အိမ်ရှေ့မှာ သွားစောင့်နေလိုက်တော့မည်။

ကလေးတစ်ယောက်သည် လူကြီးများ၏ စိတ်ဝင်စားမှု အာရုံကို ဖမ်းစားနိုင်စွမ်းရှိသည်ကို အံ့အားသင့်ဖွယ်ဟု သူတွေ့ လိုက်ရသည်။

ဩော် . . မနက်စောစော လုပ်ငန်းခွင် ဆောက်လုပ်မှု အခြေအနေကို ခဏပြေးကြည့်လိုက်မည်။ ပြန်လာတော့မှ ပုရစ် လေးနိုးချိန်နှင့် အတော်ပဲ ပုရစ်လေးနှင့် အချိန်ကြာကြာနေပြီး မှ အလုပ်ခွင်ကို ပြန်မည်။ လုပ်စရာရှိတာတွေလုပ်မည်။

ညအိပ်ပျော်သွားတော့ အိမ်မက်ဆိုးမက်လေသည်။ သမီးလေးပုရစ်က သူ့ဆီသို့ မိုးကြိုးသံသံမဲမဲ၌ ပြေးလာသည်။

"ပေပေ . . ပေပေ"

သူက သမီးဟုဆိုကာ သမီးနားသို့ပြေးသွားလေသည်။

သမီး အနားသို့မရောက်နိုင်ဖြစ်နေသည်။ သူ ရှေ့သို့တိုး သွားလေ သမီးနှင့် ဝေးသွားလေးဖြစ်လေသည်။

"သမီး"

သူ ဖျတ်ခနဲ နိုးလာသည်။ မိုးမလင်းသေး ငါးနာရီဆို သော့ အာရုဏ်တက်ချိန်ပင် ရှိသေးသည်။

ညက ပုရစ်လေးကို သတိရကာ စိတ်ထဲစွဲနေ၍ အိပ် မက်မက်တာပဲ ဖြစ်မည်။ နှစ်ရက် ခွဲနေရသည့်အရေးကိုပင် လွမ်း ဆွတ်နေလေပြီ။

သူ ကိုယ်လက်သန့်စင်ပြီး အဝတ်လဲကာ အောက်ထပ် သို့ ဆင်းလာခဲ့သည်။ နိုးနေပြီဖြစ်သော ဒေါ်စိန်က သူ့ကိုမြင် သည်နှင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"သားငယ် ဘယ်သွားမလို့လဲ"

"ဆိုက်ထဲလိုအပ်တာတွေ သွားကြည့်မလို့ ခဏပဲ၊ ပြန်လာမှ မနက်စာစားတော့မယ်"

"အေး. . အေး"

သူ ကားထုတ်ကာ ထွက်ခဲ့သည်။

ပုရစ်လေးတို့အိမ်ဘက် လှမ်းကြည့်လိုက်သည်။ မီးလင်းနေပါလား။

ပုရစ်လေး အမေ နိုးနေပြီ ထင်သည်။ တပေါင်း ပြုံးမိသည်။

ပုရစ်လေအမေကို လူပျိုလှည့်ဖို့ကိစ္စက မလွယ်သေး ပုရစ်လေးအမေကလည်း အလုပ်ခပ်များများ၊ သူကလည်း အလုပ်ခပ်များများဆိုတော့ ဘာပဲဖြစ်ဖြစ် မိမိအလုပ်ကိုလျှော့ပြီး ပုရစ်လေးတို့ သားအမိကို အချိန်ပေးမည်ဟု ဆုံးဖြတ်လိုက်သည်

ဆုံးဖြတ်ချက်ကို စတင်အကောင်အထည်ဖော်သည့် အနေဖြင့် မနက်စောစောထကာ လိုအပ်ချက်ကိုကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားချက်ပေးလိုက်လျှင် ပြီးပြီ။

အမှန်ဆို သူ ပုရစ်လေးအိမ် မနက်စောစော မီးလင်းနေခြင်းကိုတွေ့လျက် သတိမထားမိတာက သူ့အမှားဖြစ်သည်

ခါတိုင်းရက်များက မနက်စောစောကို မီးဖိုချောင်တ ပြီး မီးလင်းခြင်းမှ မရှိပေပဲ။ ခု တစ်အိမ်လုံးလိုလို မီးလင်းနေခြ မှာ အကြောင်းရှိ၍ဖြစ်သည်ဆိုတာကို သူ နောက်ကျမှ သိလိုက်သည်။

နောက် အမှားတစ်ခုက ဖုန်း မေ့ကျန်ခဲ့ခြင်း ဖြစ်သည်





အချိန်တွေက ခန့်မှန်းထားသည်ထက် ပိုသွားသဖြင့် ဆိုက်ထဲမှ ကုမ္ပဏီရုံးခန်းသို့ တန်းလာခဲ့လိုက်လေသည်။

ကုမ္ပဏီ၌ ကိစ္စပြီးလျှင် အိမ်သို့ပြန်မည်။ တစ်နေ့လုံး သမီးလေးနှင့် နေလိုက်မည်ဟု စဉ်းစားပြီး ညွှန်ကြားစရာရှိသည် တို့ကိုညွှန်ကြား၊ လက်မှတ်ထိုးစရာရှိသည်တို့ကို ထိုးပေးလိုက် သည်။

ထိုစဉ်. . တယ်လီဖုန်း မြည်လာသည်။ အတွင်းရေးမှူး မိန်းကလေးတကိုင်ပြီး

"ဆရာ ဖုန်းပါ"

သူ စားပွဲပေါ်မှ ဖုန်းကိုကောက်ကိုင်လိုက်သည်။

"ဟဲလို"

"တပေါင်း ကျွန်မပါ"

"မြဖူးညိုလား"

"ဟုတ်ကဲ့. . ရှင် အခုချက်ချင်း ကလေးဆေးရုံကြီးကို လာခဲ့ပါ၊ သမီးကို သွေးသွင်းရမယ် ရှင့်သွေး လိုနေတယ်"

"ဟင်"

သူ ထရပ်မိလျက်သား ဖြစ်သွားသည်။

တယ်လီဖုန်း ချသွားသည်။ ခြေကိုင်မိ လက်မကိုင်မိ ဖြစ်သွားပြီး ကားသော့နှင့် ပိုက်ဆံအိတ်ကို ဆွဲယူရန်သာ သတိ ရပြီး ယူကာ အပြေး တစ်ပိုင်း ထွက်ခဲ့သည်။

လုပ်လက်စတွေ ဝန်းလန်းကျန်ရစ်ခဲ့သည်။

အတွင်း ရေးမှူးမလေးက နောက်မှ ပြေးလိုက်ကာ

"ဆရာ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com




"သမီးကို သွေးသွင်းရမယ်၊ ငါ ဆေးရုံသွားမယ် လိုအပ်တာတွေ ငါရှိရာကို ဆက်သွယ်ပြီး လာပို့"

သွားလာရင်းနှင့်ပြောလိုက်သည်။ ငယ်ထိပ်မြွေပေါက်လေပြီ။ တစ်ခါမှ ခုလို စိုးထိတ်မှုမျိုး မခံစားခဲ့ဘူးချေ။







## အခန်း (၁၅)

ဒေါ်သဇင်သင်းက ကလေးအတွက်ရော ကလေးအ အမေအတွက်ပါ လိုအပ်သော ပစ္စည်းများကို မြည်ညိုနှင့်အတူ အိမ် ယူသည်။ မြဖူးညို၏အခန်း ဗီရိုထဲက တန်းလန်းနှင့်ပင် . . .

"ကြီးကြီး ပစ္စည်းတွေ ယူနေတုန်း ကျွန်မ ရေနွေးဓာတ်ဘူးနဲ့ လိုအပ်တာတွေ သွားယူလိုက်မယ်နော်"

"အေး . . အေး . ."

"ကလေးအဖေကတော့ တို့အိမ်မှာလဲရှိတာပဲ၊ လူကြီး



www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီသာ”

ဒေါ်သဇင်သင်း ဇီရှီဆွဲဖွင့်လိုက်သည်နှင့် အင်္ကျီပေါ်တွင် ဖြစ်တင်ထားပုံရသော စာအိတ်ကလေးလျှောကျလာသည်။ ဒေါ်သဇင်သင်း ကောက်ယူလိုက်သည်။ စာအိတ်က ဖောက်ထိုးဖြစ်သဖြင့် နှစ်လက်မခန့်သာရှိသည့် ရွှေတိုရွှေစဆွဲကြိုးမျှင်လေးကျလာသည်။

“ဟင်”

ပုရစ်လေးအတွက် စိုးရိမ်ပူပန်စိတ်များ တစ်ဒင်္ဂလွင့်ပျောက်သွားသည်။

စာအိတ်ထဲမှ စာချုပ်နှစ်စောင်ကို တွေ့လိုက်ရသည်။ သတင်း စာဖြတ်ပိုင်းမှ စေ့စပ်သတင်း၊ နောက် စာအိတ်ကလေးတစ်အိတ်။

“ဒေါ်သဇင်သင်းသို့ ပေးရန်”

ဟု လိပ်မူထားသည်။ ထိုစာအိတ်ကို ဖောက်မနေတော့လက်ထပ်စာချုပ်အရဆိုလျှင် သား တပေါင်းနှင့်မြဖူးသည် တရားဝင်အကြင်လင်မယား ဖြစ်နေကြပြီပဲ။

တိုးလိုက်တဲ့ တပေါင်း။

လက်မှတ်ထိုးထားတာ မမှတ်မိရအောင် တိုးရအရစိတ်ပျောက်အောင် မူးရတယ်တဲ့လား။

ဒေါ်သဇင်သင်း မြဖူးအတွက် ပါတိတ်ဝမ်းဆက် သုံးလေးစုံ ထုတ်ယူလိုက်သည်။ ဘရာစီယာ၊ ပင်တီတို့ပါထုတ်ကာအိတ်ထဲထည့်လိုက်သည်။ နောက် မျက်နှာသုတ်ပဝါ သမီးလေးအတွက် လေးငါးစုံ လိုအပ်တာကို မြဖူးကိုယ်တိုင်လာမှ ယူပါစေ





တော့။

ကလေးပေါင်ဒါဗူးယူရင်း စားပွဲပေါ်၌ ဖွင့်လက်စ ဒိုင်ယာရီကို တွေ့ရသည်။

လူမှုရေးစည်းကမ်းတွေဘာတွေ နားမလည်တော့။ အချိန်တန်တော့ အန်တီသိရမှာပါဟု လျှို့ဝှက်စွာဖြင့် သူတို့သားအမိကို ဒုက္ခပေးခဲ့သော မိန်းကလေး ခုတော့ ဘာတတ်နိုင်သေးသလဲ။

မြဖူးညို၏ လျှို့ဝှက်ချက်တို့သည် ဘူးပေါ်သလို ပေါ်လာလေပြီ။

သားနှင့်သူ ငြိစွန်းခဲ့သည့်နေ့ ဖြစ်ပျက်ပုံ၊ သား သူ့အားတွေ့ပုံ၊ ကိုယ်ဝန်ရှိကြောင်း သိ၍ မိခင်အား ဖွင့်ပြောလိုက်ရပုံ၊ မိခင်က ဒေါ်သဇင်သင်းအား မြဖူးကလေး သင်းမြေးကို စောင့်ရှောက်ပါဟု မှာသွားတာ ဒေါ်သဇင်သင်း အားလုံးကို ကြားမည်ထင်ဟု ရေးထားသည်။

“ဖြစ်ရလေ ငါ့နားနှယ် မကောင်းလိုက်ပုံများ လွဲချက်တယ် နာရလေခြင်း”

ဒေါ်သဇင်သင်း အားလုံးကို တိကျစွာနားလည်လိုက်လေပြီ ဒိုင်ယာရီကို ပိတ်လိုက်သည်။

မိညိုကလည်း ပြီးပုံမရသေးသဖြင့် စာကိုထုတ်ဖတ်လိုက်သည်။

အန်တီ

ကျွန်မ မကြာခင် မီးဖွားတော့မယ်။ ကျွန်မ တစ်စုံတစ်ခုဖြစ်ခဲ့ရင် ကျွန်မရဲ့ရင်သွေးဟာ လောကကြီးအလယ်မှာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းကျန်ခဲ့မယ်။ ကျွန်မ စိတ်ချနိုင်မှာ မဟုတ်ဘူး။ ဒါကြောင့် ဒီစာကို အန်တီရတဲ့အချိန်မှာ ကျွန်မရဲ့ မီးခံသေတ္တာသော့ကို မိဝေထံကယူပြီး အတူတကွဖွင့်ပါ။ ကလေးနဲ့ပတ်သက်တဲ့ သက်သေတွေ အန်တီတွေ့ရလိမ့်ပါမယ်။ အဲဒီတော့မှ အန်တီ့မြေးလေး၊ တပေါင်းကလေးဆိုတာ လက်ခံပြီး ကျွန်မကလေးကို အန်တီတို့ပဲ စောင့်ရှောက်လိုက်ပါတော့။

ကျွန်မ စိတ်ချပါရစေ. . .

မြဖူးညို

ဒေါ်သဇင်သင်း မိခင်တစ်ဦး၏ မေတ္တာတရားကို ကိုယ်ချင်းစာနာစိတ်ဖြင့် နားလည်ခွင့်လွှတ်လိုက်နိုင်သည်။ သို့သော် မြေးအရင်းအပေါ် ကြိုတင်စောင့်ရှောက်ခွင့် မရရှိခဲ့ခြင်းပေါ် ယူကြုံးမရဖြစ်ရသည်။

ပုရစ်လေးသည် တပေါင်း၏သမီးလေး အမှန်တကယ်ဖြစ်နေပါလား။

ဒေါ်သဇင်သင်း စာချုပ်အိတ်ထဲသို့ စာအိတ်ကို ပြန်ထည့်လိုက်သည်။ မြဖူးညို နှုတ်မှဖွင့်ဟဝန်ခံချက်ကို ကိုယ်တိုင်ကြားချင်သေးသည်။ ဗီရိုသော့များကို သေချာစွာ ခတ်လိုက်သည်။

"သားတပေါင်းကလဲ ဘယ်ရောက်နေသလဲ"

ဆေးရုံ၌ ကျန်ခဲ့သူများ ဆက်သွယ်ကြပါလိမ့်မည်။

"မိညိုရေ ပြီးပြီလား"

"ပြီးတော့မယ် အန်တီ၊ ရေနွေးက နှစ်ဖူးလောက်ယူ





သွားမလို့"

"လိုရင်. . တစ်ယောက်လောက် လွှတ်ယူခိုင်းလို့ရပါတယ်"

"ဟုတ်ကဲ့"

ဒေါ်သဇင်သင်း ပုရစ်လေးအတွက် စိတ်ပူရသော်လည်း မြဖူးညို၏ ဖုံးကွယ်ထားမှုကို သိခွင့်ရပြီး ပုရစ်လေးသည် သူတို့ မြေးဖြစ်နေတာကို သိလိုက်ရခြင်းအတွက် အလွန်ကျေနပ်သွားလေသည်။ ဦးဘမိုးသာသိလျှင် ပို၍ ပျော်ရွှင်သွားပေလိမ့်မည်။ သို့သော်. . .


ပုရစ်လေး. . ဘုရား ဘုရား သမီးလေး ဘာမှမဖြစ်ပါစေနဲ့။ အဖျားကျသွားပါစေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၆ )

"သွေးအမျိုးအစားချင်း တူလို့လား"

တပေါင်းက သွေးဖောက်ယူနေသော ဆရာမကို မေး လိုက်သည်။

"ဘာဖြစ်လို့ မတူရမှာလဲ၊ ရှင်က ကလေးအဖေ မဟုတ် လား၊ အမေက အို အမျိုးအစား ကလေးက အေ အမျိုးအစား ဖြစ်နေတယ် ဆိုရင် ရှင့်သွေးက အေပဲဖြစ်ရမှာပေါ့၊ ဟုတ်တယ် မဟုတ်လား"

"အေတော့ ဟုတ်တယ် ရောဂါရှိမရှိ"





တပေါင်း အံ့အားသင့်ရသည်။ ဘာပဲပြောပြော ပုရစ် လေးအတွက် သူ့သွေးလှူခွင့်ရခြင်းကိုပဲ သူ ကျေနပ်ရပြီ။ သူ့ ခင်က သူ့သွေးအမျိုးအစား အေလို့ပြောလိုက်၍သာ မြဖူး သူ့ အား ဖုန်းဆက်ခေါ်ခြင်းဖြစ်ရမည်။

နောက်မှ ဖခင်ကို မေးရမည်။

"ရှင် စစ်ဆေးထားတာ မကြာသေးဘူးဆို၊ ရှင့်ဖခင် ပြောတာပဲ"

ဂျပန်မှပြန့်ခါနီး ရောဂါရှိလျှင်လည်း ခေတ်မီနိုင်ငံများ ၌ ကုသရတာ ပို၍ကောင်းမွန်သည်ဟုဆိုကာ သားအမိသား အဖ သုံးယောက်စလုံး ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ခဲ့လေ သည်။ ကမ္ဘာ့ကူးစက်ရောဂါ မပြောနှင့် စိုးရိမ်စရာ သွေးတိုးရော ဂါမျိုး၊ နှလုံးရောဂါ၊ ဆီးချိုစသော ဝလာသူများတွင် ဖြစ်တတ် သော ရောဂါပင်မရှိ။ ဒါကို ဖခင်ကပြောသဖြင့် သူ့အား မစစ် ဆေးတော့ပဲ သမီးလေး ပုရစ်ကိုယ်ထဲသို့ တိုက်ရိုက်သွေးသွင်း ပေးခြင်း ဖြစ်မည်။

မြဖူးညိုက သမီးလေး ဘေးနား၌ထိုင်ကာ ပိုက်တန်း သန်းနှင့် သမီးလေးကိုကြည့်ပြီး ကြေကွဲခံစားနေရရှာသည်။ သူနာပြုဆရာမလေး ပြောသောစကားကို မြဖူးညိုကြားမှ ကြား ပါလေစ။ မသိချင်ဟန်များ ဆောင်နေတာလား။

"ကလေးက အဖေတူပဲ၊ သမီးမိန်းကလေး အဖေတူ ကြီးပွားချမ်းသာဦးမှာပဲ"

သမီးလေး ခေါင်းမှာတမ်းကိုကြည့်ပြီး မေထရွှတ်ကြီး အလည်း သမီးနှင့်သူ့အား တစ်လှည့်စီကြည့်ပြီး မှတ်ချက်ပေး



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။

တပေါင်းရင်ထဲ ထူးကဲသောလှုပ်ရှားမှုမျိုး ဖြစ်သွားလေသည်။ သမီးလေးသည် အမှန်တကယ်ပဲ သူ့သမီးလေးလား။

"သမီးတပေါင်း"တဲ့ နာမည်ကိုက သူ့သမီး ဖြစ်ကြောင်း သက်သေခံနေနိုင်အောင် မြဖူးညို တမင်မှည့်ထားတာပဲဖြစ်မည်။

မြဖူးညိုသည် မေထရွှတ်စကားကြောင့် အမှတ်တမဲ့ တပေါင်းအား လှမ်းကြည့်လိုက်သည်။

တပေါင်းအကြည့်နှင့် မျက်လုံးချင်း ဆုံတွေ့ကြသည်။ တပေါင်းအကြည့်၌ တောင်းပန်တိုးလျှိုးမှုတွေ ပါဝင်နေသည်။ မြဖူးညိုအကြည့်ကတော့ အေးစက်မာကြောနေသည်။ သို့သော် အနည်းငယ် ညှိုးနွမ်းနေသည်။

ဝေဝေခိုင် ရောက်လာသည်။

"ဩော် တပေါင်း ရောက်နေပြီကိုး"

မြဖူးညိုအနား ကပ်ပြောလိုက်သည်။

"ရှင်ပြောတဲ့ အချိန်တန်ရင်ဆိုတာ ဒါပဲလား"

"မဆိုင်တာတွေ မပြောစမ်းနဲ့ မိဝေရာ"

ကလေးနားမှာဖြစ်၍ တိုးတိုးပြောကြသည်။

သူတို့ လေသံကျယ်ကျယ်က မှိန်းနေသော သမီးလေးကိုပင် လေဟပ်၍ အနားယူချိန်လေးပျက်စီးသွားမှာကို မြဖူးညို စိုးရိမ်သည်။

ဩော် သမီးလေးအတွက်ဆိုရင် သူ့အသက်ပေးဖို့ မြဖူးညို ဝန်မလေးတော့ပါ။ ခုနေ သမီးလေးသာ တစ်စုံတစ်ခုဖြစ်





သွားလျှင် သူဆက်လက် အသက်ရှင်နေရခြင်းသည် အဓိပ္ပာယ်မဲ့ ဖြစ်သွားနိုင်သည်။

"ပုရစ်ကလေးက အဖေတူသမီးပဲနော်"

"ရှင် မစွပ်စွဲနဲ့နော်"

"ဘာပဲဖြစ်ဖြစ် သွေးကစကားပြောပြီမဟုတ်လား၊ ရှင် ဘာငြင်းမလဲ"

"ဒါကတော့ အေသွေးက ဘယ်သူ့အေသွေးမဆို သွင်းသို့ရတာပဲ သူ့သွေးက စစ်ပြီးသား ဖြစ်နေလို့ပါနော်"

ဆရာမကလည်း ထွက်သွားသဖြင့် သူတို့နှစ်ယောက် လွတ်လပ်စွာ ပြောနိုင်ခြင်းဖြစ်သည်။

တပေါင်းကိုတော့ ဖုတ်လေသည့်ငပိ ရှိသည်ဟုပင် ထင်ကြ။ တပေါင်းက ခံပြင်းသွားသည်။ သို့သော် သည်းခံနေလိုက်သည်။ မျက်စိမှိတ်ပြီး ငြိမ်သက်နေလိုက်သည်။

"ဟော သားရောက်နေပြီ၊ မြေးလေးအခြေနေက စိုးရိမ်ရာမရှိတော့ဘူးဆို၊ မဝေပါ ရောက်နေပြီကိုး"

ဒေါ်သဇင်သင်း အသံက အတတ်နိုင်ဆုံး ထိန်းသိမ်း ပြောကြားကာ စီလွှင်နေသည်။

"မြေးလေး မျက်နှာက သွေးရောင်လွှမ်းလာပြီပဲ"

ဒေါ်သဇင်သင်းက ပုရစ်လေးကို သေချာစွာ ဂရုတစိုက် ကြည့်လိုက်ပြီးမှ သက်ပြင်းချလိုက်သည်။ နောက်တစ်ဘက်ခုံတင်ရှိ သား တပေါင်းရှိရာသို့ လျှောက်သွားလိုက်သည်။

"သားငယ် တပေါင်းက အရေးကြီးတဲ့နေ့မှ ဘယ်သွားနေတာလဲ"

www.burmeseclassic.com



"သမီး မနိုးခင် အလုပ်တွေ သွားလုပ်ပြီးမှ ပြန်လာမယ် သမီးလေးနဲ့ တစ်နေ့လုံးနေပေးမယ် စိတ်ကူးပြီး အစောကြီး ထွက်သွားတာပါ"

"ဪ ဒီလိုလား၊ အင်းလေ.. ဒီလိုပဲ ဖြစ်ရမှာပေါ့"

ဒေါ်သဇင်သင်းက အဓိပ္ပါယ်ပါသော အကြည့်ဖြင့် မြဖူ ညိုကို လှမ်းကြည့်ကာ ပြောလိုက်သည်။

မြဖူးညိုရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ဒေါ်သဇင်သင်း မျက်လုံးများသည် ထူးခြားနေသည်။ တရားသူကြီးက တရားခံ လုပ်ရပ်ကို ဖောက်ထွင်းတွေမြင်နေသော မျက်လုံးမျိုးလား။

"သမီးမြဖူး မဝေနဲ့ ညိုမိရှိနေပြီပဲ မေမေနဲ့ခဏလိုက်ခဲ့ ပါဦး ပြောစရာစကားတွေ ရှိနေလို့"

ဒေါ်သဇင်သင်း၏ ထူးခြားချက်ကို သိချင်နေသဖြင့် မြဖူးညိုက အလွယ်တကူပင် ခေါင်းညိတ်ကာ သမီးလေးကို တစ် ချက်ကြည့်လိုက်ပြီး ဒေါ်သဇင်သင်းနောက် လိုက်သွားသည်။

ဒေါ်သဇင်သင်းက လူရှင်းသောစကြံန်တစ်နေရာသို့ အရောက်တွင် ရပ်ပြီး အောက်ထပ်သို့ တစ်ချက်ကြည့်လိုက်ပြီး မှ မြဖူးညိုနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"လူမှုရေးစည်းကမ်းကို အန်တီ နားလည်ပေမယ့် အိမ် ဖွင့်မှုပြုတ်ကျလာတဲ့အိတ်ကြောင့် မြဖူးနဲ့ သားတို့ရဲ့ ဇာတ်လမ်း ဟာ ကျားရှေ့မှောက်လျက်လဲသလို ဖြစ်သွားပြီ၊ သမီး ဘာပြော ချက်ပေးဦးမလဲ"

မြဖူးညို ညက သမီးလေး နေမကောင်းကတည်းက တစ်ညလုံးမအိပ်ဘဲ ပြုစုရင်း ဒိုင်ယာရီ ပြန်ဖတ်၊ လက်ထပ်စာချုပ်





နှင့် သက်သေခံပစ္စည်းလေးများကို ထုတ်ကြည့်မိသည်။ သမီးထံမှ အသံထွက်တော့ ကမန်းကတန်း ဘီဒိုထဲထိုးထည့်ပြီး သမီးထံ ပြေးကြည့်ပြီး သမီးဇောဖြင့် အရာရာကို မေ့သွားခဲ့သည်။

"လုပ်ရက်တယ် မြဖူးရယ် အန်တီတို့က တရားမဲ့တဲ့လူ တွေ မဟုတ်ပါဘူး၊ မြဖူးအပေါ် သမီးတစ်ယောက်လိုပဲချစ်ခဲ့တာပဲ၊ မြဖူးရဲ့ဒုက္ခကို အန်တီတို့ မျှဝေခံစားနိုင်ပါတယ်၊ မြဖူးက မျှဝေ ပေးဘူးဆိုတာ မြဖူး အန်တီတို့အပေါ် သံယောဇဉ်မရှိလို့လား"

"မဟုတ်ပါဘူး.. ကျွန်မပြောပြီးပြီပဲ ကျွန်မဟာ အိမ် ထောင်ရေးကို တာဝန်ယူရဲတယ်ဆိုတဲ့ စကားနဲ့တင် တည် ဆောက်လို့ မရိုင်မာဘူး ထင်လို့ပါ"

"ဒါကတော့ သမီးရယ် အမှားတစ်ခုကျူးလွန်မိရင် မိမိ အမှားအတွက် တာဝန်ယူရဲတယ်ဆိုတာ ယောကျ်ားကောင်းတွေ ရဲ့ လုပ်ရပ်ပါ"

"ထားပါတော့ အန်တီ၊ ဒါပေမယ့် ဒီကိစ္စကို အန်တီအ ပြင် ဘယ်သူသိသေးသလဲ"

"ဘယ်သူမှ မပြောရသေးဘူး၊ ခုပဲ အန်တီထွက်လာ တာလေး အဖေကြီးနဲ့တောင် မတွေ့ရသေးဘူး"

"ကလေးဆေးရုံအုပ်ကြီးအိမ်ကို လိုက်သွားပြီး မြေးကို ကြည့်နေတယ်ထင်တယ် အန်တီ"

"အင်း.. ဟုတ်မှာ"

"အန်တီ"

"ဆို"

"ဒီကိစ္စကို ဘယ်ပေါင်း မသိစေချင်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"သမီး. . တပေါင်းရဲ့ ရင်ထဲကဖြစ်ပေါ်လာတဲ့ ဆန္ဒ… ဆုံးဖြတ်ချက်ဟာ ဘယ်သူ့တွန်းအားမျိုးမှ မပါစေချင်လို့ပါ၊ သမီး… သံယောဇဉ်တွန်းအားတို့ အန်တီတို့ရဲ့ တိုက်တွန်းချက်တို့ပါ"

ဒေါ်သဇင်သင်းက မြဖူးညို၏ စိတ်ထားကို အကဲခတ်… သားဖြစ်သွားသည်။

"ကောင်းပြီလေ တပေါင်း မသိစေချင်ရင် တပေါင်း… အန်တီဘာမှမပြောဘူး၊ ဒါပေမယ့် ခုဘယ်သူမေးမေး အန်တီ… က ကလေးရဲ့အဘိုးအဘွားအနေနဲ့ အသိအမှတ်ပြုထားပြီး … ပေါင်းဟာလည်း သမီးတပေါင်းရဲ့ဖခင်ဆိုတာ ဘယ်သူ့မှ ငြ… ဆန်ရမှာ မဟုတ်ဘူး"

"ပတ်ဝန်းကျင်က ဘယ်လိုအနေအထားမျိုးပဲ လ… လက်ခံ ကိစ္စမရှိပါဘူး၊ သမီးမှာ အဖေအမေ အဘိုးဘွားရှိတ… ဆိုတာ သိခွင့်ရတဲ့ သမီးလေး စိတ်ဓာတ်ဟာ ပြည့်စုံချမ်းသာ… ဖို့ပဲ လိုပါတယ်၊ အန်တီတို့ ကျွန်မအပေါ်မှာ ကြည်ကြည်ဖြူ… လက်ခံနိုင်တာကိုပဲ ကျွန်မရင်ထဲမှာ ပြည့်စုံလုံလောက်သွားသ… ခံစားရပါတယ်၊ ကျွန်မကို အန်တီနားလည်ပေးပါ၊ တပေါင်း… အသိစိတ်နဲ့ ဖြစ်ပေါ်လာမယ့်တောင်းဆိုမှုကိုပဲ ကျွန်မလို… ပါတယ်၊ ကျွန်မဟာ မိခင်တစ်ယောက်ပါ မိခင်ဆိုတာ ကိုယ့်… ထက် သားသမီးအရေးကို ဦးစားပေးတတ်ပါတယ်"

"အန်တီ သဘောပေါက်ပြီးသားပါ တပေါင်းရဲ့အ… ကိုတော့ အန်တီ အသိပေးမှာပဲ၊ သူဟာ မြေးလေးကို အတော်… ချစ်နေတာဆိုတော့ သူ့ကို ဝမ်းသာစေချင်တယ်လေ"





"ရပါတယ်. . တပေါင်းကလွှဲပြီး ဘယ်သူ့ကို အသိပေး… ရပါတယ်၊ ကျွန်မသွားတော့မယ် အန်တီ၊ သမီးလေး နိုး… ရင် ကျွန်မကို သူမြင်ချင်မှာပဲ"

"ဟုတ်တယ်သမီး အန်တီတို့လည်း အဲဒါပဲ သမီးကို …ပြောချင်နေတာ"

စင်္ကြံတစ်လျှောက် လမ်းလျှောက်လာရင်း ဒေါ်သဇင်… စကားကို ဆက်လိုက်သည်။

"မြေးလေးဟာ အိပ်ခါနီးအချိန်မှာ သန္ဓေကောင်းတဲ့က… ဖြစ်သို့ ကြည်ကြည်လင်လင် ဖြစ်ပေမယ့် မျက်လုံးလေးက …မေကိုရှာဖွေပြီး မတွေ့တော့ ဘယ်သူ့ကိုမှမမေးဘဲ မေမေ …လုပ်သွားဒယ် မီးမီးဖို့ မုန့်မုန့်ဝယ်ဖို့ သူ့ဘာသာသူပြောပြီး …ကို ဖြေသိမ့်မှုပေးတာများ သိပ်ကို သနားဖို့ကောင်းတာပဲ"

မြဖူးညို မျက်ရည်များ ရစ်ဝဲသွားသည်။

ဒီအရွယ်ကလေးအတွက် ငွေကြေးတွေ မလိုအပ်ပါ။ …ခင်မေတ္တာသာ လိုအပ်သည်ကို မြဖူးညို သဘောပေါက်မိ… သည်။

"မြဖူး အလုပ်ကိုလျှော့ပြီး သမီးလေးအတွက် အချိန် …ပါမယ်"

မြဖူးညိုအတွက် ခြေကုန်လက်ပန်းကျသွားသည့်အလား …လိုက်ရသည်။ ကလေးတစ်ယောက်၏ ဘဝရှင်သန်တိုး… ပြည့်စုံမှုတွေရရှိစေဖို့ လိုအပ်ချက်တွေက များပြားလွန်း… သည်။ ဒါကို မိဘဘိုးဘွားတွေကိုယ်တိုင် နားလည်နိုင်မှ သား… …တို့သည် ကျောက်တောင်းတစ်စုံပမာ အရောင်တောက်

www.burmeseclassic.com



ပြောင် အဖိုးထိုက်တန်နိုင်ပေမည်။

မြဖူးညို မျက်ရည်စများကို သိမ်းဆည်းပြီး အခန်းထဲ
ဝင်လိုက်သည်။


တပေါင်းထံမှ သွေးထုတ်ယူခြင်း ပြီးသွားသဖြင့် ဖ
ပေါင်းသည် သမီးလေးအနား၌ ထိုင်နေလေသည်။

တပေါင်းနှင့်သမီးသည် အတော်ရုပ်ချင်းဆင်တာ
သမီးလေးက တပေါင်းလက်ကိုကိုင်ကာ ဆော့နေသည်။

မြဖူးညိုရင်ထဲ အမည်မဖော်နိုင်သော ဝေဒနာတစ်
ခံစားလိုက်ရလေသည်။







# အခန်း ( ၃၇ )

"အမေချည်းပဲ မစောင့်နဲ့လေ၊ ကလေးလည်း နေ
င်းသွားရော အမေလည်း လဲရောချင်သလို ဖြစ်လိမ့်မယ်

စစ္စတာ သတိပေးသည်။

"ဟုတ်သားပဲ သမီးရယ်၊ မေမေတို့လည်း ရှိတာပဲ တစ်
လေ အိမ်ပြန်အိပ်လိုက်ပါလား"

"မေမေသိတဲ့အတိုင်းပဲလေ သမီးလေးကအိပ်ခါနီး

www.burmeseclassic.com



ကျွန်မကို မတွေ့ရင်-ဂျီတွန်နေပါ့မယ်"

တပေါင်းသည် မြဖူးညို၏ မိခင်စိတ်ကို လေးစားသွား
သည်။ အိမ်သို့ လုံးဝမပြန်ဘဲ သမီးလေးကို ဂရုတစိုက်ပြု
လေသည်။

"ကျွန်မကြောင့် သမီးလေး ဒီလိုဖြစ်ရတာ၊ မိုးလည်း
ညဘက်လည်း အပြင်ထွက်လည်တော့ အဆုတ်အအေး ပ
သွားတာ၊ ကလေးဟာ ပန်းလေးတွေလိုပဲနော် သိပ်နူးညံ့တ

မြဖူးညို၏ နူးညံ့သိမ်မွေ့မှုတွေကို တပေါင်း တွေ့မြင်
ရပြီ။

တကယ်တော့ မြဖူးညိုသည် သူနှင့်အနီးဆုံးမှာ ရှိ
ပြီး အဝေးဆုံးသို့ ရောက်ရှိသွားရခြင်းမှာ. . သူ၏ညံ့ဖျင်းမှ
ကြောင့်သာ ဖြစ်နိုင်သည်။

ကလေးတစ်ယောက်ကို လူလားမြောက်အောင်
မွေးပြုစု ပျိုးထောင်ဖို့ရာကိစ္စမှာ လွယ်ကူသော ကိစ္စမဟုတ်

"ဆရာ ဝင်ခွင့်ပြုပါ"

"ဪ လာကြပါ"

အချုပ်တွေမုန့်တွေ အသီးအနှံတွေကို သယ်ဆောင်
သော ကုမ္ပဏီဝန်ထမ်းများကြောင့် မြဖူးညိုရင်ထဲ ထိတ်ခနဲ
သွားသည်။

တပေါင်းဝန်ထမ်းများသည် တပေါင်း၏သမီး
ဆေးရုံတင်ထားသည်ကိုသိသဖြင့် သတင်းလာမေးခြင်း
သည်။

"ဘာလို့ ငွေကုန်ခံပြီး ဝယ်လာကြတာလဲ၊ မလို





ပြန်ယူသွားကြ"

"ကျွန်မတို့ရဲ့ စေတနာကို လက်ခံပါ၊ ရော့သမီးလေး"

အတွင်းရေးမှူးလေးက သမီးလေးပုရစ်အား ပန်ဒါ
ဝက်ဝံအရုပ်ကလေး စတင်ပေးသည်။ သမီးလေးက. . .

"မီးမီးမှာ ရှိရယ်"

"ရှိလည်း ထပ်ယူပေါ့၊ မီးမီးမှာရှိတဲ့ ရုပ်ရုပ်ရဲ့မောင်
လေး"

"ဟုတ်လား. .၊ ဟင် မီးမီးမှာ မောင်ရေးရှိဘူး"

"နောက် ရှိလာမှာပေါ့ သမီးရယ် သမီးမေမေက သမီး
အတွက် မောင်လေး ညီမလေးတွေ ပေးမှာပေါ့"

ငွေစာရင်းအရာရှိ အမျိုးသမီးကြီးစကားကြောင့် မြဖူး
ညိုမျက်နှာ နီရဲသွားသည်။ ဒေါ်သဇင်သင်းက. . .

"ဒါ သမီးလေး အမေလေ"

"တွေ့ရတာ ဝမ်းသာပါတယ်၊ ဆရာကတော် အရမ်း
ချောတာပဲ"

"ဟုတ်တယ် မေမေ ချောရယ်"

သမီးလေး စကားကြောင့် မြဖူးညို သည်းခံစိတ်မွေး
ထိုက်ရသည်။

တပေါင်းကို အရေးမစိုက်ချင်ပေမယ့် ဦးဘမိုးနှင့် ဒေါ်
သဇင်သင်းမျက်နှာက ရှိနေသည်။

"ဆရာ လက်မှတ်ထိုးစရာလေးတော့ ပါလာပါတယ်"

"ပြပါဦး"

တပေါင်းသည် အတွင်းရေးမှူးမလေးဆီမှ ဖိုင်တွဲကို ယူ

www.burmeseclassic.com



ကြည့်သည်။ လွယ်လင့်တကူ လက်မှတ်မထိုး လိုအပ်ချက်ကို ဖြည့်စွက်ပြီး အတွင်းရေးမှူးမလေးကိုကော မန်နေဂျာကိုပါ ခေါ် ပြသည်။

"ဒါကို ပြင်ရိုက်ထားလိုက်၊ ငါ ညနေ ဒီကပြန်ရင် မန်နေဂျာ ဦးမြတ်အောင်အိမ်ကိုဝင်ပြီး လက်မှတ်ထိုးပေးလိုက်မယ် မင်းက ကွန်ပျူတာကို ပြန်ရိုက်ခိုင်းလိုက်ပြီး ဦးမြတ်အောင်အိမ် ပို့ပေးလိုက်"

"ဟုတ်ကဲ့ပါ ဆရာ"

တပေါင်းသည် လုပ်ငန်းနှင့်ပတ်သက်လာလျှင် အတော် စေ့စေ့စပ်စပ်နိုင်နေပါလား။

လွန်ခဲ့သော သုံးနှစ်တာနှင့် တစ်ခြား စီဖြစ်နေသည်။

အားကိုးနိုင်သော ယောကျာ်းတစ်ယောက် ဖြစ်နေပြီ။

စကားပြောပုံဆိုပုံသည်လည်း လူကြီးဆန်လာသည်။ ဦးဘမိုးက အခြားစကား တစ်ခွန်းတလေဝင်ပြောရုံမှအပ တပေါင်း၏ဆုံးဖြတ်ချက်နှင့် လုပ်ငန်း၌ တစ်ခွန်းမှဝင်မပြောချေ။

ခုမှ စိတ်ဝင်စားသွားသည်က တပေါင်း၏ ပြောင်းလဲသွားမှုကို ဖြစ်လေသည်။ ဂျစ်ပစီ၊ ဂျလေဘီ ဆန်ကုန်မြေလေး ပုံစံမျိုးရှိခဲ့ပါသည်ဟုပြောလျှင် မည်သူက ယုံကြည်နိုင်ပါ့မလဲ။ ဧည့်သည်များက ပြန်ခါနီးတွင် မြဖူးညိုကို. . .

"ဆရာကတော် ကျွန်မတို့ ကျွန်တော်တို့ ပြန်ပါဦးမယ်"

ဆိုသော စကားများအတွက် မြဖူးညို စိတ်ရှုပ်စွာခံစားလိုက်ရ သော်လည်း မိမိတို့အရှုပ် လူသိအောင်ဖြန့်ပြလို့ကလည်း မဖြစ်။





"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

ဟုသာ ဝတ်ကျေတန်းကျေ လောကဝတ် ပြုလိုက်ရလေသည်။

တပေါင်းက စတော်ဘယ်ရီရောင်ပြေးနေသော မြဖူးညို၏ ရှက်မျက်နှာလေး ခိုးကြည့်ပြီး စိတ်တွင်းမှ. . .

"ကိုင်း. . ဒေါ်မာန မင်းဘာတတ်နိုင်သေးသလဲ"


ဟု ကျေကျေနပ်နပ်ကြီးကို ပြောလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၃၈ )

သမီးပုရစ်လေး ဆေးရုံတက်နေသည့် ဆယ်ရက်အတွင်း အိမ်သို့ခဏတဖြုတ် ရေပြန်ချိုးရုံကလွဲပြီး လုံးဝ ပြန်အိပ်ခြင်းမရှိသော မြဖူးညိုသည် စိတ်က ခံနိုင်ရည်ရှိသော်လည်း လူက မခံနိုင်တော့ပေ။

သမီးလေး ဆေးရုံဆင်းမည့်ရက်မှာပင် ပန်းဖျားဖျားလေသဖြင့်. . .

"သမီးကို အဖွားကူးမှာစိုးတယ် ကျွန်မ ပြန်တော့မယ်"





"နေဦး သမီး ကားကို ကိုယ်တိုင်မောင်းလို့ မဖြစ်ဘူး"

ဒေါ်သဇင်သင်းက တားလိုက်သည်။

"သား ပြန်ပို့ပေးမယ် မေမေ၊ ဆေးခန်းလည်း ဝင်လိုက်မှဖြစ်မှာ"

တပေါင်းက ဝင်ပြောလိုက်သည်။ မြဖူးညို ငြင်းဆန်လိုက်သည်။

"ရပါတယ် ဒီလောက်တော့ ကျွန်မ ခံနိုင်ရည် ရှိပါတယ်၊ သမီးလေးဆင်းရင် ရှင်ပါမှ ဖြစ်မှာ"

တပေါင်းကိုလည်း သမီးလေးသည် အလွန်တွယ်တာလေသည်။

"ဖေဖေ ချီမှ" ဟူသော စကားကို တွင်တွင်သုံးတတ်လာပြီ။

အဘိုးအဘွားကို မြဖူးညိုနှင့် တပေါင်းမရှိမှကပ်သည်။ ဘယ်သူမှမရှိလျှင် ဒေါ်စိန်တို့ မိညိုတို့ကို ညာစားကာ ပွဲဗိုလ်ရေးဒေါ်ရေးနှင့် ညံစီနေတတ်သည်။ ယခုခေတ်ကလေးများ၏ အတတ်စုံနေမှုကတော့ သြချလောက်သည်။

"ဒီလိုဆို ဖေဖေ လိုက်ပို့ပေးမယ် သမီး၊ မိညိုက မလိုအပ်တဲ့ပစ္စည်းတွေ တစ်ခါတည်း ယူခဲ့"

ဦးဘမိုးက ပြောလိုက်သည်။ မြဖူးညို မငြင်းသာတော့။ သူတို့လင်မယားက မြဖူးညိုအား သမီးဟု ပါးစပ်ဖျားက မချတော့သလို သူတို့ကိုယ်သူတို့လည်း ဖေဖေ မေမေဟု သုံးနှုန်းကုန်ကြသည်။

"မေမေ ဘယ်သွားရို့ရဲ"

www.burmeseclassic.com



မြဖူးညိုအား ပုရစ်လေးက လှမ်းမေးလိုက်သည်။

မြဖူးညိုက ပုရစ်လေးနားသို့ မကပ်ဘဲ

"မေမေ မီးမီးအတွက် အင်္ကျီလှလှ သွားဝယ်မလို့လေ"

"မီးမီးမှာ အင်းတီလှလှ. . ရှိ. . ရှိ. . မေမေတွားနဲ့"

ပုရစ်လေးက နေမကောင်းမှ မြဖူးညိုကို ပိုကပ်နေလေပြီ။

"ဖေဖေရှိတယ် သမီး၊ မေမေက ရေလည်း မချိုးရသေးဘူး၊ ပြန်ချိုးပါစေနော်၊ လာ ဖေဖေနဲ့ ငှက်ကလေးတွေ ကြည့်ရအောင် ပန်းလေးတွေလည်း သိပ်လှတာ မီးလေးရဲ့"

"ဟုတ်ရဲ့လား"

"ဟုတ်ရယ်. . ဟုတ်ရယ်"

တပေါင်းက အာရုံပြောင်းသွားစေရန် ပုရစ်ကလေးကို ချီပြီး မြဖူးညိုသွားမည့်နေရာနှင့် ဆန့်ကျင်ဘက် အရပ်သို့ ခေါ်သွားလိုက်လေသည်။

မြဖူးညို သက်ပြင်း တိတ်တခိုးလေးချလိုက်မိပြီး ဆေးရုံထဲမှ ပြန်ခဲ့လေသည်။

တပေါင်းမှာ အားကိုးနိုင်သော အရည်အချင်းတွေ ရှိနေပြီပဲ။ အိမ်ထောင်တစ်ခုကို အကောင်းဆုံးဖြစ်အောင် ထားပေးနိုင်သည်။ သားသမီးချစ်တတ်သော ဖခင်၏ အရည်သွေးတွေလည်း တွေ့မြင်နေရပြီ။ ဝေဝေခိုင်ကတောင် စိတ်ကူးမလွဲနဲ့နော် မိဖူး တပေါင်းလိုလူမျိုး လိုချင်တဲ့လူတွေ ဝိုင်းဝိုင်းလည်နေတာ၊ ရှင် ဒီလောက်မူနေရင် ရှင်တို့သားအမိ ကျန်ရစ်ဖြစ်လိမ့်မယ်ဟု ပြောလိုက်တော့. . သူသည် စိတ်တွင်းကပင် မခံချင်စွာဖြင့်. .





မဖြစ်ပါဘူး ကျွန်မသာလျှင် တရားဝင်မယားကြီး ဖြစ်ပါကြောင်း ကြေညာလိုက်ရုံပါပဲ သက်သေက သမီးတပေါင်းပဲပေါ့. . ဟု။

နောက်ဆုံး ဝေဝေခိုင်အား ကျေးဇူးရှိဖူးသည့် သူငယ်ချင်းဖြစ်သည့် အားလျော်စွာ ပြင်ဦးလွင်ပြန်ခါနီး လာနှုတ်ဆက်စဉ်က သူနှင့်တပေါင်း၏ အဖြစ်မှန်ကို ဖွင့်ပြောလိုက်လေသည်။

ဝေဝေခိုင် စိတ်ချမ်းသာသွားခဲ့သည်။ တပေါင်းဟာ ကြီးမိုက်မဟုတ်ဘဲ ကြီးလိမ္မာဖြစ်နေပြီ၊ ရှင်ပြောတဲ့ ဂျစ်ပစီလည်း မဟုတ်တော့ဘူး၊ လူကြီးမင်းဖြစ်နေပြီလေ၊ ရှင် ဘာကိုမှား ငြင်းဆန်ချင် နေရသေးတာလဲဟု ပြောသွားခဲ့လေသည်။

မြဖူးညို ပြုံးရုံပြုံးနေလိုက်သည်။ တပေါင်း လူကြီးမင်းဖြစ်သွားခြင်းအတွက် သူ ဝမ်းသာပါသည်။ သို့သော် မြဖူးညို၏ နှလုံးသားသည် သန့်ရှင်းလတ်ဆတ်နေသည်။ အပျိုစင်ကလေးတစ်ဦး၏ နှလုံးသားမျိုး သစ်လွင်နေဆဲဖြစ်သည်။

ထိုနှလုံးသား နိုးထလာစေရန်အတွက် လှပသော အိပ်မက်သံစဉ်လေးတွေ မဖြစ်ထွန်းသေးပေ။

မြဖူးညိုအတွက် မှီခိုအားထားစရာ ခင်ပွန်း မလိုအပ်ပါ။

မြဖူးညိုခြေထောက်ပေါ် မြဖူးညို မားမားမတ်မတ် ရပ်တည်နိုင်သည်။

သမီးလေးအတွက် မြဖူးညို လုပ်သင့်သည်တို့ကို လုပ်ပေးပြီးပြီပဲ။ သမီးလေးမှာ အမေရှိသည်၊ အဖေရှိသည်။ အဘိုးအဘွားရှိသည်။ ပြည့်စုံနေပြီ။

မြဖူးညိုအတွက် လိုအပ်နေသည်မှာ မြဖူးညို၏ သန့်စင်သော နှလုံးသားကို ကိုင်လှုပ်နိုင်သူ တစ်ယောက်။ မြဖူးညိုကိုယ်တိုင်

www.burmeseclassic.com



ချစ်ခင်မြတ်နိုးလေးစားနိုင်မည့်လူသာ။

"သမီး ဆေးခန်းရောက်ပြီ"

"ဟုတ်ကဲ့ ဖေဖေ"

မြဖူးညို အိပ်ယာမှနိုးထလာသူပမာ ပြူးတူးကြောင်တောင်လေး ဖြစ်သွားသည်။

"မိညို လိုက်သွားလိုက်၊ ဖေဖေ အပြင်ကပဲ စောင့်နေမယ်"

"ဟုတ်ကဲ့"

မြဖူးညိုကို ဆရာဝန်က စစ်ဆေးပြီး. . .

"အခြားရောဂါ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး၊ အဖျားရှိုးရှိုးပါပဲ သွေးပေါင်တော့ ကျနေတယ် အနားယူဖို့တော့ လိုတယ်"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

မြဖူးညိုက. . .

"အဖျားက ကူးတတ်သလား"

"တုတ်ကွေးမဟုတ်တဲ့အတွက် မကူးတတ်ပေမယ့် နုနယ်တဲ့ကလေးအရွယ်တော့ ကူးတတ်ပါတယ်"

မြဖူးညိုရင်ထဲက ဒုက္ခပါပဲဟု တမိလျက်သား ဖြစ်သွားလေသည်။

ပုရစ်လေးကို ညရောက်လျှင် မည်ကဲ့သို့ သိပ်ရမည်နည်း။

မြဖူးညို အကြပ်ရိုက်ရပြီ။ ခုမှ နံနက်ဆယ်နာရီပဲ ရှိသေးတာ ညနေရောက်လျှင် အဖျားကျသွားမှာပါ။





မြဖူးညို အားတင်းလိုက်လေသည်။

"ဘယ့်နှယ်လဲ သမီး နေသာရဲ့လား"

"အဖျားရှိုးရှိုးပါတဲ့"

"ပန်းဖျားဖြစ်မှာ သမီးက နားနားနေနေမှ မနေတာကိုးကွယ်၊ ပုရစ်လေးတာဝန် ဖေဖေတို့ပဲယူမယ် တစ်ရက် နှစ်ရက်တော့ သမီး ပြည့်ပြည့်ဝဝနားလိုက်ပါ"

မြဖူးညို မပြောတော့ပါ။ ဦးဘမိုးတို့သည် သူ့အပေါ် အလွန်ကောင်းသည်ကို သိထားသောကြောင့်လည်း ဖြစ်သည်။

ဆရာဝန်မှာတာတွေကို မိညိုက ဖောက်သည်ချသည်။

"ဒီအတိုင်းဆို မြေးလေးကို အိမ်မှာပဲ ချော့သိပ်ကြည့်ရမယ်"

"ရမယ်မထင်ပါဘူး ဖေဖေ၊ ညနေလောက်ဆို သမီးအဖျားကျသွားမှာပါ"

"ရအောင်တော့ ထိန်းကြည့်ကြတာပေါ့ကွယ်"


မြဖူးညို သက်ပြင်းချမိပြန်သည်။

ကံကြမ္မာက လူကို မဖန်တီးနိုင်ဘူးလား။ ကံကြမ္မာကိုပဲ လူက ဖန်တီးတာလား။

မြဖူးညို ခေါင်းထဲ မူးဝေနောက်ကျိလာသဖြင့် အသာအယာ မှိန်းပြီး အတွေးစများကို ဖြတ်တောက်ပြစ်လိုက်လေသည်။

www.burmeseclassic.com





# အခန်း (၃၉)

"မေမေ သမီးလေးအိပ်တုန်း မြှူးကို သားသွားကြည့်လိုက်ဦးမယ်နော်"

"အေး စောစောက မေမေ သွားတုန်းကတော့ သူအိပ်နေတုန်းပဲ၊ သားတစ်လှည့် သွားကြည့်လိုက်တာ ကောင်းပါတယ် မြေးလေး နိုးလာရင် သားကို မတွေ့ရင် ပူပူညံညံများ လုပ်မလားပဲ"

"ခဏပါပဲ"





ဒေါ်သဇင်သင်းသည် သားဖြစ်သူအား အဖြစ်မှန်ကို ...ှင့်ပြောချင်ပါပြီ။ သားကိုမပြောရဘူးဟူသော ကတိကို ပေးထား ...ဖြင့် ...ိုနှယ် ဆုပ်လည်းဆူး၊ စားလည်းရူး ပဒိုင်းသီးလိုဖြစ် ...နေပါလားနော်၊ ပြောလိုက်ပြန်ရင်လည်း လူကြီးဖြစ်ပြီး ကတိ ...တည်ရာကြပြန်၊ မပြောပြန်တော့လည်း သူတို့ ဇာတ်လမ်း ဒီလို ... ရေရှည်မျောသွားတော့မှာလား။

သားဖြစ်သူ နောက်ကျောကိုကြည့်ပြီး စိတ်တွင်း၌ ညီး ...သွားလိုက်မိလေသည်။

"ဘယ်လိုလုပ်ကြမလဲ အဖေကြီး"

"ဘယ်လိုမှ မလုပ်နဲ့၊ လူကြီးဆိုတာ ကတိတည်တာပဲ ...ကောင်းတယ်၊ သူတို့ကိစ္စ သူတို့ဘာသာ ရှင်းပါစေ၊ သားလည်း ...လောက် မအပါဘူး၊ စီးပွားရေးလုပ်ငန်းတွေတောင် လာဘ် ...င်နေပြီပဲ၊ ဦးဆောင်နိုင်တဲ့ အရည်အသွေးလည်း ရှိတယ်၊ ကြား ...ကြားမဝင်တာ အကောင်းဆုံးပဲ စိတ်အေးအေးသာနေ"

ဒေါ်သဇင်သင်း သက်ပြင်းချလိုက်လေသည်။

တပေါင်းသည် သူ့အိပ်ခန်းထဲ၌ နှစ်ရှည်...များသိမ်း ...ည်းထားသော ပစ္စည်းများကို ထုတ်ယူပြီး တစ်...ခြံသို့ ကူးခဲ့ ...သည်။

"အဖေကြီး မြေးလေးကို ကြည့်ထား"

"ဘာလုပ်မလို့လဲကွ"

"ခဏလေးပါ"

ဒေါ်သဇင်သင်းသည် သားဖြစ်သူထွက်သွားရာသို့ အ ...ထပ်မှ အသာချောင်းကြည့်လိုက်သည်။ ပြီးမှ ပြန်ဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး. . .

"လက်ထဲမှာ အိတ်တစ်လုံးတော့ ဆွဲသွားတယ်"

"လက်ဆောင်ပေးပြီး ချစ်ရေးဆိုမလို့လား မသိ[...] ဒီကောင် အရန်ကော"

"အဖေကြီးပဲ သင်ပေးလိုက်ပေါ့"

"ဟာကွာ ကလေးကလား. . မင်းချွေးမက မင်းလို[...] မဟုတ်တာ"

"ကျွန်မက ဘယ်လိုမို့လို့လဲ"

"မင်းက မဆွတ်ခင်က ညွတ်နေတဲ့ဟာမျိုး"

"အဖေကြီးနော်. . ဟွန်း မြေးလေး နိုးမှာစိုးလို့ [...] ကုန်းကြီးကို ထုလိုက်ရရင် အဆုပ်ကွာတော့မယ်"

ဦးဘမိုးက တိုးတိုးတိတ်တိတ် ရယ်မောလိုက်လေသည်[...]

တပေါင်းက မိညိုအား အသံလှမ်းပေးလိုက်သည်။

မိညို တံခါး လာဖွင့်ပေးရင်း. . .

"မမလေး အိပ်နေတယ် ထင်တယ် အစ်ကို"

"ရတယ် သူ့ကိုစိတ်မချလို့ လာကြည့်တာ ဘယ်မှာ[...]

"အပေါ်ထပ်မှာပဲ"

မိညိုကို ဒေါ်သဇင်သင်းက တိုးတိုးတိတ်တိတ်သင်ကြ[...] ထားပြီး ဖြစ်သဖြင့် မိညိုက တပေါင်းအား တံခါးဖွင့်ပေးပြီး. . .

"ကျွန်မ ကြက်စွပ်ပြုတ်အိုး တည်ထားလို့ အစ်ကိုပဲ [...] သွားလိုက်ပါ"

တပေါင်း ချိန်ဆလိုက်သည်။ သိပ်ပိုင်စိုးပိုင်နင်း ကျ[...] ရာများကြနေမလား။





အချစ်ရေးနှင့် စစ်ရေးတွင် နှောင့်နှေးနေ၍ မရ. . ဟူ[သော]စကား ရှိသည်ပဲ။

"အေး. . အေး. ."

တပေါင်း အေးဆေးစွာဖြင့် တက်ခဲ့သည်။

အိပ်ခန်းတံခါး စေ့ထားသည်။ အသာတွန်းဖွင့်ကာ ဟ[ထ]ားပြီး မြဖူးညိုကို ကြည့်လိုက်သည်။ အိပ်ဆေးပါသလားမသိ၊ [...]ခြိုက်စွာ အိပ်မောကျလျက် ရှိသည်။

သမီး ပုရစ်လေးလိုပါပဲ။ အပြစ်ကင်းစင်စွာ အိပ်မောကျ[နေ]သည်။ ချွေးလေးတွေ စို့နေသည်ကို အသာသုတ်ပေးချင်ပါ[သည်]။

မြဖူးညို ကုတင်နား မလှမ်းမကမ်းမှာ ရှိနေသော စာ[ရေးစ]ားပွဲ၌ ထိုင်လိုက်သည်။ ဘော်ပင်လေးတစ်ချောင်း ညှပ်ထား[...] ပိတ်ထားသော ဒိုင်ယာရီစာအုပ်ကို တွေ့လိုက်ရသည်။

သူ မသိသောကိစ္စကို သိနေသော သူ့ထံမှတစ်ဆင့် ပြန်[...]အောင် ကြိုးစားယူရမည်။ လူမှုရေးစည်းကမ်းကို နား[လည်][...]သော်လည်း ပုရစ်လေး(ခေါ်) သမီးတပေါင်းသည် သူ၏သမီး[...]နိုင်သည်ဟု ယုံကြည်မိသဖြင့် မြဖူးညို၏ရင်တွင်းသံစဉ်များ[...]ထွန်းရာ ဒိုင်ယာရီကို ဖွင့်ဖတ်လိုက်သည်။

"သွေးကစကားပြောသည် ထင်ပါရဲ့ သမီးလေးသည် [...]တို့ တွယ်တာတတ်နေပါတကော"

"သူလည်းပဲ သမီးကိုတွယ်တာနေပြီ ချစ်တတ်နေပြီ၊ [...]အတွက် စိတ်ရောလူပါ [...]ရဲ့ဒုက္ခ ခံစားခဲ့ရကျိုးနပ်လေပြီ"

"သူ့သွေးဖြင့် သမီးလေး ဖြစ်လာခဲ့သည်၊ ယခုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖခင်သွေးဖြင့် သမီးလေး အသက်ဆက်ရလေပြီ၊ ငါ ဘာ
လုပ်သင့်သလဲ ”

ဒိုင်ယာရီ၏ နောက်ဆုံးစာမျက်နှာကစာပိုဒ်များကို
မိသွားပြီးနောက် သူ့ရှေ့ စာမျက်နှာများကိုပါ စိတ်ဝင်စား
လှန်လှောလိုက်သည်။

ထင်ထားသည့်အတိုင်းပင် မူး၍ လူစိတ်ပျောက်နေ
၌ သူသည် အမှားများကို ဆက်တိုက်ကျူးလွန်ခဲ့သည်။
လေး ကိုယ်ဝန်လွယ်ထားရစဉ်က မိခင်တစ်ယောက်၏
ချက်နှင့် ဆုံးဖြတ်ချက်များ။

နောက် မိန်းမသားတစ်ယောက်၏ ထူးခြားသော
ချက်ကို သူတွေ့လိုက်ရသည်။

“ငါ့ကိုယ်ဝန်ဟာ နင်နဲ့ရတာပါလို့ပြောလိုက်လျှင်
တပေါင်းက တာဝန်ယူမှာလား။

အန်တီကတော့ တာဝန်ယူမှာ ကျိန်းသေသည်၊
သော် ငါ့အပေါ် အမြင်မကြည်လင်သော တပေါင်းသည်
ပေါ်သံသယမျက်လုံးနှင့်ကြည့်ပြီး သူ့ဂုဏ်သိက္ခာအတွက်
ဝန်ယူခြင်းမျိုးကို ငါက လက်ခံရမှာလား။

ဝေးသေး. .

ကလေးဟာ သူတို့မြေး၊ သူတို့သွေးပါဟု လက်
နိုင်သော အချိန်ရောက်မှ ငါဖွင့်ပြောလိုက်တော့မည်။

ငါ အနစ်နာခံပြီး ရင်သွေးကလေးကို မွေးဖွား
တော့မည်။

တာဝန်ကြောင့် ရင်သွေးကို တာဝန်ယူရသော





ချစ်ခြင်းမေတ္တာဖြင့် နွေးထွေးစွာ စောင့်ရှောက်ခြင်းကိုပဲ
သွေးလေး ခံစားနိုင်စေရမည်။”

တပေါင်း မြဖူးညိုအပေါ်၌ လေးစားသွားလေသည်။
ညို့စိတ်ဓာတ်ကိုလည်း သဘောကျသွားသည်။

မြဖူးညိုလုပ်ရပ်သည် မှန်ကန်သည်ဟု သူလက်ခံမိ
သည်။ စာအုပ်ကို လက်ရာမပျက် ပြန်ထားပြီး မြဖူးညိုကို
ကြည့်လိုက်သည်။ နှစ်ခြိုက်စွာ အိပ်မောကျနေဆဲဖြစ်
၏။

ရင်သွေးအတွက် စိတ်နှလုံးပူပန်မှုဖြင့် စားမဝင် အိပ်
ဖြစ်ခဲ့ပြီး ပင်ပန်းဖျား ဖျားသွားခဲ့ရှာသည်။ ဆရာဝန်က
ဆေးဖြင့် အနားယူစေသည် ထင်ပါသည်။ နှစ်ခြိုက်စွာ အိပ်
နေခြင်းဖြစ်သည်။

တပေါင်း အသာလေး ပြန်ထွက်ခဲ့လိုက်သည်။


သူ ပြန် ထွက်ခဲ့ခြင်းသည် မြဖူးညိုအတွက်ဖြစ်ခဲ့သည်။

မြဖူးညိုသည် သူ၏စိတ်စေတနာနှင့် တောင်းဆိုမည့်
ကို ဒိုင်ယာရီဖတ်ပြီးမှ တောင်းဆိုခြင်းဖြစ်သည်ဟုများ
လွဲသွားခဲ့ပါလျှင် သူတို့ဇာတ်လမ်း ပေရှည်ဦးမည်။

တပေါင်း မိညိုအား မှာစရာရှိသည်များ မှာကြားပြီး
လေသည်။

www.burmeseclassic.com





# အခန်း ( ၄၀ )

မြဖူးညို နိုးလာတော့ ဒေါ်သဇင်သင်း ရောက်နေ...

"ဟော. . သမီးနိုးပြီ ချွေးတွေနဲ့ အဖေးပတ်သွာ... ချွေးသုတ်ပြီး အဝတ်လဲလိုက်"

"ဟုတ်ကဲ့. . သမီးရော နေရဲ့လား မေမေ"

"နေတယ်၊ သူ့အဖေ ရှိနေတာပဲ သူ့အဖေလည်း ... က မခွာရဲဘူးလေ၊ နေမကောင်းဖြစ်ပြီးမှ သူ့ကိုချစ်မှန်း... နည်းနည်းဆိုးချင်လာပြီ၊ ရော့ ဒီအကျီလေးတွေ ဝတ်ထာ...





ချွေးစုပ်မှာ"

"ဟုတ်ကဲ့ မေမေ ရပါတယ်၊ မေမေလည်း နားနားနေနေ နေပါ၊ ကျွန်မလည်း နေကောင်းသွားပါပြီ"

မြဖူးညို အားနာမိသည်။

"အိုကွယ် မေမေတို့က ဘာပင်ပန်းလို့လဲ အမြဲနားနေရတာပဲ၊ မိညိုရေ နင့်အစ်မနိုးပြီ ကြက်စွပ်ပြုတ်လေးနဲ့ အမေ ခေါင်းလာတဲ့ ကြက်ဥပူတင်းလေးယူခဲ့ကွယ်"

သူ့အပေါ် မိခင်နှင့်မခြား စေတနာထားသော ဒေါ်သဇင်သင်းကို မြဖူးညို ထပ်ဆင့်အားနာမိပြန်လေသည်။ တားလို့ သည်းရမည် မဟုတ်သဖြင့် ကျေနပ်စေရန် လိုက်လျောရသည်။

"ကျွန်မ အောက်ဆင်းစားပါ့မယ် မေမေ ရပါတယ်"

"အဖျားတိုင်းကြည့်ဦး အဖျားရှိသေးရင် အောက်မဆင်းနဲ့ နားနားနေနေ နေပါကွယ်"

မြဖူးညို စိတ်ရှုပ်ရသည်။ ဒေါ်သဇင်သင်း၏ ဂရုစိုက်မှုကို ခံရသည်ပင် စိတ်ကျဉ်းကြပ်လာသည်။ ပေးဆပ်စရာရှိသည့် ကျေးဇူးကြွေးက များပြားလာလိမ့်မည်။

မြဖူးညို အဖျားတိုင်းကြည့်လိုက်သည်။

သူ့အဖျား ပျောက်မှဖြစ်မည်။ ဒါမှ သမီးလေးကို ရင်ခွင်၌ ထားသိပ်နိုင်မည်။ သမီးလေးက ... သူ့ရင်ခွင် မဟုတ်လျှင် ဘယ်သူ့ရင်ခွင်မှာ အိပ်မှာလဲ အိပ်ပါ့မလား။

ကိုယ်ပူချိန်တိုင်း ပြဒါးတိုင်ကို လျှာရင်းအောက်မှ ထုတ်ကြည့်လိုက်သည်။ ဟင်. ... ပင့်သက်ရှိုက်မိလိုက်သည်။

"အဖျား ရှိသေးသလား"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ရာ့တစ် ရှိနေသေးတယ်"

မြဖူးညို စိတ်ပျက်စွာငြီးတွားလိုက်သည်။ သူအဖျား မကျသေးပါလား။

"ကြက်စွပ်ပြုတ်လေး သောက်၊ ဆေးသောက်လိုက်ရင် ကျသွားမှာပါ။ ကဲ. . ကဲ စားလိုက်ဦး သမီး၊ မေမေ မြေးလေး ထမင်းပြန်ကျွေးလိုက်ဦးမယ်၊ အလည်မလေးက ဆော့တော အဖေနဲ့အဘိုး၊ အစားစားတော့ အဘွား၊ ညအိပ်တော့ အမေ သူကခွဲတန်းချပြီး လူကြီးတွေကို အပိုင်ချည်ထားတာ အမေပြ မယ်နော် သမီး"

"ဟုတ်ကဲ့ မေမေ ၊ သမီး မနေရင် လာသာ ပို့လိုက် မဖျားအောင် သတိထားလိုက်ပါ့မယ်"

မြဖူးညိုအတွက် သမီးလေး သောကရောက်မခံနိုင်

"မေမေတို့ ကြိုးစားကြည့်ပါဦးမယ်လေ"

ဒေါ်သဇင်သင်း ပြန်သွားသည်။ စွတ်ပြုတ်သော ပူတင်းစားပြီး အောက်ထပ်သို့ ဆင်းခဲ့သည်။ အောက်ထပ် အရောက်တွင် တပေါင်းက အိမ်ထဲသို့ဝင်အလာနှင့် ကြုံ သည်။

"အဖျားတွေ ရှိသေးတယ်ဆို"

"ကျွန်မက ကိစ္စမရှိပါဘူး၊ ပုရစ်လေးနဲ့ပဲ နေသင့်တယ်"

"သမီးလေး ထမင်းစားချိန် ခဏထွက်လာတာ"

"ဘာကိစ္စလဲ"

တပေါင်းက မြဖူးညို၏ စိမ်းကားသော ဘုကန့်လ စကားကို ဥပေက္ခာပြုလိုက်နိုင်ပြီ။





"ကိစ္စရှိမှ လာရမှာလား"

"အင်းလေ ရှင်နဲ့ကျွန်မ ဘာဆိုင်လို့လဲ"

"ဆိုင်တာ မဆိုင်တာကို ငါနားမလည်ချင် မသိချင်တော့ ဘူး၊ ငါအခုဖြစ်ချင်နေတဲ့ ဆန္ဒရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ မင်းကိုငါ လက်ထပ်ချင်တယ်"

မြဖူးညို လှောင်ပြုံးပြုံးကာ ရယ်ပစ်လိုက်လေသည်။

စိတ်အတွင်း၌ ဘယ်နှစ်ခါ လက်ထပ်ချင်လို့လဲဟု မေး လိုက်သည်။ သို့သော် နှုတ်ကတော့. . .

"လက်ထပ်ဖို့ ဟုတ်လား၊ ရှင့်အသိစိတ်နဲ့ လာပြောတာ လား မသိစိတ်နဲ့လာပြောတာလား"

"သိစိတ်နဲ့လာပြောတာ၊ ငါ့ရဲ့မသိစိတ်အရ ငါဘာတွေ မှားခဲ့တယ်ဆိုတာ ငါ မသိပေမယ့် ငါ့အမှားရှိခဲ့ရင် ငါ တာဝန်ယူ နိုင်တယ်လို့ ပြောခဲ့သားပဲ မြဖူး၊ ဒါကို မင်းကမှ လက်မခံဘဲ ထားပါတော့လေ ခု ငါ့ရဲ့သိစိတ်ထဲမှာ သမီးလေးကို ငါ့သမီးအဖြစ် ငါ အပိုင်လိုချင်တယ်၊ ပြီးတော့ မင်းကို. . ."

" ဟိုး ခဏ ခဏ ကျွန်မ ပြောပါရစေဦး"

တပေါင်းထံမှ ဆက်လာမည့်စကားကို မြဖူးညို မကြား လို။ မြဖူးညို၏ အပျိုစင်ဘဝကတည်းက မျှော်မှန်းထားသော ချစ်အိပ်မက်သည် ထိုသို့မဟုတ်ပါချေ။ ရင်ခုန်ဖွယ်ကောင်းသော ခံစားမှုလေး ဖြစ်သည်။

"သမီးကို ရှင်တို့ အပိုင် ပိုင်ဆိုင်နေခွင့် မရလို့လား"

"ဒါမျိုး မလိုချင်ဘူး၊ ခုလိုအခြေအနေမျိုးမှာ မင်းကို ဘာစ်ယောက်တည်း ပစ်မထားနိုင်ဘူး"

www.burmeseclassic.com



“အဟင်းဟင်း တပေါင်းရယ် ကျွန်မဟာ မိန်းမတစ်ယောက်အတွက် အရေးကြီးဆုံးဆိုတဲ့ မီးနေခြင်းကိစ္စကိုတောင် တစ်ယောက်ထဲ ဖြတ်ကျော်လာခဲ့ပြီပဲ၊ ဒီလို ဖျားနာတဲ့ ကိစ္စလေးလောက်ကတော့ အပရိကလေးပါ”

“မြဖူး”

တပေါင်းအတွက် ချစ်စကားကို တစ်ဖက်သား စိတ်လှုပ်ရှားအောင် မည်ကဲ့သို့ စွဲဆောင်ရမှန်းမသိ ဖြစ်သွားသည်။ မြဖူးညိုက လက်ကာလိုက်ပြီး. . .

“လက်ထပ်တယ်ဆိုတာ လူနှစ်ယောက်ရဲ့ ဘဝနှစ်ခုကို ပေါင်းစပ်ခြင်းပဲ၊ ဘဝနှစ်ခုကို ပေါင်းစပ်တယ်ဆိုတာ လွယ်ကူတဲ့ ကိစ္စမဟုတ်၊ စိတ်သဘောထားခြင်း နားလည်မှုရှိမှသာလျှင် အရာရာကို ရင်ဆိုင်နိုင်မယ် ထင်တယ်၊ ကျွန်မနဲ့ ရှင်ဟာ အနီးကပ်ဆုံးမှာ နှစ်ပေါင်းများစွာ အတူရှိနေကြသူတွေပါ၊ စိတ်သဘော ထားခြင်း လုံးဝတူညီချက်မရှိလို့ မျဉ်းပြိုင်နှစ်ကြောင်းပေါ်လျှောက်လာတဲ့ သူတွေပဲ၊ လက်ထပ်ဖို့ကိစ္စ လုံးဝမဖြစ်နိုင်ဘူး ထင်တယ်”

“အရင်ကတော့ ဟုတ်ပါလိမ့်မယ်၊ ခုတော့ မင်းဟာ ငါ့အတွက် စိတ်ဝင်စားစရာ အကောင်းဆုံးနဲ့ လေးစားရတဲ့ မိန်းမတစ်ယောက် ဖြစ်နေပြီလေ၊ ကဲ. . မြဖူး မင်း နားချင်နားပါ ဆေးခန်းသွားဖို့ လိုသေးသလား ငါလိုက်ပို့ပေးမယ်လေ”

“မလိုပါဘူး”

မြဖူးညို စိတ်ထဲ ဘဝင်မကျနိုင်ပါ။ ဒီလူနှင့်မှားယွင်းကာ ကလေးတစ်ယောက် ရခဲ့ပါလျက် ဒီလူအပေါ် ချစ်ရှိမှ





သေးပါလား။

“ဪ မြဖူး၊ ဒါ လွန်ခဲ့သော သုံးနှစ်ကျော်လောက်က ကိုယ့်ဘဝကို ခြောက်လှန့်နေခဲ့တဲ့ အရာဝတ္ထုတွေ၊ ဒါတွေဟာ ကိုယ့်ဘဝမှာ အချစ်ဆိတ်သုဉ်းအောင်ရယ်၊ အရက်ဖြတ်အောင်ရယ် ဖန်တီးခဲ့တယ်၊ ဒါတွေကို မင်းပဲ သိမ်းဆည်းထားပေးပါတော့ ထားခဲ့ပြီ”

“ဘာတွေလဲ”

“ကြည့်ရင် သိလိမ့်မယ်”

မြဖူးညို မတားဆီးနိုင်မီ သူ ပြန်ထွက်ခဲ့လေသည်။

မြဖူးညို မကျေမနပ် ကျန်ရစ်ခဲ့သည်။ သူ့ကို ဘယ်သူမှလဲ နှင်ထုတ်တာ မဟုတ်ဘဲနှင့် ပြန်သွားရတယ်လို့။

စားပွဲပေါ်၌ တင်ထားသော အိတ်ကို ထုတ်ကြည့်လိုက်သည်။ ကြယ်သီးပြုတ်နေသော အင်္ကျီလေးတစ်ထည်။ နောက် ပြတ်နေသော ဆွဲကြိုးထည့်ထားသော ဗူးတစ်ဗူး။ နောက် အသဲပုံ ဗူးကလေးတစ်ဗူး ဖွင့်ကြည့်လိုက်တော့ ကြိုးမျှင်ကလေးသုံးခု။

“ဆွဲကြိုးပိုင်ရှင်လေးအတွက် တစ်နှစ်တစ်ကြိုးဖြင့် အမှတ်တရ စုဆောင်းခဲ့တာ သုံးနှစ်သုံးမိုးရှိပြီ”

ဟု မှတ်ချက်ရေးထားသော စာတစ်စောင်။ နောက်တစ်ဗူးက လော့ကတ်ရောင်စုံလေးများ။

“အိပ်မက်ကြိုးမျှင်လေး ပိုင်ရှင်ကိုသတိရတိုင်း ကြိုးမျှင်နှင့် လိုက်ဖက်မည်ထင်သော လော့ကတ်လေးများကို စုဆောင်းမိသည်”

ဟူသော မှတ်ချက်လေးကိုပါ တွေ့ရပြန်သည်။ မြဖူးညို



www.burmeseclassic.com

www.burmeseclassic.com



ပြုံးမိသည်။ ယောက်ျားတစ်ဦး၌ စိတ်ကူးယဉ်အိပ်မက်မျိုး ရှိတတ်လိမ့်မည်ဟု သူ တစ်ခါမှ တွေးမထင်ထားခဲ့ပါလား။

တပေါင်းဟာ အမှန်တကယ်ပင် အရက်၏ ကျေးကျွန်ဖြစ်ကာ မူးယစ်ပြီး သိစိတ်ပျောက်ခဲ့ခြင်းသာ ဖြစ်မှာပါ။

တာဝန်ယူရဲတယ်ဆိုတာ ယောက်ျားကောင်းရဲ့ အလုပ်ပဲဟာ သူမှားခဲ့ရင် တာဝန်ယူပါရစေ ပြောတာကိုကပဲ ကျေးဇူးတင်ဖို့ကောင်း နေတဲ့ကိစ္စကို ရှင်က ဘာတလွဲဆံပင်ကောင်းနေတာလဲ ဝေဝေခိုင်ကတောင် တပေါင်းဘက်မှ အမှတ်တွေ အပြည့်ပေးသွားခဲ့လေသည်။

မြဖူးညို ဘာဆက်လုပ်ရမလဲ မြဖူးညို အိတ်ကလေးကို ယူကာ အပေါ်ထပ်သို့ တက်ခဲ့သည်။

ပြီးတော့ အိပ်ခန်းအတွင်း ရောက်သည်နှင့် ဘီဒိုဖွင့်ကာ သူအမြဲသိမ်းထားခဲ့သော စာအိတ်သည် သမီးဇော‌ဖြင့် ဖရိုဖရဲ ဖြစ်နေခဲ့ရသည်ကို တွေ့တော့ ပြုံးမိသည်။

ထိုအိတ်ထဲက ပစ္စည်းများက သူ၏ လျှို့ဝှက်ချက်များကို ဒေါ်သဇင်သင်းအား ဖွင့်ပြောလိုက်လေပြီ။

မြဖူးညို အိတ်အသာယူကာ အိတ်ထဲမှ ဗူးလေးကို ထုတ်လိုက်သည်။ ဗူးထဲမှ ပလက်တီနမ်ကြိုးတစ်ကုံးနှင့် ကြယ်သီးတစ်လုံး၊ နောက် ပြုတ်ကျရစ်ခဲ့သော မိမိ၏ဆွဲကြိုး အတိုအစလေး။

ထိုထဲမှ ကြယ်သီးလေးကိုယူကာ တပေါင်း၏အကျႌ၌ တပ်လိုက်သည်။

တပေါင်းက ထိုအကျႌကို သုံးနှစ်အထိ အမှတ်တရ





သိမ်းထားသည်ကိုတော့ မြဖူးညိုရင်ထဲ ကျေနပ်စိတ် ဖြစ်ရသည်။ အကျႌကို ပြန်ပေးလိုက်လျှင် သူ ဘာလုပ်မှာလဲ။

မြဖူးညို မပေးတော့။ တပေါင်းထံမှရသော ပစ္စည်းအားလုံးနှင့် မိမိထံ၌ရှိနေသော လက်ထပ်စာချုပ်အပါအဝင် ဒိုင်ယာရီအဆုံး အားလုံးကို သိမ်းကာ အတက်ချိကျေစ်ထဲသို့ ထည့်သိမ်းလိုက်သည်။

ထိုသေတ္တာကို မှန်ဘီဒိုပေါ် တင်ထားလိုက်သည်။

လူနှစ်ယောက် ဘဝနှစ်ခု ပေါင်းစပ်မှုအတွက် သက်သေခံပစ္စည်းတွေ လိုအပ်သလား။ မလိုအပ်တော့ဘူးဟု မြဖူးညို ယူဆသည်။


မြဖူးညို ဒရင်းဘက်ပေါ်၌ လှဲလျောင်းလိုက်ပြီး ကက်ဆက်လေးကို ဖွင့်နားထောင်လိုက်သည်။ ဖြူသီ၏ မိုင်ပေါင်းကုဋေသီချင်းကို နားထောင်ရင်း တပေါင်းကို သတိရမိသည်။

တပေါင်းနှင့်မိမိသည် တကယ်ပဲ အဝေးဆုံးမှာ ရှိနေခဲ့သလား။

ဒါပေမယ့် အခုတော့. . .

www.burmeseclassic.com





# အခန်း (၃၁)

"မေမေချီ သွားမယ် ရိုက်ပို့ ရိုက်ပို့"

နေဝင်ချိန်ရောက်သည်နှင့် ပုရစ်လေးက အစွမ်းသတ္တိပြလေပြီ။

"အေးပါ သမီးရယ် ဖေဖေ ပို့ပေးမှာပေါ့"

"ထုပို့ ထုပို့"

"ဖေဖေနဲ့ အိပ်မယ်လေ"

"အိပ်ဖူး မေမေနဲ့အိပ်"





တပေါင်း လက်လျှော့ရမလိုဖြစ်နေပြီ။

"လိုက်ပို့လိုက်ပါ သားရယ်"

"ဖြစ်ပါ့မလား လူမမယ်နဲ့ လူမမာနဲ့"

"မေမေပါ လိုက်အိပ်ပေးပါ့မယ် ခုတော့ သားသွားနှင့်လိုက်ဦး မေမေတို့ ထမင်းစားပြီးရင် လိုက်ခဲ့မယ်"

တပေါင်း ပုရစ်လေး၏ မျက်ရည်စလေးများကို သုတ်ပေးပြီး ပါးဖောင်းဖောင်းလေးကို မွှေးမွှေးပေးကာ. . .

"မငိုနဲ့တော့နော် သမီးလေး မေမေ့ဆီလိုက်ပို့ပေးမယ်"

"ဖေဖေ့ကို ချစ်"

"အလည်မလေး သူ့အလိုလိုက်တော့မှ အဖေကို ချစ်တော့တယ်၊ ကိုင်း ဘိုးဘိုး ဘွားဘွားကို တာ့တာလုပ်လိုက်ပါဦး"

"ပိုးပိုး တာ့တာ ပွားပွား တာ့တာ"

"တာ့တာ တာ့တာ"

အိမ်လေးမှာ ညံစီသွားသည်။

"မီးလေးက နေကောင်းပြီးခါစဖြစ်လို့. . ဖေဖေကားနဲ့သွားမယ် စီးမလား သမီး"

"စီး. . စီး"

တပေါင်းက ကားကိုထုတ်ပြီး ဖေဖေလမ်းနှစ်လမ်း ပတ်မောင်းပြီးမှ မြဖူးညိုတို့အိမ်သို့ ဝင်ခဲ့ကသည်။

"မေမေ မီးမီး ရာဘီ"

မြဖူးညို အောက်ထပ်၌ ရှိနေသည်။

"အဖျား ရှိသေးသလား"

မြဖူးညိုထံသို့ သမီးက လက်ကမ်းသော်လည်း တပေါင်း

www.burmeseclassic.com



က သွားခွင့်မပေးသေးဘဲ မြဖူးညိုကို မေးလိုက်သည်။

“ရှိသေးတယ်”

“သမီးရယ် မေမေ နေမကောင်းလို့ သမီးကို ချီနိုင်မှာ မဟုတ်ဘူး”

“ဘာရို့ရဲ့ မေမေ ရှိ”

ပုရစ်လေး ညစ်ကျယ်ကျယ် လုပ်လေပြီ။

“မေမေ ချီရင် မီးမီးဖျားမယ် မီးမီးဖျားရင် ဆေးရုံမှာ လို အပ်အပ်ကြီးနဲ့ ထိုးမှာပေါ့ မီးမီး မကြောက်ဘူးလား”

“ကြောက်. . ကြောက်”

“ကြောက်ရင် မေမေကို မချီခိုင်းနဲ့နော် အခုဖေဖေ ချီထားမယ်၊ တော်ကြာ ဘွားဘွားလာမယ်၊ ဘွားဘွားလာရင် ဘွားဘွား ချီပေးမယ်နော်၊ လာ ဖေဖေနဲ့ မီးမီး ကြော်ငြာကြည့်မယ် နော်”

ကလေးများသည် ကြော်ငြာအလွန်ကြိုက်ကြသည်။ ထို အထဲတွင် ပုရစ်လေးလည်းပါသည်။ သို့သော် ပုရစ်ကလေးက အမေပျောက်သွားမှာ စိုးရိမ်နေပုံရသည်။

“မေမေ မီးမီးနား ထိုင်”

ဟုပြောရင်း ဘေးမှဆိုဖာကို လှမ်းပုတ်လိုက်သေးသည်။ မြဖူးညိုက ခပ်ခွာခွာ ဝင်ထိုင်သည်။

“သမီး ထမင်းစားရဲ့လား”

“စားပါတယ် ကျွေးနေကျ နှုန်းထားအတိုင်းတော့ ကုန် တယ်”

“မေမေ မီးမီး ချီဘူးနော်”





အမေကို လှမ်းကြည့်ပြီး ပြောလိုက်ရှာသော သမီးကို မြဖူးညိုက စိတ်ထိခိုက်စွာ ကြည့်ပြီး. .

“မနက်ဖြန် မေမေချီမှာပေါ့ သမီးရယ်”

“ဖေဖေချီ မီးမီး အိပ်အိပ်”

တပေါင်းက ထချီပေးရသည်။

“တပေါင်း သမီး ကိုယ်ငွေ့ပူလား”

“မပူပါဘူး ပုံမှန်ပါပဲ၊ ညနေက ကိုယ့်သူငယ်ချင်းလာ ကြည့်ပေးသေးတယ် အားလုံးစိတ်ချရပါတယ် ပြောသွားတယ်”

မြဖူးညို သက်ပြင်းချလိုက်သည်။

“မေမေ မြဖူးတို့နဲ့ လာအိပ်ပေးမယ် ပြောတယ်”

“လူကြီးတွေကို ဒုက္ခပေးသလိုဖြစ်နေပြီ. . အားနာဖို့ ကောင်းနေပြီ”

“အားနာရင် ကိုယ်ပဲ တစ်သက်လုံး အိပ်ပေးမယ်လေ”

“ရှင် မစော်ကားနဲ့နော်”

“ဒါ စော်ကားတာလား သားအမိနှစ်ယောက်လုံးရဲ့ ဘဝကို တစ်သက်လုံးစောင့်ရှောက်မှု ပေးချင်ပါတယ်ဆိုတဲ့. . တောင်းဆိုမှုဟာ စော်ကားတဲ့စကားလား”

“တပေါင်း ရှင့်ကိုရှင်သိပ်အထင်မကြီးပါနဲ့ ရှင်ရဲ့တောင်း ဆိုမှုကို လွယ်လွယ်ကူကူ လိုက်လျောမယ့် မိန်းမမျိုးထဲ ကျွန်မ မပါဘူး”

“ကိုယ်ကလည်း ဘယ်မိန်းမကိုမှ မတောင်းဆိုဖူးတော့ ခက်နေတယ်၊ ရှုး. . တိုးတိုး သမီးလေး အိပ်ပြီထင်တယ်”

သမီးကို ပခုံးပေါ်ထမ်းပြီး လမ်းလျှောက်ပေးနေသော

www.burmeseclassic.com

www.burmeseclassic.com



တပေါင်းကို မြဖူးညို အလျှော့ပေးလိုက်သည်။ တီဗီကို ပိတ်လိုက်သည်။

တယ်လီဖုန်းခေါ်သံ ထွက်လာသဖြင့် ဖုန်းကို ကမန်းကတန်း ပြေးကိုင်လိုက်သည်။ သမီးလေးလန့်နိုးပြီး ငိုသည်။

"တိတ်. . တိတ်. . ဖေဖေ ရှိတယ်၊ မေမေလည်း ရှိတယ်နော်. သမီး၊ မိညို ရေယူခဲ့"

တပေါင်းက တကယ်ပင် ကလေးကို စိတ်ရှည်စွာ ပြုစုနိုင်စွမ်းရှိနေသည်။

"ဟဲလို"

"သမီးလား. . မေမေပါ၊ မြေးလေးကော အဆင်ပြေရဲ့လား"

"တပေါင်း သိပ်နေပါတယ် မေမေ"

"ခက်တယ် သမီးရေ မေမေ လာစောင့်အိပ်ပေးမလို့ပဲ ဒါပေမယ့် သမီးဖေဖေ ထမင်းစားရင်း မူးပြီးအန်လို့ ဆရာဝန်ခေါ်ထားရတယ် မှိုတောက်တာ ထင်တယ်၊ ဒါကြောင့် မေမေ မလာတော့ဘူး၊ တပေါင်းကိုပဲ ခေါ်ထားလိုက်ပါ"

"ကျွန်မ နေရဲပါတယ်"

"မေမေ စိတ်မချဘူးကွယ်၊ လူမမယ်က နလန်ထစ. . လူကြီးကလည်း ဖျားနေတာ ဆိုတော့. . အို ယောကျ်ားသားတစ်ယောက်ယောက်ရှိနေမှ ဖြစ်မှာပါ၊ ခေါ်ထားလိုက်နော်. . ဟော ဆရာဝန်လာပြီ. . ဒါပဲ သမီး"

ဒေါ်သဇင်သင်း ဖုန်းချသွားသည်။ မြဖူးညို သက်ပြင်းချလိုက်သည်။ တပေါင်း သမီးလေးကို သိပ်နေခြင်းဖြစ်၍ နိုးမှာ





ဒိုး၍လားမသိ ဘာမှမမေးချေ။

မြဖူးညို ကုလားထိုင်၌ အသာထိုင်ချလိုက်သည်။ ဘာဖြစ်၍များ ခေါင်းက မူးနောက်နောက်ဖြစ်နေရပါလိမ့်။ ဆေးတွေကပဲ ပြင်းလို့များလား၊ အစားကလည်း ဝင်မှမဝင်ဘဲလေ။

သမီးလေးကိုသာ ချီပိုးရမည်ဆိုပါက သူလဲသွားနိုင်သည်။ တပေါင်းတို့သားအဖကို ငေးကြည့်နေမိသည်။ တပေါင်းနှင့် သမီးလေး နှစ်လသုံးလအတွင်း အပြန်အလှန် သံယောဇဉ်တွယ်တာသွားမှုမှာ မြန်ဆန်လွန်းလှသည်။

"မြဖူး"

". . . . . ."

မြဖူးညို မထူးဘဲ တပေါင်းကို မော့ကြည့်လိုက်သည်။

"သွားနားလေ သမီးလေးကို အောက်ထပ်မှာပဲ သိပ်ထားမယ်၊ မေမေ လာတော့မှ ကိုယ်ပြန်မယ်"

တပေါင်းက သူ့ကိုယ်သူ ငါဟုမသုံးဘဲ ကိုယ်ဟု ပြောင်းသုံးလိုက်သည်ကိုက ထူးခြားနေသည်။

"မေမေ လာမှာ မဟုတ်တော့ဘူး"

"ဟင် ဘာဖြစ်လို့လဲ"

"ဖေဖေ မှိုတောက်လို့ မူးအန်တာနဲ့ ဆရာဝန် ခေါ်ထားတယ်"

"ဟင် စိုးရိမ်ရသလား"

ဖခင်အတွက် စိုးရိမ်ပူပန်မှုတို့ တပေါင်းမျက်ဝန်းမှာတွေ့လိုက်ရပြန်သည်။ တပေါင်းမှာစိတ်ဓာတ်တွေကို ခုမှ ဘာကြောင့်တွေ့မြင်ရပါလိမ့်။ မိဘမေ့ပါ အလေးထားတတ်သော အမျိုး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသား၏ အင်္ဂါရပ်လည်း သူ့၌ရှိနေပါလား။

"ဆရာဝန် ရောက်နေပြီတဲ့ ရှင်ပြန်ချင် ပြန်လိုက်လေ သမီးကို ချသိပ်လိုက်ရင် ရပါပြီ"

"သမီးကို အောက်မှာပဲ သိပ်လိုက်မယ်နော်"

တပေါင်းသည် အောက်ထပ်အိပ်ခန်းသို့ ဝင်လိုက်သည် နှစ်ယောက်အိပ်ကုတင်တစ်လုံး ရှိနေသည်။

"ခဏနေဦး မိညို အိပ်ယာပြင်လိုက်ပါဦး"

မြဖူးညို လှမ်းဟန့်လိုက်သည်။ မြဖူးညို ထိုအိပ်ခန်း ရောက်တော့ ရင်ခုန်လာသည်။

မြဖူးညို၏ လှပသောစိတ်ကူး ယဉ်အိပ်မက်ထဲမှ ကြ စင်လေးများသို့ ဆွတ်ချေမွခဲ့ဖူးသောသူသည် ယခု မိမိထံမှော သို့ တစ်ကြော့ပြန် ရောက်ရှိနေလေပြီ။

ယခင်ကနှင့် ခြားနားလွန်းလှသည်။ တည်ကြည် ကျက်ကာ တကယ့်ကို ထိမ်းချုပ်နိုင်သော စွမ်းအားများရှိသ ယောကျ်ားကောင်း ယောကျ်ားမြတ်အဖြစ်သို့ ပြောင်းလွဲ သည်။ ထိုသို့ပြောင်းလွဲသွားခြင်းသည် မိမိ၏ဘဝနှင့်ရင်းနှီး ပေးဆပ်လိုက်ရသလို ဖြစ်သွားခဲ့သည်။

"မြဖူး၊ မင်း နားပါ. . သမီးအတွက် စိတ်ချပါ"

"ဘယ်လိုလုပ် စိတ်ချနိုင်ပါ့မလဲ၊ သမီးက ညဘက် ခါလောက် နိုးတာ၊ နိုးတာနဲ့ အမေကိုစမ်းတာပဲ၊ တစ်ညမှ မ ဘူးလေ"

"ဒီလိုဆို မင်းတို့ သားအမိ အိပ်လေ၊ ကိုယ် ဧည့် မှာပဲ အိပ်ပါ့မယ်"





"ဘယ်အဆင်ပြေပါ့မလဲ ဟိုဘက်ခန်းမှာ"

"ကိစ္စမရှိပါဘူး ကိုယ်လာတာ မင်းတို့သားအမိကို ဆောင့်ရှောက်ပေးဖို့ လာတာပဲ၊ မအိပ်ဘဲ အလုပ်ကိစ္စ ထိုင်လုပ် နေလည်း ရတယ်"

တပေါင်းက သမီးကို ချသိပ်ပေးလိုက်သည်။ သမီးက လွန့်ကာ အမေရင်ခွင်ကို စမ်းသည်။ တပေါင်းက ဖက်ခေါင်း လေးကို ထည့်ပေးရင်း သမီး၏ဆံစလေးများကို သပ်ပေး လိုက်သည်။

"အိပ်. . အိပ် သမီးလေး မေမေ ရှိတယ်၊ ဖေဖေလည်း ရှိတယ်နော်. . ကျွတ်. . ကျွတ်. . အိပ်. . အိပ်"

သမီးလေးက မျက်လုံးလေး ဖွင့်ကြည့်သည် အဖေ ာ အမေကော သူ့အနားရှိနေသည်ကိုတွေ့ရသဖြင့် ကျေနပ် ဟန်တူသည်။ မျက်လုံးပြန်မှိတ်ကာ ပြန်အိပ်သွားလေသည်။

မြဖူးညို သက်ပြင်းလေးချလိုက်သည်။

အတန်ကြာမှ တပေါင်းက ကုတင်ပေါ်မှ ထလိုက်သည်။

"လာ မြဖူး အိပ်လိုက်တော့ သမီးနဲ့မင်း ကုတင်တစ် ကျွန်းဆီပဲ အိပ်ရင်ရပါတယ်၊ မြဖူးမျက်နှာ ဖျော့နေတာ ဆေးကော သောက်ပြီးပြီလား"

မြဖူးညို အဖျားပြန်တက်ပြီ လိုက်ရသည်။ ခေါင်း ာ တဆစ်ဆစ် ကိုက်ခဲလာသည်။ ဆရာဝန် အနားယူခိုင်းပါ ာ် အနားမယူဘဲ အတွေးတွေများ၊ လှုပ်ရှားမှုတွေ များခဲ့ ည်ကိုး။ ဆေးသောက်ဖို့လည်း မေ့ခဲ့သည်။

"သမီးကို ကြည့်ပါ၊ မြဖူး ဟိုဘက်ခန်းမှာ သွားအိပ်



www.burmeseclassic.com

www.burmeseclassic.com



မယ်"

တပေါင်းသည် မြဖူးထံမှ မမျှော်လင့်ဘဲ ပျော့ပြောင်း ကို စတင်တွေ့ရှိလိုက်ရသည်။ မိန်းမသားဟာ မိန်းမသားပါ နေထိုင်မကောင်းဖြစ်ချိန်မျိုး၌ အားငယ်မှုကို ခံစားရပေမည်

"မိညို သမီးကို ခဏကြည့်ထား"

မြဖူးညိုနောက် တပေါင်း လိုက်သွားသည်။ တစ်ဖ ခန်းက စာကြည့်ခန်းဖြစ်သည်။ ခပ်ကျဉ်းကျဉ်း တစ်ယောက်အိ ကုတင်တစ်လုံး ရှိနေသည်။

မိညိုက စောစောက သူ့အတွက် ပြင်ဆင်ပေးထားခြ ဖြစ်သည်ဟု တပေါင်း တွက်ဆလိုက်သည်။

မြဖူးညိုလဲလျောင်းစေပြီး စောင်ကိုယူခြုံပေးရင်း ပေါင်းက ခွင့်တောင်းသည်။

"မြဖူး ကိုယ်နဖူး စမ်းကြည့်မယ်နော်"

တပေါင်းကို မြဖူးညိုမတုံ့ပြန်ဘဲ မျက်လုံးကိုမှိတ် နားနေလိုက်သည်။

တပေါင်းက ညင်သာစွာ စမ်းကြည့်လိုက်သည်။

"ဟင်. . . ခြစ်ခြစ်တောက် ပူနေပါလား၊ တစ်ရာ တယ်ဆို"

"စိတ်ပူကြမှာ စိုးလို့ပါ"

မြဖူးညိုက တပေါင်းအားကြည့်ကာ လေသံလေး ပြောလိုက်သည်။

"ဘယ်ဖြစ်မလဲ မြဖူးရယ် ခဏနော်"

တပေါင်း စိတ်ပူစွာဖြင့် မြဖူးညိုနားမှ ထသွားလေသ





မြဖူးညို တပေါင်း၏ စိုးရိမ်ပူပန်မှုများ ပြည့်လျှမ်းနေသော မျက်ဝန်းကို တွေ့လိုက်ရလေပြီ။ တပေါင်းသည် မိမိအတွက် တကယ် စိုးရိမ်ပူပန်တတ်ပြီလား။


မြဖူးညိုရင်တွေ တဒိတ်ဒိတ် ခုန်လာသည်။ သွေးခုန်နှုန်းတွေ အဆမတန်မြန်နေသည်။ အဖျားအရှိန်ကြောင့်လား၊ တပေါင်းကြောင့်လား. . . မြဖူးညို မသိနိုင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄၂)

တပေါင်း မိခင်ထံ ဖုန်းဆက်လိုက်သည်။

“မေမေ. . ဖေဖေ သက်သာလား”

“သက်သာပါတယ်”

“ဆရာဝန် ရှိသေးလား”

“ပြန်သွားပြီ သားရဲ့ ဘာဖြစ်လို့လဲ”

“မြဖူး အဖျားတက်လာလို့”

“ဟုတ်လား. . နေ. . နေ မေမေ လာခဲ့မယ်”





“မလာနဲ့ သားပဲစောင့်ရှောက်လိုက်မယ်၊ ဆရာဝန်ကို သာ ခေါ်ပေးပါ မေမေ”

“အေး. . အေး. . မေမေလည်း ဖေဖေ့နားမှာ စောင့် နေချင်တယ်၊ သား ဂရုစိုက်လိုက်ပါ ”

“စိတ်ချပါ မေမေ၊ ဒါထက် မေမေ. . ဒေါ်စိန်ကို သား စာရွက်စာတန်းတွေ ထည့်တဲ့ အတတ်ခ်ချိကေ့စ်ကိုယူပြီး ဒရဝမ် ကို ပို့ခိုင်းလိုက်ပါ မေမေ”

“အေး. . အေး အဝတ်အစားပါ ထည့်ပေးလိုက်မယ်”

“ဟုတ်ကဲ့. . ဒါပဲနော်”

တပေါင်း မြဖူးညိုကို စိတ်မချ။ သမီးလေးကိုလည်း စိတ် ချ။ နှစ်ကိုယ်ခွဲကာ နေရမလား။

“မိညို ခေါက်ကုတင် ရှိသလား”

“ရှိပါတယ်”

“ရှိရင် မောင်အေးလာရင် ကုထုတ်ခိုင်းပြီး ဒီမှာပြင် လိုက်”

သမီးအိပ်နေသောအခန်းက နေရာကျယ်သဖြင့် တ ပေါင်းက စီစဉ်လိုက်သည်။ ဒါမှ သမီးကော အမေကောကို သူ စောင့်ကြည့်နိုင်မည် ဖြစ်သည်။

“ဘကြီးထော်နဲ့ ပြင်လိုက်ပါမယ်”

“အေး. . အေး”

ဦးထော်က ပေါ်တီကိုနား အုတ်ခုံမှာထိုင်ပြီး စောင့် ရှောက်နေသည်ကို သူ မမှနေခဲ့သည်ကိုး။

မြဖူးညို အသံတွေ ကြားနေရသည်။ မျက်လုံးကတော့

www.burmeseclassic.com



မဖွင့်ချင်တော့။ အားကိုးရှိလာ၍ပဲ တင်းထားခဲ့သမျှ စိတ်တွေ[illegible] လျှော့ချလိုက်မိသဖြင့် ပို၍ပျော့ညံ့သွားသည်ထင့်။

"မြဖူး"

ရေခဲဝတ်လေး နဖူးနှင့်မျက်နှာကို သုတ်ပေးလိုက်သည်[illegible]

"ကိုယ် ဆရာဝန် ခေါ်လိုက်ပြီ"

"သမီး သမီးလေးနားမှာ နေပါ"

"ရတယ်၊ သမီးနားမှာ မိညို ခဏထားထားတယ်၊ အိ[illegible] နေတယ်"

"မနက်က ဆေးခန်းဝင်ရက်နဲ့များကွာ အဖျားက မ[illegible] ဘူးရယ်လို့"

မြဖူးညို ဆေးသောက်ဖို့ မေ့သွားခဲ့သည်ကို မ[illegible] တော့ပါဘူးဟု ဆုံးဖြတ်လိုက်သည်။ မေ့အောင်လည်း တပေါ[illegible] ပဲ ဖမ်းစားသွားခဲ့သည်။

"အိပ်ယာ ပြင်ပြီးပြီ အစ်ကို"

"အေး. . အေး. . လာပြီ"

မြဖူးညိုအား တပေါင်းက မရွေ့ခိုင်းရက်၊ သမီး [illegible] မကောင်းသည့် ရက်အတွင်း မြဖူးညို အတော် ကိုယ်ရည်[illegible] သွားခဲ့သည်။

"မြဖူး"

"အင်"

"မင်းကို ဟိုဘက်အခန်း ရွှေ့မယ်နော်၊ မင်း မထနဲ့ ကိုယ်ချီသွားမယ်"

"ဟင်"





မြဖူးညို ငြင်းဆန်ချိန် မရလိုက်။

မြဖူးညို အတော်ကို ပြောင်းလဲသွားသော တပေါင်းကို အလွန်အမင်း အံ့အားသင့်ခဲ့သည်။ ယခင်က ဂျစ်ပစီတပေါင်းမှ ဟုတ်ပါလေစ။ အားကိုးနိုင်သော အရည်အသွေးတွေ တစ်စက် တလေးမှ မရှိသောသူ့ကို မိမိဥပက္ခာ ပြုခဲ့ခြင်းမှာ မမှားဘူး ဟု ထင်ပါသည်။

တပေါင်း၌ အားကိုးနိုင်သော အရည်အချင်းတွေ အ ပြည့်ရှိနေသည်။

တပေါင်းက မြဖူးညိုကို ညင်သာစွာ ပွေ့ချီကာ သမီး အခန်း၌ ပြင်ထားသော ကုတင်၌ ချပေးလိုက်သည်။

မြဖူးညို တပေါင်း၏ စိမ်းဖန့်ဖန့် ဖြစ်နေသော မျက်နှာ လေးကို မသိမသာ ခိုးကြည့်ရင်း လိုက်ပါလိုက်သည်။ လမ်းမ လျှောက်နိုင်၍မဟုတ် လျှောက်နိုင်ပါသည်။ သို့သော် နွဲ့လို့ရည လူကိုတော့ နွှဲ့လိုက်ချင်သည်။ ကြည်နူးစိတ်က မြဖူးညို[illegible]နေမ ကောင်းခြင်းကိုပင် တစ်ဝက်သက်သာသွားသကဲ့သို့[illegible]လိုက် ရသည်။

မြဖူးညိုကို တပေါင်း သနားသွား[illegible]ည်။ လောကကြီး အလယ်၌ သမီးကိုယ်ဝန်ကို လွယ်မွေး[illegible]ပြီးတော့ သမီးတာဝန် ကိုယ့် တစ်ယောက်တည်း လျှောက်[illegible]မ်းခဲ့ရှာသော မြဖူးညိုသည် လောကဓံကို ကြံ့ကြံ့ခိုင်ခိုင် [illegible]ဆိုင်ခဲ့ရရှာပေမည်။

ခုတော့ ခြေကုန်[illegible]ပန်း ကျသွားရှာပြီထင့်။ မာန်မာန မရှိဘဲ နုနယ်ပျော့ပြောင်း စိတ်ထားနူးညံ့သည့် မိန်းမသားတစ် ယောက်၏ အ[illegible]သဏ္ဍာန်မျိုး ဖြစ်သွားရှာလေပြီ။

www.burmeseclassic.com



ဆရာဝန် ရောက်လာသည်။ တစ်လမ်းကျော်က မိခင် ကိုကုနေကြ အမျိုးသမီးဆရာဝန်ဖြစ်သည်။

"ကြွပါ ဒေါက်တာ"

"ပင်ပန်းပြီး ကိုယ်ခံအားနည်းသွားတဲ့အချိန် တုပ်ကွေး ရောဂါ ဝင်သွားတာ ဖြစ်မယ်"

"ဘုရား သမီးလေးကို ကူးမှာ"

"မကူးပါဘူး ပြုစုတဲ့သူက ချွေးလေးထွက်နေအောင် ရေနွေးပူပူလေး သောက်ပေး၊ စီဗစ်စားပေးထား ကိုယ်ခံအား ကောင်းနေတဲ့သူမျိုး မကူးနိုင်ဘူး၊ ကလေးတော့ မချီနဲ့ပေါ့၊ နီး မတိုက်ဘူး မဟုတ်လား"

"ဟုတ်ကဲ့"

"ဒါဆို ဘာမှမကူးနိုင်ပါဘူး၊ ကလေးကိုသာ အအေး မမိစေနဲ့"

"ဟုတ်ကဲ့"

"တပေါင်း သူ့သမီးက ယူနဲ့ချုတ်စွတ်ပါလား၊ ယူတို့များ စေ့စပ်ပြီး ဂျပန်ကိုထွက်သွားလိုက်တာ အိုင်တို့တောင် ဝဲလ်ဒင် ကိတ် မစားလိုက်ရဘူး"

"သမီးအမေ နေကောင်းသွားမှပဲ အိမ်မှာ မင်္ဂလာခွင်း ကပ်ပြီး မိတ်သင်္ဂဟတွေကို အဝကျွေးပါ့မယ်ဗျာ"

"သာဓုပါရှင် သာဓုပါ၊ ကျွေးတဲ့နေ့မှ တစ်ခွန်းထပ်ခေါ် မယ်၊ ယူ့လေဒီကို အိုင်ဆေးထိုးပေးခဲ့တယ်၊ ဆေးကိုလည်း တိုက် လိုက်၊ မနက်ဖြန် သုံးကြိမ်တိုက်မယ်၊ ည အိုင်ဆေးခန်း အပြန် ဝင်ကြည့်မယ်"





"ကျေးဇူးပဲ ဗာပရာ၊ ကိုယ် လိုက်ပို့ပေးပါ့မယ်"

တပေါင်းက ဆရာဝန်၏ ဆေးအိတ်ကိုယူကာ ကား ပေါ်အထိ လိုက်ပို့ပေးလိုက်သည်။ ဦးထော်က ခြံတံခါးကို ပိတ် လိုက်သည်။ မောင်အေး လာပို့ပေးထားသော အတက်ခ်ချိကေ့စ် ကို မိညိုက တပေါင်းကို ပေးသည်။ တပေါင်းက အိတ်ကိုယူလာ ပြီး စားပွဲပေါ် အသာတင်လိုက်သည်။

မြဖူးညိုစိတ်ထဲ တပေါင်း ဆရာဝန်ကိုလိုက်ပို့ပေးတာ ကြာလွန်းလှသည်ဟု ထင်နေသည်။ သူတို့ ဘာတွေပြောနေကြ သလဲ၊ တော်တော်ရင်းနှီးတာပဲ။ တပေါင်းသည် မိမိကလွဲလျှင် တျန် အမျိုးသမီးများကို ပျူပျူငှာငှာ ဆက်ဆံတတ်သည် ထင်ပါ သည်။

"မြဖူး ဆေးသောက်ရမယ်၊ မိညို အိုဗာတင်း ဖျော်ခဲ့"

"ဟုတ်ကဲ့"

"ဦးထော်ကို ပြန်အိပ်ဖို့ ပြောလိုက်ပါဦး"

မြဖူးညိုက ကျောခိုင်း ငြိမ်သက်နေသဖြင့် အိပ်ပျော် သွားသလားဟု ထင်ကာ တိုးတိုးခေါ်ကြည့်သည်။

"မြဖူး"

မြဖူးညို မထူးဘဲ နေလိုက်သည်။

"မြဖူး"

တပေါင်း စိုးရိမ်သွားပြီး အသာအုပ်မိုးကြည့်သည်။ ချောစိပွင့်နေပြီး မျက်နှာက အနည်းငယ် တင်းမာနေသည်။ စော စောက အကောင်းသား။ ဘာဖြစ်သွားပါလိမ့်။ မိန်းမတွေ၏သ ဘောကို တပေါင်းနားလည်စပြုလာလေပြီ။ မြဖူးညို ဒိုင်ယာရီ



www.burmeseclassic.com

www.burmeseclassic.com



နှင့်လုပ်ရပ်က သက်သေခံနေပြီပဲ။

"မြဖူး. . ဒေါက်တာ့ ယောကျ်ားနဲ့ ကိုယ်က သူငယ်ချင်းလေ၊ ဆိုးဖော်ဆိုးဖက်တွေ. . ခု သူလဲ သဘော်လိုက်နေပါပြီ၊ ကလေးနှစ်ယောက်ရှိတယ်"

မြဖူးညို ပြုံးယောင်သန်းသွားသည်။

"ဘယ်သူက မေးနေလို့လဲ"

တပေါင်းပြုံးမိပြီ။ ဪ မိန်းမဆိုတာ ဝန်တိုတတ်သော အမျိုးပါလား။ မိမိကို မိန်းကလေးသူငယ်ချင်းများနှင့် သွားသွားလာလာ ရှိခြင်းကိုလည်း မြဖူးညို ကြည့်မရခဲ့ဆိုခြင်းမှာ သဝန်တိုနေခဲ့ခြင်းကြောင့်ပါလားဟု တပေါင်း သဘောပေါက်လာသလို မိမိကလည်း မြဖူးညိုအပေါ် သူလေးငဲလေးနှင့်အထင်လွဲခဲ့သည်။ ဒါတွေအားလုံး သူတို့ကိုယ်တိုင် မတွေ့မြင်နိုင်သော နှလုံးသားတစ်နေရာမှာ ရှိနေသည့် အချစ်ကြောင့်ပင် ဖြစ်မည်။

"ထားခဲ့ မိညို ရေကျက်အေးပုလင်းတွေ ဓာတ်ဗူးတွေ တင်ထားခဲ့ပြီး နင် သွားအိပ်တော့၊ ဪ နင့်အစ်မအတွက် အကျီပွပွနှစ်ထည် သုံးထည်လောက် ယူထားပေး၊ ကလေးအကျီကော"

"ဟုတ်ကဲ့"

"သူက ပိုင်စိုးပိုင်နင်း မင်္ဂလာဆွမ်းတွေ ဘာတွေနဲ့ ဘယ်သူက လက်ခံလို့လဲ"

မြဖူးညို မိန်းမပီသစွာ ပြောခြင်းဖြစ်သည်။ တပေါင်းက မြဖူးလက်ကလေးကို ဆုပ်ကိုင်လိုက်ပြီး. . .

"လက်ခံပါ မြဖူးရယ်၊ မင်းတို့ သားအမိကို ကိုယ်မခွဲ





နိုင်တော့ဘူး"

"ကျွန်မတို့သားအမိနဲ့ ရှင်နဲ့ဘာဆိုင်လို့လဲ ဘာမှမပတ်သက်ဘူးလေ၊ ရှင့်မှာ နစ်နာမှုတွေ ရှိနေမှာပေါ့။ ကျွန်မက တစ်ခုလပ်"

"မပြောပါနဲ့ မြဖူးရယ်. . ကိုယ် မကြားရက်ပါဘူး"

တပေါင်းက မြဖူးညိုနှုတ်ခမ်းလေးကို လက်ကလေးဖြင့် အသာပိတ်လိုက်သည်။

"စေ့စပ်တဲ့သတင်းပါတဲ့နေ့ ညမှာ ကိုယ် မြဖူးဆီကို သာရမ်းကားခဲ့တယ်၊ ဒီအခန်းမှာ ထင်တယ်"

မြဖူးညို မျက်နှာနီရဲသွားသည်။ တပေါင်းက မြဖူးဆံစလေးများကို သပ်တင်ပေးရင်း. . .

"အဲဒီတုန်းက မူးနေလို့ ဘာမှမသိခဲ့ပေမယ့် မြဖူး ရင်သွေးဟာ ကိုယ့်သွေးဖြစ်လိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်တွေနဲ့. . လောကကြီးမှာ ကိုယ် အမိပ္ပါယ်ရှိရှိ နေထိုင်တတ်လာတဲ့ လူတစ်ယောက် ဖြစ်ခဲ့ပြီ၊ မြဖူးကို ကိုယ်ကျေးဇူးတင်တယ်"

"ရှင် ဘာတွေပြောနေတာလဲ. . သမီးကို ရှင့်သမီးလို့ သတ်ခံသလား"

"ဖေဖေကပြောတယ် ဆရာဝန်က သွေးလိုတယ် ခင်ဗျားသွေး ဘာလဲလို့ မြဖူးကိုပြောတော့ "အို"ပြောတယ်၊ ဒါဆို ကလေး အဖေသွေးက "အေ"ပဲ ဖြစ်ရမယ်၊

ကလေးသွေးက "အေ"ဖြစ်နေတယ်၊ ကလေးအဖေကို ခေါ်လိုက်ပါဆိုတော့ မြဖူးက မျက်ချင်းပဲ ဖေဖေ့ဆယ်လူလာကို ပြီး ကိုယ့်ဆီကိုဆက်လာဆို၊ ဖေဖေ့ကိုတောင် မေးဖို့ သတိပြု



www.burmeseclassic.com

www.burmeseclassic.com



ရမှန်း မသိဘဲသေချာစွာနဲ့ ကိုယ့်သွေး "အေ" မှန်း သိနေတယ် တန်ခိုးရှင်လား. . ပြော"

"အစ်ကို ထားခဲ့ပြီ"

"အေး. . သွားအိပ်တော့"

မိညို ထွက်သွားသည်။ အရေးကောင်း ဒိန်းဒေါင်းဖျက် သည်။ တပေါင်း စကားစ ပြတ်သွားသည်။ မြဖူးမျက်နှာလေးကို အသာစမ်းကြည့်သည်။


"ဆေးသောက်မယ် မြဖူး၊ မပြောချင် ဘာမှမပြောနဲ့ တော့ ပုရစ်လေးဟာ ကိုယ့်သွေး မဟုတ်တဲ့တိုင်အောင် ကိုယ် မြဖူးကို လက်ထပ်ချင်တယ်၊ ကိုယ်ကတော့ စကားကို သိပ်ဖွဲ့ ပြီး မပြောတတ်ဘူး မြဖူး၊ မြဖူးနဲ့ပုရစ်လေးကို ကိုယ့်ရင်ခွင်မှာ ထာဝရထားချင်တယ်၊ ဒါပဲ ကိုယ် ပြောတတ်တယ်ကွာ. . ကိုင် ကိုယ်ထူပေးမယ်နော် ဆေးသောက်ရအောင်"

တပေါင်း၏အပြောအဆို အပြုအမူတွေသည် ရိုးသား သန့်စင်သည်။ သို့သော် မြဖူးညိုရင်ခွင်ကို နွေးထွေးလာစေသည်။ မြဖူးညို တပေါင်း၏ရင်ခွင်၌ နားခိုချင်လာပြီ။

တပေါင်း ပြုစုပေးသမျှကို ကလေးတစ်ဦးလို ကြည် ကြည်ဖြူဖြူ လက်ခံမိလေပြီ။







# အခန်း (၅၄)

မြဖူးညို နိုးလာသည်။ အာရုဏ်ဦးကို ကြိုဆိုတတ်သော [illegible]တလေးများ၏ တေးသံ ညံစီစီက မြဖူးညိုကို နှိုးနေကြဖြစ် သည်။

မြဖူးညို ညက တပေါင်း၏ ပြုစုပေးမှုအောက်ဝယ် နှစ် [illegible]စွာ အိပ်မောကျခဲ့သည်။

သမီးနိုးသည့်အခါလည်း တပေါင်းကပင် ချော့သိပ်ပေး သည်။ တပေါင်း မအိပ်ဘဲ သူ၏အလုပ် ဖိုင်တွဲများကို ဖတ်ရှု



www.burmeseclassic.com

www.burmeseclassic.com



ရေးမှတ်ရင်း သားအမိနှစ်ယောက်ကို စောင့်ကြည့်ခဲ့သည် ဟု
မှတ်မိလိုက်သည်။

ခု တပေါင်းကော... လှမ်းကြည့်လိုက်တော့ တပေါင်း
သမီးလေးကို ရင်ခွင်မှာ ထားပြီး အိပ်ပျော်နေပါလား။ မြဖူးညို
အသာအယာ ထလိုက်သည်။ တပေါင်းနှင့်သမီးလေး တကယ်
ရုပ်ချင်းဆင်သည်။ သမီးသည် အဖေတူ သမီးလေး။

မြဖူးညို စိတ်ထဲ ကြည်နူးမှု၊ ပြည့်စုံမှု၊ ကျေနပ်မှု
ဖြစ်ပေါ်နေသည်။

ညက တပေါင်းသည် ဖြူစင်သန့်ရှင်းစွာဖြင့် မိမိအား
ပြုစုစောင့်ရှောက်ပေးနိုင်ခဲ့သည်။ တပေါင်းကို မြဖူးညို လေးစား
မိလေပြီ။

မြဖူးညို၏ အပျိုစင်ဘဝစိတ်ကူးသည် အခုမှ အကောင်
အထည်ပေါ်လေပြီ။

ချစ်ခြင်းဖြင့်သာ တည်ဆောက်ချင်သော အိမ်ထောင်
ရေးသည် ချစ်ခြင်း၏ အဓိကပန္နက်ဖြစ်သော လေးစားမြတ်
ခြင်းမှ ပေါက်ဖွားလာသည်ဟု မြဖူးညို ခံယူထားခဲ့ သည်။

ယခုတော့ မိမိမျှော်မှန်းခဲ့သော အိပ်မက်သံစဉ်
တွေ ဖြစ်ထွန်းနေလေပြီ။

လုံခြုံမှု၊ ယုံကြည်ကိုးစား အားထားနိုင်မှု၊ မေတ္တာ၊
နာပြည့်ဝမှုကို ပေးနိုင်သော ရင်ခွင်၌သာ နားခိုချင်သည့် စိတ်
ယဉ်မှုသည် မှားယွင်းသောစိတ်ကူးယဉ်မှုမျိုး မဟုတ်ဟု မြဖူး
ယုံကြည်သည်။

ယခင်က လွန်ခဲ့သောသုံးနှစ်ကျော်ခန့်က တပေါင်း





ပေါ့ပေါ့နေ ပေါ့ပေါ့စား အပျော်အပါးကိုသာမက်သော လူ တစ်
ယောက်၏ဘဝနှင့် မပေါင်းစပ်နိုင်ခြင်းသည် မြဖူးညို မမှား။

ယခုလို အားကိုးအားထား ပြုနိုင်ပြီဖြစ်သော မိမိတို့ကို
သည်း ချစ်မြတ်နိုးပြီး စေတနာထားသော တပေါင်းလို လူစားထံ
မိမိတို့သားအမိဘဝ အပ်နှံခြင်းသည် မြဖူးညို မှန်ကန်သည်ဟု
ယူဆသည်။

မြဖူးညို အသာလေး အိပ်ခန်းထဲမှ ထွက်ခဲ့သည်။

အပေါ်ထပ်တက် မျက်နှာသစ် ကိုယ်လက်သန့်စင်မှု
ပြီးနောက် အဝတ်လဲလိုက်သည်။

ထို့နောက် မနေ့က သူတို့နှစ်ယောက်၏ အမှတ်တရ
ပန်းလေးများကို ထည့်ထားသော အတက်ချီကေ့စ်ထဲမှ တ
ပေါင်း၏ အကျီကိုထုတ်ယူပြီး သေတ္တာကိုပြန်ပိတ်ပြီး ယူကာ
အောက်ထပ်သို့ ပြန်ဆင်းခဲ့သည်။

မိညိုက တံခါးဖွင့်ပေးသည်။

ဒေါ်သဇင်သင်း ဝင်လာသည်။

"တကယ့်ကို ကျက်သရေမင်္ဂလာရှိတဲ့ မနက်ခင်း ထင်ပါ
ရဲ့ သမီးရယ် သက်သာလား"

"ဖေဖေကော သက်သာရဲ့လား သမီးတော့ သက်သာ
သွားပြီ မေမေ"

စကားသံကြောင့် တပေါင်း နိုးလာသည်။ သမီးနိုးမှာ
စိုး၍ တပေါင်းက သမီးကိုယ်မလေး အသာပွေ့ဖက်ပြီး ထလိုက်
သည်။

"သားက အမြဲအစုကောင်းတယ် ထင်တယ်"

www.burmeseclassic.com



မြဖူးညို ရှက်ပြုံးဖြင့် ပြုံးလိုက်ပြီး တပေါင်းထံသို့ မဝံ့မရဲ လှမ်းကြည့်လိုက်သည်။

တပေါင်းက မြဖူးညိုအား ပြုံးပြရင်း. . .

"ဆေးသောက်ရမယ်"

"အိပ်ဦးလေ တစ်ညလုံးလဲ မအိပ်ဘဲနဲ့"

မြဖူးညိုက အင်္ကျီနှင့် အတက်ချိုကွေ့စ်ကို ကမ်းပေးလိုက် သည်။ တပေါင်းက နားမလည်ဟန်ဖြင့်. . .

"ဘာတွေလဲ"

"ဖွင့်ကြည့်ပေါ့"

ဒေါ်သဇင်သင်းက မသိဟန်ပြုကာ ပုရစ်လေးကိုသ ကိုယ်စမ်းကြည့်လိုက်သည်။

တပေါင်းက အင်္ကျီကို ကြည့်လိုက်ရုံနှင့်သိလိုက်သည် ထင်ထားသည့်အတိုင်း ပြုတ်နေသော ကြယ်သီးကလေး နေ ၌ မူရင်းကြယ်သီး ပြန်ရောက်နေလေပြီ။ ရင်ထဲလှိုက်ဖိုကာ ‌ နပ်သွားသည်။

"မင်းတို့ဟာက ဘာတွေလဲ၊ ကိုင်း. . နေကောင်းရင် ရောကွယ် မနက်စာ ဒေါ်စိန်ကို လာပို့ခိုင်းလိုက်မယ်"

"သား ဖေဖေကို လိုက်ကြည့်"

တပေါင်းက မိခင်အား ပြောလိုက်သည်။ ဒေါ်သ သင်းက လက်ကာပြီး. . .

" မလိုဘူး မလိုပါဘူး၊ မင်းကြည့်တာထက် မေမေ ပေးတာက အထိရောက်ဆုံးပဲ၊ နောက်မှ မင်းတို့သားအဖ ဘက်ကူးလာခဲ့တော့၊ ခုတော့ မေမေပဲ ပြန်ပါ့မယ်"





မြဖူးညို နှုတ်ဆိတ်နေလိုက်သည်။ ရှက်ပြုံးလေးကသော့ သူ့နှုတ်ခမ်း၌ တွဲလွဲခိုနေသည်။

တပေါင်းက မြဖူးညိုကို မြတ်နိုးစွာ ကြည့်လိုက်သည်။ တကယ့်မင်္ဂလာရှိသော နံနက်ခင်းကို မွေးဖွားလေပြီ။

ဒေါ်သဇင်သင်း ပြန်ထွက်သွားသည်။

တပေါင်းအနေဖြင့် မြဖူးညိုပေးသော အတက်ချိုကွေ့စ် ထဲ၌ ဘာတွေရှိမည်ကို သိပြီးသားဖြစ်သည်။

သို့သော် မြဖူးညို၏အလိုကျ ဖွင့်ရပေဦးတော့မည်။ စိတ်ကူးယဉ် အိပ်မက်လှလှမက်တတ်သော မိန်းမသားများသည် အချစ်ကိုသာ တန်ဖိုးထား ကိုးကွယ်တတ်ကြသည်ကို တပေါင်း ကောင်းစွာ နားလည်လေပြီ။

ထိုသေတ္တာလေးအဖွင့်၌ စိတ်ကူးယဉ် အိပ်မက်သံစဉ် လေးများ ပေါ်ထွက်လာမည်ထင်ပါသည်။

သူ ကြည်ကြည်မွေ့မွေ့ နားထောင်ပေးလိုက်ရပေဦး မည်။ သို့မှသာ. . .

ထိုစဉ် ပုရစ်လေး၏ ချစ်စဖွယ်အသံလေးက

"မေမေ. . ပေပေ. . မီးမီး. . နိုးဘီ"

တပေါင်းက အင်္ကျီကို သေတ္တာပေါ်တင်ပြီးနောက်. . သမီးထံသို့ သွားဟန်ပြင်လိုက်သော မြဖူးညိုအား ဟန့်တားရင်း သူပဲသွားကာ. .

"နေ. . နေ. . မြူ၊ မင်း မချီနဲ့ဦး. . ကိုယ်ချီမယ်၊ မင်း ဆေး သောက်ဖို့လုပ်ဦးနော်၊ သမီးလေး. . လာ ပေပေ ချီမယ် ဖေဖေ့သမီးလေးက သန္ဓေကောင်းလိုက်တာ၊ နိုးလာတာ မငိုဘူး

www.burmeseclassic.com



ကွဲနော်”

မြဖူးညိုနှင့် တပေါင်း၏ ရင်ခုန်သံစဉ်သည် ဘယ်ဆီသို့ ထွက်ပြေးသွားသည်ကို မသိလိုက်တော့ပေ။ သူတို့အာရုံသည် ပုရစ်လေးအပေါ်သို့သာ စုပြုံရောက်ရှိသွားလေတော့သည်။

# မြပုလဲခင်




www.burmeseclassic.com